ကြေးမုံ
The Mirror Daily
၁၉၅၇ ခုနှစ် မေ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957

**ကြီးမားသောအကျိုးကိုရနိုင်**

အကြောင်းတစ်ခုခုကြောင့် ငယ်စဉ်က ကုသိုလ်ကောင်းမှု ပြုရန် မေ့လျော့နေခဲ့သော်လည်း နောင်ကြီးပြင်းလာသောအခါ သူတော်ကောင်းပညာရှိတို့၏ အဆုံးအမကို ရ၍ မမေ့မလျော့ဘဲ ကောင်းမှုကုသိုလ်ပြုခြင်းဖြင့် ကြီးမားသော မဂ်ဖိုလ်အကျိုးကို ရနိုင်၏။ ထိုသို့ပြုနိုင်ခြင်းကို မြတ်စွာဘုရားသည် ချီးမွမ်းတော်မူ၏။

လောကဝင်(ဓမ္မပဒ-၁၇၂)

၁၃၈၁ ခုနှစ်၊ တန်ခူးလပြည့်၊ အင်္ဂါနေ့။ Tuesday, 7 April 2020 ၉၉၇၈

# မဟာသင်္ကြန် ရုံးပိတ်ရက်ရှည် ကာလအတွင်း ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားများအတွက် အိမ်ထောင်စု(၁)စုလျှင် ထောက်ပံ့ကူညီမှု (၅)မျိုး အခမဲ့ထောက်ပံ့ပေးမည်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
Coronavirus Disease 2019 (COVID–19)
ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ သတင်းထုတ်ပြန်ချက်
၁၃၈၁ ခုနှစ်၊ တန်ခူးလဆန်း ၁၄ ရက်
( ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၆ ရက် )


၁။ Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ထံသို့ နိုင်ငံအနှံ့အပြားမှ ပြည်သူများ၏ တင်ပြချက်များကိုစိစစ်၍ နိုင်ငံတော်အစိုးရက ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်မည့်အခြေအနေများကို ရှာဖွေသုံးသပ်ခဲ့ပါသည်။

၂။ COVID–19 ကာကွယ်ထိန်းချုပ်ရေးနှင့်စပ်လျဉ်း၍ အရေးကြီးကာလဖြစ်သည့် မဟာသင်္ကြန် ရုံးပိတ်ရက်ရှည်ကာလအတွင်း ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားများအတွက် အိမ်ထောင်စု(၁)စုလျှင် ဆန်(၈)ပြည်၊ ဆီ (၅၀)ကျပ်သား၊ ဆား(၅၀)ကျပ်သား၊ ပဲ(၁)ပိဿာ၊ ကြက်သွန်(၁)ပိဿာ၊ စုစုပေါင်းထောက်ပံ့ကူညီမှု (၅)မျိုးစီကို ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၁၀ ရက်နေ့မှစတင်၍ အခမဲ့ဖြန့်ဖြူးထောက်ပံ့ပေးမည်ဖြစ်ပါသည်။

စာမျက်နှာ ၅ ကော်လံ ၁ သို့ ❑

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် ပဲခူးတိုင်းဒေသကြီးမှ ပါဝင်ဆောင်ရွက်နေသူများနှင့်တွေ့ဆုံ၍ လက်တွေ့အခြေအနေများအား အပြန်အလှန်ဆွေးနွေး






Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် COVID–19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် ပဲခူးတိုင်းဒေသကြီးမှ ပါဝင်ဆောင်ရွက်နေသူများနှင့်တွေ့ဆုံ၍ လက်တွေ့အခြေအနေများအား အပြန်အလှန်ဆွေးနွေးစဉ်။

**နေပြည်တော် ဧပြီ ၆**

Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် အစည်းအဝေးခန်းမ၌ COVID –19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် ပဲခူးတိုင်းဒေသကြီးမှ ပါဝင်ဆောင်ရွက်နေသူများနှင့် Video Conferencing စနစ်ဖြင့် ချိတ်ဆက်တွေ့ဆုံ၍ လက်တွေ့အခြေအနေများအား အပြန်အလှန်ဆွေးနွေးသည်။

**နှုတ်ခွန်းဆက်စကားပြောကြား**

ရှေးဦးစွာ Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က နှုတ်ခွန်းဆက်စကားပြောကြားသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖

**ပြည်သူများ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ ဝန်ထမ်းများနှင့် စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် ယခုအချိန်အခါသည် မိမိတို့ပြည်သူလူထု၏ ညီညွတ်မှုအင်အားပြပြီး ပြည်သူလူထု၏ တန်ဖိုးတက်စေရန် ဆောင်ရွက်သည့်အချိန်ဖြစ်အောင် ဆောင်ရွက်စေလို**

KBZ BANK
BEST BANK IN MYANMAR
Awarded by World Finance | Awarded by Euromoney | Awarded by The FinanceAsia

# နေပြည်တော်ကောင်စီသို့ ကိုဗစ် - ၁၉ ရောဂါ ကြိုတင်ကာကွယ်ရေး အထောက်အကူပစ္စည်းများ လာရောက်လှူဒါန်း



**နေပြည်တော် မေ ၆**

ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း ကိုဗစ် - ၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှု မဖြစ်ပွားစေရေးနှင့် ကာကွယ်ထိန်းချုပ် ကုသမှုပေးနိုင်ရေးအတွက် ကြိုတင်ကာကွယ်ရေး လုပ်ငန်းများတွင် အသုံးပြုနိုင်ရန် လိုအပ်သည့် အထောက်အကူပစ္စည်းများ လှူဒါန်းပွဲကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ကောင်စီရုံး ဧည့်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်၊ နေပြည်တော်ကောင်စီဝင်များ ဖြစ်ကြသည့် ဦးတင်ထွန်းနှင့် ဦးအေးမောင်စိန်၊ အတွင်းရေးမှူး ဦးနေလင်း၊ နေပြည်တော် ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာမြတ်ဝဏ္ဏစိုးနှင့် တာဝန်ရှိသူများ တက်ရောက်သည်။

လှူဒါန်းပွဲတွင် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးရုံး (နေပြည်တော်) ဝန်ထမ်းမိသားစုတို့က လှူဒါန်းသည့် ငွေကျပ် ၁၀၀၀၀၀၀ တန်ဖိုးရှိ တစ်ကိုယ်ရေကာကွယ်ရေးဝတ်စုံ ၃၅ စုံ၊ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန တည်ဆောက်ရေး (၅) ဝန်ထမ်းမိသားစုတို့က လှူဒါန်းသည့် ငွေကျပ် ၁၂၀၀၀၀၀ တန်ဖိုးရှိ ခွဲစိတ်ခန်းသုံးနှာခေါင်းစည်း အခု ၂၀၀၀ တို့အား သက်ဆိုင်ရာညွှန်ကြားရေးမှူးများက ပေးအပ်လှူဒါန်းကြရာ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဒေါက်တာ မျိုးအောင်နှင့် တာဝန်ရှိသူများက လက်ခံရယူခဲ့သည်။ အဆိုပါပစ္စည်းများအားနေပြည်တော်ကောင်စီမှတစ်ဆင့် နေပြည်တော် ပြည်သူ့ကျန်းမာရေးဦးစီးဌာနသို့ လွှဲပြောင်းပေးအပ်ကာ လိုအပ်သည့်နေရာများတွင် ဖြန့်ဝေအသုံးပြုသွားမည်ဖြစ်ကြောင်း သိရသည်။

ဇော်မင်းလွင်(ပြန်/ဆက်)

# ဝါးခယ်မတွင် ကုန်ဈေးနှုန်း မြင့်တင်ရောင်းချမှု မရှိစေရေးနှင့် ကိုဗစ် - ၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှု မဖြစ်ပွားစေရေး အသိပညာပေး

**ဝါးခယ်မ မေ ၆**

ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ်အတွင်း ရောင်းချလျက်ရှိသော ကုန်ခြောက်ဆိုင်များအပါအဝင် ဈေးဆိုင်များအား ကုန်ဈေးနှုန်း မြင့်တင်ရောင်းချမှု မရှိစေရေးနှင့် ကိုဗစ် - ၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှု မဖြစ်ပွားစေရေး အသိပညာပေးခြင်းကို ယနေ့ နံနက် ၁၀ နာရီတွင် တာဝန်ရှိသူများက ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။



"ပြည်သူတွေနစ်နာမှုမရှိအောင် စားသောက်ကုန်ပစ္စည်းတွေကို လိုအပ်တာထက်ပိုပြီး ဈေးတင်ရောင်းတာတွေ မဖြစ်စေဖို့ ဈေးရောင်းဈေးဝယ်တွေအနေနဲ့ ကိုဗစ် - ၁၉ ရောဂါနဲ့ပတ်သက်ပြီး အသိပညာ ကျယ်ကျယ်ပြန့်ပြန့်သိရှိစေဖို့ ဆောင်ရွက်တာပါ။ ကုန်သည်တွေနဲ့တွေ့ပြီး အခြေခံစားသောက်ကုန်ပစ္စည်းတွေရဲ့ လက်ရှိကုန်ဈေးနှုန်း အခြေအနေတွေ၊ လိုအပ်ချက်တွေကို ညှိနှိုင်းဆွေးနွေးပေးခဲ့ပါတယ်" ဟု မြို့နယ်စားသုံးသူရေးရာဦးစီးဌာန တာဝန်ခံ ဦးအောင်မိုးက ပြောသည်။

ယင်းသို့ ဆောင်ရွက်ရာတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်စားသုံးသူရေးရာဦးစီးဌာန၊ မြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် တာဝန်ရှိသူများက မြို့နယ်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း ရောင်းချလျက်ရှိသော ကုန်ခြောက်ဆိုင်အပါအဝင် ဈေးဆိုင်များအား ကုန်ဈေးနှုန်းမြင့်တင်ရောင်းချမှု မရှိစေရေး ကြပ်မတ်စစ်ဆေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

လှမ်းသီဟ (ပြန်/ဆက်)

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၆-၄-၂၀၂၀)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာ စောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉,၆၀၀ | ၉,၈၀၀ | ၅၈၂ | ၅,၆၂၂,၄၀၀ |
| MTSH | ၃,၄၅၀ | ၃,၅၅၀ | ၉,၈၁၂ | ၃၄,၃၆၀,၁၀၀ |
| MCB | ၈,၁၀၀ | ၈,၀၀၀ | ၂၃ | ၁၈၄,၃၀၀ |
| FPB | ၂၁,၀၀၀ | ၂၁,၅၀၀ | ၅၁၅ | ၁၀,၈၁၅,၅၀၀ |
| TMH | ၂,၇၅၀ | ၂,၇၅၀ | ၃ | ၈,၂၅၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**နေပြည်တော် မေ ၆**

ရန်ကုန်(ရွှေဈေး) ၁၁၃၅၀၀၀ မန္တလေး(ရွှေဈေး) ၁၁၃၅၀၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၄၉၀/၅၃၀ ကျပ် | ၅၃၀/၅၅၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၅၀၀/၅၆၅ ကျပ် | ၆၀၅/၆၁၅ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၃၆၀/၄၀၀ ကျပ် | ၄၃၀/၄၅၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၅၀၀/၅၄၅ ကျပ် | ၅၄၅/၅၆၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၄၆၅/၄၇၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၄၇၅/၄၈၅ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၃၃၀/၃၄၀ ကျပ်

(မြန်မာနိုင်ငံစက်သုံးဆီအသင်း)

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၄၂၁.၆ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၅၃၄.၁ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၀၀.၄၃ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၄၃.၂၄၉ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၂၅.၃၈ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၁၈.၆၅၅ |
| (ဆ) ဂျပန် | တစ်ရာယန်း | = | ၁၃၀၁.၅ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၁၅.၆၁ |
| (ဈ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၈၆၁.၁၀ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၉၉၁.၃၀ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

# ကြေးမုံ

## ကောင်းမှုပြုခြင်းဖြင့် သင်္ကြန်ကာလဖြတ်သန်း

ယနေ့သည် ၁၃၈၁ ခုနှစ် တန်ခူးလပြည့်နေ့ ဖြစ်သည်။ အတာကူးသော တန်ခူးလအခါဖြစ်သည်။ တာကူးဟူသောဝေါဟာရနှင့် စပ်လျဉ်း၍ ဝေါဟာရတ္ထပကာသနီကျမ်း၌ သင်္ကြန်အတာဟူသည်ကား ရောက်လာသောအဖို့ တာဝန် ဟူသောအနက်ကိုယူသင့်၏ဟု ဆိုထားပြီး တာကူးဟူသော ဝေါဟာရမှာ နှစ်ပြောင်းသည်၊ နှစ်ပြောင်းလ၊ တန်ခူးလ၊ မိဿရာသီ ဟုလည်း ဖွင့်ဆိုသည်။

တာမှာ အချိန်၊ လ၊ ရာသီ၊ နှစ်ဖြစ်၍ ကူးမှာ ပြောင်းခြင်းဟု ဆိုလိုသည်။ သင်္ကြန်ကာလသည် နှစ်ပြောင်းကာလ၊ ရာသီကူးပြောင်းသောကာလ၊ ဆယ့်နှစ်လရာသီ မိန်ရာသီမှ မိဿရာသီသို့ ကူးပြောင်းခြင်းကို မဟာသင်္ကြန်ကျသည်ဟု ဆိုသည်။ သင်္ကြန်ကာလတွင် ရှေးရိုးရာအစဉ်အလာမပျက် ရေပွဲသဘင်ကို ကျင်းပကြသည်။ နှစ်ဟောင်းမှ အညစ်အကြေးများကို နှစ်သစ်တွင် သင်္ကြန်ရေဖြင့် ဆေးကြောသန့်စင်ခြင်းဓလေ့ ဖြစ်သည်။ စင်စစ်သင်္ကြန်သည် ဘာသာရေးအစဉ်အလာမဟုတ်၊ ရိုးရာအစဉ်အလာ ပွဲတော် ဖြစ်သည်။

လေးစားဖွယ်ရာ သင်္ကြန်အခါတွင် အပျော်လွန်သည့်အပြုအမူများမှာ ယခုမှမဟုတ် ရှေးရှေးအခါကာလကတည်းက ဖြစ်သည်။ နှစ်သစ်သင်္ကြန်အခါသည် နှစ်သက်မြတ်နိုးစရာ၊ ပျော်ရွှင်ကြည်နူးစရာ ဖြစ်သည်။ သို့ရာတွင် လွန်ကျူးသွားပါလျှင် ဆန့်ကျင်ဘက်ဖြစ်တတ်သည်။ သူတစ်ပါးတို့အား အနှောင့်အယှက်မဖြစ်စေဘဲ ပျော်ရွှင်ရမည့်အစဉ်အလာ ဖြစ်သည်။ မျက်မှောက်ကာလတွင် အလွန်အကျူးပျော်ရွှင်မှုများကြောင့် သင်္ကြန်ကာလသို့ ရောက်မည်ကိုပင် လူကြီးသူမများ စိုးရိမ်ပူပန်ကြသည်။

မြတ်စွာဘုရားရှင် ပွင့်တော်မူစဉ်က သာဝတ္ထိပြည်၌ အပျော်အရွှင်နက္ခတ်သဘင် ကျင်းပလေ့ရှိသည်။ ထိုပွဲမှာ ခုနစ်ရက်တိုင်မျှကြာမြင့်ပြီး လူငယ်လူရွယ်တို့သည် လွန်စွာ ရမ်းရမ်းကားကား ပျော်ပါးကြသည်။ ထို့ကြောင့် လူကြီးလူကောင်းများ အပြင်သို့မထွက်ကြဘဲ ခုနစ်ရက်ပတ်လုံး အိမ်တွင်းအောင်းနေကြရသည်။ မြတ်စွာဘုရားနှင့် သံဃာတော်တို့ကိုလည်း ထိုရက်အတွင်း ဆွမ်းခံမထွက်ရန် လျှောက်ထားပြီး ကျောင်းတိုက်တွင်ပင် ဆွမ်းလုပ်ကျွေးကြသည်။ မြတ်စွာဘုရားရှင်က " သင်တို့သည် မေ့လျော့ခြင်းကို အားမထုတ်ကုန်လင့်၊ အကြောင်းကား မမေ့မလျော့ဈာန်ဝင်စားသူသည် ပြန့်ပြောသောချမ်းသာသို့ ရောက်နိုင်သောကြောင့်တည်း " ဟု ဟောကြားတော်မူသည်။

မျက်မှောက်ကာလသင်္ကြန်ပွဲတော်တွင် စည်းမဲ့ကမ်းမဲ့ အပျော်လွန်ကျူးကြသောကြောင့် ကြည်နူးပျော်ရွှင်ဖွယ်သင်္ကြန်အဖြစ် မမြင်တွေ့ရတော့ပေ။ လူငယ်လူရွယ်များ အပျော်လွန်ကြသောကြောင့် စိုးရိမ်ပူပန်မှုဖြင့် သင်္ကြန်ကို ဖြတ်သန်းကြရသည်။ လူကြီးသူမများသာမက ကောင်းကျိုးလိုလားသော ပြည်သူအပေါင်းတို့သည် မြတ်စွာဘုရားရှင်လက်ထက်ကကဲ့သို့ပင် မိမိတို့နေအိမ်တွင်သာ ခုနစ်ရက်ပတ်လုံးကောင်းမှုတိုးအောင် မမေ့မလျော့အားထုတ်ခြင်းဖြင့် ယခုနှစ်သင်္ကြန်ကို အမွန်မြတ်ဆုံးဖြစ်အောင် ဖြတ်သန်းကြမည် ဖြစ်သည်။

ယခုနှစ်တွင် တစ်ကမ္ဘာလုံးကပ်ရောဂါဘေးဆိုးကြီးကို ရင်ဆိုင်နေကြရသည်။ မြန်မာနိုင်ငံတွင်လည်း ရင်ဆိုင်ကြုံတွေ့နေရပြီး မလျော့သောသတိ၊ ပြင်းပြသောလုံ့လဖြင့် ရောဂါဆိုးကို ကျော်လွှားနေကြသည်။ မတွေ့ရမကြုံရဖူးသည့် သင်္ကြန်မျိုးကို ဖြတ်ကျော်ရပါမည်။ လူစုလူဝေးလုံးဝရှောင်ရမည့် သင်္ကြန်ပါဟု နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ၎င်း၏ ဖေ့စ်ဘွတ်စာမျက်နှာ၌ ယခုနှစ်သင်္ကြန်ကို ဖြတ်ကျော်ရန်နှင့်ပတ်သက်၍ ပြည်သူများထံ သတင်းစကားပါးထားသည်။

ယခုနှစ်သင်္ကြန်တွင် လူစုလူဝေးနှင့်ပျော်ရွှင်မှုကို သည်းခံခြင်းဖြင့် လူသားများကောင်းကျိုးဖြစ်နိုင်သည်ကို သတိမူရမည်ဖြစ်သည်။ သင်္ကြန်တွင် ထိတွေ့မှုများ တစ်ဦးထက်ပိုလာသည်နှင့် အန္တရာယ်ပိုလာနိုင်သည်ဖြစ်၍ ယခုနှစ်တွင် ပျော်ရွှင်မှုကို ထူးထူးကဲကဲရှောင်ရှားကြရခြင်း ဖြစ်သည်။ ရေမကစားရသည့်သင်္ကြန်၊ ခြိမ့်ခြိမ့်သဲအလှူအတန်းများဖြင့် ရပ်ကွက်တွင် မပျော်ကြရသည့်သင်္ကြန်ဟူ၍ စိတ်မပျက်ကြရန် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က မေတ္တာရပ်ခံထားသကဲ့သို့ ထူးကဲသည့်သင်္ကြန်တွင် ထူးကဲသည့်ကုသိုလ်များ မိမိတို့နေအိမ်တွင်ပင် ပြုလုပ်ကြရမည် ဖြစ်ပါကြောင်း။ ။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

ကြေးမုံ
ခေတ္တ စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း
သတင်းထောက်မှူး - ဦးမြင့်စိုး
ဘာသာပြန်စာတည်းများ - ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဒေါ်နေဇာဇာထွန်း၊ ဦးသက်ထွေး၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဦး
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်ခင်စုစုလှိုင်၊ ဦးအေးမင်းသူ၊ ဒေါ်မာမာစိုး
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း
ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
ကြေးမုံ The Mirror Daily Established in 1957
၁၉၅၇ မေ ၁၆ တွင် စတင်တည်ထောင်သည်။
themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅

# ပြည်သူသာလျှင် အဓိက



Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် ပဲခူးတိုင်းဒေသကြီးမှ ပါဝင်ဆောင်ရွက်နေသူများနှင့်တွေ့ဆုံ၍ လက်တွေ့အခြေအနေများအား အပြန်အလှန်ဆွေးနွေးစဉ်။

- ယခုအချိန်သည် မိမိတို့အချင်းချင်းအကြားတွင် ညီညွတ်မှုတည်ဆောက်ရန် အကောင်းဆုံး အချိန်ဖြစ်
- စိန်ခေါ်မှုတစ်ခုပေါ်ပေါက်လာပါက ယင်းကိစ္စရပ်ကို အကျိုးရှိအောင် သုံး၊ မသုံးဆိုသည်မှာ မိမိတို့အပေါ်တွင်သာ မူတည်
- ဖြစ်ပေါ်လာသည့်စိန်ခေါ်မှုတစ်ခုကို အနာဂတ်အတွက် အကျိုးဖြစ်အောင် ရင်ဆိုင်မည်၊ အကျိုး မဖြစ်အောင် ရင်ဆိုင်မည်ဆိုသည်မှာ နောက်ဆုံးတွင် မိမိ၏ရွေးချယ်မှု၊ မိမိ၏ဆုံးဖြတ်ချက်သာဖြစ်

❖ ရှေ့ဖုံးမှ

ထို့နောက် ပဲခူးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန ကုသရေးဦးစီးဌာနမှူး ဒေါက်တာအေးငြိမ်း၊ ပျဉ်ပုံကြီးကျေးရွာအုပ်စု ကျေးရွာအုပ်ချုပ်ရေးမှူး ဦးကျော်သူနှင့် တိုင်းဒေသကြီး ယာဉ်လုပ်ငန်းများကြီးကြပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးမြင့်အောင်တို့က ပဲခူးတိုင်းဒေသကြီး ပေါက်ခေါင်းမြို့နယ် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မိသားစု COVID-19 ဖြစ်ပွားမှုနှင့်ပတ်သက်ပြီး ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့မှု၊ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ လမ်းညွှန်မှုဖြင့် COVID-19 ကာကွယ်ရေးအတွက် ပူးပေါင်းဆောင်ရွက်နေမှု၊ သက်ဆိုင်ရာအဖွဲ့အစည်းများ၊ အုပ်ချုပ်ရေးအဖွဲ့များနှင့်ပူးပေါင်းပြီး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ညွှန်ကြားချက်များအား လိုက်နာရန် လိုက်လံနှိုးဆော်နေမှု၊ ပညာပေးလှုံ့ဆော်ခြင်း၊ အသိပညာပေးခြင်းနှင့် ဆေးရုံ ဆေးခန်းများတွင် ရေရှည်၌ လိုအပ်လာနိုင်သည့် ကျန်းမာရေးကာကွယ်ရေးပစ္စည်းများ ဖြည့်ဆည်းပေးရန် အချက်များ၊ ပြည်တော်ပြန်များနှင့်စပ်လျဉ်းပြီး စိုးရိမ်မှုမရှိစေရန် ကျေးရွာများသို့ ကျန်းမာရေးအသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခဲ့မှု၊ ခရီးသွားလျော့နည်းသွားမှုအခြေအနေ၊ ခရီးသွားလုပ်ငန်းများတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်နေမှု၊ ယာဉ်ပိုင်ရှင်၊ ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်များအတွက် စားဝတ်နေရေးအခက်အခဲနှင့် မော်တော်ယာဉ်များတွင် အသုံးပြုရန် ပိုးသတ်ဆေးလိုအပ်ချက်များ၊ တွေ့ကြုံရသည့်အခက်အခဲများနှင့် လိုအပ်ချက်များကို ဆွေးနွေးတင်ပြကြရာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က နိုင်ငံတော်အစိုးရမှ ဖြည့်ဆည်းဆောင်ရွက်ပေးမည့် အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။

### ပြောကြားထား

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က နိဂုံးချုပ်ပြောကြားရာတွင် ယာဉ်မောင်း၊ ယာဉ်နောက်လိုက်များအတွက်သာမက နိုင်ငံသူ၊ နိုင်ငံသားများ၏ စီးပွားရေးနှင့် ကျန်းမာရေးအခြေအနေကိုလည်း မထိခိုက်အောင်နှင့် ကာကွယ်ထားနိုင်အောင် တစ်ချိန်လုံးစီစဉ်နေပါကြောင်း၊ သွားလာရေးကိစ္စနှင့်ပတ်သက်၍ နှစ်ဖက်စဉ်းစားရပါကြောင်း၊ လိုအပ်ပါက သွားနိုင်ရန် အစီအစဉ်ရှိရမည်ဖြစ်ပါကြောင်း၊ ယာဉ်မောင်းနှင့် ယာဉ်မောင်းများ၏ အသက်မွေးဝမ်းကျောင်းအတွက် မနစ်နာစေရန် စီစဉ်ပေးရမည်ဖြစ်ပါကြောင်း၊ ပြည်တော်ပြန်များအတွက်သာမက ပြည်သူများကိုလည်း မလိုအပ်ဘဲ တစ်နေရာနှင့် တစ်နေရာမသွားကြရန် ပန်ကြားထားပါကြောင်း၊ အထူးသဖြင့် သင်္ကြန်ကာလအတွင်း မိဘရပ်ထံပြန်ခြင်း၊ ဆွေမျိုးများထံ သွားရောက်လည်ပတ်ခြင်း၊ ဘုရားဖူးသွားရောက်ခြင်းများနှင့် အပျော်အပါးခရီးထွက်ခြင်းတို့ကို ဆောင်ရွက်ခြင်းမပြုကြရန် ပြောကြားထားပါကြောင်း၊ ဝန်ထမ်းများအနေဖြင့် ဆက်လက်တာဝန်ထမ်းဆောင်ရန် ညွှန်ကြားချက်ထုတ်ပြန်ထားပြီးဖြစ်ပါကြောင်း၊ သို့သော် နာရေးကဲ့သို့ အရေးကြီးသည့်ကိစ္စများအတွက် မိမိရပ်ရွာသို့ပြန်နိုင်သည့်အနေအထားရှိအောင် ကူညီရမည်ဖြစ်ပါကြောင်း၊ သင်္ကြန်ရုံးပိတ်ရက်များတွင် လမ်းပန်းဆက်သွယ်ရေးကိစ္စရပ်များအတွက်လည်း စဉ်းစားရပါကြောင်း၊ ရပ်နားထားသည့်လုပ်ငန်းများတွင် လုပ်ကိုင်နေသည့် ပြည်သူများ၏စားဝတ်နေရေးအတွက်လည်း စဉ်းစားပေးနေပါကြောင်း၊ ထို့ပြင် အဘက်ဘက်ကစဉ်းစား၍ တတ်နိုင်သမျှ ဆောင်ရွက်ပေးနေပါကြောင်း၊ အဖြေပေါ်လာသည်နှင့်အမျှ ပြည်သူလူထုအား အချိန်နှင့်တစ်ပြေးညီ တင်ပြသွားမည်ဖြစ်ပါကြောင်း။

### နှစ်ဖက်မျှတအောင် လုပ်ဆောင်သွားမည်

လျှပ်စစ်နှုန်းထားများအား ချထားပေးမည်လားဟု မေးခွန်းများလည်းရှိပါကြောင်း၊ ချထားပေးရန်လည်း စီစဉ်နေပါကြောင်း၊ ချထားပေးရာတွင် နိုင်ငံတော်က တတ်နိုင်သည့်အတိုင်းအတာလည်း ဖြစ်ရမည်ဖြစ်ပါကြောင်း၊ အမှန်တကယ်လိုအပ်မှုကို အကူအညီပေးသည့်ပုံစံလည်း ဖြစ်ရမည်ဖြစ်ပါကြောင်း၊ တတ်နိုင်သူများအား လျှော့ပေးရန် မဟုတ်ပါကြောင်း၊ တတ်နိုင်သူများကို လျှော့ပေးမည်ဆိုပါက တခြားတစ်နေရာတွင် သုံးစွဲရန်အတွက် ဝင်ငွေလျော့နည်းသွားမည်ဖြစ်ပါကြောင်း၊ အဆိုပါကိစ္စရပ်များကိုလည်း နှစ်ဖက်မျှတအောင် စဉ်းစားလုပ်ကိုင်နေရပါကြောင်း၊ ပြည်သူများ၏လိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရန်နှင့် လုပ်ငန်းလုပ်ကိုင်သူများ၏ လိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရန်အတွက် နှစ်ဖက်မျှတအောင် လုပ်ဆောင်သွားမည်ဖြစ်ပါကြောင်း။

ပြည်သူများ၏ ပါဝင်မှုသည် အဓိကဖြစ်ပါကြောင်း၊ ပြည်သူများထဲတွင် ဝန်ထမ်းများလည်း ပါဝင်ပါကြောင်း၊ မိမိတို့နိုင်ငံရှိ ပြည်သူများအားလုံး ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ယခုအချိန်သည် မိမိတို့အချင်းချင်းအကြားတွင် ညီညွတ်မှုတည်ဆောက်ရန် အကောင်းဆုံးအချိန်ဖြစ်ပါကြောင်း၊ စိန်ခေါ်မှုတစ်ခုပေါ်ပေါက်လာပါက ယင်းကိစ္စရပ်ကို အကျိုးရှိအောင် သုံး၊ မသုံးဆိုသည်မှာ မိမိတို့အပေါ်တွင်သာ မူတည်ပါကြောင်း၊ ဖြစ်ပေါ်လာသည့်စိန်ခေါ်မှုတစ်ခုကို အနာဂတ်အတွက် အကျိုးဖြစ်အောင် ရင်ဆိုင်မည်၊ အကျိုးမဖြစ်အောင် ရင်ဆိုင်မည်ဆိုသည်မှာ နောက်ဆုံးတွင် မိမိ၏ရွေးချယ်မှု၊ မိမိ၏ဆုံးဖြတ်ချက်သာ ဖြစ်ပါကြောင်း၊ ပြည်သူများ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ ဝန်ထမ်းများနှင့် စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် ယခုအချိန်အခါသည် မိမိတို့ပြည်သူလူထု၏ ညီညွတ်မှုအင်အားပြပြီး ပြည်သူလူထု၏ တန်ဖိုးတက်စေရန် ဆောင်ရွက်သည့်အချိန်ဖြစ်အောင် ဆောင်ရွက်စေလိုပါကြောင်း။

### မလုပ်သင့် မလုပ်ထိုက်သည်များကို မလုပ်ကြစေလို

အများလိုအပ်ချက်ဖြစ်နေချိန်တွင် ကိုယ့်အကျိုးအမြတ်အတွက် မလုပ်သင့် မလုပ်ထိုက်သည်များကို မလုပ်ကြစေလိုကြောင်း၊ ပြည်သူဒုက္ခရောက်ချိန်တွင် ကိုယ့်အကျိုးအမြတ်အတွက်သာ ဆောင်ရွက်ခဲ့သူတစ်ဦးသည် ပြည်သူ့မျက်နှာကို မည်သို့ကြည့်ပြီး မည်သို့ဆက်လက်ရှင်သန်သွားမည်ဆိုသည်ကို စဉ်းစားစေလိုပါကြောင်း၊ ပြည်သူများအနေဖြင့်လည်း ပူးပေါင်းဆောင်ရွက်ပြီး အချင်းချင်း မေတ္တာ၊ ကရုဏာပွားစေလိုပါကြောင်း၊ COVID-19 ရောဂါကို နိုင်အောင် တိုက်ခိုက်နေချိန်တွင် မိမိတို့ ပြည်သူအချင်းချင်း ထိခိုက်မည့်ကိစ္စများကို မဆောင်ရွက်ကြစေလိုကြောင်း၊ ယခုဆွေးနွေးတင်ပြချက်များကို မှတ်သားထားပါကြောင်း၊ အမြန်ဆုံးတတ်နိုင်သမျှဖြည့်ဆည်းပေးသွားမည်ဖြစ်ပါကြောင်း၊ ပြည်သူတစ်ယောက်ချင်းကလည်း ဖြည့်ဆည်းပေးနိုင်ရန်အတွက် ဝိုင်းဝန်းကူညီကြရန် မေတ္တာရပ်ခံလိုပါကြောင်း၊ "တစ်ယောက်ကောင်းမှ အားလုံးကောင်းမည်၊ အားလုံးကောင်းမှ တစ်ယောက်ကောင်းမည်" ဆိုသည့်ယုံကြည်ချက်ဖြင့် အားလုံးဝိုင်းဝန်းလုပ်ဆောင်ကြစေလိုကြောင်း ပြောကြားသည်။

**သတင်းစဉ်**

# တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**သတင်းထုတ်ပြန်ချက်အမှတ်၊ ၁၄ / ၂၀၂၀**
၁၃၈၁ ခုနှစ်၊ တန်ခူးလဆန်း ၁၄ ရက်
(၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၆ ရက်)

**"တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်ခြင်း"**

၁။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသည့် ဆေးဝါးအန္တရာယ်တားဆီးကာကွယ်နှိမ်နင်းရေးအတွက် ပြည်သူလူထုထံမှ ပေးပို့တိုင်ကြားလာသည့် သတင်းအချက်အလက်များကို စနစ်တကျ လက်ခံရယူနိုင်ရန် **"မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန"** ကို ဤရုံးတွင် ဖွင့်လှစ်ထားရှိကြောင်း ၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့တွင် အများပြည်သူသို့ ထုတ်ပြန်ကြေညာခဲ့ပါသည်။

၂။ **"မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန"**သို့ ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၄ ရက်နေ့အထိ ပေးပို့တိုင်ကြားလာသည့် မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အရ ပြည်ထဲရေးဝန်ကြီးဌာနက အောက်ပါအတိုင်း ထပ်မံဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ခဲ့ပါသည်-

| စဉ် | သတင်းလက်ခံရရှိမှု | ဖော်ထုတ်ဖမ်းဆီးအရေးယူမှု |
|---|---|---|
| ၁ | ကချင်ပြည်နယ်၊ ရှင်ဗွေယန်မြို့၊ အမှတ် (၃)ရပ်ကွက်နေ ကရင်သည် မူးယစ်ဆေးဝါးများ သုံးစွဲ/ဖြန့်ဖြူး ရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၃၀-၃-၂၀၂၀ ရက်နေ့တွင် ရှင်ဗွေယန်မြို့၊ အမှတ်(၃) ရပ်ကွက်နေ ကရင်(ခ) ခင်မောင်ဌေး(၆၅)နှစ်၊ (ဘ)ဦးစိန်မောင်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ စိတ်ကြွဆေးပြားများ၊ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ (ရှင်ဗွေယန်) မယ(ပ)၄/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/၂၁ ဖြင့် အမှုဖွင့်အရေးယူ ထားရှိပါသည်။ |
| ၂ | စစ်ကိုင်းတိုင်းဒေသကြီး၊ ကောလင်းမြို့နယ်၊ လယ်ရင်းတဲကျေးရွာတွင် မူးယစ်ဆေးဝါး သုံးစွဲ/ဖြန့်ဖြူး ရောင်းချသူများ ပေါများလျက်ရှိကြောင်း သတင်းပေးပို့ခြင်း။ | ၃၁-၃-၂၀၂၀ ရက်နေ့တွင် ကောလင်းမြို့နယ်၊ လယ်ရင်းတဲ ကျေးရွာ မြောက်ဘက် လယ်ကွင်းပြင်၌ ၎င်းကျေးရွာနေ စိုးဝင်း(၄၇)နှစ်၊ (ဘ) ဦးယဉ်မောင်အား ဘိန်းများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ကောလင်း) မယ(ပ)၅၀/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉(က)ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၃ | မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ မိုင်းလုံးကျေးရွာနေ စန်းစန်းမြင့်သည် မူးယစ်ဆေးဝါးများ သုံးစွဲ/ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၄-၄-၂၀၂၀ ရက်နေ့တွင် ပြင်ဦးလွင်မြို့နယ်၊ မိုင်းလုံးကျေးရွာနေ စန်းစန်းမြင့်(ခ)ဖုမိန်း(၄၀)နှစ်၊ (ဘ)ဦးအိုက်ရီ၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(ပိတ်ချင်းမြောင်) မယ (ပ)၁၅/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉(က)ဖြင့် အမှုဖွင့်အရေးယူ ထားရှိပါသည်။ |
| ၄ | မွန်ပြည်နယ်၊ ကျိုက်မရောမြို့နယ်၊ ရန်မျိုးအောင်ရပ်ကွက်နေ ကျော်တေဇာထက်သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁-၄-၂၀၂၀ ရက်နေ့တွင် ကျိုက်မရောမြို့နယ်၊ ရန်မျိုးအောင် ရပ်ကွက်နေ ကျော်တေဇာထက်(ခ)ထက်ထက် (၃၆)နှစ်၊ (ဘ)ဦးထွန်းကြည်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ ဇနီးဟေမာနှင်းနွယ်(၂၆)နှစ်၊ (ဘ)ဦးကျော်ဆန်း တို့(၂)ဦးအား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ကျိုက်မရော) မယ(ပ)၁၃/ ၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၀(က)/၂၁ ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၅ | ရန်ကုန်တိုင်းဒေသကြီး၊ ခရမ်းမြို့နယ်၊ (၅) ရပ်ကွက်နေ ကောင်းဇော်သည် မူးယစ်ဆေးဝါးများ သုံးစွဲ/ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၃၀-၃-၂၀၂၀ ရက်နေ့တွင် ခရမ်းမြို့နယ်၊ (၁၂)ရပ်ကွက်အနီး ပဲခူး-သန်လျင်သွားကားလမ်းပေါ်၌ (၅)ရပ်ကွက်နေ ကောင်းဇော်(ခ)ကောင်းသီဟဇော်(၂၈)နှစ်၊ (ဘ)ဦးဇော်ခင်အား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ခရမ်း) မယ(ပ)၁/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၆ | ရှမ်းပြည်နယ်၊ တာချီလိတ်မြို့နယ်၊ နာတာလိကျေးရွာနေ အောင်နိုင်ဦးသည် မူးယစ်ဆေးဝါးများ သုံးစွဲ/ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၄-၃-၂၀၂၀ ရက်နေ့တွင် တာချီလိတ်မြို့၊ ရန်အောင်မြေရပ်ကွက်၊ ပါလှိုင်(၁)ဘုရားကြီးဂိတ်၌ မူးယစ်ဆေးဝါးများနှင့်အတူ ဖမ်းဆီးရမိမှုမှ ကွင်းဆက်သတင်းအရ ၃၀-၃-၂၀၂၀ ရက်နေ့တွင် ၎င်းမြို့နယ်၊ ၄က်ပျော တောကျေးရွာ၌ နာတာလိကျေးရွာနေ အောင်နိုင်ဦး(၄၁)နှစ်၊ (ဘ) ဦးတင်ချစ်အားဖမ်းဆီးရမိပြီး စစ်ဆေးပေါ်ပေါက်ချက်အရ တစ်ဆင့်ဝယ်ယူသူ ချစ်ထူ(ရွာသစ်)ကျေးရွာနေ ကျဖ(၃၀)နှစ်၊ (ဘ)ဦးပေါ်လူ၏ နေအိမ်အား ၃၁-၃-၂၀၂၀ ရက်နေ့တွင် ဝင်ရောက်ရှာဖွေရာ မူးယစ်ဆေးဝါးနှင့်ပတ်သက်သည့် ပစ္စည်းတစ်စုံတစ်ရာ မတွေ့ရှိသော်လည်း ၎င်းမှအောင်နိုင်ဦးထံရောင်းချပေးသော စိတ်ကြွဆေးပြားများမှာ တစ်ရွာတည်းနေ မောန(၂၇)နှစ်၊ (ဘ)ဦးဆာဘို့ထံမှ ဝယ်ယူပေးခဲ့ကြောင်း သိရှိရသဖြင့် မောန၏ နေအိမ်အား ဆက်လက်ရှာဖွေရာ ၎င်းအား WY စာတန်းပါ စိတ်ကြွဆေးပြားများ၊ ဘိန်းများနှင့်အတူ ဖမ်းဆီးရမိသဖြင့် ၎င်းတို့(၃)ဦးအား မမစ(တာချီလိတ်)မယ(ပ)၅၃/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၁ဖြင့် အမှုဖွင့်အရေးယူ ထားရှိပါသည်။ |
| ၇ | ရှမ်းပြည်နယ် (တောင်ပိုင်း)၊ တောင်ကြီးမြို့၊ ဘုရားဖြူရပ်ကွက်တွင် မူးယစ်ဆေးဝါး သုံးစွဲ/ဖြန့်ဖြူး ရောင်းချသူများ ပေါများလျက်ရှိကြောင်း သတင်းပေးပို့ခြင်း။ | ယခင်သီတင်းပတ်များ၌ အမှု(၁၂)မှု ဖော်ထုတ်နိုင်ခဲ့ပြီး တရားခံ ကျား(၂၁)ဦး၊ မ(၁)ဦး၊ ပေါင်း(၂၂)ဦးအား ဘိန်းဖြူများ၊ ဘိန်းများ၊ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိပြီး ဥပဒေနှင့်အညီ အမှုဖွင့်အရေးယူထားကြောင်း သတင်းထုတ်ပြန်ပြီးဖြစ်ပါသည်။<br>၁-၄-၂၀၂၀ ရက်နေ့တွင် ယခင်ဖမ်းဆီးရမိမှုများမှ ကွင်းဆက်သတင်းအရ တောင်ကြီးမြို့၊ ဘုရားဖြူရပ်ကွက်နေ စိုင်းမျိုးသီဟန်(၃၉)နှစ်၊ (ဘ)ဦးစိုင်းတင်မောင်ကြည်၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ တစ်ရပ်ကွက်တည်းနေ ဇင်မင်းဝေ(ခ)သားငယ်(၃၁)နှစ်၊ (ဘ)ဦးမြင့်ဝေ၊ ကျော်ကြား(၂၁)နှစ်၊ (ဘ)ဦးစိုးနိုင်၊ အာကာရှိန်း(၂၃)နှစ်၊ (ဘ)ဦးစိန်မောင်၊ ရေအေးကွင်းရပ်ကွက်နေ သက်ပိုင်စိုးမိုးအောင်(ခ)သက်ပိုင်စိုး(၁၉)နှစ်၊ (ဘ)ဦးကျော်ရွှေ၊ မင်္ဂလာဦးရပ်ကွက်နေ စိုင်းရီ(ခ)အားဆူ (၂၀)နှစ်၊ (ဘ) ဦးလောတွမ်နှင့် အေးသာယာမြို့၊ နယ်မြေ (၁၀)နေ ဖြိုးကျော်(၃၁)နှစ်၊ (ဘ) ဦးကြည်လှတို့(၇)ဦးအား WY စာတန်းပါ စိတ်ကြွဆေးပြားများ၊ ဘိန်းဆီခဲများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(တောင်ကြီး) မယ(ပ) ၂၁/ ၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၁ဖြင့် အမှုဖွင့်အရေးယူ ထားရှိပါသည်။ |
| ၈ | ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရပ်စောက်မြို့နယ်၊ လွယ်ကိုးကျေးရွာနေ စိုးမောင်သည် မူးယစ်ဆေးဝါးများ သုံးစွဲ/ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂-၄-၂၀၂၀ ရက်နေ့တွင် ရပ်စောက်မြို့နယ်၊ နောင်ဖန်ကျေးရွာနေ ထွန်းနိုင်(၃၄)နှစ်၊(ဘ)ဦးမောင်၏ တောင်ယာတဲအား ဝင်ရောက်ရှာဖွေရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိပြီး လွယ်ကိုးကျေးရွာနေ စိုးမောင် (၅၀)နှစ်၊(ဘ)ဦးထူးထံမှ ဝယ်ယူရရှိခဲ့ကြောင်း သိရှိရသဖြင့် ၎င်းတို့(၂)ဦးအား မမစ (ရပ်စောက်) မယ(ပ)၁၆/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/၂၁ဖြင့် အမှုဖွင့်အရေးယူထားရှိပြီး စိုးမောင်၏ တောင်ယာတဲအား ဆက်လက်ရှာဖွေရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ထပ်မံဖမ်းဆီးရမိသဖြင့် မမစ(ရပ်စောက်) မယ(ပ)၁၇/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၀(က)ဖြင့် အမှုဖွင့်အရေးယူ ထားရှိပါသည်။ |

၃။ တိုင်ကြားလာသော သတင်းများအနက် အထက်ဖော်ပြပါ ယခုသီတင်းပတ်အတွင်း ဖော်ထုတ်ဖမ်းဆီးရမိမှုအပါအဝင် မူးယစ်ဆေးဝါးအထူးသတင်းတိုင်ကြားရေးဌာန စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့သည့် ၂၆-၆-၂၀၁၈ ရက်နေ့မှ ၄-၄-၂၀၂၀ ရက်နေ့အထိ စုံစမ်းဖော်ထုတ်ချက်များအရ အမှုပေါင်း (၁၀၅၁)မှု ဖွင့်လှစ်အရေးယူခဲ့ပြီး တရားခံကျား(၁၃၅၄)ဦး၊ မ(၂၆၄)ဦး၊ ပေါင်း(၁၆၁၈)ဦး ဖမ်းဆီးရမိခဲ့၍ ဘိန်းဖြူ(၈၅၇၁.၇၀၁၄)ဂရမ်၊ ICE (၁၃၄၇.၄၂)ဂရမ်၊ ဘိန်း(၄၁၄၁၄.၃၃၈၈၆)ဂရမ်၊ အဆင့်နိမ့်ဘိန်း(၆၆၅.၂၇)ဂရမ်၊ ဘိန်းစာမှုန့်(၅၃၂၅၂.၇၆) ဂရမ်၊ ဘိန်းစာရွက် (၁၂၀၉၇.၃၂)ဂရမ်၊ ဘိန်းစာရည်(၂.၅) လီတာ၊ စိတ်ကြွဆေးပြား(၅၃၀၇၂၇)ပြား၊ ဆေးခြောက်(၁၀၃၁၁.၆၇)ဂရမ်၊ ဘိန်းရည်(၀.၁)လီတာ၊ ဘိန်းဆီခဲ(၅၉၆.၂၈) ဂရမ်၊ ဘိန်းစေ့(၆၀)ဂရမ်၊ စိတ်ကြွဆေးပြားအကြေမှုန့်(၅၅.၄၅)ဂရမ်၊ Ecstasy အကြေ(၀.၀၀၁)ဂရမ်၊ လက်နက်မျိုးစုံ(၂၅) လက်၊ ကျည်မျိုးစုံ (၆၀၉)တောင့်၊ လက်ပစ်ဗုံး(၁)လုံးတို့အား သိမ်းဆည်းရမိခဲ့ကြောင်းနှင့် မူးယစ်ဆေးဝါးသတင်းများနှင့် ပတ်သက်၍ ဖော်ထုတ်ဖမ်းဆီးအရေးယူမှုကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပြီး ထပ်မံဖော်ထုတ် ဖမ်းဆီးအရေးယူနိုင်မှုအခြေအနေအား ဆက်လက်ထုတ်ပြန်သွားမည်ဖြစ်ပါသည်။

၄။ မူးယစ်ဆေးဝါးများ ပိုမိုဖမ်းဆီးရမိနိုင်ရေးနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များသို့ တိုင်ကြားနိုင်သည့်အပြင် ထူးခြားသည့်ကိစ္စရပ်များနှင့် ကြီးမားသည့် မူးယစ်ဆေးဝါး ရောင်း/ဝယ်မှုကိစ္စရပ်များကို နိုင်ငံတော်သမ္မတရုံး၏ **"မူးယစ်ဆေးဝါးအထူးသတင်းတိုင်ကြားရေးဌာန"** အောက်ဖော်ပြပါ တယ်လီဖုန်း/ဖက်စ်ဖုန်းနှင့် အီးမေးလ်လိပ်စာတို့သို့ ရုံးချိန်အတွင်း လုံခြုံစိတ်ချစွာ တိုင်ကြားနိုင်ပါကြောင်း ထပ်မံအသိပေးအပ်ပါသည်-

**ဆက်သွယ်ရန်-**

| | | |
|---|---|---|
| **အော်တိုတယ်လီဖုန်းနံပါတ်** | - | ၀၆၇-၃၉၀၂၀၀ |
| **ဖက်စ်ဖုန်းနံပါတ်** | - | ၀၆၇-၃၉၀၂၃၃ |
| **အီးမေးလ်လိပ်စာ** | - | antinarcotics@presidentoffice.gov.mm |

# အမရပူရမြို့နယ်၌ ဆည်တော်ကြီးမှပေးလွှတ်သောရေဖြင့် နွေစပါး စိုက်ဧက ၇၄၈၀၊ နှမ်း ဧက ၄၈၀၀လျာထားစိုက်ပျိုး

**အမရပူရ ဧပြီ ၆**

မန္တလေးမြို့ အမရပူရမြို့နယ်၌ ဆည်တော်ကြီးမှ ပေးလွှတ်သောရေဖြင့် နွေစပါး ဧက ၇၄၈၀ နှင့် နှမ်းဧက ၄၈၀၀ကို လျာထား စိုက်ပျိုးလျက်ရှိရာ စိုက်ဧက ၅၀ ရာခိုင်နှုန်းကျော် စိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေး ဦးစီးဌာန အမရပူရမြို့နယ် ဦးစီးအရာရှိ ဒေါ်ငြိမ်းငြိမ်းဖြိုးထံမှ သိရသည်။

အမရပူရမြို့နယ်၌ လယ်မြေ၊ ယာမြေ၊ ကိုင်း/ကျွန်း ၊ဥယျာဉ်မြေများ မြေယာအသုံးချမှုစာရင်းအရ ၅၁၂၆၈ ဧကရှိပြီး ယခုနှစ်နွေရာသီတွင် နွေစပါးစိုက်ဧက ၇၄၈၀ နှင့် နှမ်းဧက ၄၈၀၀ကို ရာနှုန်းပြည့် စိုက်ပျိုးနိုင်ရန် ကြိုးပမ်းလျက်ရှိရာ အမရပူရမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ မျိုးကောင်းမျိုးသန့်များ တောင်သူလက်ဝယ်ရောက်ရှိရေးနှင့် နှမ်းစိုက်ပျိုးမှုတွင် စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ စနစ်ဖြင့် စိုက်ပျိုးနိုင်ရေးအတွက် ကွင်းဆင်းဆောင်ရွက် ကူညီပေးလျက်ရှိသည်။ နွေစပါးစိုက်ပျိုးရာတွင် သက်တမ်းတို အထွက်တိုးသည့် ရွှေသွယ်ရင်စပါးမျိုးကို အများစုစိုက်ပျိုးကြကြောင်းလည်း သိရသည်။

အမရပူရမြို့နယ်အတွင်း စိုက်ပျိုးရေး အောင်မြင်ဖြစ်ထွန်းကာ အထွက်တိုးရန်အတွက် ဒေါင်းရွှေးနည်းပညာပေးစင်တာ၊ နတ်ရေကန်နည်းပညာပေးစင်တာ၊ တမုဆိုးနည်းပညာပေးစင်တာ၊ ဆင်ရွာမြင်းမှူးနည်းပညာပေးစင်တာများအဖြစ် နည်းပညာပေးစင်တာ လေးခုထားရှိဆောင်ရွက်လျက်ရှိရာ တောင်သူများကလည်း စိတ်ဝင်တစားပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း ဦးစီးအရာရှိ ဒေါ်ငြိမ်းငြိမ်းဖြိုးက ဆက်လက်ပြောပြသည်။

**နွေနဒီ(မြစ်ငယ်)**



## ပြည်ထောင်စုသားချင်းများ

တိုင်းရင်းသားညီအစ်ကို မောင်နှမများအားလုံးဟာ ပြည်ထောင်စုသားချင်းများဖြစ်ပါတယ်။ ပြည်ထောင်စုစိတ်ဓာတ်နဲ့သာ စည်းလုံးညီညွတ်မှုကို ရရှိစေမှာဖြစ်ပါတယ်။ ပြည်ထောင်စုအတွင်းမှာ မတူညီတဲ့လူမျိုး၊ မတူတဲ့ဘာသာစကား၊ မတူတဲ့ကိုးကွယ်မှုများရှိလင့်ကစား စည်းလုံးညီညွတ်စွာ နေရေးကို ဦးတည်ကြရပါမယ်။ ကျွန်မတို့အားလုံးဟာ ပြည်ထောင်စုသားချင်းများဖြစ်တာနဲ့အညီ ဒီပြည်ထောင်စု၊ ဒီမြေ၊ ဒီရေကို ချစ်မြတ်နိုးပြီး ငြိမ်းချမ်းရေး၊ ညီညွတ်ရေး၊ တိုးတက်ဖွံ့ဖြိုးမှုနဲ့ သာယာခိုင်မာတဲ့ပြည်ထောင်စုတစ်ခုတည်ဆောက်ရေးကို တန်ဖိုးထားကြဖို့က အင်မတန်မှ အရေးကြီးပါတယ်။

*[ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏*
*၁-၂-၂၀၂၀ ရက်နေ့တွင်ကျင်းပသော သွေးချင်းတို့ရဲ့ပွဲတော်ဆီ ၂၀၂၀ ဖွင့်ပွဲအခမ်းအနား၌ ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်]*



## ပြည်သူများ၊ ဘာသာရေးအဖွဲ့အစည်းများနှင့် ပြည်တွင်းလူမှုရေးအဖွဲ့အစည်းများ (သံရုံးများ၊ ကုလသမဂ္ဂနှင့် နိုင်ငံတကာအဖွဲ့အစည်းများမပါ) အတွက် အိမ်သုံးအမျိုးအစား လျှပ်စစ်ဓာတ်အား သုံးစွဲမှု (၁၅၀)ယူနစ်အထိကို ငွေကြေးကောက်ခံမှု ကင်းလွတ်ခွင့်(အခမဲ့) ဇူလိုင်လကုန်အထိ ပေးသွားမည်

❑ မဟာသကြိန်မှ

ထိုသို့ ဆောင်ရွက်ရာတွင် မလိုလားအပ်သော လေလွင့်မှုများ၊ ကြန့်ကြာမှုများ၊ အဂတိလိုက်စားမှုများ မဖြစ်ပေါ်စေရေးအတွက် တိုင်းဒေသကြီး၊ ပြည်နယ် အစိုးရများ၏ ကြီးကြပ်မှုဖြင့် စာရင်းကောက်ယူခြင်း၊ ထုပ်ပိုးခြင်း၊ ပို့ဆောင်ခြင်း၊ ဖြန့်ဖြူးခြင်း စသည်တို့ကို ဌာနဆိုင်ရာအဖွဲ့အစည်းများ၊ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)၊ ရပ်မိရပ်ဖများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပရဟိတလူငယ်များနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၃။ ထို့အပြင် ပြည်သူများ၊ ဘာသာရေးအဖွဲ့အစည်းများနှင့် ပြည်တွင်းလူမှုရေးအဖွဲ့အစည်းများ (သံရုံးများ၊ ကုလသမဂ္ဂနှင့် နိုင်ငံတကာအဖွဲ့အစည်းများမပါ)အတွက် အိမ်သုံးအမျိုးအစား လျှပ်စစ်ဓာတ်အားသုံးစွဲမှု (၁၅၀) ယူနစ်အထိကို ငွေကြေးကောက်ခံမှုကင်းလွတ်ခွင့်(အခမဲ့) ဇူလိုင်လကုန်အထိ ပေးသွားမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမင်းမင်း ကို အစမ်းခန့်ကာလ (၁) နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

## ကုန်သည်စက်မှုအသင်းချုပ်က သတင်းထုတ်ပြန်ချက်တစ်ရပ် ထုတ်ပြန်

ရန်ကုန် မေ ၆

ကုန်သည်စက်မှုအသင်းချုပ်က အခြေခံလူတန်းစားများကို အစားအသောက် ထောက်ပံ့ပေးရန် ရန်ပုံငွေတစ်ရပ် ထူထောင်သွားမည်ဖြစ်ကြောင်း ယနေ့ ရက်စွဲဖြင့် သတင်းထုတ်ပြန်ချက်တစ်ရပ်ကို ထုတ်ပြန်လိုက်ကြောင်း သိရသည်။ အဆိုပါထုတ်ပြန်ချက်တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်သည် Coronavirus Disease (COVID-19) ရိုက်ခတ်မှုကို ခံစားနေရသည့် အခြေခံလူတန်းစားများ၏ စားရေး၊ သောက်ရေးအတွက် တစ်ဖက်တစ်လမ်းမှ ကူညီဖြေရှင်းပေးနိုင်ရန် ရန်ပုံငွေ တစ်ရပ်ကို ကနဦး ကျပ်သိန်း ၁၅၀၀ ဖြင့် မတည်ထူထောင်မည်ဖြစ်ကြောင်း။

COVID-19 အကျိုးဆက်ကြောင့် လုပ်ငန်းများ ထိခိုက်ဆုံးရှုံးမှုများရှိနေပြီဖြစ်ရာ ယင်းရိုက်ခတ်မှုသည် အခြေခံအကျဆုံးအလွှာဖြစ်သည့် လက်လုပ်လက်စားများ အလုပ်အကိုင်နှင့် ဝင်ငွေရရှိနိုင်မှုကို သိသာစွာထိခိုက်နေကြောင်း၊ လတ်တလောကာလတွင် အခြေခံလူတန်းစားများကို အစားအသောက်များ ပံ့ပိုးကူညီပေးနိုင်ရန်အတွက် ကုန်သည်စက်မှုအသင်းချုပ်သည် ညီနောင်အသင်းများ၊ လုပ်ငန်းရှင်များ၊ စေတနာရှင်ပြည်သူများနှင့်အတူ နိုင်ငံတော်အစိုးရနှင့် လက်တွဲပူးပေါင်း၍ ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

လက်လုပ်လက်စားများနှင့် မိခိုသူမိသားစုဝင်များအတွက် အခြေခံစားသောက်ကုန်များကို ဝယ်ယူထောက်ပံ့ပေးရာတွင် သက်ဆိုင်ရာ ပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့များနှင့် ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ကုန်သည်စက်မှုအသင်းချုပ် အသင်းသူ၊ အသင်းသားများ၊ ညီနောင်အသင်းများ၊ အမှုဆောင်များနှင့် လုပ်ငန်းရှင်များအားလည်း ရန်ပုံငွေထည့်ဝင်လှူဒါန်းလိုပါက မိမိစေတနာအလျောက် လှူဒါန်းခြင်းဖြင့် ပူးပေါင်းပါဝင်ရန် တိုက်တွန်းနှိုးဆော်သွားမည်ဖြစ်ကြောင်း ပါရှိသည်။

သတင်းစဉ်

## မယ်စဲ့မြို့နယ် ရပ်ကွက်၊ ကျေးရွာများ၌ "စောစောပြော၊ စောစောသိ၊ အားလုံးအကျိုးရှိ" အိမ်တိုင်ရာရောက် ကွင်းဆင်းအသိပညာပေး

မယ်စဲ့ မေ ၆

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့် ပတ်သက်၍ ပြည်သူလူထုမှ သတင်းမှန်ရရှိရေးနှင့် ကုသခြင်းထက် ကြိုတင်ကာကွယ်ခြင်းနည်းလမ်းဖြင့် ထိရောက်စွာ တုံ့ပြန်ဆောင်ရွက်နိုင်စေရန်ရည်ရွယ်ပြီး ကယားပြည်နယ် မယ်စဲ့မြို့နယ်၌ ယနေ့နံနက် ၉ နာရီခွဲက ရပ်ကွက်၊ ကျေးရွာများ၌ လိုက်လံအသိပညာပေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

### အသိပေးဆောင်ရွက်

ထိုသို့ဆောင်ရွက်ရာတွင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းပန်ဖ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှမျိုးထွန်းနှင့် တာဝန်ရှိသူများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများက မြောက်ပိုင်းရပ်ကွက်၊ တောင်ပိုင်းရပ်ကွက်နှင့် ကျေးရွာများ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် စနစ်တကျကာကွယ်ခြင်းနည်းလမ်းများ၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ချက်များ၊ သံသယဖြစ်ဖွယ်တွေ့ရှိပါက ဆက်သွယ်ရမည့် ဖုန်းနံပါတ်များ၊ "စောစောပြော၊ စောစောသိ၊ အားလုံးအကျိုးရှိ" စသည့် အကြောင်းအရာများကို အိမ်တိုင်ရာရောက် ကွင်းဆင်းလိုက်လံအသိပေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဝတ်ရည်(ပြန်/ဆက်)

## ဒုတိယဝန်ကြီး ဒေါက်တာကျော်လင်း ယာကြီး-ကလေးဝလမ်းနှင့် မင်းကင်းမြို့နယ်အတွင်းရှိ ကျေးလက်လမ်းနှစ်လမ်းအား ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၆

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာကျော်လင်းသည် မေ ၅ ရက်တွင် အိန္ဒိယနိုင်ငံအကူအညီဖြင့် အဆင့်မြှင့်တင်ဆောင်ရွက်လျက်ရှိသော ယာကြီး-ကလေးဝ လမ်းစီမံကိန်းအား ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ဒုတိယဝန်ကြီးသည် မိုင်(၇၉ / ဝ )ရှိ ရှင်းလင်းဆောင်သို့ရောက်ရှိပြီး အိန္ဒိယနိုင်ငံ ကန်ထရိုက်တာကုမ္ပဏီမှ တာဝန်ရှိသူများ၊ အင်ဂျင်နီယာ၊ လုပ်သားများ၊ ကျောက်တန်းကျေးရွာမှ ရွာသူရွာသားများနှင့်တွေ့ဆုံကာ လမ်းစီမံကိန်းကို လာရောက်လုပ်ကိုင်နေကြသော အိန္ဒိယနိုင်ငံသားများသည် ယခု ကိုဗစ်-၁၉ ရောဂါဖြစ်မှ ရောက်လာကြသူများမဟုတ်ကြောင်း၊ ပြီးခဲ့သည့်တစ်နှစ်ခန့်၊ စီမံကိန်းစတင်ကတည်းက လာရောက်အလုပ်လုပ်နေသူများဖြစ်ကြောင်း၊ ထို့ကြောင့် စီမံကိန်းရုံးကို အခြားသို့ပြောင်းရွှေ့ပေးရန်မဖြစ်နိုင်ကြောင်း၊ လွန်ခဲ့သော နှစ်ပတ်ခန့်က သေဆုံးခဲ့သော အိန္ဒိယနိုင်ငံသားမှာလည်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ဓာတ်ခွဲခန်းစစ်ဆေးချက်နှင့် ဆေးစစ်ချက်အရ ကိုဗစ်-၁၉ ရောဂါကြောင့်မဟုတ်ဘဲ နှလုံးရောဂါကြောင့် သေဆုံးခဲ့ခြင်းဖြစ်ကြောင်း၊ ကောလာဟလ သတင်းများကို မယုံကြည်ကြရန်လိုကြောင်း။

ယခုအချိန်တွင် ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ ကောလာဟလသတင်းများ ပျံ့နှံ့နေ၍ ယခုစီမံကိန်းကြီးကို ရပ်လိုက်ပါက ဆောင်ရွက်ဆဲ Culvert များ၊ တံတားများ၏ ရှောင်ကွင်းလမ်းများသည် မြေသားလမ်းဖြစ်၍ မိုးရွာသည်နှင့် လုံးဝသွား၍မရတော့ဘဲ ဒေသခံများနှင့် ခရီးသွားများ လမ်းပန်းဆက်သွယ်မှုပြတ်တောက်ပြီး ဒုက္ခရောက်ကြရမည်ဖြစ်၍ Culvert များ၊ တံတားငယ်များကို အမြန်ဆုံးအပြီး တည်ဆောက်သွားရန်လိုကြောင်းနှင့် လမ်းစီမံကိန်းမှာလည်း ဆက်လက်ဆောင်ရွက်ရန်လိုအပ်ကြောင်း ရှင်းလင်းပြီး ရွာသူရွာသားများနှင့် စီမံကိန်းတာဝန်ရှိသူများ၏ အခက်အခဲတင်ပြချက်များကို ပေါင်းစပ်ညှိနှိုင်းဖြေရှင်းပေးသည်။



ယင်းနောက် ယာကြီး-ကလေးဝလမ်း စီမံကိန်း တာဝန်ခံက လုပ်ငန်းလျာထားချက်နှင့် ပြီးစီးမှုအခြေအနေများ၊ အင်ဂျင်နီယာနည်းပညာဆိုင်ရာများကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက အင်ဂျင်နီယာပိုင်းဆိုင်ရာ ဆုံးဖြတ်ချက်များကို ဆုံးဖြတ်ပေးခဲ့ပြီး ယာကြီး- ကလေးဝ လမ်းလုပ်ငန်းခွင်အား ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်နေသော မင်းကင်း - မြို့မလမ်းနှင့် ဆက်နွယ်သော ချင်းတွင်းမြစ်ရိုး အနောက်ဘက်အထက်ပိုင်းရှိ ကမ်းပြည့်-ချောင်းဝ-ဆပ်စား - အူ - ယုံထောင် - အင်ကုန်းကြီး - ရွာဘ - တရာ ကျေးရွာချင်းဆက်လမ်း မိုင် ၁၁ / ၆ တွင် စက်ယန္တရားများနှင့် မြေသားလမ်းဖောက်လုပ်နေမှုအား ကြည့်ရှုပြီး လမ်း Alignment ကို အတည်ပြုပေးခဲ့သည်။

အဆိုပါလမ်းမှာ၂၁ မိုင် ၁ ဖာလုံရှိရာ ၄ မိုင် ၃ ဖာလုံမှာ ကွန်ကရစ်လမ်းဖြစ်ပြီး ကျန်အပိုင်းများမှာ နွေရာသီဆိုင်ကယ်လမ်းဖြစ်ကာ ယခုအခါ မြေသားလမ်းအဖြစ် ဖောက်လုပ်နေခြင်းဖြစ်ပြီး ၁၀ မိုင် ၅ ဖာလုံအထိပြီးစီးပြီးဖြစ်၍ လုပ်ငန်းများ ဆက်လက်ဆောင်ရွက်နေကြောင်း။ အဆိုပါ လမ်းမြေသားလမ်းဖောက်လုပ်ပြီးပါက ကျေးရွာ ၁၂ ရွာ၊ အိမ်ခြေ ၁၅၂၃ အိမ်၊ လူဦးရေ ၇၂၉၄ ဦးကို အကျိုးပြုမည်ဖြစ်သည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် မင်းကင်းမြို့ ပြည်သူ့ဆေးရုံတွင် အလှူငွေများပေးအပ်ပြီး **(အပေါ်ဝဲပုံ)** ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ကာကွယ်ရေးအတွက် လိုအပ်သော တစ်ကိုယ်ရေကာကွယ်ရေးဝတ်စုံ ၁၂၀၊ နှာခေါင်းစည်း အခု ၃၀၀၊ လက်အိတ်အစုံ ၃၀၀၊ သာမိုမီတာ ခြောက်ချောင်း၊ အရေးပေါ်အသက်ရှူစက် တစ်စုံ လှူဒါန်းခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ပိုးမွှားများကို သက်ရှိများဖြင့် နှိမ်နင်းသည့် ဇီဝနည်း

စံလွင် (ငါးဦးစီး)

၂၀၀၆ ခုနှစ်ပိုင်းလောက်က ဖြစ်သည်။ မြန်မာနိုင်ငံ အလယ်ပိုင်းဒေသတစ်ခု၌ ကြွက်များဖျက်ဆီးသဖြင့် စိုက်ပျိုးထားသည့် ကောက်ပဲသီးနှံများ ပျက်စီးဆုံးရှုံးသည့် သတင်းတစ်ပုဒ်ကို နိုင်ငံပိုင်သတင်းစာတစ်စောင်၌ ဖတ်ရှုလိုက်ရသည်ကို မှတ်မိသည်။ မြန်မာနိုင်ငံ၏နယ်စပ် တရုတ်နိုင်ငံဘက်မှ မြွေများဈေးကောင်းပေးဝယ်သဖြင့် ထိုဒေသရှိ နယ်ခံများက မြွေမျိုးစုံကို ဖမ်းဆီးပြီး တရားမဝင်ရောင်းချသည့် ပေါ်ပင်အလုပ်ကို အလုအယက် လုပ်ကိုင်ကြရာ စီးပွားလမ်းအတော်ဖြောင့်ကြ၏။

မကြာမီပင် ထိုဒေသ၌ ကြွက်များအဆမတန် ပေါက်ပွားလာကာ စိုက်ပျိုးထားသည့် သီးနှံများကို ကိုက်ဖြတ်စားသောက်ကြ၍ စိုက်ပျိုးသီးနှံများ ပျက်စီးကုန်သည့်အကြောင်းကို ရေးသားထားသောသတင်းပင် ဖြစ်သည်။ အကြောင်းရင်းမှာ ၎င်းဒေသ၌ မြွေများရှားပါးကုန်ရာ မြွေ၏အစာဖြစ်သော ကြွက်များ ထိန်းမရနိုင်အောင် တိုးပွားလာကာ စိုက်ပျိုးသီးနှံများကို စားသောက်ဖျက်ဆီးကြခြင်းကြောင့် ဖြစ်လေသည်။ အပင်နှင့် သတ္တဝါများကို ၎င်းတို့ရှင်သန်နေထိုင်ရာ ပတ်ဝန်းကျင်နှင့် ဟန်ချက်ညီအောင် သဘာဝတရားကြီးက ဂေဟဗေဒ စနစ်ဖြင့် ထိန်းကျောင်းပေးထားသည်။ တစ်စုံတစ်ခုသော ပယောဂကြောင့် အပြန်အလှန်မှီတင်းနေထိုင်သည့် ဂေဟဗေဒစနစ်တစ်ခု တိမ်းစောင်းခဲ့သော် မမျှော်လင့်သည့် ဆိုးကျိုးများဖြစ်ပေါ်ကျရောက်မည်မှာ မလွဲကေန် ဖြစ်ပေသည်။



ရေချိုငါးမျိုးစိတ်များ၌ ၎င်းတို့၏စားသောက်ပုံ အလေ့အထ (Feeding habited) အရ အသီးအရွက်စား ငါးနှင့် အသားစားငါးဟူ၍ ရှိ၏။ မိုးဦးကျငါးမျိုးများ သားပေါက်ချိန်တွင် အသားစားငါးမျိုးစိတ်က ဦးစွာဥချ သားပေါက်ပြီးမှ အသီးအရွက်စား ငါးမျိုးများက ၎င်းနောက်မှလိုက်ကာ သားပေါက်သည်။ အကြောင်းမှာ ငါးပတ်၊ ငါးရံ့ကဲ့သို့ အသားစားငါးမျိုးများက တစ်ကြိမ် သားပေါက်လျှင် ကောင်ရေထောင်၊ သောင်းမျှ ပေါက်သော်လည်း အသီးအရွက်စားငါးမျိုးစိတ်ဖြစ်သော ငါးကြင်းမျိုးများက သိန်း၊ သန်း၊ ကုဋေချီ၍ ဥချသားပေါက်၏။ အသားစား ငါးပေါက်လေးများ အကောင်ပေါက်၍ ပါးစပ်ဖွင့်ကာ အစာစတင်စားမည့်အချိန်တွင် ၎င်းတို့၏အစာဖြစ်သော အရွက်စားငါးလေးများက အသင့်ဖြစ်နေအောင် ထိန်းကျောင်းထားခြင်း ဖြစ်သည်။ သို့မဟုတ်က ရေပြင် အပြည့် ငါးအုပ်ကြီးက ဖုံးလွှမ်းသွားပေမည်။

**စိုက်ပျိုးရေးလုပ်ငန်းများ၌ ပိုးသတ်ဆေးသုံးစွဲမှု အစားထိုးဖြစ်သော ဇီဝနည်းဖြင့် ပိုးမွှားများ ကာကွယ်နှိမ်နင်းရေးစနစ်သည် စိုက်ပျိုးသီးနှံများတွင် ပိုးသတ်ဆေး ဓာတု ဓာတ်ကြွင်းများ ကင်းလွတ်ခြင်း၊ ပိုးသတ်ဆေး ကိုင်တွယ်သုံးစွဲသည့် တောင်သူများနှင့် အခြားသော သက်ရှိသတ္တဝါများ အဆိပ်သင့်မှု လျော့ပါးခြင်းအစရှိသည့် ကောင်းကျိုးများ ရရှိစေမည်ဖြစ်**

၂၀၁၉ ခုနှစ်ပိုင်းအတွင်း ရှမ်းပြည်တောင်ပိုင်း ဖယ်ခုံမြို့နယ်၌ ကြွက်များသောင်းကျန်းလွန်းသဖြင့် တာဝန်ရှိ ပုဂ္ဂိုလ်တစ်ဦးက လင်းမြွေများလွှတ်ပေးရန်စီမံရာ ထိုအချက်ကိုထောက်၍ အများစုက လှောင်ပြောင်ရယ်သွမ်းသွေးကြသည်ကို လူမှုကွန်ရက်စာမျက်နှာထက်တွင် ဖတ်ရှုလိုက်ရသည်။ လင်းမြွေသည် အဆိပ်မရှိသည့် မြွေမျိုးစိတ်ဖြစ်၍ မြွေ၏အစာဖြစ်သော ကြွက်များကို ဇီဝနည်း၊ တစ်နည်းအားဖြင့် သဘာဝနည်းဖြင့် နှိမ်နင်းရန် ထိုပုဂ္ဂိုလ်က အကြံပြုခြင်းဖြစ်မည်ဟု စဉ်းစားမိလိုက်သည်။ ၎င်းနည်းစနစ်သည် သက်ရှိကို သက်ရှိဖြင့် ထိန်းကျောင်းသည့် (Biological Control) စနစ် ဖြစ်သည်။

ယခုနှစ် ဖေဖော်ဝါရီလပိုင်းအတွင်းက နိုင်ငံပိုင်သတင်းစာများတွင် ဒေးဒရဲမြို့နယ်နှင့် ဖျာပုံမြို့နယ်များရှိ စပါးစိုက်ခင်းများအတွင်း လိပ်ပြာမျိုးရင်းဝင် စပါးဖျက်ပိုးများကို ကာကွယ်နှိမ်နင်းရန် ထရိုင်ဂရားမားဥကပ်ပါး နကျယ်ကောင်များလွှတ်ခြင်းကို စိုက်ပျိုးရေးဦးစီးဌာနက ကြီးမှူးကျင်းပသည့် သတင်းကို ဖတ်ရှုလိုက်ရသည်။ ဤနည်းသည် ဇီဝနည်းဖြင့် ပိုးမွှားကာကွယ်နှိမ်နင်းသည့်စနစ်ဖြစ်ပြီး သီးနှံစိုက်ခင်းများအတွင်း၌ ကျရောက်သော သီးနှံဖျက်ပိုးမွှားများကို စားသောက်သည့် သားရဲပိုးမွှားများကို အသုံးချနှိမ်နင်းခြင်း ဖြစ်လေသည်။ ၎င်းနည်းသည် ပိုးမွှားအချင်းချင်း ပြန်စား၍ ထိန်းကျောင်းသောနည်းဖြစ်ပြီး ဤနည်းဖြင့် မြန်မာနိုင်ငံတွင် ကုလားပဲသီးလုံးဖောက်ပိုးကို နှိမ်နင်းလျက်ရှိကြောင်း သိရှိရပါသည်။

ယခုအခါ ကမ္ဘာအရပ်ရပ်၌ ဓာတုဗေဒပိုးသတ်ဆေးများကို စိုက်ပျိုးရေးလုပ်ငန်းများ၌ မဆင်မခြင်သုံးစွဲနေမှုကြောင့် လူသားများနှင့်ပတ်ဝန်းကျင်ကို ပိုးသတ်ဆေး အဆိပ်သင့်သည့်ဒဏ်များစွာ ခံစားနေရသည်။ မြန်မာနိုင်ငံ၌လည်း ပိုးသတ်ဆေးနှင့် ပေါင်းသတ်ဆေးများကို စည်းကမ်းမဲ့စွာ တလွဲသုံးစွဲနေကြရာ သဘာဝရေနက်ကွင်းများရှိ ငါးမျိုးစိတ်တော်တော်များများမှာ မျိုးတုံးမည့် အန္တရာယ်နှင့် ကြုံတွေ့နေရ၏။

စိုက်ပျိုးရေးလုပ်ငန်းများ၌ ပိုးသတ်ဆေးသုံးစွဲမှု အစားထိုးဖြစ်သော ဇီဝနည်းဖြင့် ပိုးမွှားများကာကွယ်နှိမ်နင်းရေးစနစ်သည် စိုက်ပျိုးသီးနှံများတွင် ပိုးသတ်ဆေး ဓာတုဓာတ်ကြွင်းများ ကင်းလွတ်ခြင်း၊ ပိုးသတ်ဆေး ကိုင်တွယ်သုံးစွဲသည့် တောင်သူများနှင့် အခြားသော သက်ရှိသတ္တဝါများ အဆိပ်သင့်မှုလျော့ပါးခြင်း အစရှိသည့် ကောင်းကျိုးများရရှိစေမည် ဖြစ်ပါသည်။

လတ်တလောအခြေအနေတွင် အာဖရိကနိုင်ငံအချို့နှင့် ပါကစ္စတန်နိုင်ငံရှိ သီးနှံစိုက်ခင်းများ၌ ကျိုင်းကောင်များ သန်းနှင့်ချီ၍ ကျရောက်ဖျက်ဆီးလျက်ရှိပါသည်။ ဘဲများက ကျိုင်းကောင်များကို စားသုံးသည့် ဓလေ့ရှိပါသည်။ ဘဲတစ်ကောင်သည် တစ်နေ့လျှင် ကျိုင်းကောင် ၂၀၀ ကျော်စားနိုင်ပြီး ယင်းနည်းလမ်းသည် ပိုးသတ်ဆေးအသုံးပြုသည်ထက် ပိုမိုထိရောက်သည်ဟု စိုက်ပျိုးရေးပညာရှင်တစ်ဦးက ဆိုပါသည်။ သို့ဖြစ်ရာ ပါကစ္စတန်နိုင်ငံသည် အိမ်နီးချင်းတရုတ်နိုင်ငံမှ ဘဲကောင်ရေတစ်သိန်း တင်သွင်းခြင်းဖြင့် ဇီဝနည်းဖြင့် ကျိုင်းကောင်များအန္တရာယ်ကို ကာကွယ်လျှော့ချနှိမ်နင်းရန် စီမံဆောင်ရွက်လျက်ရှိသည်ဟု သိရှိရကြောင်းတင်ပြလိုက်ရပါသည်။ ။

## ရွှေကူမြို့နယ်တွင် ကိုဗစ် - ၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် အလှူငွေများနှင့် ပစ္စည်းများပေးအပ်လှူဒါန်း



**ရွှေကူ မေ ၆**

ကချင်ပြည်နယ် ရွှေကူမြို့နယ်အတွင်း၌ ကိုဗစ် - ၁၉ ရောဂါ ကြိုတင်ကာကွယ်၊ ထိန်းချုပ်၊ ကုသနိုင်ရေးအတွက် အလှူငွေများနှင့် ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲကို ယနေ့ နံနက် ၁၀ နာရီတွင် မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ကိုဗစ် - ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသနိုင်ရေးဆောင်ရွက်ရာတွင် အသုံးပြုနိုင်ရန်အတွက် ဂရမ်းရဲထွဋ်ကုမ္ပဏီက တစ်ကိုယ်ရေကာကွယ်ရေးဝတ်စုံ ၁၀ စုံ၊ ပါးစပ်နှင့် နှာခေါင်းစည်း ၃၀၀၀၊ လက်သန့်ဆေးရည်ဘူး ၉၀၊ ရွှေကူမြို့နယ်အတွင်းရှိ စောင့်ကြည့်လူနာများ စားသုံးရန်အတွက် ငှက်ပျောသီး ၈၆ ဖာ၊ အပူချိန်တိုင်းကိရိယာ နှစ်ခုနှင့် ငွေကျပ် ၁၀ သိန်းကိုလည်းကောင်း၊ ကိုကိုမြင့် အင်တာနေရှင်နယ်ကုမ္ပဏီက တစ်ကိုယ်ရေကာကွယ်ရေးဝတ်စုံ ၅၀၊ ရွှေကူမြို့နယ် ပုဂ္ဂလိကပိုင်မော်တော်ယာဉ်ကြီးကြပ်မှုကော်မတီက ငွေကျပ်သိန်း ၃၀ ကိုလည်းကောင်း မြို့နယ်အဆင့် ကိုဗစ် – ၁၉ ရောဂါ ကြိုတင်ကာကွယ်၊ ထိန်းချုပ်၊ ကုသနိုင်ရေးကော်မတီအဖွဲ့ထံသို့ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

အဆိုပါအခမ်းအနားတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇာနည်မင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတိုးတိုးဝင်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ကွက်/ကျေးရွာအုပ်စုစာရေးများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ကျော်မျိုးအောင်**
**(ပြန်/ဆက်)**

## ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးအတွက် ဆေးဖျန်းပုံးနှင့်ဆေးပစ္စည်းများ၊ အလှူငွေများ ပေးအပ်လှူဒါန်း



**နေပြည်တော် မေ ၆**

ကိုဗစ်–၁၉ ရောဂါကာကွယ်ရေးအတွက် ဆေးဖျန်းပုံးနှင့် ဆေးပစ္စည်းများ၊ အလှူငွေများ ပေးအပ်လှူဒါန်းပွဲကို ယနေ့ နံနက်ပိုင်းက ဟသ်ာတခရိုင် လေးမျက်နှာမြို့နယ် အခြေခံပညာ အထက်တန်းကျောင်းတွင်ထားရှိသည့် ကိုဗစ်–၁၉ ရောဂါကာကွယ်ရေးစင်တာ၌ ပြုလုပ်သည်။

အခမ်းအနားတွင် အလှူရှင် ဦးကျော်ဝင်းနိုင် (ဧရာဝတီတိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး– ငြိမ်း )မိသားစုက ဆေးဖျန်းပုံးနှင့် ဆေးပစ္စည်းများ၊ စောင့်ကြည့်စင်တာရှိသူများ၊ ဆရာဆရာမများ၊ စေတနာရှင်လူငယ်များအတွက် နံနက်စာအာဟာရ ကုန်ကျငွေနှင့် အလှူငွေများကို ပေးအပ်လှူဒါန်းရာ မြို့နယ် ကိုဗစ်–၁၉ ရောဂါကာကွယ်ရေးစင်တာမှ တာဝန်ရှိသူများက လက်ခံရယူသည်။

ယင်းနောက် မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များက စောင့်ကြည့်သူများနေထိုင်ရာ အဆောက်အဦအတွင်းနှင့် မြို့နယ်အောင်မင်္ဂလာဈေးကြီးအတွင်း ပိုးသတ်ဆေးများ ပက်ဖျန်းပေးခဲ့ကြောင်း သိရသည်။

**ညီညီသန်း (နေပြည်တော်)**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် Mahar Mobile Application မှ ရုပ်ရှင်နှင့် ဗီဒီယိုဇာတ်ကား နှစ်ထောင်ကျော် တစ်လတာ အခမဲ့ပြသမည့်ကိစ္စ တွေ့ဆုံဆွေးနွေး



**နေပြည်တော် ဧပြီ ၆**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် ABC Content Solution Co.,Ltd. (Mahar Mobile Application)မှ တာဝန်ရှိသူများနှင့် ယနေ့ညနေပိုင်းတွင် ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ တွေ့ဆုံပြီး ယင်းကုမ္ပဏီမှ ရုပ်ရှင်နှင့် ဗီဒီယိုဇာတ်ကား နှစ်ထောင်ကျော် တစ်လတာ အခမဲ့ပြသမည့်ကိစ္စနှင့်ပတ်သက်၍ ဆွေးနွေးသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသနိုင်ရေး ပြည်သူများ နေအိမ်တွင် နေထိုင်ကြရန် နှိုးဆော်ထားစဉ် ပြည်သူများ စိတ်အပန်းပြေစေရေးနှင့် စိတ်ဓာတ်မြှင့်တင်ပေးနိုင်ရေးကို အထောက်အကူပြုနိုင်ရန် Mahar Mobile Application မှ စုဆောင်းထားသည့် ရုပ်ရှင်နှင့် ဗီဒီယိုဇာတ်ကား လေးထောင်ကျော်အနက်မှ နှစ်ထောင်ကျော်ကို တစ်လတာ အခမဲ့ပြသနိုင်ရန်အတွက် ထိုသို့ဆွေးနွေးကြခြင်းဖြစ်သည်။

ABC Content Solution Co.,Ltd သည် မဟာရုပ်သံလိုင်း(Mahar Channel)၊ မဟာမိုဘိုင်း(Mahar Mobile App)၊ ပီတိဗီဒီယို(Piti Video) ထုတ်လုပ်ဖြန့်ချိရေးတို့အပြင် Mahar Youtube Channel နှင့် Mahar Facebook Page တို့ဖြင့် မီဒီယာလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ယခုအခါ Mahar Mobile App မှ စုဆောင်းထားသည့် ရုပ်ရှင်နှင့် ဗီဒီယိုဇာတ်ကားများဖြစ်သည့် "ငဒူ၊ ဟန်းနီးမွန်း၊ ဖက်ရှင်၊ သားဘီလူး၊ ရွှေကြာ" စသည့် ဇာတ်ကားများ အပါအဝင် စုစုပေါင်း ဇာတ်ကား နှစ်ထောင်ကျော်ကို ယခုနှစ် ဧပြီ ၁ ရက်မှ ၃၀ ရက်အတွင်း ပြည်သူများ အခမဲ့ကြည့်ရှုနိုင်ရန်အတွက် တစ်လတာ ကြည့်ရှုခွင့် Promo Code အရေအတွက်ပေါင်း သုံးသန်းကို လှူဒါန်းပေးဝေသွားမည်ဖြစ်ရာ ပြည်သူများအနေဖြင့် Mahar Mobile App သို့ ဝင်ရောက်ပြီး Code နံပါတ် 230320 ဖြည့်စွက်၍ အခမဲ့ ကြည့်ရှုနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

# ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ မက်ခရိုလက်ကားအရောင်းစင်တာသို့ သွားရောက်စစ်ဆေး

**ရန်ကုန် ဧပြီ ၆**

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်း၊ ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုး၊ လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီး ဒေါ်မိုးမိုးစုကြည်နှင့် တာဝန်ရှိသူများသည် ယနေ့ညနေပိုင်းတွင် မင်္ဂလာတောင်ညွန့်မြို့နယ် အထက်ပုဇွန်တောင်လမ်းမပေါ်ရှိ မက်ခရိုလက်ကားအရောင်းစင်တာသို့ သွားရောက်၍ စင်တာအတွင်း ရောင်းချနေသည့် ကုန်ပစ္စည်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

**ပူးပေါင်းဆောင်ရွက်ရန် လမ်းညွှန်**

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ၎င်းစင်တာအပေါ်ထပ်ရှိ အစည်းအဝေးခန်းမ၌ We Love Yangon မှ တာဝန်ရှိသူများ၊ မက်ခရိုမှ တာဝန်ရှိသူများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့်တွေ့ဆုံ၍ သင်္ကြန်ကာလရုံးပိတ်ရက်အတွင်း သံရုံးများနှင့် အခြားအခြေခံလူတန်းစားများ မိမိအိမ်မှ မှာယူစားသုံးနိုင်ရန်အတွက် မှာယူလိုသည့် ပစ္စည်းများကို မက်ခရို အိမ်တိုင်ရာရောက်စနစ်ဖြင့် ပေးပို့ရန်အတွက် We Love Yangon နှင့် ပူးပေါင်းဆောင်ရွက်ရန် လမ်းညွှန်မှာကြားခဲ့ပြီး တက်ရောက်လာသူများက လိုအပ်သည်များတင်ပြကာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဖြည့်ဆည်းဆောင်ရွက်ရန် မှာကြားခဲ့သည်။

မက်ခရိုစက်ဆန်းလက်ကားအရောင်းဆိုင်ကို လူကိုယ်တိုင်လာရောက်ဝယ်ယူနိုင်ရန် ဖွင့်လှစ်ခြင်းမရှိသေးသော်လည်း မှာယူလိုပါက နှစ်သက်ရာကုန်ပစ္စည်းများကို တယ်လီဖုန်း 09-770-330-003 (ext. 200-204) ဆက်၍လည်းကောင်း၊ Viber: 09-977-535-699 မှတစ်ဆင့်သော်လည်းကောင်း မှာယူနိုင်ပြီဖြစ်ကြောင်း သိရသည်။



ယင်းအရောင်းဆိုင်ကို နေ့စဉ်နံနက် ၈ နာရီမှ ညနေ ၅ နာရီအထိ ဆက်သွယ်မှာယူနိုင်ပြီး ဧပြီ ၉ ရက်အထိ ကျပ်နှစ်သိန်းခွဲဖိုးနှင့်အထက် ဝယ်ယူသူတိုင်းအား အခမဲ့ပို့ဆောင်ပေးမည်ဖြစ်ကာ ကျပ်နှစ်သိန်းခွဲအောက် ဝယ်ယူသူများအတွက် မှာယူထားသည့်ပစ္စည်းများကို နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၄ နာရီခွဲအတွင်း လာရောက်ထုတ်ယူနိုင်ကြောင်း သိရသည်။

**အခမဲ့ပို့ဆောင်ပေး**

အဆိုပါအရောင်းဆိုင်မှ အခမဲ့ပို့ဆောင်ပေးမည့် မြို့နယ်များမှာ မင်္ဂလာတောင်ညွန့်၊ ပုဇွန်တောင်၊ ဗိုလ်တထောင်၊ ဆိပ်ကမ်း၊ ကျောက်တံတား၊ ပန်းဘဲတန်း၊ လသာမြို့နယ်၊ လမ်းမတော်၊ အလုံ၊ စမ်းချောင်း၊ ကြည့်မြင်တိုင်၊ ကမာရွတ်၊ ဗဟန်း၊ တာမွေ၊ ရန်ကင်း၊ ဒေါပုံ၊ သာကေတနှင့် သဃ်္ဃန်းကျွန်းမြို့နယ်များဖြစ်ကြောင်း သိရသည်။

**အေးမင်းသူ၊ မိုးမြင့်မောင်**

# သံတွဲခရိုင် လူထုအခြေပြုဗဟိုဌာန အဆောက်အဦ ဆောက်လုပ်ရန် မြေသန့်ပန္နက်တင်

**သံတွဲ ဧပြီ ၆**

ရခိုင်ပြည်နယ် သံတွဲခရိုင် လူထုအခြေပြုဗဟိုဌာန အဆောက်အဦဆောက်လုပ်ရန် မြေသန့်ပန္နက်တင်မင်္ဂလာအခမ်းအနားကို ဧပြီ ၃ ရက် နံနက်ပိုင်းက သံတွဲမြို့ အမှတ် (၃) ရပ်ကွက် ဗိုလ်ချုပ်လမ်းရှိ ယင်းအဆောက်အဦ ဆောက်လုပ်မည့် မြေနေရာ၌ ကျင်းပသည်။

အဆိုပါအခမ်းအနားကို ယင်းနေ့ နံနက် ၇ နာရီတွင် သံဃာငါးပါးနှင့် အန္တရာယ်ကင်းပရိတ်တရားတော်များ ရွတ်ဖတ်ခြင်း၊ နံနက် ၈ နာရီတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမင်းကြည်နှင့် ခရိုင်စီမံခန့်ခွဲရေးကော်မတီဝင်များက ပန္နက်တင်ပြီး အမွှေးနံ့သာရည် ပက်ဖျန်းခြင်းတို့ ဆောင်ရွက်ကြသည်။

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် ခရိုင်နှင့် မြို့နယ်ရုံး၊ စာကြည့်တိုက်များကို လူထုအခြေပြုဗဟိုဌာနများအဖြစ် ပြောင်းလဲဆောင်ရွက်လျက်ရှိရာ ယခုသံတွဲခရိုင် လူထုအခြေပြုဗဟိုဌာနမှာ နိုင်ငံတော်ဘဏ္ဍာငွေဖြင့် ဒုတိယမြောက် ဆောက်လုပ်ခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်ဘဏ္ဍာငွေဖြင့် ပထမဆုံး တည်ဆောက်သည့် ရန်ကုန်တိုင်းဒေသကြီး ဗဟန်းခရိုင် လူထုအခြေပြုဗဟိုဌာနအဆောက်အဦကို ယခုနှစ် ဖေဖော်ဝါရီ ၈ ရက်က စည်ကားသိုက်မြိုက်စွာ ဖွင့်လှစ်ခဲ့ပြီးဖြစ်ရာ ယင်းလုပ်ငန်းစဉ်များကို ကျယ်ပြန့်စွာဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မြင့်ရွှေ(ပြန်/ဆက်)**



# ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် ဧပြီ ၆**

ဒေါ်ခင်ကြည် ဖောင်ဒေးရှင်းနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနတို့ ပူးပေါင်း၍ ပြည်သူများ အသိပညာဗဟုသုတရရှိစေရန်အတွက် ရွေ့လျားစာကြည့်တိုက်ယာဉ်များဖြင့် စာအုပ်စာစောင်များ လှည့်လည်ငှားရမ်းပေးမှုနှင့်အတူ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းစဉ်များတွင် ပြည်သူများ သိရှိလိုက်နာပူးပေါင်းဆောင်ရွက်နိုင်ရန်အတွက် အသိပညာပေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

ယနေ့တွင် မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ်ရှိ ကျွဲမင်းကျကျေးရွာနှင့် စည်သာကျေးရွာတို့တွင်လည်းကောင်း၊ ကရင်ပြည်နယ် ဘားအံမြို့နယ်ရှိ မြိုင်ကလေးကျေးရွာ၊ ဘားကပ်ကျေးရွာ၊ လှိုင်ကမ္ဘာကျေးရွာ၊ ပင်ဂျီကျေးရွာ၊ ပိုးချည်မျှင်ရက်ကန်းကျောင်း၊ ခြေတုလက်တုအလုပ်ရုံနှင့် ဌာနဆိုင်ရာရုံးများနှင့် ရပ်ကွက်များအတွင်း၌လည်းကောင်း၊ နေပြည်တော် ပုဗ္ဗသီရိမြို့နယ်ရှိ ဂုံမင်းကွင်းကျေးရွာတွင်လည်းကောင်း လွှတ်တော်ကိုယ်စားလှယ်များ၊ ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့များ၊ ကျန်းမာရေးဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့်ပူးပေါင်းပြီး ကိုဗစ်-၁၉ ရောဂါ အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းနှင့် လက်သန့်ဆေးရည်ဖြင့် စနစ်တကျ လက်ဆေးမှု သရုပ်ပြခြင်းတို့ကို ဆောင်ရွက်ကြသည်။



နတ်မောက်မြို့နယ်ရှိ ကျွဲမင်းကျကျေးရွာ၌ ရွေ့လျားစာကြည့်တိုက်လုပ်ငန်းဆောင်ရွက်ရာတွင် စာအုပ်များမငှားမီ လက်သန့်ဆေးရည်ဖြင့် လက်ဆေးခြင်း၊ ကိုဗစ်-၁၉ ရောဂါ ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းနှင့် ကိုဗစ်-၁၉ ရောဂါ အသိပညာပေးနှိုးဆော်ချက်များအား ပြဘုတ်များဖြင့် ပြသခြင်းများ ဆောင်ရွက်စဉ်။

ထို့ပြင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများသည် ရုပ်ရှင်နှင့် ဂီတအနုပညာရှင်များ၏ ကိုဗစ်-၁၉ ရောဂါဆိုင်ရာ အသိပညာပေးနှိုးဆော်ချက်များကို နံရံကပ်ပြဘုတ်များဖြင့် ခင်းကျင်းချိတ်ဆွဲပြသခြင်း၊ ကျန်းမာရေးဌာန၏ ထုတ်ပြန်ချက်များနှင့်အညီ လူစုလူဝေးမဖြစ်စေရေး၊ တစ်ဦးနှင့်တစ်ဦး သုံးပေအကွာ နေထိုင်ရေး၊ နှာခေါင်းစည်းများတပ်ဆင်ရေး၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးဆိုင်ရာ သိကောင်းစရာများနှင့် အသွားအလာကန့်သတ်ခြင်းဆိုင်ရာများ လိုက်နာဆောင်ရွက်ရေးတို့ကို အသံချဲ့စက်များဖြင့် လှည့်လည်နှိုးဆော်ခြင်း၊ ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ ရပ်ရွာအခြေပြု စောင့်ကြပ်ကြည့်ရှုခြင်းများတွင် ပါဝင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သိန်းနိုင် (ပြန်/ဆက်)**

# ကိုဗစ်-၁၉ နှင့်ပတ်သက်၍ မုံရွာခရိုင်အတွင်းရှိမြို့နယ်များ၌ ကြိုတင်ပြင်ဆင်ထားမှုများကို စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ကြည့်ရှုစစ်ဆေး

**မုံရွာ မေ ၆**
စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်သည် မေ ၅ ရက် နံနက် ၉ နာရီက မုံရွာခရိုင်အတွင်းရှိ အရာတော်နှင့် မုံရွာမြို့နယ်များတွင် ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ ကြိုတင်ပြင်ဆင်ထားမှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်သည် မုံရွာခရိုင်အတွင်းရှိ အများပြည်သူ ဝင်ထွက်သွားလာနေကြသည့် ရွှေဘို-အရာတော်-မုံရွာလမ်းအတိုင်း မော်တော်ယာဉ်များဖြင့် မေ ၅ ရက် နံနက် ၈ နာရီမှစတင်ထွက်ပြီး သက်ဆိုင်ရာ မြို့နယ်များ၏ ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေး ကော်မတီတို့မှ တာဝန်ရှိသူများအားတွေ့ဆုံကာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် မိမိတို့တိုင်းဒေသကြီး အစိုးရအဖွဲ့တို့၏ သတင်းထုတ်ပြန်ထားသည့် ညွှန်ကြားချက်များအတိုင်း စနစ်တကျ အထူးအလေးထားကာ ပြည်သူပူးပေါင်းပါဝင်မှုတို့ဖြင့် ကြိုးစားဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားခဲ့သည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ခရီးစဉ်တစ်လျှောက် အရာတော်နှင့် မုံရွာမြို့နယ်တို့ရှိ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး စစ်ဆေး ရေးဂိတ်များတွင် တာဝန်ထမ်းဆောင်နေသော ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ပူးပေါင်းပါဝင်သည့် အရပ်ဘက်အဖွဲ့အစည်းများမှ တာဝန်ရှိသူများက ဒေသခံပြည်သူများအတွက် ကျန်းမာရေး စောင့်ရှောက်ပေးနေမှုနှင့် လုံခြုံရေးဆောင်ရွက်ပေးထားမှုတို့ကို ကြည့်ရှုအားပေး စစ်ဆေးပြီး လိုအပ်သည့် ကျန်းမာရေးသုံး နှာခေါင်းစည်း၊ လက်အိတ်နှင့် တစ်ကိုယ်ရေသုံး ကာကွယ်ရေးဝတ်စုံတို့အပြင် အဖျားတိုင်း သာမိုမီတာများနှင့် အာဟာရစားဖွယ်အတွက် အလှူငွေများအား တာဝန်ရှိသူများလက်ဝယ်သို့ ပေးအပ်ခဲ့သည်။

ဆက်လက်၍ ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့်သိရှိစေရန် ပညာပေး လုပ်ငန်းများကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ထွန်းကိုကို(ယင်းမာပင်)**



# သထုံ၌ ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေး ပူးပေါင်းဆောင်ရွက်နေသူများအား မွန်ပြည်နယ်ဝန်ကြီးချုပ် တွေ့ဆုံအားပေး

**သထုံ မေ ၆**
မွန်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံသည် မေ ၆ ရက် နံနက် ၁၁ နာရီခွဲက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ သထုံမြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ် ထိန်းချုပ် ကုသရေးလုပ်ငန်း ပူးပေါင်းဆောင်ရွက်နေသူများအား တွေ့ဆုံအားပေးကာ လိုအပ်သည်များကို ဖြည့်ဆည်းပေးနိုင်ရေး ဆွေးနွေးမှုများ ပြုလုပ်ခဲ့သည်။



ဆွေးနွေးပွဲတွင် မွန်ပြည်နယ်ဝန်ကြီးချုပ်က ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် ရပ်ရွာအခြေပြု ကျန်းမာရေးစောင့်ရှောက်မှုနေရာများကို ဆောင်ရွက်ထားရှိရာ တစ်နိုင်ငံလုံး၌ ရပ်ကွက်၊ ကျေးရွာ အထောက်အကူပြုအဖွဲ့များ၊ လူမှုရေးအဖွဲ့များ၊ ပရဟိတအဖွဲ့များစသည်တို့က မကြုံဖူးလောက်အောင်ပင် တက်ကြွစွာပူးပေါင်းပါဝင်ကြသည်ကို တွေ့မြင်ရကြောင်း၊ မွန်ပြည်နယ်အနေဖြင့် ယင်းသို့ပူးပေါင်းကူညီမှုများကြောင့်လည်း ရပ်ရွာအခြေပြု ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ မျှော်လင့်ထားသည်ထက် ပိုမိုအောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ပြီး ပြည်သူပူးပေါင်းပါဝင်မှု၏ အောင်ပွဲပင်ဖြစ်ပါကြောင်း၊ ယခုအခါ ပြည်ပမှပြန်လာသူများမှာ သတ်မှတ်နေရာအသီးသီး၌ ၁၄ ရက် စောင့်ကြည့်ကာလပြီးဆုံးသဖြင့် ရပ်ရွာအတွင်း မိသားစုနှင့်အတူ ပျော်ရွှင်စွာ ပြန်လည်နေထိုင်ကြတော့မည်ဖြစ်ကြောင်း ထိုသူများအား ဖေးမကူညီမှုများပေးပြီး ခွဲခြားဆက်ဆံမှုကင်းစွာဖြင့် စိတ်ခွန်အားများ ဖြည့်ပေးကြစေလိုကြောင်း၊ ၎င်းတို့အနေဖြင့်လည်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ လမ်းညွှန်ချက်များနှင့်အညီ ရပ်ရွာအတွင်း အများနည်းတူ ဆက်လက်နေထိုင်သွားကြရမည်ဖြစ်ပါကြောင်းစသည်ဖြင့် ဆွေးနွေးအားပေးစကား ပြောကြားပြီး သထုံမြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ သိရှိသည်များကို မေးမြန်းကာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သက်ဦး(သထုံ)**



## ပဲခူးတိုင်းဒေသကြီး ကိုဗစ်-၁၉ ကာကွယ်ကုသထိန်းချုပ်ရေး အထောက်အပံ့ပစ္စည်းများလှူဒါန်း

**ပဲခူး မေ ၆**
ပဲခူးတိုင်းဒေသကြီး ဓမ္မဗိမာန်အတွင်း ဖွင့်လှစ်ထားရှိသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ် ကုသထိန်းချုပ်ရေး ကြီးကြပ်မှုကော်မတီရုံးခန်းသို့ မေ ၅ ရက် နံနက်ပိုင်းက အလှူရှင်များက ကိုဗစ်-၁၉ ရောဂါ ကာကွယ်ကုသ ထိန်းချုပ်ရေး အထောက်အပံ့ပစ္စည်းများ လာရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

Tet nay ayeyawaddy Co., Ltd. နှင့် Flourishing Age Group Co.,Ltd. မိသားစုတို့က နှာခေါင်းစည်း အခုရေ ၂၀၀၀၀ ကိုလည်းကောင်း၊ ဦးရဲမင်းထွန်း NO-1 အုတ်စက်မိသားစုက ငွေကျပ်သိန်း ၃၀ ကိုလည်းကောင်း၊ ပြည်သူ့ရှေ့ဆောင်ပါတီမှ တစ်ကိုယ်ရေကာကွယ်ရေးဝတ်စုံ ၁၀ စုံကို လည်းကောင်း၊ ဦးတော်မီဇမ္ဗူထွန်း ရွှေဆိုင်နှင့် သီရိရွှေဆိုင်မိသားစုတို့က တန်ဖိုးငွေကျပ်ငါးသိန်းရှိ ကိုဗစ်-၁၉ အထောက်အကူပြုပစ္စည်းများကို လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး ကုန်စည်ပို့ဆောင်ရေးဝန်ဆောင်မှုလုပ်ငန်းရှင်များအသင်းနှင့် ကုန်တင်ကားများ၊ ကားဂိတ်များက စုပေါင်းလှူဒါန်းငွေကျပ် ၂၃၈၅၀၀၀ ကို လည်းကောင်း ပဲခူးတိုင်းဒေသကြီး ကိုဗစ်-၁၉ ရောဂါ ကာကွယ်ကုသ ထိန်းချုပ်ရေး ကြီးကြပ်မှုကော်မတီရုံးခန်းသို့ အသီးသီးလာရောက်လှူဒါန်းကြရာ အဖွဲ့ခေါင်းဆောင် တိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးညွန့်ရွှေ၊ ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဒေါ်နော်ပွယ်ဆေးနှင့် ကော်မတီဝင်များက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့သည်။

**တင်စိုး(ပဲခူး)**

## ကိုဗစ်-၁၉ ကာကွယ်ရေး သင်္ဘောဆိပ်နှင့် ကားဂိတ်တို့၌ စစ်ဆေး

**ပုသိမ် မေ ၆**
ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်ရေးအတွက် ပုသိမ်- ဟိုင်းကြီး သင်္ဘောဆိပ်နှင့် ကားဂိတ်များတွင် မြို့အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ထွန်းနှင့် ကျန်းမာရေးဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ကော်မတီဝင်များနှင့် ရပ်မိရပ်ဖများပူးပေါင်း၍ မတ် ၃၁ ရက်က ကြပ်မတ်စစ်ဆေးခဲ့ကြောင်း သိရသည်။

**မလှိုင်**

# ပြည်ပမှ ပြန်လည်ဝင်ရောက်လာသူများအား ထားရှိရန် ကန့်သတ်စောင့်ကြည့်နေရာများ ပြည်နယ်လူမှုရေးဝန်ကြီး ကြည့်ရှု

**လှိုင်းဘွဲ့ မေ ၆**
ကရင်ပြည်နယ် လူမှုရေးဝန်ကြီး ဦးဘိုဘိုဝေမောင်နှင့် တာဝန်ရှိသူများသည် မေ ၅ ရက် နံနက်ပိုင်းက ထိုင်းနိုင်ငံမှ ပြန်လည်ဝင်ရောက်လာကြသည့် မြန်မာနိုင်ငံသားများအား သီးခြားထားရှိရန် စီစဉ်ထားသည့် ကန့်သတ်စောင့်ကြည့် နေရာများသို့ သွားရောက် ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**ပေးအပ်လှူဒါန်း**

ပြည်နယ် လူမှုရေးဝန်ကြီးနှင့် တာဝန်ရှိသူများသည် လှိုင်းဘွဲ့ မြို့နယ်ဆေးရုံ၊ ရွှေဂွန်းတိုက်နယ်ဆေးရုံတို့တွင် ပြင်ဆင်ဆောင်ရွက်ထားသည့် ကန့်သတ်စောင့်ကြည့် နေရာများအား ကြည့်ရှုစစ်ဆေးခြင်း၊ ရွှေဂွန်း (အထက)ကျောင်း၊ မြိုင်ကြီးငူ သီတဂူ အာရောဂျဒါနဆေးရုံတို့တွင် ပြည်ပမှ ပြန်လာသူများ ထားရှိသည့် ကန့်သတ်စောင့်ကြည့်နေရာများသို့ သွားရောက်ကြည့်ရှု၍ အားပေးစကား ပြောကြားခဲ့ပြီး သီတဂူအာရောဂျ ဆေးရုံရှိ ပြည်သူများအတွက် ခေါက်ဆွဲ လေးဖာ၊ ရေသန့် ၁၀ ကတ်တို့အား ပေးအပ်လှူဒါန်းခဲ့သည်။

ထို့နောက် မြိုင်ကြီးငူအထူးဒေသ စစ်ဘေးရှောင်ပြည်သူများနှင့် တွေ့ဆုံ၍ ကိုဗစ်-၁၉ရောဂါပျံ့နှံ့ကူးစက်မှုများအား ကြိုတင်ကာကွယ်ရန်အတွက် မိမိအိမ်တွင်သာ နေထိုင်ရန်၊ လူစုလူဝေး မပြုလုပ်ကြ ရန်၊ တစ်ကိုယ်ရေသန့်ရှင်းမှုကို ဂရုစိုက်ကြရန်၊ ကိုယ်ခံအား ကောင်းမွန်စေရန်၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသော စည်းကမ်းချက်များနှင့်အညီ ပြည်သူများ နေထိုင်ရန်လိုအပ်ကြောင်း ပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးက ကရင်ဘာသာဖြင့် ထုတ်ဝေထားသော ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်ရေး အသိပညာ ပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

လှိုင်းဘွဲ့မြို့နယ်တွင် ထိုင်းနိုင်ငံမှ ပြန်လည်ဝင်ရောက်လာသူ စုစုပေါင်း ၂၈၂၇ ဦးရှိပြီး သတ်မှတ်နေရာ၌ ကန့်သတ်စောင့်ကြည့်နေရာ ၇၂ နေရာတွင် ၃၁၃ ဦး၊ နေအိမ်၌သာ ကန့်သတ်စောင့်ကြည့်သူ ၂၅၁၄ ဦး ရှိကြောင်း မြို့နယ် အုပ်ချုပ်ရေးမှူး ဦးမင်းသိန်းထံမှ သိရသည်။

**ခင်စန်းမြင့်**
**(ပြန်/ဆက်)**

# မြန်မာနိုင်ငံအတွင်း လိုအပ်သည့်နေရာများတွင် အသုံးပြုရန် ရောဝတီဖောင်ဒေးရှင်းက ဆန်အိတ် ၁၅၀၀၀ လှူဒါန်း

**ရန်ကုန် မေ ၆**

ကိုဗစ် -၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းစဉ်များတွင် အသုံးပြုရန်အတွက် ရောဝတီဖောင်ဒေးရှင်းသည် တိုင်းဒေသကြီးနှင့်ပြည်နယ်များသို့ ဆန်အိတ် ၁၅၀၀၀ လှူဒါန်းပြီး ယနေ့ မွန်းလွဲပိုင်းက တိုင်းဒေသကြီးနှင့် ပြည်နယ်ငါးခုသို့ ဆန်အိတ် ၈၀၀၀ စတင်သွားရောက်လှူဒါန်းခဲ့သည်။

**ပေးအပ်လှူဒါန်း**

ရောဝတီ ဖောင်ဒေးရှင်းသည် ရန်ကုန်တိုင်းဒေသကြီးအတွက် ဆန်အိတ် ၂၅၀၀ ကို ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းထံသို့ လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအတွက် ဆန်အိတ် ၂၅၀၀ ကို မန္တလေးတိုင်းဒေသကြီး ခေတ္တဝန်ကြီးချုပ် ဦးဇာနည်အောင်နှင့် မြို့တော်ဝန် ဒေါက်တာရဲလွင်ထံသို့လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးအတွက် ဆန်အိတ် ၁၀၀၀ ကို ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်းထံသို့လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအတွက် ဆန်အိတ် ၁၀၀၀ ကို စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်နိုင်ထံသို့ လည်းကောင်း၊ ကယားပြည်နယ်အတွက် ဆန်အိတ် ၁၀၀၀ ကို ကယားပြည်နယ်ဝန်ကြီးချုပ်ဦးအယ်လ်ဖောင်းရှိုထံသို့လည်းကောင်း ပေးအပ်လှူဒါန်းခဲ့သည်။



ရောဝတီဖောင်ဒေးရှင်း ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် ဘုတ်အဖွဲ့ဝင်များ၏ တိုင်ပင်ဆွေးနွေးမှုအရ မြန်မာနိုင်ငံတစ်ဝန်းလုံးမှ ကိုဗစ် -၁၉ ကြောင့် လိုအပ်သည့် နေရာဒေသများတွင် အသုံးပြုနိုင်ရန်အတွက် ငွေကျပ်သိန်း ၄၀၀၀ တန်ဖိုးရှိ ဆန်အိတ် ၁၅၀၀၀ ကို တိုင်းဒေသကြီးနှင့် ပြည်နယ် အစိုးရအဖွဲ့များမှတစ်ဆင့် လှူဒါန်းသွားရန် ဆုံးဖြတ်ခဲ့ပြီး မေ ၆ ရက်တွင် စတင်လှူဒါန်းခြင်းဖြစ်သည်။ ကျန်ရှိသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ ဆန်အိတ်ရေ ၇၀၀၀ ကိုလည်း ယခုရက်ပိုင်းအတွင်း ဆက်လက်လှူဒါန်းသွားမည်ဖြစ်သည်။ ရောဝတီဖောင်ဒေးရှင်းအနေဖြင့် ကိုဗစ် -၁၉ ကာကွယ်တိုက်ဖျက်ရေး လုပ်ငန်းစဉ်များတွင် အင်တိုက်အားတိုက် ပါဝင်ကူညီလျက်ရှိပြီး ကျန်းမာရေးဝန်ထမ်းများအတွက် ကျန်းမာရေးအာမခံရန်ပုံငွေ မတည်ပေးခြင်းနှင့် နေထိုင်စားသောက်သွားလာရေး ပံ့ပိုးကူညီမှုများ ဆောင်ရွက်ပေးလျက်ရှိသည်။ ထို့အတူ လိုအပ်လျက်ရှိသော ဆေးရုံသုံး ကာကွယ်ရေးပစ္စည်းများ လှူဒါန်းခြင်းနှင့် ပြည်ပမှ ပြန်လည်ဝင်ရောက်လာသူများအတွက် ကန့်သတ်စောင့်ကြည့်စခန်းများနှင့် အကျွေးအမွေးပံ့ပိုးပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။ ရောဝတီဖောင်ဒေးရှင်းအနေဖြင့် ကိုဗစ် -၁၉ ရောဂါအတွက် ငွေကျပ်သိန်း ၈၃၀၀ ကျော် သုံးစွဲခဲ့ပြီးဖြစ်ကာ ငွေကျပ်သိန်း ၄၀၀၀ နှင့် ညီမျှသော ဆန်အိတ် ၁၅၀၀၀ ကို ထပ်မံကူညီထောက်ပံ့ပေးခြင်း ဖြစ်သည်။ ရောဝတီဖောင်ဒေးရှင်း၊ AYA Bank နှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ကလည်း ကိုဗစ် -၁၉ ရောဂါ စောင့်ကြည့်ခံရသူများ ထားရှိရန် အမျိုးသားဘောလုံး အကယ်ဒမီ (ရန်ကုန်)၊ သုဝဏ္ဏဘောလုံးကွင်းမှ လက်ရွေးစင်ကစားသမားများ နားနေဆောင်နှင့် တာမွေမြို့နယ်ရှိ AYA Bank သင်တန်းကျောင်းတို့တွင် စုစုပေါင်း ၂၅၀ ကျော် နေထိုင်ခွင့်ပြုထားပြီး နေ့စဉ် အစားအသောက်များအပြင် လိုအပ်သည့် အသုံးအဆောင်ပစ္စည်းများလည်း ပံ့ပိုးဖြည့်ဆည်းပေးလျက်ရှိသည်။

ထို့ပြင် နေ့စဉ် ကျန်းမာရေး စောင့်ရှောက်မှုပေးနေသော ဆရာဝန်များ၊ ဓာတ်ခွဲခန်းဝန်ထမ်းများ၊ သူနာပြုများစသည့် ဝန်ထမ်းများ၏ နေထိုင်စားသောက်ရေးနှင့် သယ်ယူပို့ဆောင်ရေးတို့ကိုလည်း ဖြည့်ဆည်းဆောင်ရွက်ပေးထားကြောင်း သိရသည်။

**သတင်း-ဖိုးသော်ဇင်**
**ဓာတ်ပုံ-ရောဝတီဖောင်ဒေးရှင်း**

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးလုပ်ငန်းစဉ်များတွင် SMS(စာတို)ပေးပို့လှူဒါန်းနိုင်

**ရန်ကုန် မေ ၆**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းစဉ်များတွင် အတူတကွ ပါဝင် ကူညီလိုသူ စေတနာရှင် MPT သုံးစွဲသူများအနေဖြင့် SMS(စာတို)ပေးပို့ လှူဒါန်းနိုင်မည်ဖြစ်ကြောင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ သိရသည်။

**ရာနှုန်းပြည့် လွှဲပြောင်းလှူဒါန်းသွားမည်**

SMS(စာတို)ပေးပို့လှူဒါန်းခြင်းမှ ရရှိလာသည့် လှူဒါန်းငွေများကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီသို့ ရာနှုန်းပြည့် လွှဲပြောင်းလှူဒါန်းသွားမည်ဖြစ်ကြောင်း သိရ သည်။

ပါဝင်လှူဒါန်းလိုသူများသည် 9900 သို့ 500 ဟုရိုက်နှိပ်ပြီး SMS(စာတို) ပေးပို့နိုင်ကြောင်း တစ်ကြိမ်ပေးပို့ခြင်းဖြင့် အလှူငွေကျပ် ၅၀၀ ကို လှူဒါန်းနိုင်မည်ဖြစ်ပြီး အကြိမ်အရေအတွက်ကို ကန့်သတ်ထားခြင်း မရှိကြောင်း၊ GSM/WCDMA စနစ်ကို အသုံးပြုသည့် ကြိုတင်ငွေဖြည့်စနစ်နှင့် အသုံးပြုပြီးမှ ငွေပေးချေသည့်စနစ်ကို သုံးစွဲသူ မည်သူမဆို ပါဝင်လှူဒါန်းနိုင်ကြောင်း၊ အသုံးပြုပြီးမှ ငွေပေးချေသည့်စနစ် သုံးစွဲသူများအတွက် လှူဒါန်းလိုက်သည့် ငွေပမာဏကို ငွေတောင်းခံလွှာတွင် ထည့်သွင်းကောက်ခံသွားမည်ဖြစ်ပြီး ကြိုတင်ငွေဖြည့်စနစ် သုံးစွဲသူများအတွက်မူ ငွေဖြည့်သွင်းထားသည့် ပမာဏထဲမှ နုတ်ယူသွားမည်ဖြစ်ကြောင်း MPT-KSGM Joint Operations မှ လုပ်ငန်းလည်ပတ်မှုဌာနကြီး၏ ဒုတိယအရာရှိချုပ် ဦးမျိုးသန်းက ပြောသည်။

"နိုင်ငံတော်က ဆောင်ရွက်နေတဲ့ ကိုဗစ် -၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းစဉ်တွေမှာ အထောက်အပံ့ဖြစ်စေဖို့ စိတ်ဝင်စားသူ အများပြည်သူတွေအနေနဲ့ တိုက်ရိုက်ပါဝင်ပြီး လှူဒါန်းနိုင်ဖို့အတွက် အခုလို SMS ကတစ်ဆင့်လှူဒါန်းနိုင်မယ့် အစီအစဉ်ကို အကောင်အထည်ဖော်လိုက်ခြင်း ဖြစ်ပါတယ်" ဟု ၎င်းက ပြောသည်။

MPT အနေဖြင့် လက်ရှိတွင်ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ဝက်ဘ်ဆိုက်၊ မြန်မာနိုင်ငံဆရာဝန်အသင်း ဝက်ဘ်ဆိုက် တို့အပြင် လူကြည့်များသည့် သတင်း ဝက်ဘ်ဆိုက် လေးခုသို့ အင်တာနက် အသုံးပြုခ အခမဲ့ဖြင့် ဝင်ရောက်ကြည့်ရှုခွင့် ပေးထားကြောင်း၊ ထို့အပြင် မိသားစုများ၊ မိတ်ဆွေ သူငယ်ချင်းများနှင့် အဆက်အသွယ် မပြတ်ရှိစေရန် ကြိုတင်ငွေဖြည့်စနစ် သုံးစွဲသူများအနေဖြင့် ငွေဖြည့်ပမာဏ၏ ၁၅၀% အထိ ငွေဖြည့်အပိုလက်ဆောင်များ ရရှိနိုင်မည့် အစီအစဉ်ကိုလည်း ဆောင်ရွက်ပေးထားကြောင်း၊ ထို့အတူ နိုင်ငံတစ်ဝန်းရှိ အသွားအလာကန့်သတ်ဆောင်ရွက်ထားသည့် နေရာ ၁၀ ခုသို့ ဖိုက်ဘာအင်တာနက် ထောက်ပံ့ပေးလျက်ရှိကြောင်း၊ ထိုနည်းတူစွာပင် ရန်ကုန်၊ နေပြည်တော်နှင့် ကရင်ပြည်နယ်တို့ရှိ အသွားအလာကန့်သတ်ဆောင်ရွက်ထားသည့် နေရာများတွင် နေထိုင်နေကြသူများအနေဖြင့် ၎င်းတို့၏ မိသားစုများနှင့် အဆက်အသွယ်မပြတ်စေရန် အင်တာနက်ဒေတာပါဝင်သည့် ဆင်းမ်ကတ် ၉၀၀၀ ကျော်ကိုလည်း လှူဒါန်းဆောင်ရွက်ထားပြီးဖြစ်ကြောင်း ဒုတိယအရာရှိချုပ် ဦးမျိုးသန်းက ရှင်းပြသည်။

**အေးမင်းသူ**

## “ပြည်သူသာလျှင် အဓိက”

❖ တစ်ယောက်ကောင်းမှ အားလုံးကောင်းမည်
အားလုံးကောင်းမှ တစ်ယောက်ကောင်းမည်
**ပြည်သူသာလျှင် အဓိက။**

❖ ကပ်ရောဂါ
ဖြတ်သောအခါ
ကြုံလာတဲ့ စိန်ခေါ်မှု
အခွင့်အလမ်းဟု မှတ်ယူ
လူ လူချင်း စာနာမှု
လူ လူချင်း ညှာတာမှု
လူ လူချင်း ကူညီမှု
တူညီပြု အသိတရားနဲ့
အရှိတရားကို
သတိထားလို့ ရင်ဆိုင်
**ပြည့်မဏ္ဍိုင်သည် ညီညွတ်ခြင်း။**

❖ ညီညွတ်ခြင်းသည် အင်အား
စည်းလုံးခြင်းသည် ခွန်အား
မြန်မာများရဲ့ အသားထဲ အသွေးထဲ
စွဲမြဲခံယူ
ပြည်သူအားလုံး ဘေးကင်းဖို့
တစ်ဦးချင်းစီ ကောင်းမှ
အားလုံးကောင်းမည်
အားလုံးကောင်းမှ
တစ်ဦးချင်းစီ ကောင်းမည်
**ပြည်သူသာလျှင် အဓိက။**
**ကိုယ်စီအသိနဲ့ ခံယူကြ။**
**သွေးချင်းပီသ ဒို့ဗီဇ။**

**မျိုးမြတ်မြတ်မြင့်မောင်**

## ကာကွယ်ရေးနည်းလမ်းများဆိုင်ရာ အသိပေးကြေညာချက်

COVID-19 ကူးစက်မြန်ရောဂါကိုကာကွယ်ဖို့ အကောင်းဆုံးနည်းလမ်းတွေကတော့-

- နေထိုင်သွားလာရာတွင် လူတစ်ဦးနှင့်တစ်ဦး အနည်းဆုံး သုံးပေအကွာ ခပ်ခွာခွာရှိနေစေရန် သတိပြုပါ။
- လက်ကို စနစ်တကျဆေးပါ၊ မကြာခဏဆေးပါ၊ သတိရတိုင်းဆေးပါ။
- တတ်နိုင်သလောက် မိမိလက်နဲ့မျက်နှာကိုမထိတွေ့စေဖို့ သတိပြုပါ။
- နှာချေလျှင်၊ ချောင်းဆိုးလျှင် နှာခေါင်းနှင့် ပါးစပ်တို့ကို တစ်ရှူးဖြင့် အုပ်၍ဆိုးပါ။ တစ်ရှူးမရနိုင်ပါက လက်မောင်း၊ တံတောင်ကွေးကို အသုံးပြုပါ။
- မိမိပတ်ဝန်းကျင်၊ အိမ်၊ အလုပ်နေရာများတွင် သန့်ရှင်းရေးကို စနစ်တကျပုံမှန်ပြုလုပ်ပါ။ သန့်ရှင်းရေးပြုလုပ်နေစဉ် လေဝင်/လေထွက်ကောင်းအောင် ဆောင်ရွက်ထားပါ။
- မျှတသော အာဟာရကို ရွေးချယ်စားသုံးပါ။
- အိပ်ချိန်လုံလောက်စွာ အိပ်စက်အနားယူကြပါရန် အသိပေးနှိုးဆော်အပ်ပါတယ်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

## ပြည်ပပြန်များနှင့် စပ်လျဉ်း၍ အသိပေးကြေညာချက်

- COVID-19 ရောဂါကူးစက်ပျံ့နှံ့နေသော နိုင်ငံများမှ ပြန်လာကြသူများအနေဖြင့် ပြည်သူလူထု၏ ဝိုင်းဝန်းပူးပေါင်းကူညီစောင့်ရှောက်ပေးမှုဖြင့် သတ်မှတ်နေရာအဆောက်အဦများတွင်ထားရှိပြီး အသွားအလာကန့်သတ်ခြင်းအစီအစဉ်(Community Based Facility Quarantine)ဆောင်ရွက်ရာတွင် တာဝန်သိစွာနှင့် ပူးပေါင်းဆောင်ရွက်ပေးကြပါ။ သတ်မှတ်ထားတဲ့ စည်းကမ်းချက်များကို တိကျစွာ လိုက်နာဆောင်ရွက်ကြပါ။
- ထိုကဲ့သို့ဆောင်ရွက်ခြင်းဖြင့် မိမိကိုယ်တိုင်ရောဂါဖြစ်ပွားပါက ထိရောက်စွာ ကုသမှုခံယူနိုင်မည့်အပြင် မိမိရဲ့ မိသားစု၊ မိတ်ဆွေများနဲ့ မိမိရပ်ရွာအတွင်း ရောဂါကူးစက်ပျံ့နှံ့ခြင်းကိုလည်း ထိရောက်စွာ ကာကွယ်နိုင်မှာဖြစ်ပါတယ်။
- ပြည်သူများကလည်း မိမိတို့ရပ်ကွက်၊ ကျေးရွာအတွင်း နိုင်ငံခြားမှ ပြန်ရောက်လာသူများရှိပါက သက်ဆိုင်ရာရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးမှတစ်ဆင့် သတင်းပို့ကြပါရန် အသိပေးနှိုးဆော်အပ်ပါတယ်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

✻ ပြည်သူလူထုမှ

ရောဂါပျိုးချိန်ကာလဖြစ်သော ၁၄ ရက်တာကာလကို စောင့်ကြည့်ခြင်းဖြစ်သည့်အတွက် မိမိ၏မိသားစုနှင့် ပတ်ဝန်းကျင်ကို ရောဂါပိုးမပြန့်ပွားအောင် ကူညီဆောင်ရွက်ပေးနေခြင်းဖြစ်သည်ကို သိရှိစေလိုပါသည်။

၃။ ထိုသို့ သီးခြားနေထိုင်စဉ်ကာလအတွင်း COVID-19 ရောဂါပိုးကူးစက်ခြင်းမှကာကွယ်ရန် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် နည်းလမ်းများကို စနစ်တကျ တိကျစွာ လိုက်နာကျင့်သုံးပေးစေလိုပါသည်။ ၁၄ ရက်တာ အသွား၊ အလာကန့်သတ်ခြင်း (သို့မဟုတ်) တားမြစ်ခြင်းတို့ဆောင်ရွက်ရာတွင် သီးခြားခွဲခြားနေထိုင်ရခြင်းနှင့် ဆက်စပ်သောအကြောင်းများကြောင့် စိတ်ဖိစီးမှုများ ခံစားရနိုင်ပါသည်။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက စိတ်ဓာတ်ရေးရာမြှင့်တင်ပေးမှုဆိုင်ရာလုပ်ငန်းကို ဆောင်ရွက်ပေးလျက်ရှိရာ နှစ်သိမ့်ဆွေးနွေးမှုခံယူလိုသူများအနေဖြင့် ယုံကြည်စိတ်ချစွာ တိုက်ရိုက်ဆက်သွယ်နိုင်ပါသည်။ ဆက်သွယ်ရမည့် နည်းလမ်းများကို စေတနာလုပ်အားရှင်များက ကူညီဆောင်ရွက်ပေးပါမည်။

၄။ လူကြီးမင်းတို့အနေဖြင့် ၁၄ ရက်တာကာလပြီးဆုံးသွားပါက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ဤအစီအစဉ်နှင့်အညီ လိုက်နာဆောင်ရွက်ပြီးဖြစ်ကြောင်း ထောက်ခံချက်ထုတ်ပေးမည်ဖြစ်ပြီး မိမိနေအိမ်သို့ ပြန်လည်ရောက်ရှိသည့်အခါတွင်လည်း အခြားသူများနည်းတူ ရောဂါပိုးကူးစက်ခံရနိုင်ခြေရှိနေသေးသည့်အတွက် COVID-19 ရောဂါပိုးကူးစက်ခြင်းမှ ကာကွယ်ရန် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် နည်းလမ်းများကို ဆက်လက်လိုက်နာကျင့်သုံးရန် လိုအပ်မည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

## ဆရာတော် ဘဒ္ဒန္တကောလိတ မဟာထေရ်မြတ်ကြီး ဘဝနတ်ထံ ပျံလွန်တော်မူ

ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် ကော့ဘိန်းကျေးရွာ ဝါးတောကျောင်းတိုက် ဦးစီးပဓာနနာယက နိုင်ငံတော်သြဝါဒါစရိယ ဓမ္မယုတ္တိနိကာယ မဟာရင်ဂိုဏ်း၏ ဂဏာဓိပတိ မဟာကမ္မဋ္ဌာနာစရိယ ဆရာတော် ဘဒ္ဒန္တကောလိတ မဟာထေရ်မြတ်ကြီးသည် သက်တော်(၉၅)နှစ်၊ သိက္ခာတော်(၇၅)ဝါအရ ၁၃၈၁ခုနှစ် နှောင်းတန်ခူးလဆန်း(၁၄)ရက် (၆-၅-၂၀၂၀) တနင်္လာနေ့ (၉:၄၃)နာရီအချိန်တွင် ဘဝနတ်ထံ ပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ **သတင်းစဉ်**

# COVID-19 ကြိုတင်ကာကွယ်ရေး ဝန်ထမ်းများအား ကိုယ်အပူချိန်တိုင်းတာပေးခြင်း၊ အသိပေးဟောပြောခြင်းနှင့် ရိက္ခာပစ္စည်းများ လှူဒါန်း

ဖျာပုံ မေ ၆

ကမ္ဘာ့နိုင်ငံ အများအပြားတွင် လတ်တလော ဖြစ်ပေါ်ကြုံတွေ့ရင်ဆိုင်နေရသည့် ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးအထောက်အကူပြုသည့် အနေဖြင့် ဝန်ထမ်းများအား အပူချိန်တိုင်းတာပေးခြင်း၊ အသိပညာပေးဟောပြောခြင်းနှင့် ဆန်အပါအဝင် မီးဖိုချောင်သုံးရိက္ခာ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီခွဲက ဖျာပုံခရိုင် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနရှိ ဇင်းဘောင်ရိပ်သာ၌ ကျင်းပရာ လက်ထောက် ညွှန်ကြားရေးမှူး ဦးခင်မောင်ဦးက အဖွင့်အမှာစကား ပြောကြားသည်။

"လက်ရှိဖြစ်ပွားနေတဲ့ ကိုရိုနာဗိုင်းရပ်စ်ကာလမှာ ဝန်ထမ်းတွေ ဈေးသွား ဈေးလာ လျှော့ချနိုင်ရေးနဲ့ ငွေကုန်ကြေးကျ သက်သာစေရေး၊ ကိုယ်အပူချိန်မြင့်မားမှု သိရှိနိုင်ရေး၊ မီးဖိုချောင်သုံးပစ္စည်း စုဆောင်းထားရှိမှုအတွက် အထောက်အပံ့ဖြစ်စေရေး ရည်ရွယ်ပြီး ဒီနေ့ ကျွန်တော့်အသက် ၅၆ နှစ်ပြည့် မွေးနေ့အလှူအဖြစ် ပြုလုပ်ကုသိုလ်ယူတာပါ။ တစ်ဦးနဲ့ တစ်ဦး အကွာအဝေးကို ငါးပေခန့်ခြားထားပြီး နှာခေါင်းစည်းအသုံးပြုထားပါတယ်။ ကိုယ်အပူချိန်တိုင်းကိရိယာတစ်စုံလည်း ရုံးဝန်ထမ်းတွေအတွက် ဝယ်ယူလှူဒါန်းပေးထားပါတယ်"ဟု လက်ထောက်ညွှန်ကြားရေးမှူး ဦးခင်မောင်ဦးက ပြောသည်။



အဆိုပါ အခမ်းအနားတွင် လက်ထောက် ညွှန်ကြားရေးမှူးရုံး၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ဖျာပုံမြို့ အရာထမ်း၊ အမှုထမ်း ၄၃ ဦးတို့အား ကိုယ်အပူချိန်တိုင်းတာပေးခြင်း၊ ပြည်ထောင်စုအစိုးရအဖွဲ့၊ တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် သက်ဆိုင်ရာဌာနများမှ ပေးပို့လာသည့် ညွှန်ကြားစာများအား အသိပေးဆွေးနွေးခြင်း၊ ဝန်ထမ်းတစ်ဦးလျှင် ကောက်ကြီးဆန် ၁၂ ပြည်၊ ပဲဆီ တစ်ပိဿာ၊ ကြက်သွန်နီ တစ်ပိဿာ၊ ဆား တစ်ပိဿာ၊ ကြက်ဥ ၁၀ လုံးနှင့် နှာခေါင်းစည်းတစ်ခုစီ ပေးအပ်ခဲ့ကြောင်း သိရသည်။ **သပြေထွန်း**

■ ကျောဖုံးမှ

အဆိုပါ ပိုးသတ်ဆေးဖျန်းခြင်းကို မြို့နယ်မီးသတ်တပ်ဖွဲ့နှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့၊ ကြက်ခြေနီတပ်ဖွဲ့တို့နှင့် မြို့နယ်ပရဟိတ လူငယ်ကွန်ရက်အဖွဲ့တို့ ပူးပေါင်း၍ လူအသွားအလာထူထပ်သော ဈေးအနီးနှင့် လမ်းမကြီးများဖြစ်သော လမ်းမတော်လမ်း၊ ဈေးချိုတန်းလမ်း၊ ပေါက်ပင်တန်းလမ်း၊ မင်းတန်းလမ်း၊ မိုးညိုတန်းလမ်းတို့ကို ဦးစားပေး၍ ပိုးသတ်ဆေးရည် လှည့်လည် ဖျန်းပေးခဲ့ကြောင်း သိရသည်။

"ကွန်ရက်အနေနဲ့ မြို့နယ်ကိုဗစ်-၁၉ ကော်မတီနဲ့တိုင်ပင်ပြီး ကြိုတင် ကာကွယ်ရေးလုပ်ငန်းစဉ်အတွက် ဆောင်ရွက်တာပါ။ အခုလိုဆောင်ရွက်ရတဲ့ ရည်ရွယ်ချက်ကတော့ ကျန်းမာရေးဝန်ထမ်းများအား ထိခိုက်စေမယ့်နည်းလမ်းကို စေတနာလုပ်အားရှင်အင်အားနဲ့ တတ်စွမ်းသမျှ ကာကွယ်ကူညီပေးမယ်ဆိုတာပါပဲ။ ရောဂါအတည်ပြု လူနာအခြေအနေဆိုတာ မျိုးမဖြစ်နိုင်ဘူးလို့ ပြောလို့မရပါဘူး။ ဖြစ်လာရင် အဆင်သင့်ဖြစ်အောင် ကြိုတင်လေ့ကျင့်တာလည်း ဖြစ်ပါတယ်။အားလုံးရဲ့ ပူးပေါင်းမှုအင်အားက ဒီအခြေအနေကို ကျော်လွှားနိုင်မှာဖြစ်ပါတယ်" ဟု ကိုမင်းခန့်ကျော် (မင်းလှ လူငယ်ပရဟိတကွန်ရက်အဖွဲ့) က ပြောသည်။ **ပေါက်စ (မင်းလှ)**

✪ အခြေခံလူတန်းစားများမှ

လက်လုပ်လက်စားများနှင့် မှီခိုသူမိသားစုဝင်များအတွက် အခြေခံစားသောက်ကုန်များကို ဝယ်ယူထောက်ပံ့ပေးရာတွင် သက်ဆိုင်ရာ ပြည်နယ်နှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့များနှင့် ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ကုန်သည်စက်မှုအသင်းချုပ် အသင်းသူ အသင်းသားများ၊ ညီနောင်အသင်းများ၊ အမှုဆောင်များနှင့် လုပ်ငန်းရှင်များကလည်း ရန်ပုံငွေ ထည့်ဝင်လှူဒါန်းလိုပါက မိမိစေတနာအလျောက် လှူဒါန်းခြင်းဖြင့် ပူးပေါင်းပါဝင်ရန် တိုက်တွန်းနှိုးဆော်သွားမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ကုန်သည်စက်မှုအသင်းချုပ်အနေဖြင့် ပြီးခဲ့သည့် မတ် ၂၆ ရက်ကစတင်၍ ညီနောင်အသင်းများဖြစ်ကြသည့် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်၊ မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်း၊ မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ စက်မှုကုန်ထုတ်လုပ်သူများအသင်း၊ သက်ဆိုင်ရာ မြို့နယ်အလိုက်ရှိ စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီတို့နှင့်ပူးပေါင်း၍ အခြေခံစားသောက်ကုန်များကို သက်သာသောနှုန်းထားဖြင့် စက်မှုဇုန်များတည်ရှိရာ မြို့နယ်များတွင် လှည့်လည်ရောင်းချလျက်ရှိသည်။

ပြီးခဲ့သည့် မတ် ၁၄ ရက်ကလည်း ကုန်သည်စက်မှုအသင်းချုပ်အနေဖြင့် ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့် ရောဂါကာကွယ်ရေးနှင့် ကုသရေးလုပ်ငန်းစဉ်များအတွက် ငွေကျပ် သိန်း ၁၀၀၀ ကို ကနဦးမတည်၍ ရန်ပုံငွေတစ်ရပ် ထူထောင်ကာ ယင်းရန်ပုံငွေထဲမှ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့်ညှိနှိုင်း၍ ရောဂါကာကွယ်ရေးနှင့် ကုသရေးလုပ်ငန်းစဉ်များတွင် လိုအပ်သည့် ပစ္စည်းကိရိယာ အသုံးအဆောင်နှင့် ဆေးဝါးများကို ဝယ်ယူလှူဒါန်းသွားမည်ဖြစ်ကြောင်း ထုတ်ပြန်ထားသည်။ **ငြိမ်းငြိမ်း**

## အနူးအညွတ်တောင်းပန်အပ်ပါသည်

မေ ၆ ရက်နေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ ၂ တွင်ပါရှိသည့် **“ချမ်းအေးသာစံမြို့နယ်၌ အပူဒဏ်ရှောင်စခန်းများ ဖွင့်လှစ်ထားရှိ”** သတင်းကို မြို့နယ်သတင်းထောက် အောင်စံမောင်က ပေးပို့ခဲ့၍ ကြေးမုံစာတည်းအဖွဲ့က ဖော်ပြမိခဲ့သဖြင့် စာဖတ်ပရိသတ်အား အနူးအညွတ်တောင်းပန်အပ်ပါသည်။ အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ သတင်းထောက် အောင်စံမောင် ကလောင်အမည်အပြင် အခြားကလောင်များဖြင့် ပေးပို့သည့် သတင်းများအသုံးပြုမှုကို ကြေးမုံသတင်းစာတိုက်က တစ်နှစ် ရပ်ဆိုင်းသွားပါမည်။


**စာတည်းအဖွဲ့**

## အနူးအညွတ်တောင်းပန်အပ်ပါသည်

မေ ၆ ရက်နေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ ၂ တွင်ပါရှိသည့် **“ချမ်းအေးသာစံမြို့နယ်၌ အပူဒဏ်ရှောင်စခန်းများ ဖွင့်လှစ်ထားရှိ”** သတင်းမှာ မသေချာဘဲ သတင်းစာတိုက်သို့ မှားယွင်းပေးပို့ခဲ့မိသည့်အတွက် စာဖတ်ပရိသတ်အား ကျွန်တော် သတင်းထောက် အောင်စံမောင်က အနူးအညွတ်တောင်းပန်အပ်ပါသည်။

**အောင်စံမောင်**

## နိုင်ငံတော်သြဝါဒါစရိယ ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် ကော့ဘိန်းကျေးရွာ ဝါးတောကျောင်းတိုက် ဦးစီးပဓာန နာယကဆရာတော် ဓမ္မယုတ္တိနိကာယ မဟာရင်ဂိုဏ်း၏ ဂဏာဓိပတိ ဘဒ္ဒန္တကောလိတ (မဟာကမ္မဋ္ဌာနာစရိယ) ၏ ထေရုပ္ပတ္တိအကျဉ်း



**ဖွားမြင်တော်မူခြင်း**

ဆရာတော်လောင်းလျာသည် ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် မင်းရွာကျေးရွာ ခမည်းတော် နိုင်ကွန်ဘ၊ မယ်တော် မိနို့ဆီတို့မှ ၁၂၈၇ ခုနှစ် နှောင်းတန်ခူးလဆန်း ၃ ရက် တနင်္လာနေ့တွင် ဖွားမြင်တော်မူသော သားရတနာဖြစ်ပါသည်။

**ရှင်ရဟန်းပြုတော်မူခြင်း**

ဆရာတော်လောင်းလျာသည် ၁၂၉၅ ခုနှစ်တွင် ကော့ကရိတ်မြို့နယ် မင်းရွာကျေးရွာ မင်းရွာကျောင်းဆရာတော်ထံ၌ ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါး၏ ပစ္စယာနုဂ္ဂဟ ခံယူကာ ရှင်သာမဏေအဖြစ်သို့ ရောက်ခဲ့ပြီး ၁၃၀၇ ခုနှစ်တွင် ကော့ပေါက်ကျေးရွာ ကလျာဏီဗဒ္ဓသိမ်၌ ကျုံမှိန်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တသုမေဓကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟဖြင့် မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခဲ့ပါသည်။

**ပရိယတ္တိစာပေ သင်ယူဆည်းပူးတော်မူခြင်း**

ဆရာတော်သည် ကော့ကရိတ်မြို့နယ် ကညင်ကတိုက်ရွာ ကျုံမှိန်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တသုမေဓ၊ မွန်ပြည်နယ် ပေါင်မြို့ ကဒါရပ်တာဝတိံသာကျောင်းဆရာတော်နှင့် ကရင်ပြည်နယ် ဇာသပြင်ရွာ ကျောင်းသစ်ကျောင်း ဆရာတော်တို့ထံ၌ ပရိယတ္တိစာပေများသင်ယူခဲ့ပါသည်။

**သာသနာရေး အားပေးဆောင်ရွက်တော်မူခြင်း**

ဆရာတော်သည် ၁၃၂၀ ပြည့်နှစ်မှစ၍ မဟာသတိပဋ္ဌာန သုတ္တန်ကို အခြေခံ၍ ဝိပဿနာတရားစခန်း ဖွင့်လှစ်လျက် တစ်နေ့လျှင် ယောဂီ ၂၀၀ ကျော်တို့အား နေ့စဉ် အလုပ်ပေးတရားဟောကြားခြင်း၊ တရားပြသခြင်းတို့ကိုလည်းကောင်း၊ ၁-၄-၂၀၁၀ ရက်နေ့မှ ယနေ့အထိ နိုင်ငံတော်သြဝါဒါစရိယ ဆရာတော်အဖြစ်လည်းကောင်း သာသနာ့တာဝန် များကို ထမ်းဆောင်တော်မူခဲ့သည်။

**ဘွဲ့တံဆိပ်တော် အလှူခံရရှိတော်မူခြင်း**

ဤသို့လျှင် ဗုဒ္ဓသာသနာတော်အကျိုးကို ထက်သန်သော ဝီရိယဖြင့် သယ်ပိုးဆောင်ရွက်တော်မူသော အများပြည်သူ ရဟန်းရှင်လူတို့၏ ကြည်ညိုလေးစားမှုကို ခံယူရရှိတော်မူခြင်း၊ ပရိယတ္တိဝိသာရဒ၊ ပဋိပတ္တိမာမကဂုဏ်တို့နှင့်ပြည့်စုံတော်မူခြင်း၊ သီလ၊ သမာဓိ ၊ ပညာ (၃)ပါးတို့ဖြင့် ပြည့်စုံတော်မူခြင်းတို့ကြောင့် ၁၃၆၀ ပြည့်နှစ် နိုင်ငံတော်အစိုးရက မဟာကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော်ကို ဆက်ကပ်လှူဒါန်းခဲ့သည်။

**ဘဝနတ်ထံ ပျံလွန်တော်မူခြင်း**

ဆရာတော်ကြီးသည် သာသနာတော်အကျိုးကို သယ်ပိုးဆောင်ရွက်တော်မူရင်း သက်တော် (၉၅) နှစ်၊ သိက္ခာတော် (၇၅)ဝါအရ ၁၃၈၁ ခုနှစ် နှောင်းတန်ခူးလဆန်း ၁၄ ရက် (၆-၅-၂၀၂၀) တနင်္လာနေ့ (၉:၄၃)နာရီအချိန်တွင် ဘဝနတ်ထံ ပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

**သတင်းစဉ်**

# နယူးယောက်တိရစ္ဆာန်ရုံရှိ ကျားတစ်ကောင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရ




**နယူးယောက် ဧပြီ ၆**

အမေရိကန်နိုင်ငံ နယူးယောက်မြို့တော် Bronx တိရစ္ဆာန်ရုံရှိ ကျားတစ်ကောင်မှာ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံခဲ့ရကြောင်း တိရစ္ဆာန်ရုံမှ တာဝန်ရှိသူများက ပြောကြားခဲ့သည်။

အသက် လေးနှစ်အရွယ် မလေးရှားကျားမလေး နာဒီရာသည် ရောဂါပိုး စမ်းသပ်မတွေ့ရှိမီ ချောင်းခြောက်များ ဆိုးနေခဲ့သည်။ ကျားမလေး နာဒီရာ၏အစ်မ ကျားမလေး Azul နှင့်အတူ အာဖရိကခြင်္သေ့ သုံးကောင်တွင်လည်း အလားတူ လက္ခဏာများ တွေ့ရှိသဖြင့် အထူးစောင့်ကြည့်နေကြောင်း တိရစ္ဆာန်ရုံက ထုတ်ပြန်ချက်တစ်ခုအတွင်း ပြောကြားသည်။ ကျားမလေး နာဒီရာ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံထားရကြောင်းကို "အမေရိကန်နိုင်ငံ စိုက်ပျိုးရေးဌာန အမျိုးသားတိရစ္ဆာန် ဆေးကုသရေးဓာတ်ခွဲခန်း" မှ အတည်ပြုချက်ရရှိခဲ့ကြောင်း ထုတ်ပြန်ချက်က ဆိုသည်။

"Bronx တိရစ္ဆာန်ရုံထဲက ကျားတွေကို အထူးဂရုစိုက်နေသလို ပြုစုစောင့်ရှောက်နေတဲ့ ဝန်ထမ်းတွေကိုလည်း သတိနဲ့နေထိုင်ဖို့ အသိပေးထားပါတယ်" ဟု ထုတ်ပြန်ချက်က ဖော်ပြသည်။ ကျားမလေး နာဒီရာမှာ ၎င်းအား ပြုစုစောင့်ရှောက်ပေးနေသည့် တိရစ္ဆာန်ရုံဝန်ထမ်းတစ်ဦးထံမှ ရောဂါကူးစက်ခံရခြင်းဖြစ်ပြီး ယင်းဝန်ထမ်းတွင် ရောဂါလက္ခဏာများ ပြသခြင်းမရှိကြောင်း သိရသည်။ "ဒီကျားတိရစ္ဆာန်လို မတူကွဲပြားတဲ့ မျိုးစိတ်တွေမှာ ကိုရိုနာဗိုင်းရပ်စ် ဘယ်လို ကူးစက်ခံရသလဲဆိုတာ မသိပါဘူး ။ ဒါပေမယ့် ကူးစက်ခံရတဲ့ ကျားမလေး အပြည့်အဝ နေပြန်ကောင်းလာဖို့ အနီးကပ်စောင့်ကြပ်မှုတွေ ဆက်လုပ်သွားပါမယ်" ဟု ထုတ်ပြန်ချက်က ဆိုသည်။

Bronx တိရစ္ဆာန်ရုံကို မတ် ၁၆ ရက်ကတည်းက အများပြည်သူ ဝင်ရောက်ကြည့်ရှုခွင့် ပိတ်ပင်ထားကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-ကျော်ထိုက်စိုး**




# ကိုဗစ်-၁၉ ကပ်ရောဂါ ဖြစ်ပွားနေလင့်ကစား တောင်ကိုရီးယားက ဧပြီ ၁၅ ရက်၌ လွှတ်တော်ရွေးကောက်ပွဲ ကျင်းပမည်

**ဆိုးလ် ဧပြီ ၆**

တောင်ကိုရီးယားနိုင်ငံက ဧပြီ ၁၅ ရက်တွင် ကျင်းပရန်ရှိသည့် လွှတ်တော်ရွေးကောက်ပွဲများကို နိုင်ငံတစ်ဝန်းရှိ မဲရုံ ၁၄၃၃၀ ခုတွင် ပြုလုပ်မည်ဟု ရွေးကောက်ပွဲစောင့်ကြည့်ရေးအဖွဲ့က ပြောကြားသည်။

မဲဆန္ဒရှင်များ အဆင်ပြေစွာ မဲပေးနိုင်ရန်အတွက် မဲရုံများ၏ ၉၉ ဒသမ ၁ ရာခိုင်နှုန်းကို သတ်မှတ်အဆောက်အဦများသို့မဟုတ် ဓာတ်လှေကားများပါရှိသည့် အဆောက်အဦများ၏ပထမထပ်တွင် တည်ဆောက်မည်ဟု အမျိုးသားရွေးကောက်ပွဲကော်မရှင် (NEC)က ပြောကြားသည်။ တောင်ကိုရီးယားနိုင်ငံက ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားမှုတိုက်ဖျက်နေစဉ် အထွေထွေရွေးကောက်ပွဲ ကျင်းပမည်ဖြစ်သည်။ မဲဆန္ဒရှင် ဘေးအန္တရာယ်ကင်းရေး ဦးစားပေးရန် မဲဆန္ဒရှင်များအနေဖြင့် မဲရုံအဝင်တွင် အပူချိန်စစ်ဆေးမှုခံယူရမည်ဖြစ်ကာ မဲထည့်ရန် စောင့်ဆိုင်းနေစဉ် တစ်ဦးနှင့်တစ်ဦး အနည်းဆုံး တစ်မီတာ အကွာနေကြရမည်ဟု NEC က ပြောကြားသည်။

မဲရုံများနှင့် မဲဆန္ဒတံဆိပ်တုံးများကိုလည်း ပိုးသတ်ဆေးဖျန်းထားမည်ဖြစ်ပြီး ဆန္ဒမဲထည့်ရာတွင် မျက်နှာဖုံးတပ်ဆင်ကြရန် NEC က ပြည်သူများသို့ အကြံပြုခဲ့သည်။ ထို့အပြင် ကိုဗစ်-၁၉ ရောဂါ ကူးစက်လူနာများ မဲထည့်နိုင်ရန်အတွက် ယာယီမဲရုံများ တည်ဆောက်ရန် စီစဉ်နေသည်။ နိုင်ငံရေးပါတီများနှင့် ကိုယ်စားလှယ်လောင်းများနှင့်ပတ်သက်သော အချက်အလက် စာစောင်များကို အိမ်ထောင်စုများသို့ ပေးပို့ခဲ့ကြောင်း၊ မိမိနေထိုင်ရာဒေသများ၌ မဲပေးခွင့်လျှောက်ထားခဲ့သည့် လူပေါင်း ၁၀၅၃၀ ခန့်ထံသို့ မဲစာရွက်များ ပေးပို့ခဲ့ကြောင်း NEC က ပြောကြားသည်။

ဆေးရုံများ သို့မဟုတ် သတ်မှတ်နေရာများ၌ ကုသမှုခံယူနေသည့် ကိုဗစ်-၁၉ လူနာများနှင့် နေအိမ်၌ နှစ်ပတ်ကြာ သီးသန့်ခွဲနေသူများအနေဖြင့် မတ် ၂၄ နှင့် ၂၈ ရက်အတွင်း အီးမေးလ်မှတစ်ဆင့် မဲပေးခွင့်လျှောက်ထားနိုင်သည်။

**ကိုးကား-ယွန်ဟပ်**
**ဘာသာပြန်-ကျော်ထိုက်စိုး**

# ပေါ်တူဂီ၌ ကျန်းမာရေးကျွမ်းကျင်ပညာရှင် ၁၃၀၀ ကျော် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရ



**လစ္စဘွန်း ဧပြီ ၆**

ပေါ်တူဂီနိုင်ငံ၌ ကျန်းမာရေးကျွမ်းကျင်ပညာရှင် ၁၃၃၂ ဦး ကိုဗစ်-၁၉ ရောဂါကူးစက်ခံခဲ့ရကြောင်း ပေါ်တူဂီကျန်းမာရေးဝန်ကြီး မာတာတီမီဒိုက ဧပြီ ၅ ရက်တွင် ဝန်ခံပြောကြားခဲ့ကြောင်း လူဆာသတင်းအေဂျင်စီက ဖော်ပြထားသည်။

ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံခဲ့ရသည့် ကျန်းမာရေးကျွမ်းကျင်ပညာရှင်များထဲတွင် ဆရာဝန် ၂၃၁ ဦး၊ သူနာပြု ၃၃၉ ဦးနှင့် ဆေးရုံများတွင် လုပ်ငန်းဆောင်ရွက်နေသည့် အခြားသော နယ်ပယ်များမှ ပုဂ္ဂိုလ် ၇၆၂ ဦး ပါဝင်ကြောင်းနှင့် ပေါ်တူဂီအစိုးရအနေဖြင့် ကိုရိုနာဗိုင်းရပ်စ် ကပ်ရောဂါတိုက်ဖျက်ရေးတွင် အင်အားတောင့်တင်းစေရန် သူနာပြု ၅၀၀ ကိုလည်း ငှားရမ်းထားကြောင်း ကျန်းမာရေးဝန်ကြီးက ဆက်လက်ပြောကြားခဲ့သည်။

ပေါ်တူဂီကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါကူးစက်ခံခဲ့ရသည့် ကျန်းမာရေးကျွမ်းကျင်ပညာရှင်များကို အကာအကွယ်ပေးရာတွင် အားနည်းချက်များရှိနေသည်ဆိုသည်နှင့်စပ်လျဉ်းပြီး ဆန်းစစ်နေကြောင်း တီမီဒိုက ထုတ်ဖော်ပြောကြားခဲ့သည်။

ပေါ်တူဂီနိုင်ငံ၌ ကိုဗစ်-၁၉ နှင့် ဆက်နွှယ်သည့် ရောဂါများကြောင့် သေဆုံးသူ ၂၉၅ ဦးရှိကြောင်းနှင့် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၁၂၇၈ ဦးရှိကြောင်း ကျန်းမာရေးဆိုင်ရာ ညွှန်ကြားရေးမှူးချုပ်ရုံးမှ ထုတ်ပြန်သည့် ကူးစက်ရောဂါကာကွယ်ရေး သတင်းလွှာက ဖော်ပြထားသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**

# အီရန်နိုင်ငံ၌ တစ်ရက်တာအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၂၇၄ ဦးနှင့် သေဆုံးသူ ၃၇၃၉ ဦးရှိလာ

**တီဟီရန် ဧပြီ ၆**

အီရန်နိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါကြောင့် လူနာ ၃၇၃၉ ဦး သေဆုံးခဲ့ကြောင်း အီရန်ကျန်းမာရေးနှင့် ဆေးပညာဝန်ကြီးဌာနမှ ထုတ်ပြန်သည့် နောက်ဆုံးကိန်းဂဏန်းများအရ သိရသည်။

အီရန်နိုင်ငံ၌ တစ်ရက်တာအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၂၇၄ ဦးထပ်မံစမ်းသပ်တွေ့ရှိခဲ့ပြီးနောက် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူဦးရေ ၆၀၅၀၀ အထိ မြင့်တက်လာခဲ့ခြင်းဖြစ်ကြောင်း အီရန်ကျန်းမာရေးနှင့် ဆေးပညာဝန်ကြီးဌာန လက်အောက်ရှိ ပြည်သူ့ဆက်ဆံရေးနှင့် သတင်းအချက်အလက်ဌာန အကြီးအကဲ ကီယာနာ့ဂျ် ဂျဟန်ပူရ်က ပြောကြားသည်။

သို့သော် အီရန်နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ လူနာ ၂၄၂၃၆ ဦးသည် ၎င်းတို့၏ ရောဂါဝေဒနာမှ ပြန်လည်ကျန်းမာသွားပြီး ဆေးရုံများမှ ပြန်ဆင်းသွားပြီဖြစ်ကြောင်း ဂျဟန်ပူရ်က ထပ်မံပြောကြားသည်။

အီရန်နိုင်ငံသည် အရှေ့အလယ်ပိုင်းဒေသတွင် ကိုဗစ်-၁၉ ရောဂါ အဆိုးရွားဆုံး ထိခိုက်သွားသည့်နိုင်ငံဖြစ်ကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - ဂျေတီ**

# ကမ္ဘာတစ်ဝန်းလုံးတွင် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူဦးရေ ၇၀၀၀၀ ကျော်ရှိလာ

**ပါရီ ဧပြီ ၆**

ကမ္ဘာတစ်ဝန်းလုံးတွင် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူဦးရေ ၇၀၀၀၀ ကျော်ရှိလာကြောင်း အေအက်ဖ်ပီသတင်းဌာန မှ ရယူထားသည့် တရားဝင်ကိန်းဂဏန်းများအရ သိရသည်။

တစ်ကမ္ဘာလုံးတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ စုစုပေါင်း ၇၀၀၀၉ ဦး သေဆုံးခဲ့ပြီး ၎င်းတို့အနက် သေဆုံးသူ ၅၀၀၀၀ ကျော်သည် ဥရောပတိုက်တွင် သေဆုံးခဲ့ခြင်းဖြစ်ကြောင်း တရားဝင်ကိန်းဂဏန်းများက ပြသထားသည်။

ဥရောပတစ်ခွင်လုံးတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ စုစုပေါင်း ၆၇၅၅၈၀ ဦးရှိပြီး ၅၀၂၁၅ ဦး သေဆုံးခဲ့သည်။ အီတလီ၊ စပိန်၊ ပြင်သစ်နှင့် ဗြိတိန်နိုင်ငံတို့သည် ဥရောပတိုက်တွင် ကိုဗစ်-၁၉ ရောဂါ အများဆုံးထိခိုက်သွားသည့် နိုင်ငံများဖြစ်သည်။

ကိုဗစ်-၁၉ ရောဂါကြောင့် အီတလီနိုင်ငံတွင် လူနာ ၁၅၈၇၇ ဦး သေဆုံးပြီး ကမ္ဘာပေါ်တွင် သေဆုံးမှုအများဆုံး နိုင်ငံဖြစ်လာခဲ့သည်။ ထို့အတူ ကိုဗစ်-၁၉ ရောဂါကြောင့် စပိန်နိုင်ငံတွင် လူနာ ၁၃၀၅၅ ဦး၊ အမေရိကန်ပြည်ထောင်စုတွင် ၉၆၄၈ ဦး၊ ပြင်သစ်နိုင်ငံတွင် ၈၀၈၇ ဦးနှင့် ဗြိတိန်နိုင်ငံတွင် ၄၉၃၄ ဦး စသည်ဖြင့် အသီးသီး သေဆုံးခဲ့ကြောင်း သိရသည်။

သို့သော် ကမ္ဘာတစ်ဝန်းလုံးရှိ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ပေါင်း ၁၂၇၇၅၈၀ ကျော်ရှိသည့်အနက် ၂၄၃၃၀၀ ခန့်မှာ ပြန်လည်ကျန်းမာ သွားကြောင်း သိရသည်။

သို့သော် နိုင်ငံအများအပြားတွင် ရောဂါပြင်းထန်သောလူနာများ သို့မဟုတ် ဆေးရုံတက်ရန်လိုအပ်သော လူနာများသာ စမ်းသပ်စစ်ဆေးလျက် ရှိသည့်အတွက် အမှန်တကယ် ရောဂါကူးစက်ခံရသူ လူနာဦးရေသည် နောက်ထပ် တိုးလာဖွယ်ရှိကြောင်း သိရသည်။

**ကိုးကား-အေအက်ဖ်ပီ**
**ဘာသာပြန်-ဂျေတီ**

# ဗိုင်းရပ်စ်ကြောင့် မြို့အဝင်အထွက် တားမြစ်ပိတ်ဆို့မှုပြုလုပ်နေချိန်အတွင်း အမျိုးသမီးများအား အကြမ်းဖက်မှုမှ ကာကွယ်စောင့်ရှောက်မှုပေးရန် အစိုးရများကို ကုလသမဂ္ဂအတွင်းရေးမှူးချုပ် တိုက်တွန်း



**ကုလသမဂ္ဂ မေ ၆**

ကိုရိုနာဗိုင်းရပ်စ် ကမ္ဘာ့ကပ်ရောဂါကို တုံ့ပြန်ဆောင်ရွက်ရာတွင် အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်မှုများကို ထည့်သွင်းဆောင်ရွက်ရန် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် အန်တိုနီယိုဂူတာရက်စ်က အစိုးရများကို တိုက်တွန်းပြောကြားခဲ့သည်။

ကိုရိုနာဗိုင်းရပ်စ်ရောဂါ ပျံ့နှံ့မှုကို ထိန်းချုပ်ရန်အတွက် မြို့၊ ရွာများ၌ အဝင်အထွက် ပိတ်ဆို့တားမြစ်မှုများကို ချမှတ်ပြီးနောက်တွင် အိမ်တွင်းအကြမ်းဖက်မှု အစီရင်ခံချက်များ ကမ္ဘာတစ်ဝန်း၌ တစ်ရှိန်ထိုးမြင့်တက်လာသည်။

"အကြမ်းဖက်မှုက စစ်မြေပြင်မှာသာရှိတာ မဟုတ်ပါဘူး၊ အမျိုးသမီးများနဲ့ မိန်းကလေးငယ်များအတွက် အလုံခြုံဆုံးနေရာဖြစ်တဲ့ သူတို့ရဲ့အိမ်ထဲမှာ အကြမ်းဖက်မှု ကြီးကြီးမားမား ပေါ်ပေါက်လာနေပါတယ်" ဟု ဘာသာစကားများစွာဖြင့် ထုတ်ပြန်သည့် ကြေညာချက်နှင့် ဗီဒီယိုတွင် ဂူတာရက်စ်က ပြောကြားသည်။ ယင်းကြေညာချက်သည် ကိုရိုနာဗိုင်းရပ်စ် ပျံ့နှံ့မှုဖြစ်ပွားပြီးနောက် ကမ္ဘာတစ်ဝန်း၌ ပစ်ခတ်တိုက်ခိုက်မှုများ ရပ်စဲကြရန် ဂူတာရက်စ်က တောင်းဆိုခဲ့ပြီးနောက် ရက်အနည်းငယ်အကြာတွင် ထွက်ပေါ်လာခဲ့ခြင်းဖြစ်သည်။


အိမ်တွင်းအကြမ်းဖက်မှု မြင့်တက်လာခြင်းသည် ထိတ်လန့်စရာဖြစ်ကြောင်း ဖော်ပြလျက် ဂူတာရက်စ်က အမျိုးသမီးများအား အကြမ်းဖက်မှုမှ ကာကွယ်ခြင်းနှင့် ဖြေရှင်းခြင်းကို ကိုဗစ်-၁၉ တုံ့ပြန်ရေး အမျိုးသားစီမံချက်များတွင် အဓိကကဏ္ဍတစ်ခုအဖြစ် ထည့်သွင်းရန် အစိုးရများအားလုံးကို တိုက်တွန်းခဲ့သည်။ အိန္ဒိယနိုင်ငံတွင် နိုင်ငံတစ်ဝန်း သွားလာလှုပ်ရှားမှု ကန့်သတ်မှုများ ပြုလုပ်ပြီးနောက် ပထမပတ်အတွင်း အိမ်တွင်းအကြမ်းဖက်မှု အရေအတွက်သည် ပုံမှန်အချိန်ကထက် နှစ်ဆမြင့်တက်ခဲ့ကြောင်း အမျိုးသမီးများဆိုင်ရာ အမျိုးသားကော်မရှင်က ထုတ်ပြန်သည်။

ပြင်သစ်နိုင်ငံတွင် အဝင်အထွက် ပိတ်ဆို့မှုများ ပြုလုပ်ပြီးနောက် တစ်ပတ်အတွင်း အိမ်တွင်းအကြမ်းဖက်မှု အရေအတွက်သည် သုံးပုံတစ်ပုံ မြင့်တက်လာခဲ့ကြောင်း အာဏာပိုင်များက ပြောကြားသည်။ ဩစတြေးလျနိုင်ငံတွင် အိမ်တွင်းအကြမ်းဖက်မှုခံရသူများအတွက် ထောက်ပံ့ကူညီမှုနှင့် စပ်လျဉ်း၍ အင်တာနက်တွင် ရှာဖွေမှုများသည် ၇၅ ရာခိုင်နှုန်း မြင့်တက်လာသည်ဟု ထုတ်ပြန်သည်။

ဆေးဆိုင်များနှင့် ကုန်ခြောက်ဆိုင်များတွင် အရေးပေါ်အခြေအနေ သတိပေးစနစ်များ တပ်ဆင်ရန်နှင့် အမျိုးသမီးများအတွက် ၎င်းတို့အပေါ် အကြမ်းဖက်သူများ သတိမပြုမိစေဘဲ အကူအညီ တောင်းခံနိုင်သည့် လုံခြုံစိတ်ချရသည့် စနစ်များ စီစဉ်ကြရန် ဂူတာရက်စ်က တောင်းဆိုခဲ့သည်။

ကိုရိုနာဗိုင်းရပ်စ် တိုက်ဖျက်ရေး လုပ်ဆောင်နေစဉ် စစ်မက်ဇုန်များမှသည် လူတို့၏နေအိမ်များအထိ နေရာတိုင်းတွင် အကြမ်းဖက်မှုကို အတူတကွ ကာကွယ်ရမည်ဖြစ်ကြောင်း ဂူတာရက်စ်က ပြောကြားသည်။ ဂူတာရက်စ်က ကမ္ဘာတစ်ဝန်းရှိ နေအိမ်များအတွင်း၌ ငြိမ်းချမ်းမှုရှိရေး တောင်းဆိုခဲ့သည်။

**ကိုးကား- အေအက်ဖ်ပီ၊ ဘာသာပြန် -အောင်ဇော်လင်း**



# ကိုရိုနာဗိုင်းရပ်စ်ကြောင့် အရေးပေါ်အခြေအနေ ကြေညာရန် ဂျပန် ကြိုတင်ပြင်ဆင်

**တိုကျို မေ ၆**

မြို့တော်တိုကျိုနှင့် အခြားနေရာများတွင် ကိုရိုနာဗိုင်းရပ်စ် ကူးစက်မှု မြင့်တက်လာသည့်အတွက် အရေးပေါ်အခြေအနေ ကြေညာရန် ဂျပန်အစိုးရက မေ ၆ ရက်တွင် ကြိုတင်ပြင်ဆင်မှု စတင်ဆောင်ရွက်ခဲ့သည်။

ဝန်ကြီးချုပ် ရှင်ဇိုအာဘေးက ကမ္ဘာ့ကပ်ရောဂါနှင့်ပတ်သက်၍ အစိုးရ အကြံပေးပညာရှင်များအဖွဲ့နှင့် တွေ့ဆုံကာ မေ ၇ ရက်မှစ၍ အရေးပေါ်အခြေအနေ ကြေညာလိမ့်မည်ဟု သတင်းများ ကျယ်ကျယ်ပြန့်ပြန့် ထွက်ပေါ်နေသည်။

ဥရောပ သို့မဟုတ် အမေရိကန်နိုင်ငံရှိ ဗိုင်းရပ်စ်ကူးစက်မှုများထက် အရေအတွက် များစွာလျော့နည်းသော်လည်း ဂျပန်နိုင်ငံအတွင်း ဗိုင်းရပ်စ်ကူးစက်မှု မြင့်တက်လာနေသဖြင့် အရေးပေါ်အခြေအနေ ကြေညာမည့် ဆောင်ရွက်ချက် ထွက်ပေါ်လာခြင်းဖြစ်သည်။

တိုကျိုမြို့တွင် တနင်္ဂနွေနေ့က ဗိုင်းရပ်စ် ကူးစက်ခံရသည့်လူနာအသစ် ၁၄၈ ဦးအထိ စံချိန်တင်မြင့်တက်ခဲ့သည့်အတွက် အရေးယူဆောင်ရွက်မှုအသစ် ချမှတ်ဆောင်ရွက်ရန် အစိုးရအပေါ် ဖိအားကျရောက်စေခဲ့သည်။ တိုကျိုမြို့တော် အုပ်ချုပ်ရေးမှူး ယူရီကိုကိုအီကေက မြို့တော်တွင် နေထိုင်သူများကို စနေ၊ တနင်္ဂနွေနေ့တို့တွင် မလိုအပ်ဘဲ အိမ်ပြင်ထွက်ခြင်းကို ရှောင်ရှားကြရန်နှင့် အလုပ်လုပ်ရက်များအတွင်း အိမ်မှ အလုပ်လုပ်ကြရန် တိုက်တွန်းပြောကြားခဲ့ပြီးဖြစ်သည်။

တရားဝင် အကြောင်းကြားစာ တစ်စုံတစ်ရာ မရရှိသေးကြောင်း၊ သို့သော်လည်း အရေးပေါ်အခြေအနေ ကြေညာချက်တွင် တိုကျိုမြို့ ပါဝင်လာနိုင်သည်ဟု မှတ်ယူကာ ပြင်ဆင်မှုများ ပြုလုပ်နေကြောင်း ယူရီကိုကိုအီကေက သတင်းထောက်များအား မေ ၆ ရက်က ပြောကြားခဲ့သည်။

အရေးပေါ်အခြေအနေ ကြေညာချက်သည် နိုင်ငံအတွင်း ဗိုင်းရပ်စ်ကူးစက်မှုများ အလျင်အမြန် မြင့်တက်နေသည့် အချို့ဒေသများကိုသာလျှင် လွှမ်းခြုံမည်ဖြစ်ပြီး ကမ္ဘာ့တစ်ဝန်းတွင် တွေ့မြင်နေရသည့် တင်းကျပ်သည့် အဝင်အထွက်တားမြစ်မှုမျိုး ဖြစ်လာမည်မဟုတ်ဟု ဆိုကြသည်။

ဂျပန်နိုင်ငံတစ်ဝန်းတွင် ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရသူ ၃၆၅၀ ဝန်းကျင်ရှိသည်။ အမေရိကန်နိုင်ငံတွင် ဗိုင်းရပ်စ် ကူးစက်ခံရသူ ၃၃၀၀၀၀ ဝန်းကျင်ရှိပြီး အီတလီနှင့် စပိန်နိုင်ငံတို့တွင် ဗိုင်းရပ်စ်ကူးစက်ခံရသူ ၁၃၀၀၀၀ ဝန်းကျင်ရှိသည်။

**ကိုးကား- အေအက်ဖ်ပီ၊ ဘာသာပြန်- အောင်ဇော်လင်း**

# ကိုဗစ်-၁၉ အား ကပ်ရောဂါအသွင် ကြေညာပြီးနောက် အစ္စရေးတွင် အလုပ်လက်မဲ့ ၂၅ ရာခိုင်နှုန်းထိ မြင့်တက်

**ဂျေရုဆလင် မေ ၆**

ယခုနှစ် မတ်လအတွင်းက ကိုရိုနာဗိုင်းရပ်စ်ကူးစက်ဖြစ်ပွားမှုအား ကမ္ဘာလုံးဆိုင်ရာ ကပ်ရောဂါအဖြစ် ထုတ်ပြန်ကြေညာခဲ့ပြီးကတည်းက စ၍ အစ္စရေးနိုင်ငံအတွင်းရှိ အလုပ်လက်မဲ့ဦးရေမှာ ၄ ရာခိုင်နှုန်းမှ ၂၅ ရာခိုင်နှုန်းအထိ ခုန်တက်ခဲ့ကြောင်း အစ္စရေးအလုပ်သမားဌာနက မေ ၅ ရက်တွင် ထုတ်ပြန်ကြေညာခဲ့သည်။

မတ် ၁ ရက်မှစ၍ အလုပ်လက်မဲ့အကျိုးခံစားခွင့်လျှောက်ထားသူ အစ္စရေးနိုင်ငံသား ၈၈၇၂၈၇ ဦး ရှိကြောင်း အစ္စရေးအလုပ်သမားဌာန၏ကြေညာချက်တွင် ဖော်ပြထားပြီး အစ္စရေးနိုင်ငံ၌ လတ်တလောကာလတွင် အလုပ်လက်မဲ့ အလုပ်သမားဦးရေမှာ ၁ ဒသမ ဝ၅ သန်းရှိသည်ဟု ဆိုသည်။

အစ္စရေးနိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ်ကူးစက်ပြန့်ပွားမှု အဆိုးရွားဆုံး ခံစားနေရသော ပင်လယ်နီကမ်းရိုးတန်းဒေသရှိ အပန်းဖြေစခန်းမြို့ဖြစ်သည့် အီလတ်တွင် ဖေဖော်ဝါရီလကုန်ပိုင်းက အလုပ်လက်မဲ့ဦးရေ ၃ ဒသမ ၃ ရာခိုင်နှုန်းရှိခဲ့ရာမှ နောက်တစ်လအကြာတွင် ၆၉ ဒသမ ၃ ရာခိုင်နှုန်းထိ မြင့်တက်ခဲ့သည်။

အစ္စရေးနိုင်ငံတွင် လတ်တလောကာလ၌ ကိုရိုနာဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ ၈၀၁၈ ဦးရှိကာ သေဆုံးသူ ၄၇ ဦးရှိပြီး ၁၂၆ ဦးမှာ စိုးရိမ်ရသည့် အခြေအနေတွင်ရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ မေ ၅ ရက် အစောပိုင်းတွင် ကြေညာခဲ့သည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန် -ဇော်ဝင်း**

# အသွားအလာကန့်သတ်မှုဆိုင်ရာ စည်းကမ်းများချိုးဖောက်ခဲ့ပြီးနောက် စကော့တလန်ကျန်းမာရေးအရာရှိချုပ် ရာထူးမှ နုတ်ထွက်

**လန်ဒန် မေ ၆**

စကော့တလန် ကျန်းမာရေးအရာရှိချုပ် ကက်သရင်းကယ်လ်ဒါဝုဒ်သည် ၎င်း၏ ဒုတိယအိမ်သို့ အလည်အပတ်သွားရောက်ခြင်းဖြင့် ဗြိတိန်က ထုတ်ပြန်ထားသည့် အသွားအလာကန့်သတ်မှုဆိုင်ရာ စည်းမျဉ်းစည်းကမ်းများကို ချိုးဖောက်ခဲ့ပြီးနောက် ရာထူးမှ နုတ်ထွက်ခဲ့ကြောင်း စကိုင်းနယူးစ်က မေ ၅ ရက်ညပိုင်းက ပြောကြားခဲ့သည်။

ကယ်လ်ဒါဝုဒ်သည် ကိုရိုနာဗိုင်းရပ်စ် ကပ်ရောဂါဖြစ်ပွားနေစဉ်ကာလအတွင်း အိမ်မှာနေရန် အခြားသူများအား အကြံဉာဏ်ပေးရန် နှောင့်နှေးမှုကြောင့်လည်း အစောပိုင်းက တောင်းပန်ခဲ့ရသူဖြစ်သည်။

"ကျွန်မလုပ်ခဲ့တဲ့ ကျွန်မရဲ့ လုပ်ဆောင်ချက်တွေနဲ့ အမှားတွေအတွက် လေးလေးနက်နက် တောင်းပန်ပါတယ်"ဟု ကယ်လ်ဒါဝုဒ်က စကော့တလန် အစိုးရဝက်ဘ်ဆိုက်တွင် ကြေညာချက်တစ်စောင်ထုတ်ပြန်ကာ ပြောကြားခဲ့သည်။

ကယ်လ်ဒါဝုဒ်သည် မေ ၅ ရက်ညနေပိုင်းက စကော့တလန်ဝန်ကြီး နီကိုလာစတာဂျီယွန်နှင့် ဆက်သွယ်ပြောကြားခဲ့ချိန်တွင် ပြီးခဲ့သည့်သီတင်းပတ် အနည်းငယ်အကြာက စကော့တလန် ပြည်သူများနှင့် စကော့တလန် အစိုးရကိုပေးခဲ့သည့် အကြံပြုချက်မှာ ကယ်လ်ဒါဝုဒ်၏ အမှန်တကယ် အကြံပြုချက်ဖြစ်ကြောင်းလည်း စကော့တလန်ဝန်ကြီး နီကိုလာစတာဂျီယွန်က ပြောကြားခဲ့သည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်**



# စစ်ရေးပဋိပက္ခနှင့် ကိုဗစ်-၁၉ အန္တရာယ် ဒွန်တွဲရင်ဆိုင်နေရသော အရှေ့အလယ်ပိုင်းနိုင်ငံများ

■ အောင်ကျော်ကျော်



ကိုရိုနာဗိုင်းရပ်စ် ကပ်ရောဂါကြီးသည် တစ်နိုင်ငံနှင့်တစ်နိုင်ငံ တံခါးမခေါက်ဘဲ ကမ္ဘာပတ်၍ နေလေပြီ။ ကမ္ဘာ့လူဦးရေ ထက်ဝက်ခန့်ကလည်း ခရီးသွားလာခြင်း ပိတ်ပင်မှုကြောင့် နေအိမ်အတွင်း၌သာ မိုးလင်းမိုးချုပ် နေထိုင်လျက်ရှိကြသည်။ ကမ္ဘာ့နိုင်ငံအသီးသီးမှ အစိုးရများကလည်း ဗိုင်းရပ်စ်ကာကွယ်ရေးလုပ်ငန်းစဉ်များကို အစွမ်းကုန် ကြိုးပမ်းလုပ်ဆောင်လျက်ရှိသည်။ ယခုကဲ့သို့ ကပ်ဆိုးကြီးကို ရင်ဆိုင်နေရချိန်တွင် ကမ္ဘာတစ်လွှား၌ နိုင်ငံရေးအယူအဆ ကွဲပြားခြားနားမှု အမျိုးမျိုးကြောင့် စစ်မက်ဖြစ်ပွားနေသည့် နိုင်ငံများအား အပစ်အခတ်ရပ်စဲရန် ကုလသမဂ္ဂက ဆော်သြခဲ့သည်။ ကုလသမဂ္ဂအဖွဲ့၏ အပစ်အခတ်ရပ်စဲရေး တောင်းဆိုမှုပြုပြီးနောက် စစ်မက်ဖြစ်ပွားလျက်ရှိသည့် အရှေ့အလယ်ပိုင်းဒေသနိုင်ငံများဖြစ်သော ဆီးရီးယား၊ ယီမင်၊ လစ်ဗျားနှင့် အီရတ်နိုင်ငံများအတွင်း၌ နိုင်ငံရေးအခြေအနေများ တစ်မျိုးတစ်ဖုံ ပြောင်းလဲသွားမလားသို့မဟုတ် ပြောင်းလဲမှုမရှိဘဲ စစ်ဆင်ရေးများ ဆက်လက်ဆင်နွှဲနေဦးမလားဆိုသည်ကို လေ့လာသုံးသပ်ကြည့်ကြပါစို့။

အရှေ့အလယ်ပိုင်းဒေသတွင် ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူ ၆၀၀၀၀ နီးပါး မြင့်တက်လာသည့်အတွက် အရှေ့အလယ်ပိုင်းနိုင်ငံအစိုးရများအား ဗိုင်းရပ်စ်ကာကွယ်တားဆီးရေး လုပ်ဆောင်ချက်များကို အလေးပေးဆောင်ရွက်ရန် ကုလသမဂ္ဂအဖွဲ့က တိုက်တွန်းပြောကြားခဲ့သည်။

### ဆီးရီးယားနိုင်ငံ

ဆီးရီးယားနိုင်ငံအတွင်း၌ အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်ကို ရုရှားနှင့် တူရကီတို့က မတ် ၅ ရက်တွင် သဘောတူညီခဲ့ကြသည်။ အဆိုပါအပစ်အခတ်ရပ်စဲမှုသည် မတ် ၆ ရက်တွင် စတင်အသက်ဝင်ခဲ့သည်။ ဆီးရီးယားအဝေးပြေးလမ်းမကြီး တစ်လျှောက် ခြောက်ကီလိုမီတာ ကျယ်ဝန်းသည့် အပစ်အခတ်ရပ်စဲရေးစကြံကို ထူထောင်ခဲ့ကြသည်။ နှစ်နိုင်ငံသဘောတူညီမှုဖြင့် မတ် ၁၅ ရက်မှစပြီး အဆိုပါ အဝေးပြေးလမ်းမကြီး တစ်လျှောက် နှစ်နိုင်ငံတပ်ဖွဲ့တို့ ပူးတွဲကင်းလှည့်မှုများ လုပ်ဆောင်လျက်ရှိသည်။ ရုရှားနှင့် တူရကီနိုင်ငံတို့ အပစ်အခတ်ရပ်စဲရေးရရှိပြီးနောက် မတ် ၁၄ ရက်တွင် ဆီးရီးယားနိုင်ငံအတွင်း၌ ကိုရိုနာဗိုင်းရပ်စ်ပိုး စတင်တွေ့ရှိခဲ့သည်။ လက်ရှိအချိန်အထိ ဆေးမှတ်တမ်းများအရ ဆီးရီးယားနိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူ ၁၉ ဦးရှိပြီး နှစ်ဦး သေဆုံးခဲ့သည်။ နိုင်ငံအတွင်း ဗိုင်းရပ်စ်ကူးစက်မှု မြင့်တက်လာသည့်အတွက် တိုက်ခိုက်ရေးဆင်နွှဲမှုများလည်း သိသိသာသာ လျော့ကျလာခဲ့သည်။ မတ်လအတွင်း အရပ်သားသေဆုံးမှု ၁၀၃ ဦးသာရှိခဲ့သည်။ ယခုသေဆုံးမှုအရေအတွက်သည် ဆီးရီးယားနိုင်ငံအတွင်း ပြည်တွင်းစစ်စတင်ဖြစ်ပွားခဲ့သည့်အချိန် ၂၀၁၁ ခုနှစ်ကစပြီး သေဆုံးမှုအရေအတွက် အနည်းဆုံးဖြစ်ကြောင်း ဆီးရီးယားလူ့အခွင့်အရေးလေ့လာစောင့်ကြည့်ရေးအဖွဲ့က ဆိုသည်။

နိုင်ငံအတွင်း ဗိုင်းရပ်စ်ကူးစက်ပျံ့နှံ့မှုများမြင့်တက်လျက်ရှိသည့်အတွက် အီဒလစ်မြို့နေ ပြည်သူ သုံးသန်းခန့်သည် ရရှိထားသော အပစ်အခတ်ရပ်စဲရေး သဘောတူစာချုပ် ဆက်လက်ခိုင်မြဲစေရန် မျှော်လင့်လျက်ရှိကြသည်။ ထို့ကြောင့် ဆီးရီးယားနိုင်ငံအတွင်းရှိ အုပ်ချုပ်ရေးအဖွဲ့များဖြစ်သည့် ဆီးရီးယားအစိုးရ၊ ကာ့ဒ်တပ်ဖွဲ့နှင့် ဂျီဟတ်အစွန်းရောက်အဖွဲ့များက ကိုရိုနာဗိုင်းရပ်စ် ခြိမ်းခြောက်မှုကို ဟန့်တားထိန်းချုပ်ကာ ပြည်သူများ၏ ယုံကြည်ကိုးစားမှုကို ပိုမိုရရှိရန် ကြိုးပမ်းကြရမည်ဖြစ်သည်။

ထို့ပြင် ကပ်ရောဂါဆိုးကြီး ကူးစက်ပျံ့နှံ့လာမှုကြောင့် အမေရိကန်ဦးဆောင်သော တပ်ဖွဲ့များသည် ဆီးရီးယားနိုင်ငံနှင့် အိမ်နီးချင်း အီရတ်နိုင်ငံတို့မှ စောစီးစွာ ဆုတ်ခွာသွားနိုင်ဖွယ်ရှိသည်။ သို့သော် တစ်ဖက်ကလည်း အိုင်အက်စ်အစွန်းရောက်အဖွဲ့၏ တိုက်ခိုက်မှုများ ပြန်လည်လုပ်ဆောင်ရန် ပြင်ဆင်မှုများအတွက် အချိန်ဖန်တီးပေးရာလည်း ရောက်သွားနိုင်သည်။

### ယီမင်နိုင်ငံ

ယီမင်နိုင်ငံအတွင်း၌ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူ မတွေ့ရှိသေးသော်လည်း ကာလဝမ်းရောဂါ၊ သွေးလွန်တုပ်ကွေးရောဂါ၊ ငှက်ဖျားရောဂါများ ဖြစ်ပွားလျက်ရှိပြီး သန့်ရှင်းမှုမရှိခြင်းကြောင့် ကျန်းမာရေး ထိခိုက်မှုအခြေအနေများ ရှိနေသေးသည့်အတွက် ယီမင်ပြည်သူများအနေဖြင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ လိုအပ်လျက်ရှိသည်။ ထို့ကြောင့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဂူတာရက်စ်က နိုင်ငံအတွင်း အပစ်အခတ်ရပ်စဲရေးအတွက် တောင်းဆိုခဲ့သည်။

ယီမင်အစိုးရနှင့် ဟူသီသူပုန်အဖွဲ့က ကုလသမဂ္ဂ၏ အပစ်အခတ်ရပ်စဲရေးသဘောတူညီမှုကို ကနဦးတွင် လိုက်နာခဲ့သော်လည်း ငါးနှစ်ကြာဖြစ်ပွားလျက်ရှိသည့် ပြည်တွင်းစစ်အခြေအနေသည် အပြန်အလှန်တိုက်ခိုက်မှုဆီသို့ ပြန်လည်ဦးတည်သွားခဲ့ပြန်သည်။ ဆော်ဒီဦးဆောင်သော လေကြောင်းတပ်ဖွဲ့သည် အီရန်ထောက်ခံသည့် ဟူသီသူပုန်အဖွဲ့၏ ရီယာ့ဒ်မြို့သို့ ဦးတည်ပစ်လွှတ်ခဲ့သည့် တာဝေးပစ်ဒုံးကျည်များကို ဖြိုခွင်းခဲ့သည်ဆိုသော သတင်းများ မကြာသေးမီက ထွက်ပေါ်လာခဲ့သည်။ အလားတူ ဆော်ဒီဦးဆောင်သော ညွန့်ပေါင်းတပ်ဖွဲ့က ဟူသီသူပုန်အဖွဲ့၏ တိုက်ခိုက်မှုများကို လက်တုံ့ပြန်သည့်အနေဖြင့် ဟူသီထိန်းချုပ်သော ဆာနားမြို့သို့ တိုက်ခိုက်ရေးဆင်နွှဲခဲ့ပြန်သည်။

ယီမင်အစိုးရတပ်ဖွဲ့နှင့် ဟူသီသူပုန်အဖွဲ့တို့ တိုက်ခိုက်မှုများ အပြန်အလှန် လုပ်ဆောင်လျက်ရှိသည့်အတွက် အပစ်အခတ်ရပ်စဲရေး ဆွေးနွေးညှိနှိုင်းမှုများပြုလုပ်ရန် ကုလသမဂ္ဂ ကိုယ်စားလှယ် မာတင် ဂရီဖစ်က တိုက်တွန်းပြောကြားခဲ့သည်။

ငါးနှစ်ကြာဖြစ်ပွားလျက်ရှိသော ယီမင်ပြည်တွင်းစစ်၏ ဆိုးကျိုးများကြောင့် နိုင်ငံအတွင်းရှိ ကျန်းမာရေးအခြေခံအဆောက်အအုံများ ပျက်စီးခဲ့ရသည်။ အဆိုပါနေရာများတွင် ရေရှားပါးမှုများရှိသည့်အပြင် လူသားချင်းစာနာထောက်ထားမှုအထောက်အပံ့များ လိုအပ်လျက်ရှိသည်။ လက်ရှိအချိန်တွင် အစိုးရတပ်ဖွဲ့နှင့် ဟူသီသူပုန်တို့အကြား အပစ်အခတ်ရပ်စဲရေးသဘောတူညီမှုမရရှိခဲ့ပါက ပြည်သူအများအပြား သေဆုံးသွားနိုင်ဖွယ်ရှိသည်။

**ငါးနှစ်ကြာဖြစ်ပွားလျက်ရှိသော ယီမင်ပြည်တွင်းစစ်၏ ဆိုးကျိုးများကြောင့် နိုင်ငံအတွင်းရှိ ကျန်းမာရေးအခြေခံ အဆောက်အအုံများ ပျက်စီးခဲ့ရသည်။ အဆိုပါနေရာများ တွင် ရေရှားပါးမှုများရှိသည့်အပြင် လူသားချင်းစာနာ ထောက်ထားမှု အထောက်အပံ့များ လိုအပ်လျက်ရှိသည်။ လက်ရှိအချိန်တွင် အစိုးရတပ်ဖွဲ့နှင့် ဟူသီသူပုန်တို့အကြား အပစ်အခတ်ရပ်စဲရေးသဘောတူညီမှုမရရှိခဲ့ပါက ပြည်သူ အများအပြား သေဆုံးသွားနိုင်ဖွယ်ရှိသည်။**

### လစ်ဗျားနိုင်ငံ

လစ်ဗျားအစိုးရအဖွဲ့နှင့် အတိုက်အခံခေါင်းဆောင် ခါလီဖာ ဟက်ဖ်တာတို့သည် ကနဦးတွင် ယီမင်နိုင်ငံကဲ့သို့ပင် ကုလသမဂ္ဂ၏ အပစ်အခတ်ရပ်စဲရေးတောင်းဆိုမှုကို လိုက်လျောခဲ့သည်။ သို့သော် မကြာမီအချိန်မှာပင် အပြန်အလှန်တိုက်ခိုက်မှုများ စတင်လုပ်ဆောင်ခဲ့ကြသည်။

လစ်ဗျားနိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူ ၁၇ ဦးရှိပြီး တစ်ဦးသေဆုံးခဲ့သည်။ သို့သော် လစ်ဗျားအစိုးရအဖွဲ့နှင့် အတိုက်အခံအဖွဲ့တို့က ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုများကို လျစ်လျူရှုပြီး အပြန်အလှန်တိုက်ပွဲများ ဆင်နွှဲလျက်ရှိသည်ကို တွေ့ရသည်။

မကြာသေးမီရက်ကပင် မြို့တော်ထရီပိုလီတောင်ဘက်ပိုင်းတွင် အစိုးရတပ်ဖွဲ့နှင့် အတိုက်အခံခေါင်းဆောင်အဖွဲ့တို့ ပြင်းထန်သော စစ်ဆင်ရေးများ အပြန်အလှန် ဖြစ်ပွားခဲ့သည်။ ကိုရိုနာဗိုင်းရစ်ရောဂါ ဖြစ်ပွားမှုသည် နိုင်ငံအတွင်း အပစ်အခတ်ရပ်စဲမှုများ ပြုလုပ်ရန် လုံလောက်သောအကြောင်းပြချက်မဟုတ်သေးဟု နှစ်ဖက်ခေါင်းဆောင်များက ယူဆထားကြသည်။

တူရကီအစိုးရကလည်း အမျိုးသားသဘောတူညီမှုဖြင့် ဖွဲ့စည်းထားသော လစ်ဗျားအစိုးရအဖွဲ့အား ထောက်ခံပေးကာ နိုင်ငံ၏ ပဋိပက္ခတွင် အဓိကနေရာမှ ပါဝင်ပတ်သက်ခဲ့သည်။ အရှေ့အလယ်ပိုင်းပဋိပက္ခဖြစ်ပွားမှုများကို အနောက်နိုင်ငံများက ပါဝင်ပတ်သက်မှုများ တဖြည်းဖြည်း လျော့ချလာသည့်အတွက် တူရကီအစိုးရကလည်း လစ်ဗျားအစိုးရအား ကျောထောက်နောက်ခံပေးမှုများကို အနည်းငယ်ရပ်တန့်သွားနိုင်ဖွယ်ရှိသည်။

ထို့ကြောင့် လစ်ဗျားအစိုးရအပေါ် တူရကီအစိုးရ၏ ထောက်ပံ့မှုများ လျော့ကျသွားမည်ဆိုပါက အရှေ့ပိုင်းအခြေစိုက် အတိုက်အခံခေါင်းဆောင် ခါလီဖာ ဟက်ဖ်တာအား သစ္စာခံသည့်အဖွဲ့များအတွက် အခွင့်ကောင်းတစ်ခုဖြစ်သွားနိုင်သည်။ ခါလီဖာ ဟက်ဖ်တာအား ရုရှား၊ အီဂျစ်နှင့် အာရပ်စော်ဘွားများပြည်ထောင်စုတို့က ကျောထောက်နောက်ခံပေးလျက်ရှိသည်။

လက်ရှိအချိန်တွင် အနောက်နိုင်ငံများသည် ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုဒဏ်ကို ဆိုးရွားစွာ ခံစားနေရသည်။ ထို့ကြောင့် နိုင်ငံအတွင်း ဗိုင်းရပ်စ်ကာကွယ်ရေးလုပ်ငန်းများကို ဦးစားပေးလုပ်ဆောင်နေရသည့်အတွက် နိုင်ငံရပ်ခြားပဋိပက္ခအခြေအနေများကို လျစ်လျူရှုထားရဖွယ်ရှိသည်။

ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုအန္တရာယ်ကို တွေ့ကြုံနေရချိန်တွင် အနောက်နိုင်ငံများအနေဖြင့် လစ်ဗျားနိုင်ငံအတွင်း အပစ်အခတ်ရပ်စဲရေး သဘောတူညီမှုရရှိရန် အဓိကဦးစားပေးလုပ်ဆောင်ခြင်း မရှိတော့ကြောင်း နိုင်ငံတကာ ပဋိပက္ခစောင့်ကြည့်ရေးအုပ်စု၏ အစီရင်ခံစာတစ်ရပ်အရ သိရသည်။

### အီရတ်နိုင်ငံ

အီရတ်နိုင်ငံအတွင်း ပြည်တွင်းစစ်များ ငြိမ်းအေးလျက်ရှိသော်လည်း နိုင်ငံ၏ အချို့သောဒေသများတွင် အိုင်အက်စ်စစ်သွေးကြွအဖွဲ့၏ တိုက်ခိုက်မှုအနည်းငယ်ရှိနေသေးသည်။ ထို့ပြင် အီရတ်နိုင်ငံအပေါ် အီရန်နှင့် အမေရိကန်နိုင်ငံတို့၏ နိုင်ငံရေးအရ လွှမ်းမိုးမှုများသည် ဆက်လက်မြင့်တက်နေဆဲပင်ဖြစ်သည်။

အီရန်နှင့် အမေရိကန်နိုင်ငံတို့သည် လက်ရှိအချိန်တွင် ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှု အမြင့်မားဆုံးနိုင်ငံများစာရင်းတွင် ပါဝင်သည်။ သို့သော် အီရတ်နိုင်ငံ၏ ပြည်တွင်းရေးနှင့်ပတ်သက်ပြီး စွက်ဖက်မှုများကို နှစ်နိုင်ငံစလုံးက လျော့ချပစ်ခြင်း မတွေ့ရသေးပေ။

အီရတ်နိုင်ငံအတွင်း၌ အမေရိကန်တပ်ဖွဲ့များမှအပ အချို့သော ညွန့်ပေါင်းတပ်ဖွဲ့ဝင်များသည် အမိနိုင်ငံများသို့ ပြန်လည်ဆုတ်ခွာသွားပြီး စစ်စခန်းအချို့ကိုလည်း ပြန်လည်ပိတ်သိမ်းသွားခဲ့သည်။ လက်ရှိအချိန်တွင် အီရတ်နိုင်ငံအတွင်း၌ အမေရိကန်တပ်ဖွဲ့များ၏ စစ်စခန်း အနည်းငယ် တပ်စွဲထားလျက်ရှိသည်ကို တွေ့ရသည်။

ထို့ပြင် အီရတ်နိုင်ငံအတွင်းရှိ အမေရိကန်စစ်စခန်းများကို အီရန်က ဒုံးကျည်များဖြင့် ပစ်ခတ်မည်ကို ကြိုတင်ကာကွယ်သည့်အနေဖြင့် ဒုံးခွင်းဒုံးများကို အမေရိကန်က ဖြန့်ကြက်ထားလျက်ရှိသည်။

ဒီဇင်ဘာလအတွင်း အီရန်က အမေရိကန်စစ်စခန်း တစ်ခုပေါ်သို့ ဒုံးကျည်ဖြင့် ပစ်ခတ်မှုကြောင့် အမေရိကန်စစ်သည်တစ်ဦး သေဆုံးခဲ့ပြီး အမေရိကန်နှင့် အီရန်တို့၏ အပြန်အလှန်ပစ်ခတ်မှုများလည်း ဆက်လက်ဖြစ်ပေါ်စေခဲ့သည်။ ယင်းတိုက်ခိုက်မှုများတွင် အီရန်ဗိုလ်ချုပ်ကြီး ကာဆမ်းဆိုလန်းမန်းနီနှင့် အီရတ်ကာကွယ်ရေး ထိပ်တန်းခေါင်းဆောင် အဘူမာဒီ အယ်မူဟန်ဒစ်တို့ သေဆုံးသွားခဲ့သည်။

လက်ရှိအချိန်တွင် အီရတ်နိုင်ငံအတွင်း၌ ဗိုင်းရပ်စ်ကူးစက်ခံရသူ ၆၃၀ ရှိပြီး သေဆုံးသူ ၄၆ ဦးရှိသည်။ အီရတ်အစိုးရက နိုင်ငံအတွင်း ဗိုင်းရပ်စ်ကာကွယ်ရေးလုပ်ငန်းများကို ကြိုးပမ်းလုပ်ဆောင်လျက်ရှိသည်။ နိုင်ငံ၏ အချို့သော ပြည်နယ်များတွင် ခရီးသွားလာမှုများကို ဧပြီ ၁၁ ရက်အထိ ကန့်သတ်ထားသည်။ ဘဂ္ဂဒက်မြို့ရှိ ဈေးနေရာငါးခုကိုလည်း ယာယီပိတ်ထားမှုများ ပြုလုပ်ထားသည်ကို တွေ့ရသည်။

ဤသို့ ပြည်တွင်းစစ်၏ ဆိုးကျိုးများကို ခံစားနေရချိန်တွင် ဗိုင်းရပ်စ်ကူးစက်ပျံ့နှံ့မှုအန္တရာယ်ကိုလည်း ရင်ဆိုင်နေရသည့် စစ်မက်ဖြစ်ပွားလျက်ရှိသော နိုင်ငံများမှ ပြည်သူများ၏ဘဝကို ထပ်တူခံစားရင်း ရေးသားလိုက်ပါသည်။

# မူဆယ်မြို့၌ လောင်းကစားပြုလုပ်သူများ ဖမ်းဆီးရမိ



**မူဆယ် ဧပြီ ၆**
ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့နယ် (၁၀၅)မိုင် မိုင်းယုကျေးရွာရှိ တိုက်ခန်းအမှတ်(၁/၂)၌ ဧပြီ ၅ ရက် ည ၇ နာရီခွဲခန့်က လောင်းကစားပြုလုပ်နေသူများနှင့် လောင်းကစားပြုလုပ်ရာ၌ အသုံးပြုသည့် ဆက်စပ်ပစ္စည်းများကို ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မူဆယ်မြို့နယ် (၁၀၅)မိုင် မိုင်းယုကျေးရွာ နယ်မြေ(၂) ယာဉ်ငယ်စစ်တိုက်တန်း နောက်ကြောလမ်းရှိ တိုက်ခန်းအမှတ်(၁/၂)တွင် လောင်းကစားပြုလုပ်နေကြောင်း သတင်းအရ မူဆယ်မြို့ ဒုတိယစခန်းမှူး ရဲအုပ်သန့်ဇင်ဦးနှင့်အဖွဲ့ဝင်များ၊ ကျေးရွာအုပ်ချုပ်ရေးမှူးတို့က ဝင်ရောက်ရှာဖွေရာ မောင်ဆန်းအား နေအိမ်၌ မတွေ့ရှိဘဲ ငါးပစ်ဂိမ်းနှစ်လုံးနှင့်အတူ နန်းခမ်းပါ ၁၄ ဦးတို့အား ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

**စစ်ဆေးဆောင်ရွက်**

ဆက်လက်ပြီး နန်းခမ်းလွယ်ထားသည့် လွယ်အိတ်အတွင်းမှ လောင်းကြေးငွေကျပ် သုံးသိန်းကျော်၊ လောင်းကစားပြုလုပ်ရာ၌ အသုံးပြုသည့် ဆက်စပ်ပစ္စည်းများကို ထပ်မံဖမ်းဆီးရမိခဲ့ပြီး လောင်းကစားဒိုင်ပြုလုပ်သူ မောင်ဆန်း(တိမ်းရှောင်)နှင့် နန်းခမ်းပါ ၁၄ ဦးတို့အား ဥပဒေအရအရေးယူ ဆောင်ရွက်နိုင်ရေးအတွက် မူဆယ်မြို့ မြို့မရဲစခန်းက စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဆလိုင်းဗန်ရိုးထန်(ပြန်/ဆက်)

# ရှင်ဗွေယန်မြို့နယ်၌ ယာဉ်တစ်စီး တံတားပေါ်ဖြတ်သန်းမောင်းနှင်စဉ် တံတားကျိုးကျ

**ရှင်ဗွေယန် ဧပြီ ၆**
ကချင်ပြည်နယ် ရှင်ဗွေယန်မြို့နယ်၌ ယနေ့နံနက်ပိုင်းက ထောက်ပံ့ရေးယာဉ်တစ်စီး တံတားပေါ်ဖြတ်သန်းမောင်းနှင်စဉ် တံတားကျိုးကျခဲ့၍ ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်တို့ ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယနေ့နံနက် ၈ နာရီခွဲက မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်နေ ယာဉ်မောင်း ဦးမျိုးကိုမောင်းနှင်ပြီး ဦးကျော်ထွန်း လိုက်ပါလာသည့် ၁၂ ဘီးယာဉ်သည် ရှင်ဗွေယန်မြို့နယ် ခလုံးကျေးရွာအုပ်စု တဆိပ်ကျေးရွာအဝင်ရှိ တံတားအမှတ်(၁/၁၂၅)ပေါ်သို့ ဖြတ်သန်းမောင်းနှင်စဉ် တဆိပ်ဘက်အခြမ်း ပေ ၆၀ အကန့်တစ်ကန့် ကျိုးကျခဲ့၍ ယာဉ်နှင့်အတူ ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်ပါ တံတားအောက် ချောင်းအတွင်းသို့ ပြုတ်ကျခဲ့ကြောင်း သိရသည်။



ဖြစ်စဉ်ကြောင့် ယာဉ်မောင်း မျိုးကိုနှင့် ယာဉ်နောက်လိုက် ကျော်ထွန်းတို့တွင် ဒဏ်ရာများ ရရှိခဲ့သဖြင့် ရှင်ဗွေယန်မြို့နယ် ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ထားကာ တံတားကျိုးကျမှုကို တာဝန်ရှိသူများက စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဝင်းနိုင်(ကချင်မြေ)

# မတ္တရာမြို့နယ်၌ ယာဉ်တိုက်မှုဖြစ် ဆိုင်ကယ်မောင်းသူ သေဆုံး

**မတ္တရာ ဧပြီ ၆**
မတ္တရာမြို့နယ် မန္တလေး-မိုးကုတ်ကားလမ်းတွင် ဧပြီ ၅ ရက် ည ၁၀ နာရီ မိနစ် ၂၀ က ယာဉ်တိုက်မှုဖြစ်ပွားသဖြင့် တစ်ဦးသေဆုံးပြီး တစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မတ္တရာမြို့နယ် တံငါမြောက်ကျေးရွာ မန္တလေး-မိုးကုတ်ကားလမ်း မိုင်တိုင်အမှတ်(၂၆/၅-၆)ကြားတွင် ဦးဝင်းသိန်းမောင်းနှင်ပြီး နောက်မှ ဒေါ်စန်းမြင့် လိုက်ပါလာသော ဆိုင်ကယ်အား မျက်နှာချင်းဆိုင်ဘက်မှ မောင်းနှင်လာသော မတ်တူးယာဉ်က ဝင်ရောက်တိုက်မိခဲ့ကာ သုံးဘီးဆိုင်ကယ်အား ထပ်မံတိုက်မိခဲ့သည်။ အဆိုပါ ယာဉ်တိုက်မှုတွင် သုံးဘီးဆိုင်ကယ်မောင်းနှင်သူမှာ ဒဏ်ရာရရှိခြင်းမရှိဘဲ ဆိုင်ကယ်မောင်းနှင်သူ ဦးဝင်းသိန်းမှာ အခင်းဖြစ်နေရာတွင် သေဆုံးသွားခဲ့ပြီး ဒေါ်စန်းမြင့်မှာ ဒဏ်ရာများရရှိခဲ့သဖြင့် မတ္တရာပြည်သူ့ဆေးရုံမှတစ်ဆင့် မန္တလေးပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မောင်း(စုံစမ်းဆဲ)အား ရေနံ့သာနယ်မြေ ရဲစခန်းက အမှုဖွင့်စုံစမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စိုးကျော်သူထွေး(မတ္တရာ)

**မောင်းလျှင် မမူးနှင့် မူးလျှင် မမောင်းနှင့်**



# ဗန်းမောက်မြို့နယ်၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**ဗန်းမောက် ဧပြီ ၆**
စစ်ကိုင်းတိုင်းဒေသကြီး ဗန်းမောက်-ပင်လည်ဘူးသွားကားလမ်း ခမ်းပတ်တောင်ပေါ်တွင် ယနေ့ နံနက် ၅ နာရီခွဲက မံကပ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ထွန်းနှင့် မူးတားအဖွဲ့ဝင်များသည် သတင်းအရစောင့်ဆိုင်းနေစဉ် ပင်လည်ဘူးမြို့နယ်ဘက်မှ သက်ဦးမောင်းနှင်ပြီး သိန်းကို လိုက်ပါလာသော ဆိုင်ကယ်အား စစ်ဆေးရာ တူးဘောက်အတွင်းမှ ဘိန်းဖြူအမှုန့် အလေးချိန် ၁၀ ဂရမ်စီထည့်ထားသောဆပ်ပြာခွက်နှစ်ခွက်စုစုပေါင်း ၂၀ ဂရမ်ခန့် သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ သက်ဦး ပင်လည်ဘူးမြို့နယ် ကံ့ကော်ကျေးရွာနေသူနှင့် သိန်းကို တစ်ရွာတည်းနေသူတို့အား ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

အေးမြသက်ထား

# မြို့နယ်အချို့တွင် တရားမဝင်သစ်များ သိမ်းဆည်းရမိ

**နေပြည်တော် ဧပြီ ၆**
သစ်တောဦးစီးဌာနမှ ဝန်ထမ်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ သစ်တောလုံခြုံရေးရဲတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မတ် ၃၀ ရက်မှ ဧပြီ ၃ ရက်အထိ မင်းကင်းမြို့နယ် ရုံးတောင်ကြိုးပြင် ကာကွယ်တောအတွင်း တရားမဝင် ပျဉ်းကတိုး/အင်/သရက်သစ် ၅ ဒသမ ၇၇၆၀ တန်၊ ကလေးဝမြို့နယ် ရွှေကျင်ကြိုးဝိုင်းအတွင်းနှင့် ကလေးဝမြို့ရှောင်လမ်း ကလေးဝ-မော်လိုက်သွား လမ်းဆုံရွာနေရာများမှ မော်တော်ယာဉ်လေးစီးအား တရားမဝင်အင်ခွဲသား ၂၇ဒသမ ၅၈၂၂ တန်၊ ကလေးဝမြို့နယ် ကျွဲခြံရွာတောင်ဘက် တာဝါတိုင်အနီး၊ တရားမဝင် အင်/သစ်ယာခွဲသား ၁၂ ဒသမ ၀၇၈၆ တန်၊ ပဲခူးမြို့နယ် အဆိပ်တောင်ကျေးရွာမြောက်ဘက် ဒေသအခေါ် (ကျွဲသေကွင်း)(ငမြဲကွင်း)နေရာ၌ တရားမဝင် ကောင်းမှူ/ကညင်/တောင်သရက်ခွဲသား ၁၅ ဒသမ ၉၀၉၂ တန်၊ ပေါက်ခေါင်းမြို့နယ် လေသာတောင်ကြီးအုပ်စု မြေနတ်တောင်ကျေးရွာ၏ အနောက်ဘက် တစ်မိုင်ခန့် အကွာနေရာ၌ တရားမဝင် Jieneng တရုတ်နီအင်ဂျင် တစ်လုံးပါ သစ်စက်နှင့် ဆက်စပ်ပစ္စည်းများ၊ တရားမဝင် ကျွန်းခွဲသား ၅ ဒသမ ၁၇၃၈ တန်၊ ကျောက်တံခါးမြို့နယ် ရဲနွယ်ကြိုးဝိုင်း အကွက် အမှတ်(၉၅) စိန်ကန့်လန့်-မြို့ချောင်းလမ်း မိုင်တိုင်အမှတ်(၆၇/၃)အနီးတွင် ခြောက်ဘီးယာဉ်ပေါ်မှ တရားမဝင် ကညင်ခွဲသား ၄ ဒသမ ၄၄၈၄ တန်၊ စဉ့်ကူးမြို့နယ် အောက်မတ္တရာ တိုးချဲ့ကြိုးဝိုင်း အကွက်အမှတ်(၆၂)အတွင်းနှင့် ပြည့်ပုံရွာမြောက်ဘက်တို့၌ တရားမဝင် Changchai(25HP) အင်ဂျင်တစ်လုံး သစ်စက်နှင့်ဆက်စပ်ပစ္စည်းများ၊ တရားမဝင်ကျွန်း/အင်/ကညင်သစ်/ခွဲသား ၁၃ ဒသမ ၂၃၆၀ တန်၊ ရမည်းသင်းမြို့နယ် အင်တိုင်းကျေးရွာ၏ အရှေ့တောင်ဘက် လေးမိုင်ခန့်အကွာ တောင်ပချုပ်တောင်အနီးမှ တရားမဝင် သစ်ယား/ဒီဒူး/ကညင် သစ်/ခွဲသား ၈ ဒသမ ၂၉၈၀ တန်တို့အား သိမ်းဆည်းရမိခဲ့ပြီး ပြစ်မှုကျူးလွန်သူများအား အရေးယူနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထို့ပြင် ပြင်ဦးလွင်မြို့နယ် သစ်တပင်ကန်(အထက်ကန်)တွင် မော်တော်ယာဉ် နှစ်စီးပေါ်မှ တရားမဝင်ထင်း(သစ်ယား၊ သဖန်းသား)စုစုပေါင်း ၆ ဒသမ ၉၃၀၀ တန်၊ လက်ကိုင်စက်လွှ နှစ်လက်တို့နှင့်အတူ ပြစ်မှုကျူးလွန်သူ ငါးဦး၊ ဆိပ်ဖြူမြို့နယ် ထွန်-ရှားလှလမ်း၊ မိုင်တိုင်အမှတ် (၈/၃)နှင့် (၈/၄) ကြားနေရာတွင် ခြောက်ဘီးယာဉ်ပေါ်မှ တရားမဝင် သန်း/ဒဟတ်/တယ်/ဖျောက်ဆိပ်/နဘဲ/ကြောင်ထောက်/ကုက္ကို/ဘုံမဲဇာ/ချဉ်ယုတ်ခွဲသား ၅ ဒသမ ၄၅၆၄ တန်နှင့်အတူ ပြစ်မှုကျူးလွန်သူ နှစ်ဦး၊ အောင်လံမြို့နယ် အင်းလယ်ရွာမနှင့် ကန်သာယာကြားနေရာ၌ ယာဉ်ပေါ်မှ တရားမဝင် ကျွန်းခွဲသား ၃ဒသမ၇၅၅၂ တန်နှင့်အတူ ပြစ်မှုကျူးလွန်သူ နှစ်ဦး၊ မင်္ဂလာဒုံမြို့နယ် ရန်ကုန်-ပြည်လမ်း ထောက်ကြန့်လမ်းဆုံ အောင်ကောင်းစံ လက်ဖက်ရည်ဆိုင်အနီး ယာဉ်ပေါ်မှ တရားမဝင် ကျွန်းတံခါး/ပြတင်းတံခါး/တံခါးအပိုင်းအစ ၂ ဒသမ ၂၀၈၈ တန် နှင့်အတူ ၎င်းတို့အား သက်ဆိုင်ရာရဲစခန်းတွင် အမှုဖွင့်လှစ်ဆောင်ရွက်လျက်ရှိကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။

ညီညီသန်း (နေပြည်တော်)

# ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၌ ဂတ်စ်နှင့် ဂတ်စ်အပိုပစ္စည်းအရောင်းဆိုင် မီးလောင်

**ရန်ကုန် ဧပြီ ၆**
ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်ရှိ ဂတ်စ်နှင့် ဂတ်စ်အပိုပစ္စည်း အရောင်းဆိုင်တစ်ဆိုင်၌ ယနေ့မွန်းလွဲပိုင်းက မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယနေ့ မွန်းလွဲ ၂ နာရီ ၆ မိနစ်ခန့်က ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ်(၁၂)ရပ်ကွက် တပင်ရွှေထီးလမ်းနေ ဦးနေမိုးလှိုင်၏ နှစ်ထပ်တိုက် (ခိုင်ခန့် ဂတ်စ်နှင့် ဂတ်စ်အပိုပစ္စည်းအရောင်းဆိုင်)မှတစ်ဆင့် မီးစတင်လောင်ကျွမ်းခဲ့ပြီး မီးလောင်မှုကြောင့် နေအိမ်သုံးလုံးနှင့် အတွင်းပစ္စည်းများ မီးလောင်ဆုံးရှုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ပိုင်ရှင် ဦးနေမိုးလှိုင်၏ ဇနီးဖြစ်သူ ဒေါ်ဇာဇာဖြူအား ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့မရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

ပွင့်သစ္စာ

# သုံးခွမြို့အမှတ်၂ ရပ်ကွက်တွင် အမျိုးသားတစ်ဦး ဓာတ်လိုက်သေဆုံး

**သုံးခွ ဧပြီ ၆**
ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့ ပြည်သူ့ဆေးရုံတွင် ဧပြီ ၅ ရက် ည ၁၀ နာရီခွဲခန့်က ဓာတ်လိုက်သေဆုံးနေသော အလောင်းတစ်လောင်း ရောက်ရှိနေကြောင်း သတင်းရရှိသဖြင့် သုံးခွမြို့မရဲစခန်းမှူး ဒုရဲမှူး အောင်နိုင်ဦး၊ တာဝန်မှူး ရဲအုပ်မျိုးမင်းသန့်တို့က သွားရောက်စစ်ဆေးရာ သေဆုံးသူမှာ ဆာသရင်း ဘကန် လမ်းသွယ်အမှတ် ၂ ရပ်ကွက် သုံးခွမြို့နေသူဖြစ်ပြီး ဧပြီ ၅ ရက် ည ၈ နာရီ ၁၅ မိနစ်ခန့်က မီးသွယ်ရန်သွားစဉ် သွယ်တန်းထားသည့် နှစ်ပင်လိမ်ဝိုင်ယာကြိုးအား လက်နှင့်ထိမိပြီး ဓာတ်လိုက်သေဆုံးသွားခြင်းဖြစ်ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ သုံးခွမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

ကိုကျော်(သုံးခွ)

# ကိုရိုနာနှင့် မျက်စိ

ဒေါက်တာနီလာသိန်း (လင်းရောင်သစ်)

ကိုဗစ် – ၁၉ ဗိုင်းရပ်စ်နဲ့ပတ်သက်ပြီး ပညာပေးဆောင်းပါးတွေ၊ ခုခံကာကွယ်တိုက်ဖျက်ရေးတွေ၊ ပြည်သူအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်ဖို့အရေးတွေကို သတင်းစာ၊ ဂျာနယ်၊ တီဗွီချန်နယ်တွေနဲ့ အသံလွှင့်မီဒီယာတွေကနေ နေ့စဉ်နဲ့အမျှ ပညာပေးဖြန့်ဝေနေကြတာ အားရစရာ ကောင်းလှပါတယ်။

ကိုရိုနာဗိုင်းရပ်စ်ဆိုတာ ဘာလဲ၊ ဘယ်သူတွေကနေ ကူးစက်ပြန့်ပွားစေတာလဲ၊ ရောဂါမကူးစက်အောင် ဘယ်လိုနေထိုင်ကာကွယ်ကြမလဲ၊ ကွာရန်တင်းဆိုတာ ဘာလဲ စတဲ့အသိပညာပေးဆွေးနွေးပွဲတွေ၊ စကားဝိုင်းတွေ၊ အင်တာဗျူးတွေကိုလည်း စဉ်ဆက်မပြတ် ကြည့်ရှုနေကြရတယ်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ရဲ့ ပြောကြားတဲ့ မိန့်ခွန်းစကားတွေ၊ လက်တွေ့နယ်ပယ်ထဲက ပြည်သူတွေ၊ ကျန်းမာရေးဝန်ထမ်းတွေနဲ့ တွေ့ဆုံမေးမြန်း၊ လက်ငင်း အကောင်အထည်ဖော် ဖြည့်ဆည်းပံ့ပိုးပေးမှုတွေ၊ အလှူရှင်တွေရဲ့ လှူဒါန်းမှုတွေ၊ ကျန်းမာရေးဝန်ထမ်းတွေရဲ့ မိမိအသက်ကို မငဲ့ကွက်၊ ရှေ့တန်းတိုက်စစ်မှာ တက်ညီလက်ညီ အားသွန်ခွန်စိုက်တိုက်ပွဲဝင်နေကြတာတွေက အားရစရာကောင်းလှတယ်။

ကိုရိုနာဗိုင်းရပ်စ် မကူးစက်အောင် လက်ဆေးရမယ်၊ နှာခေါင်းစည်း တပ်ရမယ်၊ ကိုယ်ခံအားကောင်းတဲ့ အစားအစာတွေ စားရမယ်၊ မလိုအပ်ဘဲ အိမ်ပြင်မထွက်ရဘူး၊ အတတ်နိုင်ဆုံးအိမ်ထဲမှာပဲ နေရမယ် စတဲ့သတိပေးချက်တွေကို ကလေးကစ အဘိုးအဘွားတိုင် သိရှိနားလည်လိုက်နာနေကြပါတယ်။

### တရားဝင်ပြောကြား

ဒါပေမယ့် ကိုရိုနာဗိုင်းရပ်စ်ရောဂါဖြစ်ပွားမှုမှာ မျက်စိဟာ ဘယ်လိုအခန်းကဏ္ဍမှာ ပါဝင်နေသလဲ၊ မျက်စိနဲ့ ကိုရိုနာမှာ ဆက်စပ်ပတ်သက်နိုင်ပါသလား ဆိုတဲ့ မေးခွန်းက အရေးကြီးပါတယ်။ ယနေ့အချိန်မှာတော့ ကမ္ဘာ့ကပ်ရောဂါအသွင်နဲ့ ဖြစ်ပွားလာနေတဲ့ ကိုဗစ်–၁၉ ရောဂါကိုမပြန့်ပွားစေဖို့နဲ့ ရောဂါကာကွယ်တားဆီးရေးမှာ မျက်စိဟာ အရေးကြီးတဲ့ အခန်းကဏ္ဍတစ်ခုဆိုတာကို ဆေးပညာရှင်တွေက တရားဝင်ပြောကြားလိုက်ပြီ ဖြစ်ပါတယ်။

၂၀၂၀ ပြည့်နှစ် ဧပြီလ ၃ ရက်နေ့ ည ၁၀ နာရီအချိန်မှာပဲ မျက်စိရောဂါနဲ့ပတ်သက်ပြီး ယာယီလမ်းညွှန်ချက်ကို ထုတ်ပြန်ခဲ့ပါတယ်။ အရေးပေါ်အခြေအနေမှ မဟုတ်ရင် မျက်စိဆေးခန်း၊ ဆေးရုံတွေဆီလာရောက်မပြသကြဖို့၊ မျက်စိဟာနီရဲမယ်၊ ကိုက်ခဲမယ်၊ ရုတ်တရက် အမြင်အာရုံကွယ်သွားတယ်ဆိုရင် ဒါမှမဟုတ် မျက်စိကို ထိခိုက်ဒဏ်ရာရခဲ့မယ်ဆိုတဲ့ အရေးပေါ်အခြေအနေမျိုးမှသာ လာရောက်ပြသကြဖို့ဆိုတဲ့ ညွှန်ကြားချက်ပဲ ဖြစ်ပါတယ်။

ဘာစီလိုနာမှာရှိတဲ့ မျက်စိရောဂါပညာစင်တာ (အိုင်စီအာရ်)ကတော့ ကမ္ဘာ့ကပ်ရောဂါအသွင် ကူးစက်ရောဂါဖြစ်တဲ့ ကိုရိုနာဗိုင်းရပ်စ်ဟာ 'မျက်မြှေးရောင်မျက်စိနာ' ရောဂါကိုဖြစ်စေတယ်၊ လေထုထဲမှာရှိနေတဲ့ ရောဂါပိုးကို သယ်ဆောင်ထားတဲ့ အမှုန်အမွှားတွေက မျက်မြှေးပါးအလွှာကို ကပ်ငြိထိတွေ့မှုကြောင့် ပင့်ခ်အိုင်း (Pink Eye) လို့ခေါ်တဲ့ မျက်မြှေးရောင်ခြင်း ဖြစ်ရတယ်။ ဒါကြောင့် မျက်မြှေးရောင်မျက်စိနာရောဂါဟာ ကိုဗစ်– ၁၉ ရဲ့အဓိကရောဂါလက္ခဏာမဟုတ်ပေမယ့် သတိထားဖို့ လိုအပ်ကြောင်း ထုတ်ပြန်ခဲ့ပါတယ်။

ဒါကြောင့် ဆေးရုံ၊ ဆေးခန်းတွေမှာ အသက်ရှူလမ်းကြောင်းဆိုင်ရာ ဝေဒနာလက္ခဏာနဲ့ ဖျားနာပြီး ရောက်လာတဲ့လူနာဆိုရင် သတိထားရမယ်။ ရောဂါဖြစ်ပွားရာနိုင်ငံက ပြန်ရောက်လာသူ (သို့မဟုတ်) ပြန်ရောက်လာသူနဲ့ ထိတွေ့မှုရှိခဲ့တဲ့ မိသားစုဝင်တွေကို ကုသမှုပေးရတော့မယ်ဆိုရင် မိမိတို့ရဲ့ မျက်စိ၊ နှာခေါင်း၊ ပါးစပ်တို့ကို ထိထိမိမိကာကွယ်ထားရမယ်ဆိုပြီး နှိုးဆော်ထားပါတယ်။

### ခတ်မတည့်ခြင်းနဲ့လည်း ဆက်စပ်နေ

သာမန်မျက်မြှေးရောင် မျက်စိနာရောဂါဆိုတာ ဗက်တီးရီးယား၊ ဗိုင်းရပ်စ်၊ ဖန်ဂိုင်၊ ကလမိုင်ဒီးယားဆိုတဲ့ ပိုးတွေကြောင့်ဖြစ်ရပြီး ခတ်မတည့်ခြင်းနဲ့လည်း ဆက်စပ်နေပါတယ်။ မျက်မြှေးရောင်မျက်စိနာရောဂါဟာ ကူးစက်တတ်တဲ့ ရောဂါဖြစ်ပြီး ဗိုင်းရပ်စ်ပိုးကြောင့်ဖြစ်ရတဲ့ မျက်မြှေးရောင်ရောဂါကတော့ အသက်ရှူလမ်းကြောင်းဆိုင်ရာ လက္ခဏာတွေနဲ့ အတူတွဲပြီးတွေ့ရတတ်ပါတယ်။

ကိုယ်အနည်းငယ်ပူပြီး မအီမသာဖြစ်မယ်၊ အအေးမိ၊ နှာစေး၊ ခေါင်းကိုက်မယ်၊ တုပ်ကွေးရောဂါရဲ့ လက္ခဏာတွေနဲ့အတူ လည်ပင်းနဲ့ မေးရိုးအောက်ဝန်းကျင်မှာရှိတဲ့ ပြန်ရည်ကျိတ်တွေ ရောင်ရမ်းမယ်စတဲ့ လက္ခဏာတွေနဲ့ လာတတ်ကြတယ်။ မျက်စိနာပြီဆိုရင် မျက်စိနှစ်ဖက်စလုံး တစ်ပြိုင်နက်ဖြစ်တတ်သလို တစ်ခါတစ်ရံ တစ်ဖက်တည်းမှာ စတင်ခံစားရပြီး တစ်ရက်၊ နှစ်ရက်ကြာမှ နောက်တစ်ဖက်ကို ကူးသွားတတ်ပါတယ်။ လူတစ်ဦးမှတစ်ဦးကိုလည်း အလွယ်တကူ ကူးစက်နိုင်ပါတယ်။

မျက်မြှေးရောင်မျက်စိနာဖြစ်ရင် မျက်စိနီမယ်၊ မျက်ရည်ကျမယ်၊ ခိုးလိုးခုလုနေမယ်၊ မနက်အိပ်ရာအထမှာ မျက်ဝတ်တွေနဲ့ ပိတ်ပြီး မျက်ခွံတွေ ပူးကပ်နေတတ်တယ်၊ မျက်ခွံရဲ့ အတွင်းပိုင်းနဲ့ မျက်ခမ်းသားတစ်လျှောက်မှာ အမြှေးပါး အလွှာတစ်ခုက ဖုံးအုပ်နေပြီး မျက်ခွံတွေလည်း ရောင်ရမ်းလာပါတယ်။

မြူးကပ်စ် မမ်ဘရေးန် (Mucous membrane) လို့ခေါ်တဲ့ အမြှေးပါးအလွှာဟာဆိုရင် အင်မတန်မှနူနယ်ပြီး ခန္ဓာကိုယ်ရဲ့ အစိတ်အပိုင်းတွေအနက်မှာ အတွင်းပိုင်းကျတဲ့ ဂူတွင်းလို၊ ချိုင့်လိုနေရာတွေမှာ ရှိပါတယ်။ ဥပမာ –နှာခေါင်းရဲ့အတွင်းပိုင်း၊ ပါးစပ်ရဲ့အတွင်းသွားဖုံးနဲ့ အာခေါင်ပိုင်း၊ မျက်စိရဲ့ မျက်မြှေးပါးတွေမှာ ရှိပါတယ်။ ထိလွယ်ရှလွယ်ပါတယ်။ ခတ်မတည့်တဲ့ ဆေးတစ်မျိုးမျိုးကို သောက်မိရင်ဖြစ်စေ၊ ထိုးလိုက်မိရင်ဖြစ်စေ အဲဒီအမြှေးပါးအလွှာရှိတဲ့ နေရာတွေက အရင်ဆုံးထိခိုက်ပျက်စီးရပါတယ်။

**သာမန်အချိန်မျိုးမှာပဲ ဖြစ်ဖြစ် ဆပ်ပြာနဲ့ လက်ကို သေချာဆေးကြောမထားရင်၊ ရောဂါပိုးရှိသူနဲ့ ထိစပ်ကိုင်တွယ်ထားမိရင် မျက်စိရယ်၊ နှာခေါင်းရယ်၊ ပါးစပ်ရယ်က ကူးစက်ဖို့ အခွင့်အလမ်းများလှပါတယ်။ ယနေ့ ကိုရိုနာဗိုင်းရပ်စ်ကို ကာကွယ်တဲ့နေရာမှာ နှာခေါင်းစည်းတပ်ခြင်းဖြင့် နှာခေါင်းနဲ့ပါးစပ်ကို ကာကွယ်ထားကြသလို မျက်စိကိုလည်း မျက်မှန်တပ်ပြီး ကာကွယ်ရမှာဖြစ်**

### မျက်မှန်တပ်ပြီး ကာကွယ်ရမှာဖြစ်

ဒါကြောင့် သာမန်အချိန်မျိုးမှာပဲဖြစ်ဖြစ် ဆပ်ပြာနဲ့ လက်ကို သေချာဆေးကြောမထားရင်၊ ရောဂါပိုးရှိသူနဲ့ ထိစပ် ကိုင်တွယ်ထားမိရင် မျက်စိရယ်၊ နှာခေါင်းရယ်၊ ပါးစပ်ရယ်က ကူးစက်ဖို့ အခွင့်အလမ်းများလှပါတယ်။ ယနေ့ ကိုရိုနာဗိုင်းရပ်စ်ကို ကာကွယ်တဲ့နေရာမှာ နှာခေါင်းစည်းတပ်ခြင်းဖြင့် နှာခေါင်းနဲ့ပါးစပ်ကို ကာကွယ်ထားကြသလို မျက်စိကိုလည်း မျက်မှန်တပ်ပြီး ကာကွယ်ရမှာ ဖြစ်ပါတယ်။

ကာကွယ်တဲ့နေရာမှာ လူနာအပိုင်းနဲ့ ဆရာဝန်အပိုင်း ဆိုပြီး ခွဲခြားရပါတယ်။

လူနာတွေကို ဆေးခန်းထဲဝင်မလာခင် လက်ဆေးခိုင်းရပါမယ်။ ဖြစ်နိုင်ရင် အပြင်ကစီးလာတဲ့ ဖိနပ်ကို ချွတ်ရပါမယ်။ တတ်နိုင်ရင်တော့ ဖိနပ်အပေါ်က စွပ်ရတဲ့ တစ်ခါသုံး ခြေစွပ်ကို သုံးပေးရပါမယ်။ လူနာကိုယ်တိုင်က နှာစေး၊ ချောင်းဆိုးနေမယ်ဆိုရင် နှာခေါင်းစည်းတပ်ထားရပါမယ်။

ဆရာဝန်အပိုင်းမှာလည်း လူနာတစ်ယောက်ကြည့်ပြီးတိုင်း လက်ဆေးရပါမယ်။ ရောဂါကိုဖြစ်စေတဲ့ ဗိုင်းရပ်စ် ပက်သိုဂျင် (Pathogen) တွေကို သေစေဖို့ ပိုးသတ်ဆေး၊ အရက်ပြန်ကို သုံးရပါမယ်။ ခွဲစိတ်ခန်းအတွင်း စနစ်တကျ ပိုးသန့်စင်ရုံတင်မကဘဲ ခွဲစိတ်ကိရိယာတွေကိုလည်း ပိုးသတ်ဆေးနဲ့ စိမ်ထားပြီး စံချိန်စံညွှန်းနဲ့ကိုက်ညီစေရပါမယ်။

မျက်စိဆရာဝန်တစ်ယောက်အတွက် အရေးကြီးတာက လူနာရဲ့ မျက်စိကို အသေးစိတ်ကြည့်ရှုစစ်ဆေးရတဲ့ အခါ SLE ခေါ်တဲ့ မှန်ဘီလူးစက်ကို အသုံးပြုရပါတယ်။ အဲဒီစက်နဲ့ ကြည့်မယ်ဆိုရင် ဆရာဝန်ရဲ့ မျက်နှာဟာ လူနာရဲ့ မျက်နှာနဲ့ လက်မအနည်းငယ်ပဲ ကွာဝေးပါတယ်။

### တိုက်ရိုက်ဝင်သွားနိုင်

လူနာရဲ့မျက်စိကို ကြည့်ဖို့အတွက် စက်ရဲ့ မေးစေ့တင်တဲ့နေရာမှာ လူနာရဲ့မေးစေ့ကိုတင် နဖူးတန်းကာထားတဲ့ နေရာထိအောင် လူနာရဲ့နဖူးကပ်ထားခိုင်းပြီး ဆရာဝန်က မှန်ဘီလူးဝိုင်းနှစ်ခုမှာ သူ့မျက်စိကိုကပ်ပြီး လူနာရဲ့မျက်စိကို သေချာကြည့်ရှုစစ်ဆေးရပါတယ်။ လူနာဆီက ရှူသွင်းရှူထုတ်တဲ့လေဟာ ကြည့်ရှုနေသူ ဆရာဝန်ရဲ့ နှာခေါင်းနဲ့ပါးစပ်ထဲကို တိုက်ရိုက်ဝင်သွားနိုင်ပါတယ်။

ဒါကြောင့် လူနာနဲ့ဆရာဝန်ကြားမှာ ပလတ်စတစ်အထူသားကတ်ပြားလေးတွေနဲ့ ခြားထားပေးရပါတယ်။ အခုဆိုရင် နီးစပ်ရာဆေးရုံဆေးခန်းတိုင်းကို ဆေးကုမ္ပဏီတွေကနေလာပြီး တပ်ဆင်ပေးထားကြပါတယ်။ လူနာရော ဆရာဝန်ပါ နှာခေါင်းစည်းတပ်ထားမယ်ဆိုရင်တော့ ပိုပြီး သင့်တော်ပါတယ်။

အရေးပေါ်မှာ တာဝန်ကျတဲ့ ဆရာဝန်လေးတွေဆိုရင်လည်း လူနာနဲ့ပထမဆုံးထိတွေ့ကိုင်တွယ်ရတာဖြစ်လို့ ပိုပြီး အရေးကြီးပါတယ်။ နှာခေါင်းစည်း၊ မျက်မှန်၊ တစ်ခါသုံး ဦးထုပ် (ဆံပင်ကို သေသပ်စွာထုံးဖွဲ့ပြီး)၊ လက်အိတ်၊ အေပရွန်၊ ဂျူတီကုတ်၊ တစ်ကိုယ်ရေကာကွယ်ရေး ဝတ်စုံများကို လိုသလို ကြိုတင်ဝတ်ဆင်ထားဖို့ လိုပါတယ်။ ဘယ်လိုလူနာမျိုးလာလာ ကိုယ့်ဘက်က မလိုအောင် အပြည့်အဝ ကာကွယ်ထားဖို့လိုပါတယ်။

၂၀၁၉ ခုနှစ် ဒီဇင်ဘာလနှောင်းပိုင်းမှာ တရုတ်နိုင်ငံ ဝူဟန်ကစခဲ့တဲ့ ကိုရိုနာဗိုင်းရပ်စ်ဟာ တွေ့နေကျဗိုင်းရပ်စ် တစ်ခု ဖြစ်ပါတယ်။ ရောဂါပိုးတချို့ဟာ တိရစ္ဆာန်တွေဖြစ်တဲ့ လင်းနို့၊ ကြောင်၊ ကုလားအုတ်၊ ကျွဲ၊ နွားတွေကို ကူးစက်နိုင်ပြီး တချို့ကတော့ လူတွေကို ကူးစက်နိုင်တယ်လို့ အမေရိကန်အမျိုးသားကျန်းမာရေးဆိုင်ရာ အဖွဲ့အစည်းက ဆိုပါတယ်။

ကိုဗစ် – ၁၉ ဗိုင်းရပ်စ်ပိုးကြောင့် အနည်းဆုံးနှာစေး၊ ချောင်းဆိုးဖြစ်မယ်၊ ဒီထက်ဆိုးရင် လေပြွန်ရောင်ရမ်းခြင်း၊ နမိုးနီးယားနဲ့ ကျောက်ကပ်ပျက်စီးခြင်းတွေ ဖြစ်ပေါ်နိုင်ပြီး အဆိုးဆုံးကတော့ အသက်သေဆုံးနိုင်တာ ဖြစ်ပါတယ်။ နံပါတ်(၇) ကြိမ်မြောက် ဗိုင်းရပ်စ်ဖြစ်တယ်လို့ ရောဂါထိန်းချုပ်ရေးနဲ့ ကာကွယ်တားဆီးရေးစင်တာ (CDC) က ဆိုပါတယ်။

### မျက်စိနဲ့ဆက်စပ်နေတဲ့ အကြောင်းအချက်

ကိုရိုနာဗိုင်းရပ်စ်ပိုးဟာ မျက်စိနဲ့ဆက်စပ်နေတဲ့ အကြောင်းအချက်တွေကိုလည်း တွေ့ခဲ့ရပါတယ်။ ဥပမာအားဖြင့် ပီကင်းတက္ကသိုလ်မှ သမားတော်တစ်ဦးက ရောဂါပိုးရှိလူနာတွေကို ကုသမှုပေးနေစဉ်မှာ သူ့ရဲ့မျက်စိကို အကာအကွယ်မလုပ်မိခဲ့တာကြောင့် ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံခဲ့ရတယ်လို့ ယုံကြည်ခဲ့ပါတယ်။

ဆေးဘက်ဆိုင်ရာတာဝန်ရှိသူတွေရဲ့ သုံးသပ်ချက်ကတော့ ဖြစ်နိုင်ခြေများတယ်၊ ဖြစ်ဖို့အခွင့်အလမ်းတော့ နည်းတယ်လို့ဆိုပါတယ်။

ဗိုင်းရပ်စ်ဆိုင်ရာ ဆေးပညာဂျာနယ်ကလည်း ပိုးတွေ့ လူနာ ၃၀ မှာ တစ်ဦးဟာ မျက်မြှေးရောင်ရောဂါတွေ့ရကြောင်း ရေးသားခဲ့ပါတယ်။ ဒါပေမယ့် ဗိုင်းရပ်စ်ပိုးဟာ မျက်ရည်ကတစ်ဆင့် ကူးစက်ဖို့တော့ အခွင့်အလမ်း နည်းပါးတယ်လို့ဆိုပါတယ်။ စင်ကာပူနိုင်ငံမှာ ကိုဗစ် – ၁၉ လူနာတွေရဲ့ မျက်ရည်တွေကို စစ်ဆေးကြည့်လို့ရတဲ့ ရလဒ်ဖြစ်ပါတယ်။

တရုတ်နိုင်ငံရဲ့ ဆေးရုံမှာ မကြာသေးမီက လေ့လာတွေ့ရှိချက်အရ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံထားရတဲ့ လူနာပေါင်း ၁၀၉၉ ဦးမှ ကိုးယောက်ဟာ မျက်စိနီရဲပြီး မျက်မြှေးပါး ရောင်ရမ်းနေတာကို တွေ့ရတယ်လို့ 'နယူးအင်္ဂလန် ဆေးပညာဂျာနယ်'မှာ ရေးသားထားပါတယ်။ အဲဒါကို ကြည့်ခြင်းအားဖြင့် သုည ဒသမ ၈ ရာခိုင်နှုန်းဟာ မျက်မြှေးပါးရောင် မျက်စိနာရောဂါနဲ့ လာတတ်တယ်ဆိုရမှာပါ။

ရောဂါရှိသူ၊ ရောဂါသယ်ဆောင်သူရဲ့ နှာချေ၊ ချောင်းဆိုးလိုက်ရာက လွင့်စဉ်ထွက်လာတဲ့ အမှုန်လေးတွေ၊ အသက်ရှူလမ်းကြောင်းကတစ်ဆင့် ပျံ့လွင့်လာတဲ့ အဲဒီ အမှုန်တွေကတစ်ဆင့် ဗိုင်းရပ်စ်ပိုးက ပျံ့နှံ့ရပါတယ်။

ဒါကြောင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ချုပ်ကြီးရဲ့ အကြီးအကဲ Dr Mike Ryan က ပြောလိုက်ပါတယ်။ ကိုရိုနာဗိုင်းရပ်စ်ဟာ နှာချေ၊ ချောင်းဆိုးရာကနေသာမက ရောဂါ ကူးစက်နေသူဆီက ထွက်လာတဲ့လေကို ရှူရှိုက်မိရင်လည်း ကူးစက်နိုင်ကြောင်း၊ လူတိုင်းလူတိုင်း နှာခေါင်းစည်းတပ်ဖို့လိုအပ်ကြောင်းနဲ့ နှာခေါင်းစည်း မရှိခဲ့ရင် အလွယ်တကူရနိုင်တဲ့ အဝတ်အထည်ပစ္စည်းတွေနဲ့ ကာကွယ်ဖို့ အကြံပြုလိုက်ပါတယ်။

အဲဒီအမှုန်တွေက အရာဝတ္ထုတွေ၊ အသုံးအဆောင်ပစ္စည်းတွေ၊ တံခါးဘုလုံးတွေ၊ စားပွဲတွေ၊ သော့ခလောက်တွေ၊ လှေကားလက်ရန်းတွေ၊ ကော်ဇောတွေထဲမှာ ကပ်ငြိထိကပ်နေနိုင်ပါတယ်။ အဲဒီအရာတွေကိုကိုင်မိပြီး မျက်စိကို ပွတ်မိမယ်၊ နှာခေါင်းနဲ့ ပါးစပ်ကိုပွတ်မိမယ်ဆိုရင် မိမိထံကို အင်ဒါရိုက်နည်းနဲ့ ကူးစက်ပြီးဖြစ်ပါတယ်။

### အန္တရာယ်များ

နှာခေါင်းစည်းတပ်ထားတဲ့အတွက် အနည်းဆုံးတော့ မိမိနှာခေါင်းနဲ့ ပါးစပ်ကိုပွတ်မိဖို့ အခွင့်အလမ်းနည်းသွားပါပြီ။ တပ်တဲ့အခါမှာလည်း နှာခေါင်းရော၊ ပါးစပ်ရော လုံအောင် အသေအချာအုပ်ဖို့ လိုပါတယ်။ နှာခေါင်းစည်းကို အတွင်း၊ အပြင်၊ အပေါ်၊ အောက် သေချာစွာ မှန်မှန်ကန်ကန် တပ်ဖို့လိုပါတယ်။ အချောင်းမာမာလေးပါတဲ့ ဘက်ကို အပေါ်မှာထားပြီး နှာခေါင်းရိုးအတိုင်း လက်မနဲ့ လက်ညှိုးဖိညှပ်လိုက်မှ လုံခြုံပါတယ်။ နှာခေါင်းကို ဖော်ထားမယ်ဆိုရင် နှာခေါင်းစည်းတပ်တာ ဟန်ပြပဲဖြစ်နေမှာပါ။ မျက်မှန်တပ်တဲ့သူတွေမှာ နှာခေါင်းစည်းနဲ့ နှာခေါင်းကို ခုနကပြောသလို သေချာဖိကပ်မထားဘူး၊ မလုံခြုံဘူးဆိုရင် နှာခေါင်းက မှုတ်ထုတ်တဲ့လေတွေက မျက်မှန်မှာ အခိုးအငွေ့ရိုက်ပြီး မျက်မှန်က အမြင်ဝါးလားတော့၊ မကြာခဏနှာခေါင်းစည်းကို ဆွဲချလိုက်၊ မျက်စိကို ပွတ်လိုက်၊ မျက်မှန်ကို သုတ်လိုက်ဆိုရင် အင်မတန်အန္တရာယ်များပါတယ်။

အလုပ်ခွင်ကနေ မိမိအိမ်ကို ပြန်ရောက်လာပြီဆိုရင် နှာခေါင်းစည်းကို ဖြုတ်ပစ်ရပါမယ်။ မိမိအိမ်ခန်းထဲအထိ ယူမသွားရပါဘူး။ အိမ်အပေါက်ဝက အမှိုက်ခြင်းထဲ ပစ်ခဲ့ရပါမယ်။ ဖြုတ်တဲ့အခါမှာ နားမှာချိတ်ထားတဲ့ သားရေပင်ကို ဖြုတ်လိုက်ရုံပါပဲ။ ပါးစပ်ရှေ့ကနေ အုပ်ပြီးဖြုတ်ရင် ရောဂါပိုးတွေက လက်ကိုကပ်ပြီးကျန်မှာပါ။ တစ်ခါသုံးပြီးသားကို နောက်တစ်နေ့ ပြန်မသုံးရပါဘူး။ ဖြုတ်ပြီးရင်လည်း လက်ကိုအသေအချာပြန်ဆေးရပါမယ်။

အထူးသတိပြုရမှာက မသန့်ရှင်းတဲ့လက်နဲ့ မိမိရဲ့ မျက်စိ၊ နှာခေါင်း၊ ပါးစပ်တို့ကို မပွတ်ပါနဲ့၊ မကိုင်မိပါစေနဲ့။ မျက်စိယားယံလာခဲ့ရင်လည်း လက်နဲ့ မပွတ်ဘဲ၊ အနံ့မပါတဲ့ တစ်ရှူးအစိုနဲ့ အသာအယာပွတ်ပေးနိုင်ပါတယ်။ မျက်စိခြောက်သွေ့လို့ ယားယံခဲ့တာဆိုရင်တော့ မျက်စိခြောက်သွေ့မှုကို ကာကွယ်ပေးနိုင်တဲ့ မျက်ရည်အတု (ကြာရှည်ခံဆေးမပါဝင်သော) မျက်စဉ်းမျိုးကို လိုအပ်ရင်ခပ်နိုင်ပါတယ်။

စာမျက်နှာ ၁၆ သို့ ❍

# COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

## (၆–၄–၂၀၂၀)ရက်နေ့၊ ည (၈:၀၀) နာရီ

၁။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် ကမ္ဘာ့နိုင်ငံများတွင် ကူးစက်ပျံ့နှံ့လျက်ရှိသည့် COVID–19 ရောဂါ ဖြစ်ပွားမှုနှင့်ပတ်သက်၍ ရောဂါစောင့်ကြပ်ကြည့်ရှုခြင်း၊ ရောဂါရှာဖွေ၍ ထိရောက်စွာကုသမှုပေးခြင်း၊ ရောဂါပိုးတွေ့ရှိသူများနှင့် ထိတွေ့မှုရှိခဲ့သူများအား ရှာဖွေဖော်ထုတ်၍ အသွားအလာကန့်သတ်ခြင်း၊ လိုအပ်ပါကဆေးရုံတက်ရောက်ကုသမှု ခံယူနိုင်စေရေးဆောင်ရွက်ခြင်း၊ ပြည်ပနိုင်ငံများမှ ပြန်လည်ဝင်ရောက်လာသူများအား သက်ဆိုင်ရာဒေသအာဏာပိုင်အဖွဲ့များ၊ အခြားဌာနဆိုင်ရာများနှင့် ချိတ်ဆက်၍သတင်းရယူခြင်း၊ အသွားအလာကန့်သတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ COVID–19 ရောဂါနှင့်ပတ်သက်၍ ပြည်သူလူထုမှ သတင်းမှန်များရရှိနိုင်ရေးအတွက်နေ့စဉ် သတင်းထုတ်ပြန်ခြင်းလုပ်ငန်းများအား အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပါသည်။

၂။ (၅–၄–၂၀၂၀)ရက်နေ့၊ ညနေ(၆)နာရီမှ (၆–၄–၂၀၂၀)ရက်နေ့၊ ညနေ(၆)နာရီအထိ စောင့်ကြည့်လူနာအသစ် (၃၁) ဦး ရှိပါသည်။

၃။ အမျိုးသားကျန်းမာရေး ဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) မှ (၆–၄–၂၀၂၀) ရက်နေ့ ဓာတ်ခွဲစစ်ဆေးမှုအဖြေ များအရ စောင့်ကြည့်လူနာနှင့် ဆေးရုံတွင် အသွားအလာကန့်သတ်၍ စောင့်ကြပ်ကြည့်ရှုလျက်ရှိသောသူ (၄၆) ဦး၏ ဓာတ်ခွဲနမူနာများအား စစ်ဆေးခဲ့ရာ (ဇယား–၁) တွင် ဖော်ပြထားရှိသောသူ (၁) ဦး၏ ဓာတ်ခွဲအဖြေတွင် COVID–19 ရောဂါပိုးတွေ့ရှိ (တွေ့ရှိ) ရပြီး ကျန် (၄၅) ဦး၏ ဓာတ်ခွဲအဖြေများတွင် COVID–19 ရောဂါပိုးမရှိကြောင်း (မရှိကြောင်း) တွေ့ရှိရပါသည်။

၄။ ဓာတ်ခွဲအတည်ပြုလူနာ (Case–022) သည် ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်တွင် နေထိုင်သည့် အသက် (၅၁)နှစ်အရွယ် မြန်မာနိုင်ငံသား အမျိုးသမီးတစ်ဦးဖြစ်ပြီး ဓာတ်ခွဲအတည်ပြုလူနာ (Case–021)နှင့် အတူ (၂၄–၃–၂၀၂၀) ရက်နေ့တွင် အမေရိကန်နိုင်ငံမှ ကိုရီးယားသမ္မတနိုင်ငံသို့ လေကြောင်းလိုင်းဖြင့်ထွက်ခွာခဲ့ကာ ကိုရီးယားသမ္မတနိုင်ငံမှတစ်ဆင့် ထိုင်းနိုင်ငံသို့ (၂၅–၃–၂၀၂၀) ရက်နေ့၊ ညနေပိုင်းတွင် ရောက်ရှိခဲ့ပါသည်။ ထိုင်းနိုင်ငံမှ တစ်ဆင့် (၂၆–၃–၂၀၂၀) ရက်နေ့တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ရောက်ရှိခဲ့ပြီး ဗိုလ်တထောင်မြို့နယ်ရှိ ဟိုတယ်တစ်ခုတွင် အသွားအလာကန့်သတ်ခြင်း ဆောင်ရွက်ထားရှိစဉ် ဓာတ်ခွဲအတည်ပြုလူနာ (Case–021)နှင့် အတူ တစ်ခန်းထဲတွင် နေထိုင်ခဲ့သူဖြစ်ပါသည်။ အဆိုပါ အမျိုးသမီးအား ဝေဘာဂီအထူးကုဆေးရုံသို့ လွှဲပြောင်း၍ ဓာတ်ခွဲနမူနာရယူစစ်ဆေးခဲ့ခြင်း ဖြစ်ပါသည်။ လူနာ၏ လတ်တလောကျန်းမာရေးအခြေအနေမှာ ကောင်းမွန်လျက်ရှိပါသည်။

ဇယား–၁

COVID–19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ

(၆–၄–၂၀၂၀) ရက်နေ့ ည (၈:၀၀) နာရီ

| လူနာ အမှတ်စဉ် | အသက် | ကျား/ မ | သွားရောက်ခဲ့သော (ဒေသ) ရက်အတွင်း ခရီးသွားရာဇဝင် | ယခုဆေးကုသမှုခံယူလျက်ရှိသည့်ဆေးရုံ | အသွားအလာကန့်သတ်သည့်/ ဆေးရုံတက်ရောက်သည့် ရက်စွဲ | COVID–19 ဓာတ်ခွဲ အဖြေ |
|---|---|---|---|---|---|---|
| 22 | ၅၁ နှစ် | မ | အမေရိကန်- ကိုရီးယား သမ္မတနိုင်ငံ- ထိုင်း | ဝေဘာဂီအထူးကုဆေးရုံ | ၅–၄–၂၀၂၀ | တွေ့ရှိ |

- ကျန် (၄၅) ဦး၏ ဓာတ်ခွဲအဖြေများတွင် COVID–19 ရောဂါပိုးမရှိပါ။

၅။ COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ (၂၁)ဦးအနက် ချင်းပြည်နယ်၊ တီးတိန် ပြည်သူ့ဆေးရုံတွင် လူနာ(၁)ဦး၊ ရန်ကုန်မြို့၊ ဝေဘာဂီအထူးကုဆေးရုံကြီးတွင် လူနာ(၁၂)ဦးနှင့် မန္တလေးမြို့၊ ကန်တော်နဒီဆေးရုံတွင်လူနာ(၁)ဦး၊ နေပြည်တော်ပြည်သူ့ဆေးရုံကြီးတွင်လူနာ(၁)ဦး၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ ပြည်သူ့ဆေးရုံကြီး၊ လားရှိုးမြို့တွင် ကျောက်မဲမြို့ ပြည်သူ့ဆေးရုံမှ ပြောင်းရွှေ့လူနာ (၁)ဦး၊ ပဲခူးတိုင်းဒေသကြီး၊ ပြည်သူ့ဆေးရုံကြီး၊ ပြည်မြို့တွင် ပြည်သူ့ဆေးရုံ၊ ပေါက်ခေါင်းမြို့မှ ပြောင်းရွှေ့လူနာ(၃)ဦး၊ စုစုပေါင်း (၁၉)ဦးတို့၏ ကျန်းမာရေးအခြေအနေမှာ တည်ငြိမ်လျက်ရှိပါသည်။ ဝေဘာဂီအထူးကုဆေးရုံကြီးရှိ လူနာ (၁) ဦးနှင့် ပြည်မြို့ပြည်သူ့ဆေးရုံကြီးမှ လူနာ(၁)ဦးတို့အား အထူးကြပ်မတ်ခန်း၌ သီးခြားထားရှိ ဆေးကုသမှု ပေးလျက်ရှိပါသည်။

၆။ ယခုအခါ (၂၃–၃–၂၀၂၀)ရက်နေ့မှ (၆–၄–၂၀၂၀)ရက်နေ့အထိ မြန်မာနိုင်ငံတွင် COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ (၂၂)ဦး တွေ့ရှိလာရပြီဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ရောဂါကာကွယ်ရေးဆိုင်ရာ ကျန်းမာရေးပညာပေးအချက်အလက်များအား တိကျစွာလိုက်နာဆောင်ရွက်ခြင်းဖြင့် မိမိသာမက မိမိ၏ မိသားစုနှင့်ပတ်ဝန်းကျင်မှ လူများအတွက်ပါ ရောဂါကူးစက်မှုမရှိစေရေး ပူးပေါင်းဆောင်ရွက်ပေးနိုင်ကြပါရန် နှိုးဆော်အပ်ပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး COVID-19 Clinical Management အဖွဲ့ဝင်များနှင့် တွေ့ဆုံ၍ COVID-19 ကုသရေးလုပ်ငန်းဆိုင်ရာကိစ္စရပ်များ ဆွေးနွေး



**ရန်ကုန် ဧပြီ ၆**

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးသည် ဧပြီ ၄ ရက် ညနေပိုင်းတွင် ဆေးတက္ကသိုလ် (၁)၊ ရန်ကုန်ရှိ Medical Skill, Simulation and Research Center ၌ ဆေးတက္ကသိုလ် (၁) နှင့် ဆေးတက္ကသိုလ် (၂) မှ ဆေးပညာ ပါမောက္ခ/ဌာနမှူး၊ အရေးပေါ်ဆေးပညာ ပါမောက္ခ/ဌာနမှူး၊ အပူပိုင်းဆိုင်ရာ ပါမောက္ခ/ဌာနမှူးများ၊ အထူးကုဆရာဝန်ကြီးများ ပါဝင်သော COVID–19 Clinical Management အဖွဲ့ဝင်များ၊ ဆေးရုံအုပ်ကြီးအချို့နှင့်တွေ့ဆုံ၍ COVID–19 လူနာများ ကုသမှုကုထုံးဆိုင်ရာ၊ လူနာအဆင့် ခွဲခြားမည့်ပုံစံ၊ ရောဂါ ပျံ့နှံ့မှုဆိုင်ရာ ကိစ္စရပ်များဆွေးနွေးသည်။

**တင်ပြ**

ရှေးဦးစွာ COVID–19 Clinical Management အဖွဲ့၏ ကိုယ်စား ဆေးတက္ကသိုလ် (၁)၊ ဆေးပညာဌာနမှ ပါမောက္ခ/ဌာနမှူး ဒေါက်တာဇော်လင်းအောင်က မွမ်းမံပြင်ဆင်ရေးဆွဲပြီးသည့် ကုထုံးလမ်းညွှန်ချက်များ၊ သတ်မှတ်ဆေးရုံ (Designated Hospital)များအတွက် ကြိုတင် ပြင်ဆင်ထားရှိမှုနှင့် ဆက်လက်ဆောင်ရွက်ရမည့်ကိစ္စရပ်များ၊ COVID–19 ဓာတ်ခွဲအတည်ပြုလူနာများ သက်သာပျောက်ကင်းပြီးနောက် ဆေးရုံဆင်းခွင့်ပေးရန် သတ်မှတ်ချက်များ ရေးဆွဲချမှတ်ထားသည့်အခြေအနေများကို တင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ယခုကဲ့သို့ COVID–19 ကုသရေးလုပ်ငန်းများကို ပြည်သူများ အကျိုးအတွက် ပါမောက္ခများ၊ အထူးကုဆရာဝန်ကြီးများ၏ ကြိုးပမ်းဆောင်ရွက်နေမှုများအား မှတ်တမ်းတင်ရှိပါကြောင်း၊ COVID–19 ကုသရေးလုပ်ငန်းများအတွက် တိုင်းဒေသကြီး/ ပြည်နယ် ဆေးရုံအသီးသီးရှိ ပါမောက္ခ/ အထူးကုဆရာဝန်ကြီးများပါဝင်သော တိုင်းဒေသကြီး/ ပြည်နယ် Clinical Management အဖွဲ့များ ဖွဲ့စည်းကာ လုပ်ငန်းများဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခုတင်ပြချက်များနှင့် ဆွေးနွေးချက်များကိုလည်း တိုင်းဒေသကြီး/ ပြည်နယ်များရှိ Clinical Management အဖွဲ့များထံသို့ အချိန်နှင့်တစ်ပြေးညီ ဝန်ကြီးဌာနက ဖြန့်ဝေပေးသွားမည် ဖြစ်ပါကြောင်း။

ဤရောဂါသည် ရောဂါသစ်ဖြစ်သည်နှင့်အညီ ရောဂါ၏ ပြင်းထန်မှုအခြေအနေနှင့် ရောဂါ၏ ဖြစ်စဉ်ပြောင်းလဲမှု အခြေအနေတို့အပေါ်မူတည်၍ ကုထုံးများကိုလည်း လိုအပ်သလို ချိန်ဆကုသရမည်ဖြစ်ပါကြောင်း၊ အောင်မြင်သည့် ကုသချက်များကိုလည်း အချိန်နှင့်တစ်ပြေးညီ တိုင်းဒေသကြီး/ ပြည်နယ် Clinical Management အဖွဲ့များထံသို့ မျှဝေပေးသွားရမည် ဖြစ်ပါကြောင်း၊ အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) အနေဖြင့် ဓာတ်ခွဲနမူနာများကို အရေအတွက် ပိုမိုစစ်ဆေးသွားရန် ဆေးသုတေသနဦးစီးဌာန (ရန်ကုန်) ကလည်း ဓာတ်ခွဲစစ်ဆေးမှုများတွင် ပူးပေါင်းဆောင်ရွက်သွားရန်ဖြစ်ပါကြောင်း၊ ရောဂါဖြစ်ပွားသူနှင့် ထိတွေ့နီးကပ်ခဲ့သူများနှင့် သံသယ/စောင့်ကြည့် လူနာများအားလုံးကို ရရှိသော ဓာတ်ခွဲပစ္စည်းများအပေါ်မူတည်၍ ဓာတ်ခွဲစစ်ဆေးသွားမည်ဖြစ်ပါကြောင်း၊ သို့မှသာ ရောဂါဖြစ်သူများကို စောစီးစွာသိရှိပြီး သီးခြားထားရှိ ကုသမှုပေးနိုင်ကာ ရောဂါဆက်လက်ပြန့်ပွားမှု မရှိတော့မည်ဖြစ်ပါကြောင်း။

**ပိုမိုရှာဖွေဖော်ထုတ်နိုင်မည်**

ဆေးရုံကြီးများ၏ ပြင်ပလူနာဌာန (OPD) များတွင် အဖျားရောဂါလူနာများအတွက် သီးသန့်ပြင်ပလူနာဌာန (Fever Clinic) များကို စနစ်တကျဆောင်ရွက်ရန်၊ ဤသို့ပြုလုပ်ခြင်းဖြင့် ရောဂါဖြစ်ပွားသူများကို ပိုမိုရှာဖွေဖော်ထုတ်နိုင်မည်သာမက ရောဂါကူးစက်ပြန့်ပွားမှုကိုလည်း ထိရောက်စွာဟန့်တားနိုင်မည်ဖြစ်ပါကြောင်း၊ ဤ ကိုဗစ်–၁၉ ကပ်ရောဂါဖြစ်စဉ်တွင် အထူးကြပ်မတ်ကုသဆောင်များကို အဆင့်မြှင့်တင်ခြင်း၊ တိုးချဲ့ခြင်းတို့ဖြင့် ရေရှည်ကာလတွင်လည်း မည်သည့်ရောဂါဖြင့်မဆို တက်ရောက်မည့်လူနာများအတွက်လည်း အကျိုးရှိစေမည်ဖြစ်ပါကြောင်း၊ ကုသရေးပညာရှင် ပါမောက္ခ/ အထူးကုဆရာဝန်ကြီးများ ပါဝင်ဖွဲ့စည်းထားသော Clinical Management အဖွဲ့များ၏ တင်ပြမှုများအပေါ် မိမိတို့အနေဖြင့် အတတ်နိုင်ဆုံး ပံ့ပိုးဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ အကြံပြုချက်များကိုလည်း အလေးထားစဉ်းစားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

**ဆွေးနွေး**

ဆက်လက်၍ တက်ရောက်လာကြသော ဗဟိုအဆင့်တာဝန်ရှိသူများ၊ ဆေးတက္ကသိုလ် (၁) ပါမောက္ခချုပ်၊ ဆေးတက္ကသိုလ် (၁)နှင့် ဆေးတက္ကသိုလ်(၂)တို့မှ ဆေးပညာ၊ အပူပိုင်းဆေးပညာ၊ မေ့ဆေးပညာ၊ အရေးပေါ်ဆေးပညာ၊ ပါမောက္ခများ၊ အထူးကု ဆရာဝန်ကြီးများနှင့် ဆေးရုံအုပ်ကြီးများက ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်များ၊ ဆေးနှင့် ဆေးပစ္စည်းများကို Resource Mobilization ပြုလုပ်ရန်ကိစ္စ၊ COVID–19 သံသယလူနာများအား စောင့်ကြပ်ကုသခြင်းနှင့် လွှဲပြောင်းကုသခြင်းလုပ်ငန်းများကို ပုဂ္ဂလိကဆေးရုံများနှင့် ညှိနှိုင်းဆောင်ရွက်ရေးကိစ္စနှင့် အထွေထွေကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် ဆေးတက္ကသိုလ် (၁)၊ ရန်ကုန်ရှိ Medical Skill, Simulation and Research Center သို့ သွားရောက်စဉ်တွင် သူနာပြုတက္ကသိုလ် (ရန်ကုန်) မှ စေတနာ့ဝန်ထမ်းအဖြစ်တာဝန်ထမ်းဆောင်မည့် သူနာပြုသင်တန်းသား၊ သင်တန်းသူများအား တစ်ကိုယ်ရေရောဂါကာကွယ်ရေးဝတ်စုံ စနစ်တကျ အသုံးပြုဝတ်ဆင်ခြင်း သင်ကြားမှုများ ပြုလုပ်နေသည်ကို ကြည့်ရှုသည်။ အလားတူ အခြားဝန်ထမ်းများကိုလည်း သင်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

❍ စာမျက်နှာ ၁၅ မှ

မျက်စိ၌ ခွဲစိတ်ထားသူ၊ မျက်စိဆရာဝန်မှ ညွှန်ကြားထားတဲ့ မျက်စဉ်းဆေးကို မဖြစ်မနေ ခပ်မယ်ဆိုရင်လည်း လက်ကို ဆပ်ပြာနဲ့ စက္ကန့် ၂၀ အနည်းဆုံးဆေးကြောပြီးမှ ခပ်ရပါမယ်။

မျက်ကပ်မှန် တပ်ဆင်သူများအနေဖြင့် ဒီကာလမှာ မျက်ကပ်မှန်ကို ဖြုတ်ထားပေးပါ။ မျက်မှန်ကို ခေတ္တပြောင်းတပ်ပေးပါ။ မျက်မှန်တပ်ခြင်းဖြင့် ရောဂါပိုးဝင်ရောက်နိုင်မယ့် အခြေအနေကို ကာကွယ်ပေးပြီးသားဖြစ်သွားနိုင်ပါတယ်။

ပီကင်းတက္ကသိုလ်မှ အဆုတ်ရောဂါအထူးကုဆရာဝန် ဝမ် (Wang GuangFa) ကတော့ ပိုးရှိသူလူနာကို ကြည့်ရှုထိတွေ့ခဲ့ပြီးတဲ့နောက်မှာ သူ့ရဲ့ဝဲဘက်မျက်စိဟာ ရောင်ရမ်းလာခဲ့ပြီး အဖျားဝင်လာခဲ့ပါတယ်။ နှာခေါင်းထဲမှာလည်း အကျိအချွဲတွေနဲ့ ပြည့်လာတာကို သတိပြုမိလိုက်ပါတယ်။ ကိုရိုနာဗိုင်းရပ်စ်အသစ်ဟာ သူ့ဆီကို ကူးစက်ဝင်ရောက်သွားပြီဆိုတာ သိလိုက်ပါတယ်။ "ဝမ်"အနေနဲ့ မျက်စိကို ကာကွယ်တဲ့မျက်မှန် မတပ်ဆင်ခဲ့မိတာကိုလည်း ချက်ချင်းသတိရလိုက်မိပါတယ်။

"စန် အန်တိုနီယို" ကျန်းမာရေးဌာနရဲ့ ရောဂါဗေဒနဲ့ ကူးစက်ရောဂါဌာနခွဲမှ ပါမောက္ခဒေါက်တာ "ဂျန် အီဗန်ပက်တာဆန်" ပြောတာကတော့ ရောဂါရှိသူရဲ့ အဆုတ်ထဲကထွက်လာတဲ့ အမှုန်အမွှားတွေဟာ "ဝမ်" ရဲ့ မျက်စိနဲ့ အခြားသော အမြှေးပါးအလွှာများရှိရာ နေရာတွေကို ရောက်ရှိခဲ့တာဖြစ်တယ်လို့ ကောက်ချက်ချခဲ့ပါတယ်။

ဒါကြောင့် နယူးယောက် "ဆန်နီအပ်စတိတ်" ဆေးတက္ကသိုလ်မှ ကူးစက်ရောဂါဆိုင်ရာ အကြီးအကဲဖြစ်သူ "ဒေါက်တာ စတီဗင်သောမတ်" က ကိုဗစ် – ၁၉ ကြောင့် လက်ကနေမျက်စိကို ထိတွေ့ခြင်းဟာ ဖြစ်ဖို့ အလားအလာနည်းပေမယ့် ဖြစ်နိုင်ခြေကတော့ များပါတယ်လို့ ပြောခဲ့ပါတယ်။

မည်သို့ပင်ဆိုစေကာမူ မိဘပြည်သူများအနေဖြင့် မျက်စိနီ၊ မျက်စိနာခဲ့လျှင် မပေါ့ဆကြဘဲ မိမိတို့ရဲ့မျက်စိကို အထူးဂရုပြုစောင့်ရှောက်နိုင်ကြပြီး ကိုဗစ်–၁၉ ကပ်ရောဂါမှ ကင်းဝေးနိုင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းလိုက်ရပါတယ်။ ။

## Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီသို့ အများပြည်သူများက အလှူငွေများ ထည့်ဝင်လှူဒါန်းနိုင်ရေးအတွက် အသိပေးမေတ္တာရပ်ခံခြင်း

၁။ တစ်ကမ္ဘာလုံးဆိုင်ရာကပ်ရောဂါ (Pandemic) အဖြစ် ထုတ်ပြန်ထားသော Coronavirus Disease 2019 (COVID–19) နှင့်ပတ်သက်၍ မြန်မာနိုင်ငံအတွင်း ဝင်ရောက်ကူးစက်ပြန့်ပွားမှုမရှိစေရေးအတွက် ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာလုပ်ငန်းများအား နိုင်ငံတော်က အမျိုးသားအဆင့်အနေဖြင့် သတ်မှတ်၍ အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပါသည်။

၂။ ၎င်းအပြင် (၁၆–၃–၂၀၂၀)ရက်နေ့တွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ပြည်သူလူထုသို့ အစီရင်ခံတင်ပြသည့် မိန့်ခွန်းတွင် Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ရန်ပုံငွေတစ်ရပ် ထူထောင်ရာတွင် ပြည်သူလူထုအနေဖြင့် တတ်နိုင်သမျှ ပူးပေါင်းပါဝင်ထည့်ဝင်လှူဒါန်းသွားရန် တိုက်တွန်းနှိုးဆော်ခဲ့ပြီးဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ပိုမိုအောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ကုမ္ပဏီများ၊ အသင်းအဖွဲ့များနှင့် ပြည်သူလူထုတစ်ဦးချင်းအနေဖြင့် တတ်အားသရွေ့ အလှူငွေများ ပါဝင်လှူဒါန်းလိုပါက အောက်ဖော်ပြပါဘဏ်များတွင် ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း အသိပေးမေတ္တာရပ်ခံအပ်ပါသည်–

| | | | | | |
|---|---|---|---|---|---|
| (က) | မြန်မာ့စီးပွားရေးဘဏ် | – | မြန်မာကျပ်ငွေစာရင်းအမှတ် | – | CF 004880 |
| | | | နိုင်ငံခြားငွေစာရင်းအမှတ် | – | EDN 600010 |
| (ခ) | ကမ္ဘောဇဘဏ် | – | မြန်မာကျပ်ငွေစာရင်းအမှတ် | – | 034 103 034 0232 8301 |
| | | | နိုင်ငံခြားငွေစာရင်းအမှတ် | – | 034 109 034 0232 8301 |
| (ဂ) | ရောဝတီဘဏ် | – | မြန်မာကျပ်ငွေစာရင်းအမှတ် | – | A/C 000 110 501 002 5635 |
| | | | နိုင်ငံခြားငွေစာရင်းအမှတ် | – | A/C 000 110 503 000 0425 |
| (ဃ) | CB ဘဏ် | – | မြန်မာကျပ်ငွေစာရင်းအမှတ် | – | 0093 1005 0000 1333 |
| | | | နိုင်ငံခြားငွေစာရင်းအမှတ် | – | 0093 1012 0000 2957 |

၄။ ဆေးဝါးများ၊ ဆေးရုံသုံးပစ္စည်းများ/ စက်ကိရိယာများအား လှူဒါန်းလိုပါက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ဝန်ကြီးရုံးနှင့် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးရှိ ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးရုံးများ၊ နီးစပ်ရာပြည်သူ့ဆေးရုံကြီးများ၊ ဆေးရုံများသို့ တိုက်ရိုက်ဆက်သွယ်လှူဒါန်းနိုင်ကြပါသည်။

**Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး**
**အမျိုးသားအဆင့်ဗဟိုကော်မတီ**



## Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအမျိုးသားအဆင့် ဗဟိုကော်မတီသို့ စေတနာရှင်ကုမ္ပဏီများ၊ အသင်းအဖွဲ့များနှင့် တစ်ဦးချင်းအလှူရှင်များက အလှူငွေနှင့် ဆေးရုံသုံးပစ္စည်းများပေးအပ်လှူဒါန်း

**နေပြည်တော် မေ ၆**

စေတနာရှင်ကုမ္ပဏီများ၊ အသင်းအဖွဲ့များနှင့် တစ်ဦးချင်း အလှူရှင်များက Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီသို့ အလှူငွေနှင့် ဆေးရုံသုံးပစ္စည်းများပေးအပ်လှူဒါန်းခြင်းအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအမျိုးသားအဆင့် ဗဟိုကော်မတီအတွင်းရေးမှူး (၂) ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး တက်ရောက်၍ လှူဒါန်းမှုများကို လက်ခံသည်။

**ရှင်းလင်းပြောကြား**

ရှေးဦးစွာ အလှူရှင်များကိုယ်စား မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်များကောင်စီနှင့် မြန်မာနိုင်ငံလုံးဆိုင်ရာ ဂေါ်ရခါးအဖွဲ့ချုပ်တို့မှ တာဝန်ရှိသူများက လှူဒါန်းရသည့် အကြောင်းရင်းကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက လှူဒါန်းမှုအပေါ် ပြည်သူများကိုယ်စား ကျေးဇူးတင်ရှိပါကြောင်း၊ ယခုကဲ့သို့ ညီညီညွတ်ညွတ်ဖြင့် စုစည်းလုပ်ဆောင်နေမှုများ၊ လှူဒါန်းပံ့ပိုးမှုများသည် မိမိတို့နိုင်ငံ ကိုဗစ်–၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအတွက် များစွာအထောက်အကူပြုမည်ဖြစ်ပါကြောင်း၊ လှူဒါန်းသည့် လှူဒါန်းငွေများ၊ ဆေးနှင့် ဆေးပစ္စည်းကိရိယာများကို အကျိုးရှိထိရောက်စွာ အသုံးချသွားမည်ဖြစ်ပြီး ဆေးပစ္စည်းကိရိယာများကို ယခု ကိုဗစ်–၁၉ လူနာများအတွက်သာမက နောင်ကာလများတွင် အထူးကြပ်မတ်ကုသဆောင်များ၌ ထားရှိကုသရမည့် အခြားလူနာများအတွက် အသုံးပြုနိုင်မည်ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်(ပြည်ထောင်စုဝန်ကြီးရုံး)နှင့် ညွှန်ကြားရေးမှူးချုပ် (ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန) တို့က အလှူရှင်များ၏ပေးအပ်လှူဒါန်းမှုများကိုလက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

အခမ်းအနားတွင် မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်များကောင်စီက ငွေကျပ် သိန်း ၃၀၊ မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်(အင်္ဂလီကန်)က ငွေကျပ်သိန်း ၇၀၊ ကရင်နှစ်ခြင်းခရစ်ယာန်အဖွဲ့ချုပ်က ငွေကျပ်သိန်း ၆၀၊ ဦးနေသအောက်မေ့ဖွယ်ရာ မြန်မာနှစ်ခြင်းခရစ်ယာန်အသင်းတော်က ငွေကျပ်သိန်း ၅၀၊ ရန်ကုန်ယုဝတီခရစ်ယာန်အသင်း (Yangon YWCA) က ငွေကျပ် ၂၂ ဒသမ ၈ သိန်း၊ မြန်မာနိုင်ငံခရစ်ယာန် ကျန်းမာရေးလုပ်သားများအသင်း (MCHWA) က ငွေကျပ် သုံးသိန်း၊ The Salvation Army ကယ်တင်ခြင်းတပ်အသင်းတော်က ငွေကျပ် ၁၅ ဒသမ ၂ သိန်း၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ဂေါ်ရခါးအဖွဲ့ချုပ်က ငွေကျပ် ၁၀၈ သိန်း၊ ဂေါ်ရခါးလူမှုကူညီရေးအသင်း (မြန်မာ)က ငွေကျပ် သိန်း ၃၀၊ PMA Care က ငွေကျပ် သိန်း ၅၀ နှင့် ဆောက်လုပ်ရေး၊ အိမ်ရာနှင့် အခြေခံအဆောက်အအုံဖွံ့ဖြိုးရေးဘဏ်က ငွေကျပ် သိန်း ၁၅၀ တို့ကို ပေးအပ်လှူဒါန်း ကြသည်။

အလားတူ နံနက်ပိုင်းက ရှမ်းပြည်နယ် ရွာငံမြို့နယ် မိန်းမရဲသခင်မတောင်မှ မဟာဂန္ဓာရီသာသနာပြု ယောက်ကော်ဆရာလေးက ငွေကျပ် သိန်း ၁၀၀၊ ဦးငွေးဦး (ငွေးဝင်္ဂဘာကုမ္ပဏီလီမိတက်)က ငွေကျပ် သိန်း ၂၀၊ ဒေါက်တာမသဇင် (နတ်ရေကန် ဆေးခန်း)က ငွေကျပ် ၁၀ သိန်း၊ ဦးအောင်ကောင်း+ဒေါ်အေးအေးနွဲ့ မိသားစုက ငွေကျပ် ငါးသိန်းတို့ကို လာရောက်လှူဒါန်းကြရာ ပြည်ထောင်စုဝန်ကြီးက လက်ခံရယူခဲ့ပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## Coronavirus Disease 2019(COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီသို့ အများပြည်သူများမှ အလှူငွေများထည့်ဝင်လှူဒါန်းမှုစာရင်း

ကမ္ဘာလုံးဆိုင်ရာ ကပ်ရောဂါ (Pandemic)အဖြစ် ထုတ်ပြန်ထားသော Coronavirus Disease 2019(COVID–19)နှင့်ပတ်သက်၍ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာလုပ်ငန်းများအား နိုင်ငံတော်က အမျိုးသားအဆင့်အနေဖြင့်သတ်မှတ်၍ အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ လုပ်ငန်းများပိုမိုအောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ကုမ္ပဏီများ၊ အသင်းအဖွဲ့များနှင့် ပြည်သူလူထုတစ်ဦးချင်းအနေဖြင့် ၂၀၂၀ ပြည့်နှစ် ဧပြီလ ၁ ရက်နေ့မှ ၆ ရက်နေ့၊ (၁၆:၃၀)နာရီအထိ အောက်ဖော်ပြပါအတိုင်း အလှူငွေများကို စေတနာထက်သန်စွာဖြင့် လှူဒါန်းမှုပြုခဲ့ကြပါသည်–

**COVID–19 ကာကွယ် ထိန်းချုပ် ကုသရေးလုပ်ငန်းများအတွက် ဗဟိုကော်မတီသို့ လှူဒါန်းသော အလှူရှင်များစာရင်း**
**(၁.၄.၂၀၂၀)ရက်နေ့မှ (၆.၄.၂၀၂၀)ရက်နေ့ (၁၆:၃၀)နာရီအချိန်ထိ**

| စဉ် | အလှူရှင်အမည် | ကျပ် (သိန်းပေါင်း) |
|---|---|---|
| ၁ | Asia World Foundation | ၁၀၀၀.၀၀ |
| ၂ | ဆောက်လုပ်ရေး၊ အိမ်ရာနှင့် အခြေခံအဆောက်အအုံဖွံ့ဖြိုးရေးဘဏ် | ၁၅၀.၀၀ |
| ၃ | မြန်မာနိုင်ငံလုံးဆိုင်ရာဂေါ်ရခါးအဖွဲ့ချုပ် | ၁၀၈.၀၀ |
| ၄ | မဟာဂန္ဓာရီသာသနာပြု ယောက်ကော်ဆရာလေး | ၁၀၀.၀၀ |
| ၅ | RSE Examiness & Supporting Team in Singapore | ၉၀.၀၀ |
| ၆ | မြန်မာနိုင်ငံခရစ်ယာန်အသင်းတော် (အင်္ဂလီကန်) | ၇၀.၀၀ |
| ၇ | ကရင်နှစ်ခြင်းခရစ်ယာန်အဖွဲ့ချုပ် | ၆၀.၀၀ |
| ၈ | ဦးနေသအောက်မေ့ဖွယ်ရာမြန်မာနှစ်ခြင်းခရစ်ယာန်အသင်းတော် | ၅၀.၀၀ |
| ၉ | PMA Care အဖွဲ့ | ၅၀.၀၀ |
| ၁၀ | ပြည်ထောင်စုရာထူးဝန်အဖွဲ့ | ၄၃.၈၀ |
| ၁၁ | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၃၀.၀၀ |
| ၁၂ | မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်များကောင်စီ | ၃၀.၀၀ |
| ၁၃ | ဂေါ်ရခါးလူမှုကူညီရေးအသင်း(မြန်မာ) | ၃၀.၀၀ |
| ၁၄ | ရန်ကုန်ယုဝတီခရစ်ယာန်အသင်း(Yangon YMCA) | ၂၂.၈၀ |
| ၁၅ | မြန်မာနိုင်ငံခရစ်ယာန်ကျန်းမာရေးလုပ်သားများအသင်း (MCHWA) | ၃.၀၀ |
| ၁၆ | (၂–၄–၂၀၂၀)ရက်နေ့မှ (၃–၄–၂၀၂၀)ရက်နေ့ထိ အများပြည်သူလှူဒါန်းငွေ | ၇၇၈.၈၀ |
| | **စုစုပေါင်း** | ၂၆၁၆.၄၀ |

| စဉ် | အလှူရှင်အမည် | USD |
|---|---|---|
| ၁ | MAI Air Line | 50000.00 |
| ၂ | Air KBZ | 50000.00 |
| | **စုစုပေါင်း** | **100000.00** |

ကျန်ရှိသော လှူဒါန်းငွေများနှင့် ဆေးရုံသုံးပစ္စည်း/ စက်ကိရိယာများ ထည့်ဝင်လှူဒါန်းမှုများကို ဆက်လက်အသိပေး ထုတ်ပြန်သွားမည်ဖြစ်ပါကြောင်း အသိပေးဖော်ပြအပ်ပါသည်–

**Coronavirus Disease 2019(COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအမျိုးသားအဆင့် ဗဟိုကော်မတီ**



## သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း(ရန်ကုန်)ရုံးရှိ ရုံးခန်းများတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး ဆေးဖျန်းခြင်းများ ဆောင်ရွက်

**ရန်ကုန် ဧပြီ ၆**

ကိုဗစ်-၁၉ ရောဂါဖြစ်ပွားပျံ့နှံ့မှု ကာကွယ်၊ ထိန်းချုပ်ရေးအတွက် ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ် သိမ်ဖြူလမ်း အမှတ်(၂၁၂)ရှိ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း(ရန်ကုန်)ရုံးရှိ ရုံးခန်းများကို ယနေ့နံနက်ပိုင်းတွင် ပုဇွန်တောင်မြို့နယ် ကလျာဏလူငယ်များပရဟိတအသင်း ဥက္ကဋ္ဌ ဦးစန်းထွန်းဦး ဦးဆောင်သည့် လူငယ်များက ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းကို ဆောင်ရွက်ပေးကြသည်။

ကိုဗစ်-၁၉ ရောဂါဖြစ်ပွားပျံ့နှံ့မှု ကာကွယ်၊ ထိန်းချုပ်ရေးအတွက် သတင်းနှင့်စာနယ်ဇင်း(ရန်ကုန်)ရုံးသို့ ရုံးကိစ္စဖြင့် လာရောက်ကြသည့် ဧည့်သည်များနှင့် လမ်းသွားလမ်းလာခရီးသွားပြည်သူများ အသုံးပြုနိုင်ရန် ရုံးရှေ့၌လည်း လက်သန့်ဆေးရည်များနှင့် လက်ဆေးကန်များကို ဆောင်ရွက်ပေးထားသည်။

ကလျာဏလူငယ်များ ပရဟိတအသင်းမှ မောင်ကောင်းမြတ်သူက "ကျွန်တော်တို့ လူငယ်များပရဟိတအသင်းက ပုဇွန်တောင်မြို့နယ် ရပ်ကွက်တွေမှာလည်း ပိုးသတ်ဆေးဖျန်းခြင်းနဲ့ သန့်ရှင်းရေးဆောင်ရွက်ခြင်းတို့ကို ကူညီဆောင်ရွက်ပေးတဲ့အပြင် ခရီးသွားပြည်သူတွေအများဆုံး သွားလာကြတဲ့ မဟာဗန္ဓုလပန်းခြံမှာလည်း ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားပျံ့နှံ့မှု ကာကွယ်၊ ထိန်းချုပ်ရေးအတွက် ကျန်းမာရေးအသိပညာပေး လက်ကမ်းစာစောင်များ ဝေငှခြင်း၊ လက်သန့်ရှင်းရေးအတွက် လက်သန့်ဆေးရည် ဝေငှခြင်းတို့ကို ဆောင်ရွက်ပေးကြပါတယ်"ဟု ပြောသည်။

**ဇော်မင်းလတ်(MNA)**



## နေပြည်တော်သတင်းစာတိုက်များနှင့် ဝန်ထမ်းအိမ်ရာများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး ဆေးဖျန်းခြင်းဆောင်ရွက်

**နေပြည်တော် ဧပြီ ၆**

နေပြည်တော် ဇေယျာသီရိမြို့နယ် ခရေပင်လမ်းခွဲရှိ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းလက်အောက်ရှိ သတင်းစာတိုက်များနှင့် ဝန်ထမ်းအိမ်ရာများတွင် ယနေ့နံနက်ပိုင်းက ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် ဆေးဖျန်းခြင်း ဆောင်ရွက်ခဲ့သည်။

ဥတ္တရခရိုင်မီးသတ်ဦးစီးမှူး ဦးစောလွင်အေး ဦးဆောင်သည့် မီးသတ်တပ်ဖွဲ့ဝင် ၂၀ ဖြင့် ဖွဲ့စည်းထားသော ခရိုင်အဆင့် ကာကွယ်ဆေးဖျန်းအဖွဲ့သည် ကြေးမုံသတင်းစာတိုက်၊ မြန်မာ့အလင်းသတင်းစာတိုက်နှင့် နေပြည်တော်သတင်းစာတိုက်ရုံးများအတွင်း ကိုဗစ်-၁၉ ကာကွယ်ရေးအတွက် ဆိုဒီယမ်ဟိုက်ပိုကလိုရိုက် ပိုးသတ်ဆေးများ ပက်ဖျန်းပေးခဲ့သည်။

ထို့ပြင် သတင်းစာတိုက်ဝန်ထမ်းများ နေထိုင်သည့် ဝန်ထမ်းအိမ်ရာများ၊ လူပျိုဆောင်၊ အပျိုဆောင်တို့မှ အခန်းပေါင်း ၁၈၂ ခန်းနှင့် မူကြိုကျောင်း၊ Recreation Center နှင့် ဝန်ထမ်းသက်သာဆိုင်များတွင်လည်း ပိုးသတ်ဆေးများ ဖျန်းပေးခဲ့ကြောင်းသိရသည်။ **နိုင်လင်းကြည်**

## မြို့သစ်မြို့နယ်အဆင့်ရှိ ကျန်းမာရေးစင်တာသို့ အလှူငွေများပေးအပ်

**မြို့သစ် ဧပြီ ၆**

မကွေးခရိုင် မြို့သစ်မြို့နယ်အဆင့် မြို့နယ်အဆင့် ကျန်းမာရေးစင်တာအတွက် အလှူငွေပေးအပ်ခြင်းကို အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်း ယနေ့နံနက်ပိုင်းက ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ မြို့နယ်ကျန်းမာရေးစင်တာတွင် မြို့သစ်မြို့နယ် အဖွဲ့အစည်းအသီးသီးနှင့် စေတနာရှင် ပြည်သူများက ပြည်တော်ပြန် ၂၆ ဦးအတွက် ထမင်း၊ ဟင်းနှင့် အသုံးအဆောင်ပစ္စည်းများ နေ့စဉ် လာရောက်လှူဒါန်းလျက်ရှိသည်။ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လိုအပ်သည်များကို အသုံးပြုနိုင်ရန်အတွက် ပေးအပ်လှူဒါန်းခြင်းဖြစ်သည့် အလှူငွေများပေးအပ်ခြင်းကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသာအောင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်ဦးနှင့် ကော်မတီအဖွဲ့ဝင်များက လက်ခံရရှိခဲ့ကြောင်းနှင့် မြန်မာနိုင်ငံ သစ်ပင်ချစ်သူများအသင်းကလည်း တစ်ကိုယ်ရေကာကွယ်ရေးဝတ်စုံ ငါးစုံနှင့် ပိုးသတ်ဆေးဘူးများ၊ နှာခေါင်းစည်း ၁၅၀၊ လက်သန့်ဆေးရည်ဘူး ၂၀၊ အပူချိန်တိုင်းကိရိယာတစ်ခုနှင့် ပညာပေး လက်ကမ်းစာစောင် ၅၀၀ တို့ကို ပေးအပ်လှူဒါန်းခဲ့သည်။



ဆက်လက်၍ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်ဦးနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးကော်မတီအဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် စေတနာရှင်ပရဟိတလူငယ်များ ပူးပေါင်း၍ စုစုပေါင်းအလှူငွေကျပ်သိန်း ၄၈၅၅၅၀၀ အား ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ အလှူရှင်အသီးသီးထံမှ လက်ခံရရှိခဲ့ကြောင်း သိရသည်။

အဆိုပါ ပြည်ပမှဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများ၏ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ် ကုသခြင်းအတွက် စောင့်ကြည့်ရေးစခန်း ၈၅ ခု လူဦးရေ ၁၄၆၂ ဦးရှိပြီး ယနေ့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းတွင် မြို့နယ်အဆင့် ကျန်းမာရေးစင်တာစခန်းမှ ပြည်တော်ပြန် ၂၆ ဦးအား မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်နှင်းဝေလှိုင်နှင့် အမျိုးသမီးရေးရာအဖွဲ့ဝင်များက ထမင်းနှင့် ဟင်းလျာများ၊ နှာခေါင်းစည်းများ၊ သောက်ရေသန့်ကတ်များ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**ဇော်ဇော်(မြို့သစ်)**

## သီပေါမြို့နယ် စည်ပင်သာယာရေးဌာန ဝန်ထမ်းများအား စားသောက်ကုန်ပစ္စည်းများ ထောက်ပံ့

**သီပေါ ဧပြီ ၆**

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် ကိုရိုနာဗိုင်းရပ်စ်ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် လူစုလူဝေးနေရာများ ရှောင်ကြဉ်ကြရန်၊ မကြာခဏ ဆပ်ပြာဖြင့် လက်ဆေးရန်နှင့် မြို့ဝင်မြို့ထွက် တိုးဂိတ်များ၌ ကိုယ်အပူချိန်တိုင်းကိရိယာဖြင့်စစ်ဆေးခြင်း စသည့် ကျန်းမာရေးလုပ်ငန်းများကို ကျန်းမာရေးဌာန၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပရဟိတအသင်းများ၊ ကြက်ခြေနီ၊ မီးသတ်တပ်ဖွဲ့ဝင်များပူးပေါင်း၍ အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထိုသို့ ကိုရိုနာဗိုင်းရပ်စ်ရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ဆောင်ရွက်ရာတွင် ဌာနဆိုင်ရာများအနေဖြင့်လည်း မိမိတို့ဌာနဝန်ထမ်းများကို စားသောက်ရေးကိစ္စရပ်များ အခက်အခဲမရှိစေရေးအတွက် ကူညီထောက်ပံ့ပေးလျက်ရှိရာ ယနေ့မွန်းလွဲ ၂ နာရီက ဈေးနှင့် သန့်ရှင်းရေးဝန်ထမ်း ၃၄ ဦးနှင့် ရုံးဝန်ထမ်း ၁၅ ဦးတို့ကို တစ်ဦးလျှင် ဆန် ၁၀ ပြည်၊ ဆီ နှစ်ပိဿာ၊ ကြက်သွန်နီ နှစ်ပိဿာ၊ ဆား တစ်ပိဿာ၊ အသားတု ၂၅ ကျပ်သား၊ ကုလားပဲ ၂၅ ကျပ်သား၊ ဟင်းခပ်မှုန့် ၂၅ ကျပ်သား၊ ဆန်ကြာဆန် နှစ်ထုပ်၊ ကြက်ဥ ၁၀ လုံး၊ ခေါက်ဆွဲခြောက် ရှစ်ထုပ်၊ အာလူး တစ်ပိဿာစီနှင့် လက်အိတ်နှင့် နှာခေါင်းစည်းများကို မြို့နယ်စည်ပင်သာယာရေးအမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်စည်နှင့် တာဝန်ရှိသူများက တစ်ဦးချင်းပေးအပ်ခဲ့ကြောင်း သိရသည်။ **စိုင်း(သီပေါ)**



ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့(မြေယာရှုခင်းနှင့် အားကစားကွင်းများဌာန)က ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် ဧပြီ ၆ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ မြို့တော်ခန်းမပန်းခြံ၊ ဒဂုံပန်းခြံ၊ သွေးဆေးကန်ပန်းခြံနှင့် ရတနာ ပန်းခြံတို့ရှိ အများပြည်သူနားနေရန်နေရာနှင့် အားကစားပြုလုပ်သည့်နေရာ များကို ဆေးဖျန်းခြင်းလုပ်ငန်းများ ဆောင်ရွက်စဉ်။ အေးမင်းသူ

## မင်းဘူးမြို့ မန်းရေနံရဲစခန်း၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုမရှိရေး ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်

**မင်းဘူး ဧပြီ ၆**

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ် မန်းရေနံရဲစခန်းတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုမရှိရေးနှင့် ကာကွယ်ထိန်းချုပ်ရေးအတွက် ကိုယ်အပူချိန်တိုင်းခြင်းနှင့် ဆေးဖျန်းခြင်းလုပ်ငန်းများကို နေ့စဉ်လိုလို ဆောင်ရွက်ပေးနေကြောင်း သိရသည်။

"ကျွန်တော်တို့ မန်းရေနံရဲစခန်းအတွင်းမှာရှိတဲ့ တပ်ဖွဲ့ဝင်တွေနဲ့ အိမ်ထောင်သည်လိုင်းခန်းက မိခင်တွေ၊ ကလေးတွေကို ကိုရိုနာဗိုင်းရပ်စ်ပိုး ကူးစက်ခြင်းမခံရအောင် ကိုယ်အပူချိန်တိုင်းပေးတာတွေ၊ စခန်းအတွင်း ရုံးခန်းနဲ့ အိမ်ထောင်သည်လိုင်းခန်းတွေကို ပိုးသတ်ဆေးဖျန်းတာတွေ မကြာခဏပြုလုပ်ပေးပါတယ်။ စခန်းရုံးခန်းကို လက်ဆေးကန် တပ်ဆင်ပေးထားပါတယ်။ အိမ်ထောင်သည်လိုင်းခန်းတွေမှာလည်း လက်ဆေးကန်တွေထားပြီး စနစ်တကျ လက်ဆေးကြဖို့ ညွှန်ကြားထားပါတယ်"ဟု မန်းရေနံရဲစခန်း တာဝန်ခံရဲအုပ် ဆန်းထူးက ပြောသည်။

ထို့အပြင် မိသားစုများ စားဝတ်နေရေး အဆင်ပြေစေရန်အတွက် မိသားစုတစ်စုလျှင် ဆန် ခြောက်ပြည်၊ ဆီ ငါးဆယ်သား၊ ငရုတ်၊ ကြက်သွန်၊ အာလူး၊ ကြာဆန် စသည့် ကုန်ခြောက်ပစ္စည်းများလည်း ထောက်ပံ့ပေးထားကြောင်း သိရသည်။

**ဇေယျာထက်(မင်းဘူး)**

# ရေစကြိုမြို့နယ်၌ သောက်သုံးရေ အခက်ကြုံနေသည့်ကျေးရွာများအား သောက်သုံးရေများဖြန့်ဝေ

**ရေစကြို ဧပြီ ၆**

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ရေစကြိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြို့နယ်အတွင်းရှိ ကျေးရွာများမှ ဒေသခံ ကျေးလက်နေပြည်သူများ နွေရာသီကာလ သောက်သုံးရေပြတ်လပ်မှု မရှိစေရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိရာ ဧပြီ ၅ ရက် နံနက် ၈ နာရီက ရေစကြိုမြို့နယ် ထန်းငယ်တောကျေးရွာအုပ်စု ကျောက်လှေခါးကျေးရွာ၊ ဥက္ကံကျေးရွာနှင့် ကွမ်းသီးကန်ကျေးရွာများမှ ဒေသခံပြည်သူများ သောက်သုံးဖူလုံစေရေးအတွက် ရေသယ်ယာဉ်များဖြင့် သောက်သုံးရေများ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

ကျေးလက်နေပြည်သူများ နွေရာသီကာလ သောက်သုံးရေပြတ်လပ်မှုမဖြစ်စေရေးအတွက် ရေသယ်ယာဉ်များဖြင့် သောက်သုံးရေများ သွားရောက်ဖြန့်ဝေပေးရာတွင် ရေစကြိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက ခရိုင်ကျေးလက်ဦးစီးဌာနပိုင် ရေသယ်ယာဉ်ဖြင့် ရေစကြိုမြို့နယ် ကျောက်လှေခါးကျေးရွာတွင် အိမ်ခြေ ၁၇၅ အိမ်၊ လူဦးရေ ၉၀၅ ဦးအတွက် ရေဂါလန် ၁၆၀၀၊ ဥက္ကံကျေးရွာရှိ အိမ်ခြေ ၁၉၄ အိမ်၊ လူဦးရေ ၈၅၈ ဦးအတွက် ရေဂါလန် ၁၆၀၀၊ ကွမ်းသီးကန်ကျေးရွာရှိ အိမ်ခြေ ၁၉၃ အိမ်၊ လူဦးရေ ၉၂၂ ဦးအတွက် ရေဂါလန် ၁၆၀၀ စုစုပေါင်း ရေဂါလန် ၄၈၀၀ အား သောက်သုံးရေဖူလုံစွာသုံးစွဲနိုင်ရေးအတွက် အိမ်ထောင်စုများအလိုက် စနစ်တကျ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

ရေစကြိုမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအနေဖြင့် ယခု ၂၀၁၉ – ၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ဌာနခွင့်ပြုရန်ပုံငွေဖြင့် ကျေးလက်နေပြည်သူများ သောက်သုံးရေဖူလုံစွာ သုံးစွဲခွင့်ရရှိစေရေးအတွက် မြေသားမိုးရေလှောင်ကန် ပြုပြင်ခြင်းလုပ်ငန်း လေးခု၊ ရေစက်ရုံ၊ ရေကန်ပါဝင်သော စက်ရေတွင်း(တွင်းနက်)တူးဖော်ခြင်းလုပ်ငန်း သုံးခုနှင့် တွင်းတိမ် တူးဖော်ခြင်းလုပ်ငန်း တစ်ခု၊ နိုင်ငံတော်ထောက်ပံ့ငွေဖြင့် အရှည်ပေ ၉၀၀၈ ပေရှိ အိမ်တိုင်ရာရောက်ရေပိုက်လိုင်း သွယ်တန်းခြင်းလုပ်ငန်းတစ်ခုတို့ကိုလည်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း



ရေစကြိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးအရာရှိ ဒေါ်တင်တင်မာထံမှ သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**



## တညင်းသီးများ ဈေးကွက်အတွင်းသို့ စတင်ဝင်ရောက်

**ရေတာရှည် ဧပြီ ၆**

ကရင်ပြည်နယ် သံတောင်မြို့နယ် တောင်ပေါ်ဒေသများမှထွက်ရှိသည့် ရာသီစာ တညင်းသီးများ ဈေးကွက်အတွင်းသို့ စတင်ဝင်ရောက်လာပြီဖြစ်သည်ကို တွေ့ရှိရသည်။

တညင်းသီးကို လူတိုင်းလိုလိုကြိုက်နှစ်သက်စွာ စားသုံးကြခြင်းကြောင့် အလုံးအရွယ်အစားပေါ်မူတည်၍ တစ်လုံးလျှင် ကျပ် ၇၀ မှ ကျပ် ၁၀၀ ထိ ဖြင့် ရောင်းချလျက်ရှိသော်လည်း လက်ရှိဈေးကွက်အနေအထားအရ ဈေးအရောင်း အဝယ်မှာ အတော်ပင်နည်းနေကြောင်း ဈေးရောင်းသူများထံမှသိရသည်။ တညင်းသီးကို ပြုတ်၍လည်းကောင်း၊ ဆားရည်စိမ်၍လည်းကောင်း ငါးပိရည်တို့စရာအဖြစ်လည်းကောင်း၊ အခြားသော အသားများနှင့်ရောနှောကာ ချက်ပြုတ်စားကြခြင်းလည်းရှိသည်။

တညင်းသီးစားသုံးမှုနှင့်ပတ်သက်၍ ဆိုးကျိုးသက်ရောက်မှုများကို ကျန်းမာရေးအရ အသိပညာပေးဆောင်းပါးများဖော်ပြခဲ့ပြီးနောက်ပိုင်း စားသုံးမှု သိသိသာသာလျော့ကျသွားခဲ့ပြီး အရောင်း အဝယ်သိသိသာသာလျော့ကျသွားခဲ့ခြင်းဖြစ်ကြောင်း သုံးသပ်ပြောကြားမှုလည်း ရှိနေသည်။

"အရင်က တညင်းသီးကို တအားကြိုက်လို့ ဘယ်ဈေးနဲ့ရောင်းရောင်းဝယ်စားတာပဲ၊ ဒါပေမယ့် တညင်းသီးစားသုံးမှုရဲ့ ဆိုးကျိုးသက်ရောက်မှုတွေကို သိလာတော့ ရှောင်ပါတယ်။ စားတော့စားတယ် အလွန်အကျွံစားတာတော့ မရှိပါဘူး" ဈေးဝယ်သူတစ်ဦးက ပြောသည်။

**ကိုလွင်(ဆွာ)**

## ပုသိမ်ကြီးမြို့နယ် ရွှေးစုကျေးရွာ၌ သောက်သုံးရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်

**ပုသိမ်ကြီး ဧပြီ ၆**

၂၀၁၉–၂၀၂၀ ဘဏ္ဍာနှစ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ခွင့်ပြုရန်ပုံငွေဖြင့် မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်ရှိ ရွှေးစုကျေးရွာ၌ သန့်ရှင်းသော သောက်သုံးရေရရှိရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း ပုသိမ်ကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးမှူး ဦးထိုက်ထံမှ သိရသည်။

ထိုသို့ ဆောင်ရွက်ရာတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ပုသိမ်ကြီးမြို့နယ်ရှိ ရွှေးစုကျေးရွာ၌ စက်ရေတွင်းတူးဖော်ခြင်း၊ ရေစက်ရုံနှင့် ရေဂါလန် ၂၄၀၀ ဆံ့ စင်မြင့်ရေစင် တည်ဆောက်ခြင်းလုပ်ငန်းများကို ငွေကျပ် ၂၀ ဒသမ ၂၅၂ သန်းဖြင့် ဆောင်ရွက်လျက်ရှိရာ ယခုအခါ လုပ်ငန်းအားလုံး၏ ရာခိုင်နှုန်း ၉၀ခန့် ပြီးစီးပြီဖြစ်ပြီး အဆိုပါလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေကို ဧပြီ ၁ ရက် မွန်းလွဲပိုင်းက မန္တလေးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်ဦးနှင့်အဖွဲ့က ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သိရသည်။

**မင်းမြင့်မိုရ်**



## ရေနံချောင်းနှင့်ချောက်၌ ပန်းဈေးကောင်း၍ တောင်သူများတွက်ခြေကိုက်

**ချောက် ဧပြီ ၆**

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ်နှင့် ချောက်မြို့နယ်ထွက် ဂန္ဓမာပန်းများ ဈေးကောင်းရသောကြောင့် တောင်သူများ တွက်ခြေကိုက်နေကြောင်း သိရသည်။

"ကျွန်တော့်စိုက်ခင်းမှာ ဂန္ဓမာပန်းသုံးကေစိုက်ပါတယ်။ လက်ရှိပန်းတွေရောင်းနေရပါပြီ။ ပန်းငါးပင်တစ်စည်းကို ကျပ် ၅၀၀ ကနေ ၈၀၀ အထိ ရောင်းရတယ်။ ပြီးခဲ့တဲ့ဆောင်းမှာ ပန်းတစ်စည်းကို ကျပ် ၅၀၀ ပဲ ရောင်းရပါတယ်။ အားလုံးစုစုပေါင်း ၃၀၀၀၀၀ ရတဲ့အတွက် တွက်ခြေကိုက်ပါတယ်"ဟု ပန်းစိုက်သူ ကိုထွန်းက ပြောသည်။

ရေနံချောင်းမြို့နယ်နှင့် ချောက်မြို့နယ်ထွက်ပန်းများကို ကျောက်ပန်းတောင်း၊ ချောက်မြို့ ဝေွးပင်ဈေး၊ မကွေးရန်ပယ်ဈေးအထိ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

**ဆန်းညွန့်(ရေနံချောင်း)**



## မြစ်ငယ်မြို့၌ ဂျပန်မြက်စိုက်ပျိုးခြင်းဖြင့် အပိုဝင်ငွေရရှိ

**မန္တလေး ဧပြီ ၆**

မန္တလေးတိုင်းဒေသကြီး မြစ်ငယ်မြို့ မီးရထားဝန်ထမ်းများက အိမ်ရာဘေးရှိ မြေလွတ်များတွင် ဂျပန်မြက်စိုက်ပျိုးကာ အိမ်နောက်ဖေး ဈေးဆိုင်တည်၍ အပိုဝင်ငွေရှာကြသည်။ အများအားဖြင့် တစ်နှစ်ပတ်လုံး စနစ်တကျစိုက်ပျိုးကာ အပိုဝင်ငွေ ဖော်ဆောင်ကြသည်။

မြစ်ငယ်မြို့၌ စိုက်ပျိုးသောမြက်များကို နှစ်စဉ် လားရှိုး၊ တောင်ကြီးနှင့် အခြားဒေသများသို့ တင်ပို့ပေးရသည်။ ဂျပန်မြက်ကို ဆောက်လုပ်ရေးလုပ်ငန်းများတွင် အသုံးပြုပြီး အိမ်ဝိုင်းများအတွင်း မြက်ခင်းအလှဆင်ခြင်းအတွက် အသုံးပြုကြသည်။ ဂျပန်မြက်ဈေးကွက်မှာ ၁၀ ပေပတ်လည်မြက်တစ်ကျင်းလျှင် ငွေကျပ် ၂၀၀၀၀ ဝန်းကျင်ဖြင့် ရောင်းချပြီး ကားပေါ်ရောက်သည်အထိ ဝန်ဆောင်မှုပေးကြသည်။

မြစ်ငယ်မြို့အနီးရှိကျေးရွာများရှိအိမ်ဝိုင်းအတွင်းတွင်လည်း တစ်ပိုင်တစ်နိုင်စိုက်ပျိုးခြင်းများလည်း ပြုလုပ်သည်။ စီးပွားဖြစ်စိုက်ပျိုးသူများမှာ အနည်းဆုံး ကျင်း ၅၀၀မှ ၁၀၀၀အထိ စိုက်ပျိုးကြသည်။ ဂျပန်မြက်မျိုးကို ကိုယ်တိုင်ချန်ကာ ပျိုးထားကြသည်။ ဂျပန်မြက်စိုက်ပျိုးရန်အတွက် အောက်ခံမြေညီအောင်ညှိပေးရသည်။ အောက်ခံအဖြစ် ဖွဲပြာနှင့်မြေကိုပေါင်းစပ်ကာ မြေညှိပြီးစိုက်ပျိုးကြရသည်။ စတင်စိုက်ပျိုးချိန်မှ နှစ်လပြည့်သည်နှင့် စတင်ခုတ်ယူရရှိနိုင်သည်။ ဆောင်းတွင်းကာလတွင် သုံးလပြည့်မှ ခုတ်ယူနိုင်သည်။ ရေကို နေ့စဉ်လောင်းပေးရသည်။

မြက်ခုတ်ရာတွင် အောက်ခြေမြေပါခုတ်ယူရပြီး အိမ်ဝိုင်းများတွင် မြက်ခင်းအလှပြုလုပ်ပေးခြင်းကိုလည်း ပုတ်ပြတ်စနစ်ဖြင့် ပြုလုပ်ပေးကြရသည်။ မြက်ကို စီးပွားဖြစ် စိုက်ပျိုးသူများမှာ လူငှားများဖြင့် စိုက်ပျိုးသည့်အတွက် မြက်ခင်းကိုအခြေပြုကာ အလုပ်အကိုင်အခွင့်အလမ်းများလည်းရရှိသည်။ မြစ်ငယ်မြို့တွင် အလှစိုက်မြက်စိုက်ပျိုးခြင်းဖြင့် အလုပ်အကိုင်အခွင့်အလမ်းရရှိကာ တစ်နှစ်ပတ်လုံး ဝင်ငွေရရှိပြီး ဈေးကွက်အေးသည့်အချိန်တွင်မြက်မွေးထားနိုင်သည့်အတွက် အရှုံးမရှိသော အိမ်နောက်ဖေး ဈေးဆိုင်တည်ကာ အပိုဝင်ငွေရှာသည့်လုပ်ငန်းဖြစ်သည်။

**နွေနဒီ**
**(မြစ်ငယ်)**

## သောက်သုံးရေ ခက်ခဲသောကျေးရွာသို့ စိမ့်စမ်းရေရရှိရေး ကွင်းဆင်းကြည့်ရှု

**မောက်မယ် ဧပြီ ၆**

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင် မောက်မယ်မြို့နယ်အတွင်းရှိ သောက်သုံးရေခက်ခဲသည့် ကျေးရွာများတွင် ကျေးလက်နေပြည်သူများ ရေကောင်း ရေသန့် လုံလောက်စွာရရှိစေရေးအတွက် ဧပြီ ၅ ရက်က ဟိုလွိုင်ကျေးရွာအုပ်စု မိုက်ညုကျေးရွာ၏ အနောက် ဘက် ၄ မိုင်ခန့် စိမ့်စမ်းရေထွက်ရှိရာနေရာသို့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းငေါင်းဆိုင်ဟိန်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးဌာနမှူး ဦးစံထွန်းလင်းနှင့် ရုံးဝန်ထမ်းများ၊ ကျေးရွာရပ်မိရပ်ဖများက သွားရောက် ကွင်းဆင်းကြည့်ရှုခဲ့ရာ မိုက်ညုကျေးရွာ စိမ့်စမ်းရေလုံလောက်စွာ ရရှိစေရေးအတွက် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။


**စိုင်းမျိုးသန့်(မောက်မယ်)**

## ဂျေဇီးနဲ့ မိခ်မေးလ်တို့ အကျဉ်းသားတွေကို နှာခေါင်းစည်း တစ်သိန်းလှူဒါန်း

ကျော်ကြားတဲ့ ရက်ပ်တေးသံရှင်တွေ ဖြစ်ကြတဲ့ ဂျေဇီးနဲ့ မိခ်မေးလ်တို့ဟာ အကျဉ်းသားတွေကို နှာခေါင်းစည်း တစ်သိန်း လတ်တလောမှာ လှူဒါန်းခဲ့ကြောင်း အေးရှားဝမ်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

REFORM Alliance လို့ အမည်ရတဲ့ အဖွဲ့အစည်းရဲ့ ခေါင်းဆောင်တွေ ဖြစ်ကြတဲ့ ဂျေဇီးနဲ့ မိခ်မေးလ်တို့က ယခုလို နှာခေါင်းစည်းတွေ လှူဒါန်းခဲ့ကြကြောင်း တွစ်တာစာမျက်နှာပေါ်က နေတစ်ဆင့် ထုတ်ဖော်အသိပေးခဲ့တာ ဖြစ်ပါတယ်။ အဆိုပါ အဖွဲ့အစည်းဟာ ပြစ်မှုဆိုင်ရာ တရားမျှတမှုစနစ်ကို ပြင်ဆင်ဖို့ရာ ကြိုးပမ်းနေတဲ့ အဖွဲ့အစည်းတစ်ခုလည်း ဖြစ်ပါတယ်။

REFORM Alliance ရဲ့ စည်းရုံးရေး အရာရှိ ဂျက်ဆီကာဂျက်ဆင်ကလည်း သက်ဆိုင်ရာ အာဏာပိုင်တွေကို ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါ ဖြစ်ပွားနေစဉ်ကာလအတွင်း အကျဉ်းသားတွေရဲ့ ကျန်းမာရေးစောင့်ရှောက်မှုနဲ့ ပတ်သက်ပြီး လုပ်ဆောင်ပေးဖို့ရာလည်း တိုက်တွန်းပြောကြားခဲ့ပါတယ်။



ဂျေဇီး





## ဆောင်းဟေကိုနဲ့ ဆောင်းဂျွန်ကီတို့ အတူနေခဲ့တဲ့ နေအိမ်ကို ဖြိုချ

တောင်ကိုရီးယားရဲ့ ကြယ်ပွင့်စုံတွဲတစ်တွဲဖြစ်တဲ့ ဆောင်းဟေကိုနဲ့ ဆောင်းဂျွန်ကီတို့ဟာ မင်္ဂလာသက်တမ်း တစ်နှစ်ခန့်မှာ လမ်းခွဲခဲ့ကြတဲ့ ကြယ်ပွင့်စုံတွဲဖြစ်ပါတယ်။ သူတို့နှစ်ဦး မင်္ဂလာဆောင်ပြီးနောက် နေထိုင်ဖို့ရာ ပြင်ဆင်ထားတဲ့ နေအိမ်ကို လတ်တလောမှာ ဖြိုချကာ အသစ်ပြန်လည်တည်ဆောက်နေကြောင်း ကိုရီးယားဘိုးဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဟောင်ကောင်မီဒီယာတစ်ခုက အဆိုပါ နေအိမ်ကို ပြီးခဲ့တဲ့တစ်လခန့်က စတင်ဖြိုချကာ အသစ်ပြန်လည်ဆောက်လုပ်နေတာဖြစ်ကြောင်း ရေးသားဖော်ပြခဲ့တာပါ။ ယင်းနေအိမ်မှာ မြေအောက်မှာ နှစ်ထပ်နဲ့ မြေပေါ်မှာ သုံးထပ် စုစုပေါင်း ငါးထပ်ရှိပါတယ်။ ကြယ်ပွင့်စုံတွဲဟာ မင်္ဂလာပွဲပြီးပါက ယင်းအိမ်မှာ နေထိုင်ဖို့ရာ စီစဉ်ထားခဲ့ပေမယ့် မင်္ဂလာပွဲပြီးနောက် အတော်လေးကြာမှသာ ပြောင်းရွှေ့ဖြစ်ခဲ့ကြောင်းလည်း သိရပါတယ်။

ပြန်လည်တည်ဆောက်ရေးလုပ်ငန်းတွေကို ၂၀၂၁ ခုနှစ် ဇွန်လအတွင်း အပြီးသတ်ဖို့ရာလည်း ရည်ရွယ်ထားပါတယ်။ အဆိုပါနေအိမ်ကို ဖြိုချကာ ပြန်လည်တည်ဆောက်ဖို့ အစောပိုင်းကတည်းက ဆုံးဖြတ်ထားခဲ့ပေမယ့် ကွာရှင်းပြီးနောက် ကြယ်ပွင့်နှစ်ဦးရဲ့ ပိုင်ဆိုင်မှုခွဲဝေတာနဲ့ ပတ်သက်ပြီး မပြီးဆုံးသေးတာကြောင့် နှောင့်နှေးနေခဲ့ကာ မကြာသေးမီကမှ စတင်နိုင်ခဲ့ခြင်းဖြစ်ကြောင်းလည်း သိရပါတယ်။

ဒီနေအိမ်ကို ဆောင်းဂျွန်ကီက ကိုရီးယားဝမ် ၁၀ ဘီလီယံနဲ့ဝယ်ယူခဲ့ကာ မင်္ဂလာပွဲအပြီးမှာ ပြောင်းရွှေ့နေထိုင်သွားဖို့ရာ ရည်ရွယ်ခဲ့တာဖြစ်ကြောင်းလည်း သိရပါတယ်။ ဆောင်းဟေကိုနဲ့ ရုတ်တရက်ကွာရှင်းပြတ်စဲကြောင်း ထုတ်ဖော်ပြောကြားခဲ့ပြီးနောက် ဆောင်းဂျွန်ကီဟာ ဟာဝိုင်ရီမှာ အမေရိကန်ဒေါ်လာ ၂ ဒသမ ၈၈ သန်း တန်ဖိုးရှိတဲ့ တိုက်ခန်းကို ဝယ်ယူနေထိုင်ခဲ့ကြောင်းလည်း သိရပါတယ်။

## ကန်ဂျီယောင်းယာဉ်တိုက်မှုကြောင့် ဒဏ်ရာရ

တောင်ကိုရီးယားအမျိုးသမီး တေးဂီတအဖွဲ့ဟောင်း ကာရာရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်သူ ကန်ဂျီယောင်းဟာ လတ်တလောမှာ ယာဉ်တိုက်မှုကြောင့် ဆေးရုံတက်ရောက်နေရပါတယ်။ ကေပေါ့ပ်ကြယ်ပွင့်ဟာ ရိုက်ကူးရေးတစ်ခုကအပြန်မှာ ယာဉ်တိုက်ခံခဲ့ရတာဖြစ်ပြီး ဒဏ်ရာအနည်းငယ် ပြင်းထန်ခဲ့ကြောင်းလည်း အေးရှားဝမ်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဧပြီ ၃ ရက်မှာ ကန်ဂျီယောင်း မောင်းနှင်လာတဲ့ ကားကို အရက်သောက်ကာ မောင်းလာခဲ့သူတစ်ဦးက ဝင်တိုက်ခဲ့တာပါ။ မီးနီကို ဖြတ်မောင်းလာတဲ့ကားက ကန်ဂျီယောင်းရဲ့ကားကို ဝင်တိုက်ခဲ့ရာ ပေါ့ပ်ကြယ်ပွင့်နဲ့အတူ လိုက်ပါလာတဲ့ ဝန်ထမ်းတစ်ဦးဒဏ်ရာရရှိခဲ့ပါတယ်။ ရရှိခဲ့တဲ့ ဒဏ်ရာတွေကြောင့် ရိုက်ကူးရေးတွေကိုလည်း ရပ်နားလိုက်ရကြောင်း သိရပါတယ်။

ကန်ဂျီယောင်းရဲ့ ကိုယ်စားလှယ်ကလည်း အဆိုပါ ယာဉ်တိုက်မှုအကြောင်းကို အတည်ပြုပေးခဲ့ပါတယ်။ ၎င်းရဲ့ ပြောကြားချက်အရ ကန်ဂျီယောင်းဟာ ဒဏ်ရာသက်သာလာသည်အထိ ဆေးရုံမှာ ကုသမှုခံယူရမှာဖြစ်တာကြောင့် ပြန်လည်ကောင်းမွန်တဲ့အခါမှသာ ရိုက်ကူးရေးလုပ်ငန်းတွေကို ဆက်လက်လုပ်ဆောင်နိုင်မှာဖြစ်ကြောင်းလည်း သိရပါတယ်။



## MONSTA X ရဲ့ ဖျော်ဖြေပွဲများ ဖျက်သိမ်း

တောင်ကိုရီးယားအမျိုးသားတေးဂီတအဖွဲ့ MONSTA X ဟာ ဆိုးလ်မှာ ပြုလုပ်သွားဖို့ရာ ရည်ရွယ်ထားတဲ့ ဖျော်ဖြေပွဲတွေကို ဖျက်သိမ်းလိုက်ကြောင်း လတ်တလောမှာ အဖွဲ့ရဲ့ ဖျော်ဖြေရေးအေဂျင်စီက ထုတ်ပြန်ပြောကြားခဲ့တာ ဖြစ်တယ်လို့ ကိုရီးယားဘိုးဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

၂၀၂၀ နယ်လှည့်တေးဂီတဖျော်ဖြေရေးအစီအစဉ်တွေကို ဖျက်သိမ်းလိုက်ကြောင်း အဖွဲ့ရဲ့ ဖျော်ဖြေရေးအေဂျင်စီဖြစ်တဲ့ စတားရှစ်အင်တာတိန်းမန့်က ဧပြီ ၆ ရက်မှာ အဖွဲ့ရဲ့ တရားဝင်တွစ်တာစာမျက်နှာပေါ်ကနေတစ်ဆင့် ရေးသားဖော်ပြခဲ့တာပါ။

MONSTA X ဟာ အဆိုပါ ဖျော်ဖြေပွဲတွေ ကျင်းပသွားမယ့်အကြောင်းကို ပြီးခဲ့တဲ့ ဇန်နဝါရီလအတွင်းက ထုတ်ဖော်ပြောကြားခဲ့တာ ဖြစ်ပါတယ်။ မေလအတွင်း ဆိုးလ်မှာ ဖျော်ဖြေပွဲတွေ စတင်သွားမှာဖြစ်ကြောင်းနဲ့ ဇွန်လအတွင်းမှာတော့ မြောက်အမေရိကမှာ ဖျော်ဖြေသွားဖို့ရာ စီစဉ်ထားကြောင်း ပြောကြားခဲ့ပါတယ်။ လတ်တလောမှာ ဆိုးလ်မှာ ပြုလုပ်သွားမယ့် ဖျော်ဖြေပွဲတွေကို ဖျက်သိမ်းကြောင်း ကြေညာခဲ့ပေမယ့် မြောက်အမေရိကဖျော်ဖြေပွဲတွေနဲ့ပတ်သက်ပြီး ပြောကြားခဲ့ခြင်း မရှိပါဘူး။ MONSTA X အနေနဲ့ ယခုလို ဖျော်ဖြေပွဲ ဖျက်သိမ်းခဲ့ရတာဟာ လတ်တလောဖြစ်ပွားလျက်ရှိတဲ့ ကိုရိုနာဗိုင်းရပ်စ် ကူးစက်ပျံ့နှံ့မှုတွေကြောင့် ဖြစ်ကြောင်းလည်း သိရပါတယ်။

## ကိုရိုနာဗိုင်းရပ်စ်ကုသရေးလုပ်ငန်းတွေမှာ ပါဝင်ခဲ့သူ သူနာပြုတစ်ဦးထံ အထူးလက်ဆောင်ပေးပို့ခဲ့တဲ့ ဂျနီဖာအန်နစ်စတန်

ဟောလိဝုဒ်ရဲ့ ကျော်ကြားတဲ့ မင်းသမီးတစ်ဦးဖြစ်သူ ဂျနီဖာအန်နစ်စတန်ဟာ ကိုရိုနာဗိုင်းရပ်စ် တိုက်ဖျက်ရေးလုပ်ငန်းတွေမှာ ပါဝင်ခဲ့ပြီး ကူးစက်ခံရတဲ့ လူနာတွေကို ကုသပေးနေတဲ့ သူနာပြုတစ်ဦးထံကို လတ်တလောမှာ အထူးလက်ဆောင်ပေးပို့ခဲ့ကြောင်း ဟာပါဘာဇာဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

အဆိုပါ သူနာပြုဟာ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူတွေကို ပြုစုရင်းက ကိုယ်တိုင်လည်း ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံထားရသူဖြစ်ပါတယ်။ သူ့ထံမှ ရင်သွေးနှစ်ဦးထံသို့လည်း အဆိုပါ ဗိုင်းရပ်စ်ကူးစက်ခံထားရတာဖြစ်ပါတယ်။

ဂျနီဖာအန်နစ်စတန်ဟာ ကျော်ကြားတဲ့ ရုပ်သံအစီအစဉ်တစ်ခုဖြစ်တဲ့ Jimmy Kimmel Live! ရဲ့ နောက်ဆုံးသော အပိုင်းမှာ ကမ်ဘဲဖဲဘန့်ခ်လို့ အမည်ရတဲ့ သူနာပြုတစ်ဦးနဲ့ ပရိသတ်တွေကို မိတ်ဆက်ပေးခဲ့တာပါ။ ဂျနီဖာအန်နစ်စတန်က ကိုရိုနာတိုက်ဖျက်ရေးအတွက် ရှေ့တန်းကနေ ပါဝင်ခဲ့ပြီး စွန့်လွှတ်အနစ်နာခံခဲ့မှုတွေအတွက် ကျေးဇူးတင်ကြောင်း ဖဲဘန့်ခ်ကို ပြောကြားခဲ့ပြီး မိသားစုတွေအားလုံး ကျန်းမာပါစေကြောင်း ဆုတောင်း ပေးခဲ့ပါတယ်။ ဒ့ါအပြင် ဂျနီဖာအန်နစ်စတန်က ဖဲဘန့်ခ်ထံသို့ အထူးလက်ဆောင်အဖြစ် အမေရိကန်ဒေါ်လာ တစ်သောင်း ပေးပို့သွားမှာဖြစ်ပြီး အသွားအလာ ကန့်သတ်ခံရတဲ့ ကာလအတွင်း အစားအသောက်တွေ ဝယ်ယူနိုင်ဖို့ရာ ဖြစ်ကြောင်းလည်း ပြောကြားခဲ့ပါတယ်။

ဂျနီဖာအန်နစ်စတန်က သူ့အနေနဲ့ ဖဲဘန့်ခ်လို အနစ်နာခံကာ ဆောင်ရွက်ခဲ့ကြတဲ့ အခြားသော သူနာပြုတွေထံသို့လည်း ငွေကြေးတွေ ပေးပို့ထောက်ပံ့သွားဖို့ရာ စီစဉ်ထားကြောင်းလည်း ပြောကြားခဲ့တယ်လို့ သိရပါတယ်။



## တေးအယ်လ်ဘမ်သစ်ကို ကိုယ်တိုင်ထုတ်လုပ်လိုက်တဲ့ (G)I-DLE

တောင်ကိုရီးယားအမျိုးသမီး တေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ (G)I-DLE ဟာ လတ်တလောမှာ ထုတ်လွှင့်ခဲ့တဲ့အဖွဲ့ရဲ့ တေးအယ်လ်ဘမ်သစ်ကို ကိုယ်တိုင်ထုတ်လုပ်သူအဖြစ် ဆောင်ရွက်ခဲ့ပါတယ်။ ဧပြီ ၆ ရက်မှာ အဆိုပါ တေးအယ်လ်ဘမ်သစ်နဲ့ပတ်သက်ပြီး အွန်လိုင်းမှာ မိတ်ဆက်ခဲ့ကြောင်း စွန်ပီဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။




အဆိုပါ မီနီတေးအယ်လ်ဘမ်ကို I Trust လို့ အမည်ပေးထားပြီး တေးအယ်လ်ဘမ်သစ်နဲ့ ပတ်သက်ပြီး အဖွဲ့ခေါင်းဆောင် ဆိုယွန်းက ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုကို ပြသတဲ့အနေနဲ့ ယခုလို တေးအယ်လ်ဘမ်သစ်ကို ကိုယ်တိုင်ထုတ်လုပ်ခြင်းဖြစ်ကြောင်းလည်း ဆိုပါတယ်။

ယင်းတေးအယ်လ်ဘမ်ရဲ့ ခေါင်းစီးတေး Oh My God ကို အင်္ဂလိပ်လိုရော ကိုရီးယားလိုပါ ဗားရှင်းနှစ်မျိုးနဲ့ ထုတ်လုပ်ထားပါတယ်။ အဆိုပါ တေးဂီတအဖွဲ့ဟာ ၂၀၂၀ ပြည့်နှစ်အတွင်း ကမ္ဘာလှည့်ဖျော်ဖြေပွဲတွေ ပြုလုပ်ဖို့ရာ ရည်ရွယ်ထားပေမယ့် ကမ္ဘာတစ်ဝန်းဖြစ်ပွားနေတဲ့ ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုတွေကြောင့် အဆိုပါ အစီအစဉ်ကို ရွှေ့ဆိုင်းထားကြောင်းလည်း သိရပါတယ်။

အေးပြည့် - စုစည်းသည်

## မင်္ဂလာတောင်ညွန့်မြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေး ပိုးသတ်ဆေးဖျန်း



**ရန်ကုန် မေ ၆**

ရန်ကုန်အရှေ့ပိုင်းခရိုင် မင်္ဂလာတောင်ညွန့်မြို့နယ်တွင် ပြည်သူများအား ကိုဗစ်-၁၉ ရောဂါအန္တရာယ်မှ ကာကွယ်နိုင်ရန်ရည်ရွယ်၍ ရပ်ကွက်များအလိုက် ပိုးသတ်ဆေးများ ဖျန်းခြင်းလုပ်ငန်းကို တာဝန်ရှိသူများက မေ ၅ ရက် ညနေ ၃ နာရီက ဆောင်ရွက်ခဲ့ရာ ရေတွင်းကုန်းရပ်ကွက်အတွင်းရှိလမ်းများအား ဆပ်ပြာရည်များဖြင့်ဆေးကြောခြင်း၊ ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းကို မြို့နယ်မီးသတ်ဦးစီးဌာနမှ ဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများကဦးဆောင်ကာ ရပ်ကွက်နေပြည်သူများကပူးပေါင်း၍ ဆောင်ရွက်ခဲ့ကြပြီး အမှတ်(၁) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးရန်အောင်နှင့် မြို့နယ်စည်ပင်သာယာရေးကော်မတီ အဖွဲ့ဝင်(၂) ဒေါ်သီသီခိုင်တို့က လိုအပ်သည်များကို ပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြသည်။

အဆိုပါ ပိုးသတ်ဆေးဖျန်းခြင်းနှင့်ပတ်သက်၍ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးသီဟစိုးက "ရေတွင်းကုန်းရပ်ကွက်မှာ လမ်းခြောက်လမ်း ရှိပါတယ်။ (၁၂၁)လမ်းကတော့ ဖျန်းပြီးပါပြီ။ ဒီနေ့ ဖျန်းတဲ့လမ်းတွေက (၁၁၉)လမ်း၊ လမ်း(၁၂၀) နဲ့ (၁၂၂) လမ်းတွေကို ဖျန်းနေတာပါ၊ နောက်ရက်တွေမှာ (၁၈၈) လမ်းနဲ့ စက်ရုံလမ်းတွေကို အလှည့်နဲ့ ဖျန်းပေးသွားဖို့စီစဉ်ထားပါတယ်" ဟု ပြောကြားသည်။

**ချစ်စုဝေ(ပြန်/ဆက်)**



## ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်နိုင်ရေး ပိုးသတ်ဆေးဖျန်း

**ကံမ မေ ၆**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် ကံမမြို့ စည်ပင်သာယာမြို့မဈေးတွင် ဈေးသူဈေးသားများနှင့် ဈေးအတွင်းသွားလာကြသည့် ပြည်သူများအား ကိုဗစ် – ၁၉ ရောဂါကြိုတင်ကာကွယ်ရေးနှင့် ရောဂါမဖြစ်ပွားစေရေးအတွက် မေ ၅ ရက် ညနေက အဆိုပါဈေးအတွင်းအပြင်နေရာများနှင့် လူစည်ကားရာနေရာများ၌ ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးလင်းသိန်းနှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့မစခန်းမှူးနှင့်ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာကော်မတီဝင်များ၊ မြို့နယ်စည်ပင်သာယာအဖွဲ့အမှုဆောင်အရာရှိနှင့် ဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများ ပူးပေါင်းဆောင်ရွက်ခဲ့ကြသည်။

**ကိုကိုကျော်(ကံမ)**

## ကိုဗစ် -၁၉ ရောဂါကာကွယ်ရေး ပြည်သူ့စာကြည့်တိုက်တွင် ပိုးသတ်ဆေးဖျန်း

**အိမ်မဲ မေ ၆**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် အိမ်မဲမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်သူ့စာကြည့်တိုက်တွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်မီးသတ်ဦးစီးဌာနတို့ပူးပေါင်း၍ ကိုဗစ် – ၁၉ ရောဂါကာကွယ်ရေးနှင့် ကူးစက်ပျံ့နှံ့မှုမရှိစေရန်ပြည်သူ့စာကြည့်တိုက်တွင် ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းကို မေ ၄ ရက် နံနက် ၁၀ နာရီက ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါဆောင်ရွက်မှုတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် မိမိတို့ရုံးဌာနသည် အများပြည်သူများကို ဝန်ဆောင်မှုပေးနေသောရုံးဖြစ်သည်နှင့်အညီ ပြည်သူများ၊စာအုပ်လာရောက်ငှားရမ်းကြသော စာဖတ်ပရိသတ်များ ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုမရှိစေရေးအတွက် မြို့နယ်မီးသတ်ဦးစီးဌာန၏အကူအညီဖြင့် အများပြည်သူအသုံးပြုနေသည့်နေရာများအား ပိုးသတ်ဆေးဖျန်းခြင်းကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ချစ်သက်လယ်**
**(ပြန်/ဆက်)**

## ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်ရေး လူထုအခြေပြုဗဟိုဌာနခန်းမ၌ ပိုးသတ်ဆေးဖျန်း

**မိုးနဲ မေ ၆**

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင် မိုးနဲမြို့နယ် ကျိုင်းတောင်းမြို့တွင် ကိုဗစ်-၁၉ ရောဂါကြောင့်ဖြစ်ပွားသော အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများအနေဖြင့် ရွှေလူငယ်ပရဟိတအသင်းမှ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်သူ့စာကြည့်တိုက် လူထုအခြေပြုဗဟိုဌာနခန်းမ၌ ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းကို မေ ၅ ရက် နံနက် ၉ နာရီက ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဆက်လက်၍ ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်ရေးအနေဖြင့် ရွှေလူငယ်ပရဟိတအသင်းက ကျိုင်းတောင်းမြို့အတွင်းရှိ ဌာနဆိုင်ရာများ၊ ဈေးဆိုင်များ၊ ဆေးဆိုင်များ၊ ဘုန်းတော်ကြီးကျောင်းများနှင့် လူနေအိမ်များတွင်လည်း ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**မျိုးညွန့်ရွှေ(မိုးနဲ)**



## ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်ရေး ပိုးသတ်ဆေးဖျန်း

**ရန်ကုန်**

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးကော်မတီညွှန်ကြားမှုဖြင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်ကျန်းမာရေးဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ်မီးသတ် တပ်ဖွဲ့၊ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့၊ မြို့နယ်အရန်မီးသတ်တပ်ဖွဲ့၊ သုံးခွလူမှုကယ်ဆယ်ရေးအဖွဲ့၊ တကောကျေးရွာ ဖြူစင်ပရဟိတအဖွဲ့များက မေ ၅ ရက် ည ၉ နာရီက ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်နိုင်ရန်အတွက် အမှတ် (၄) ရပ်ကွက်နှင့် (၁၂) ရပ်ကွက်တို့တွင် လမ်းမနှင့်လမ်းသွယ်များ၌ ပိုးသတ်ဆေးဖျန်းခြင်းကို စုပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **ကိုကျော်(သုံးခွ)**

**မန္တလေး**

မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးမှူးဦးဆောင်မှုဖြင့် မန္တလေးခရိုင်မီးသတ်ဦးစီးမှူးက ကြီးကြပ်၍ ချမ်းအေးသာစံမြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်တားဆီးထိန်းချုပ်ရေးအတွက် မေ ၅ ရက်က မန္တလေးအထွေထွေရောဂါကုဆေးရုံကြီး ခုတင်(၃၀၀) ကလေးဆေးရုံ၊ ဗဟိုအမျိုးသမီးဆေးရုံ၊ လမ်း၃၀၊ ၆၃လမ်းနှင့် ၆၄လမ်းကြားရှိ လူမှုဝန်ထမ်းဦးစီးဌာနတိုင်းဒေသကြီးဦးစီးမှူးရုံး၊ ကလေးသူငယ်ပြုစုစောင့်ရှောက်ရေးဂေဟာတို့တွင် ချမ်းအေးသာစံမြို့နယ် မီးသတ်ဦးစီးမှူး ဦးမင်းသန့်နှင့် ဒေသအရန်မီးသတ်ဒုတိယတပ်ရင်းမှူး ဦးအေးကို၊ သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များ၊ ဒေသအရန်မီးသတ်တပ်ဖွဲ့ဝင်များက ပိုးသတ်ဆေးများ ပက်ဖျန်းပေးခဲ့သည်။ **မောင်ပြည်သူ(မန္တလေး)**

**ကန့်ဘလူ**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်မီးသတ်ဦးစီးဌာနမှ တပ်ဖွဲ့ဝင်များသည် ကန့်ဘလူမြို့မရဲစခန်းဝင်းအတွင်းရှိ အဆောက်အအုံများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများကို မေ ၆ ရက် နံနက် ၉ နာရီခွဲက ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် ကန့်ဘလူမြို့နယ်မီးသတ်ဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးမြင့်သိန်းဦး ဦးဆောင်၍ တပ်ဖွဲ့ဝင်များက ကန့်ဘလူမြို့မရဲစခန်းဝင်းအတွင်းရှိ စခန်း၊ ရုံးခန်း၊ ဝန်ထမ်းနေအိမ်လိုင်းခန်းများ၊ ဓမ္မာရုံနှင့် အချုပ်ခန်းများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးနှင့် ကူးစက်ပျံ့နှံ့မှုအန္တရာယ်မှ ကာကွယ်ရန် ရည်ရွယ်၍ ပိုးသတ်ဆေးများပက်ဖျန်းပေးခဲ့သည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

**ရန်ကုန်**

ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု ကာကွယ်ရန် မေ ၆ ရက် နံနက်ပိုင်းက စမ်းချောင်းမြို့နယ်အတွင်းရှိ ရပ်ကွက် ၁၈ ရပ်ကွက်ရှိ လူစည်ကားသောနေရာများတွင် ပိုးသတ်ဆေးဖျန်းခြင်း၊ လက်ဆေးကန်များ နေရာအနှံ့ထားရှိပေး ခြင်း၊ အသိပညာပေးပိုစတာများစိုက်ထူထားရှိခြင်းနှင့် အများပြည်သူများသို့ အသိပေးပန်ကြားချက်များကို လှည့်လည်နှိုးဆော်ခြင်း စသည့်အသိပညာပေးလုပ်ငန်းများကိုဆောင်ရွက်ခဲ့ရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ်ကြက်ခြေနီအသင်း၊ ရွှေစမ်းချောင်းပရဟိတအဖွဲ့နှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးတို့က ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **ထူးထက်(ပြန်/ဆက်)**

**ဟသ်ာတ**

ဟသ်ာတမြို့နယ်တွင် ပြည်သူများအား ကိုဗစ်-၁၉ ရောဂါ အန္တရာယ်ကာကွယ်နိုင်ရန် မေ ၅ ရက် ညနေ ၄ နာရီက လူစည်ကားပြီး သွားလာမှုများပြားသည့် ဟသ်ာရပ်အဝိုင်း၊ ဘုရားလမ်း၊ အားကာဈေး၊ ပဒေသာဈေးနှင့် ငွေဝင်းဈေးများရှိ ဈေးမျက်နှာစာတန်းများ၊ မီးပွိုင့်လမ်းဆုံမှ လွှတ်လပ်ရေးကျောက်တိုင်၊ AYA ဘဏ်ခွဲ(၁)နှင့် CB ဘဏ်ရှေ့နေရာများတွင် ပိုးသတ်ဆေးဖျန်းခြင်းနှင့် ကိုဗစ်-၁၉ ရောဂါကာကွယ်နိုင်ရန် နှာခေါင်းစည်းအသုံးပြုခြင်းဆိုင်ရာ အကြံပြုချက် ပိုစတာများနှင့် အသိပညာပေးစတေကာများကပ်ခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါ ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများကို မြို့နယ်ကြက်ခြေနီစေတနာ့လုပ်အားရှင်များ၊ ပရဟိတအဖွဲ့(ဟသ်ာတ)နှင့် ဒေသခံပြည်သူများပူးပေါင်း၍ ဆောင်ရွက်ခဲ့ကြခြင်းဖြစ်ပြီး ယင်းဆေးဖျန်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးထိန်ဝင်းကြည့်ရှုခဲ့ပြီး လိုအပ်သည်များ လမ်းညွှန်ခဲ့ကြောင်း သိရသည်။

**ကျော်ကျော်(ပြန်/ဆက်)**

**ထီးလင်း**

မကွေးတိုင်းဒေသကြီး ထီးလင်းမြို့မဈေးကြီး၌ မေ ၅ ရက် ညနေပိုင်းက ကိုဗစ်-၁၉ ကာကွယ်ရန် ထီးလင်း စည်ပင်သာယာရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် ဈေးကော်မတီများ ပူးပေါင်းပါဝင်ကာ ဈေးကြီးရှိ သားစိမ်းငါးစိမ်းနှင့် ဟင်းသီးဟင်းရွက်ရောင်းသည့်နေရာများအား ပိုးသတ်ဆေးများ ပက်ဖျန်းခဲ့ကြောင်း သိရသည်။

**စစ်ကြည်(စလင်း)**

# အင်းစိန် အထွေထွေရောဂါကုဆေးရုံကြီးမှ သမားတော်ကြီးများဦးဆောင်၍ ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ကုသရေးအတွက် (ယာယီ)ကျန်းမာရေးစစ်ဆေးမှုဌာန ဖွင့်လှစ်ထား

**ရန်ကုန် မေ ၆**

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် အထွေထွေရောဂါကုဆေးရုံကြီးမှ သမားတော်ကြီးများနှင့် လွှတ်တော်ကိုယ်စားလှယ်များ ဦးဆောင်သောအဖွဲ့သည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ကုသရေးအတွက် (ယာယီ)ကျန်းမာရေးစစ်ဆေးမှုဌာနသို့ မေ ၆ ရက် နံနက် ၁၀ နာရီက သွားရောက်ကြည့်ရှုခဲ့သည်။

အင်းစိန်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်ဦး၊ တိုင်းဒေသကြီး(၂) လွှတ်တော်ကိုယ်စားလှယ် ဦးဝေဖြိုးဟန်နှင့်တာဝန်ရှိသူများသည် အင်းစိန်မြို့နယ်ခန်းမ၌ ဖွင့်လှစ်ထားသော ကိုဗစ်-၁၉ ရောဂါကာကွယ်ကုသရေးအတွက် (ယာယီ)ကျန်းမာရေးစစ်ဆေးမှုဌာနသို့သွားရောက်ကြည့်ရှုပြီး မိမိတို့၏ ကျန်းမာရေးအသိဖြင့် လာရောက်ပြသစစ်ဆေးခံသူများအား လိုအပ်သည်များကို ဖေးမကူညီပေးခဲ့သည်။

အဆိုပါ ကျန်းမာရေးစစ်ဆေးမှုဌာနကို တနင်္လာနေ့မှ စနေ့အထိ ဖွင့်လှစ်ထားကြောင်း သိရသည်။

**ဖွဲ့ထက်ကို(ပြန်/ဆက်)**





## ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းတွင် Free Delivery အဖွဲ့က ကူညီဆောင်ရွက်ပေးသွားမည်

**ရေတာရှည် မေ ၆**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်တွင် ပြည်သူများ လိုအပ်သည့်အကူအညီ ထောက်ပံ့မှုများ ပေးအပ်နိုင်ရေးအတွက် Free Delivery အဖွဲ့ ဖွဲ့စည်းခြင်းကို မေ ၅ ရက် နံနက် ၁၀ နာရီတွင် ရေတာရှည်မြို့ အမှတ် ၁ ရပ်ကွက် ဓာတ်တော်ဘုရားကြီးဓမ္မာရုံ၌ ကျင်းပသည်။

"ဒီလိုအဖွဲ့အစည်းလေးဖွဲ့စည်းနိုင်တာဝမ်းသာပါတယ်၊ အပြင်စည်းကနေပြီးတော့ ဝိုင်းဝန်းကူညီသွားမှာပါ၊ ပြည်သူတွေအနေနဲ့အပြင်ကိုမထွက်ဘဲနဲ့အိမ်မှာနေခြင်းဖြင့် ရောဂါထိန်းချုပ်ကာကွယ်ရာရောက်တယ်၊ သို့သော်လည်း သူတို့အနေနဲ့ အကူအညီတွေလိုအပ်လာနိုင်ပါတယ်၊ ဒါကြောင့် ဒီအဖွဲ့လေးက လာရောက်လှူဒါန်းမှုတွေကို စနစ်တကျလက်ခံပေးမယ်၊ လိုအပ်နေတဲ့ ကျေးရွာတွေအရောက် သယ်ယူပို့ဆောင်ကူညီသွားမှာဖြစ်ပါတယ်"ဟု တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာကျော်ကျော်က ပြောကြားသည်။

Free Delivery အဖွဲ့အနေဖြင့် နေ့စဉ် နံနက် ၈ နာရီမှ ညနေ ၄ နာရီအထိ လုပ်ငန်းများဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ပစ္စည်းလက်ခံခြင်းနှင့် ပို့ဆောင်ခြင်းလုပ်ငန်းများကို မွန်းလွဲ ၂ နာရီအထိ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

## မြန်မာ့ပင်လယ်ပြင်

**နေပြည်တော် မေ ၆**

လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ခြောက်ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

## သန်လျင်မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး၌ ကိုဗစ်- ၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်

**ရန်ကုန် မေ ၆**

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ်ရဲတပ်ဖွဲ့မှ ရဲတပ်ဖွဲ့ဝင်များနှင့် ရဲတပ်ဖွဲ့ဝင်မိသားစုများအား ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ကိုယ်အပူချိန်တိုင်းခြင်း၊ ပိုးသတ်ဆေးဖျန်းခြင်းနှင့် အသိပညာပေးခြင်း လုပ်ငန်းများကို မေ ၅ ရက် နံနက် ၁၀ နာရီက အဆိုပါ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးနှင့် ဝန်ထမ်းအိမ်ရာများ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။



အသိပညာပေးပွဲတွင် သန်လျင်မြို့နယ်ရဲတပ်ဖွဲ့ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ထွန်းထွန်းဦးက ရဲတပ်ဖွဲ့ဝင်များအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေး လုပ်ငန်းများတွင် ကျန်းမာရေးဌာနမှ ထုတ်ပြန်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ကြရန်နှင့် မြို့မရဲစခန်းအတွင်း ဝင်ရောက်လာသူများအား နှာခေါင်းစည်းတပ်ခြင်း၊ ကိုယ်ပူချိန်တိုင်းခြင်း၊ လက်ဆေးရေနှင့် လက်ဆေးဆပ်ပြာများထားရှိကာ စနစ်တကျလက်ဆေးခြင်းများ ဆောင်ရွက်ကြရန် အလေးထားမှာကြားခဲ့သည်။

ထို့နောက် ရဲတပ်ဖွဲ့ဝင်များက မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးနှင့် မြို့မရဲစခန်း၊ အချုပ်ခန်း၊ ဝန်ထမ်းအိမ်ရာများအား ပိုးသတ်ဆေးများဖျန်းပေးပြီး ရဲတပ်ဖွဲ့ဝင်များနှင့် ဝန်ထမ်းအိမ်ရာများရှိ ရဲတပ်ဖွဲ့ဝင် မိသားစုများအား ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေး ဆောင်ရန်/ရှောင်ရန်အချက်များပါဝင်သော အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**သက်ခိုင် (သန်လျင်)**

# ပွင့်ဖြူမြို့နယ်၌ ထိုင်းနိုင်ငံမှ ပြန်ရောက်လာသူများအား ကျန်းမာရေးစစ်ဆေး

**ပွင့်ဖြူ မေ ၆**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးသိပ္ပံကျောင်း စောင့်ကြည့်ရေးစခန်းတွင် မေ ၃ ရက်က ထိုင်းနိုင်ငံမှ ပြန်လည်ရောက်ရှိလာသူ သုံးဦးအား ၁၄ ရက်ကြာ သီးသန့်ထားရှိပြီး ကျန်းမာရေးစစ်ဆေးမှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း ပွင့်ဖြူမြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ကုသရေး လုပ်ငန်းကော်မတီမှ သိရသည်။

အဆိုပါ သုံးဦးအား မြို့နယ် ကိုဗစ် -၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ကုသရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးထွန်းသိန်းအောင်နှင့်အဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ထမ်းများနှင့် လူမှုရေးအသင်းအဖွဲ့များက သွားရောက်တွေ့ဆုံ၍ လိုအပ်သော ကျန်းမာရေးစစ်ဆေးခြင်းများပြုလုပ်ခဲ့ပြီး နေရာထိုင်ခင်းများ စီစဉ် ဆောင်ရွက်ပေးခဲ့ကြောင်း၊ ထို့နောက် မြို့နယ် ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ကုသရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌက မိမိတို့ကော်မတီအနေဖြင့် ၁၄ ရက်ကြာ ကန့်သတ်ထားခြင်းသည် အများပြည်သူ စိုးရိမ်ထိတ်လန့်မှုများ မရှိစေရန်နှင့် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် သီးခြားထားရှိပြီး စောင့်ကြည့်ခြင်းဖြစ်ပါကြောင်း၊ မိမိတို့ကလည်း ၁၄ ရက် စောင့်ကြည့်ကာလအတွင်း ကျန်းမာရေးပြုစုစောင့်ရှောက်မှုများကို ပုံမှန်ပြုလုပ်၍ စနစ်တကျ နေထိုင်သွားကြရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။



အဆိုပါစခန်းတွင် ထိုင်းနိုင်ငံမှ ပြန်လည်ရောက်ရှိလာသူ သုံးဦးအား မြို့ပေါ်ရပ်ကွက်များရှိ စေတနာရှင်ပြည်သူများက နေ့စဉ် စားသောက်ဖွယ်ရာများ၊ သောက်ရေသန့်များနှင့် အသုံးအဆောင်ပစ္စည်းများ ပေးပို့လှူဒါန်းကြကြောင်း သိရသည်။

### စီစဉ်ဆောင်ရွက်

ဒေသခံပြည်သူများ ရောဂါဖြစ်ပွားမှု မရှိစေရေးအတွက် ပြည်ပနိုင်ငံများမှ ပြန်လည်ဝင်ရောက်လာသူများအား ၁၄ ရက်တာ စောင့်ကြည့် စစ်ဆေးကုသနိုင်ရန်အတွက် မြို့နယ်စိုက်ပျိုးရေးသိပ္ပံကျောင်းနှင့် ပွင့်ဖြူမြို့ (အ-ထ-က)ကျောင်းအား နေရာစီစဉ်ဆောင်ရွက်ထားရှိပြီး လိုအပ်သော ကျန်းမာရေးအထောက်အကူပြုပစ္စည်းများ ဝယ်ယူဖြည့်ဆည်း၍ ရောဂါကာကွယ် ထိန်းချုပ် ကုသရေး လုပ်ငန်းများဆောင်ရွက်ရန် စီစဉ်ဆောင်ရွက်ထားသည်။

ထို့အပြင် ဒေသခံပြည်သူများနှင့် ခရီးသွား ပြည်သူများအား ကိုယ်အပူချိန်တိုင်းကိရိယာများဖြင့် နေ့စဉ် ရောဂါရှာဖွေစစ်ဆေးခြင်းနှင့် ကျန်းမာရေးအသိပညာပေးခြင်းလုပ်ငန်းများ အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ကုသရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဦးထွန်းသိန်းအောင်ထံမှ သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**



## ကိုဗစ်-၁၉ ရောဂါ အသိပညာပေး မြေစိုက်ပိုစတာပြသ

**ကျောင်းကုန်း မေ ၆**

ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို အင်တိုက်အားတိုက် ဆောင်ရွက်လျက်ရှိရာ ကျောင်းကုန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတွင် မေ ၅ ရက် နံနက်ပိုင်းက ပြည်သူများ ကျန်းမာရေးအသိရှိစေရန်အတွက် ရုပ်ရှင် ဂီတအနုပညာရှင်များ၏ ကျန်းမာရေးအသိပညာပေးနှိုးဆော်မှုများ ပြသထားသည်။

ကျောင်းကုန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်ရေးတွင် ယခုကဲ့သို့ ရုပ်ရှင် ဂီတအနုပညာရှင်များ၏ ကျန်းမာရေးအသိပညာပေး ဓာတ်ပုံများအပြင် နိုင်ငံတော်အကြီးအကဲများ လှုပ်ရှားမှု မှတ်တမ်းဓာတ်ပုံများ၊ စာကြည့်တိုက်သို့ စာငှား/စာဖတ်သူများ လက်ဆေးရန်အတွက် လက်ဆေးဆပ်ပြာနှင့် လက်ဆေးရန်ရေဘူး ထားရှိပေးခြင်း၊ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ နေ့စဉ်ထုတ်ပြန်ထားမှုများကို ပြန်လည်ကူးယူဖော်ပြပေးခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**

# ချန်ပီယံလိဂ်နှင့် ယူရိုပါလိဂ်ပြိုင်ပွဲများ ဖျက်သိမ်းရဖွယ်ရှိဟု ယူအီးအက်ဖ်အေအကြီးအကဲ စီဖာရင် ဝန်ခံပြောကြား




ကိုရိုနာဗိုင်းရပ်စ်ရောဂါ ကူးစက်မှုတွေ ဖြစ်ပွားနေတဲ့အတွက် ယခုနှစ်ဘောလုံးရာသီမှာ ချန်ပီယံလိဂ်ပြိုင်ပွဲနဲ့ ယူရိုလိဂ်ပြိုင်ပွဲတွေကို ဖျက်သိမ်းရဖွယ်ရှိနေတယ်လို့ ဥရောပဘောလုံးအဖွဲ့ချုပ်အကြီးအကဲ အလက်ဆန်းဒါးစီဖာရင်က ဝန်ခံပြောကြားလိုက်ပါတယ်။

ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားမှုကြောင့် ကမ္ဘာတစ်ဝန်းမှာ ကျင်းပနေတဲ့ ဘောလုံးပြိုင်ပွဲတွေ ရပ်ဆိုင်းခဲ့ရသလို ယူအီးအက်ဖ်အေက ကြီးမှူးကျင်းပတဲ့ ချန်ပီယံလိဂ်ပြိုင်ပွဲနဲ့ ယူရိုပါလိဂ်ပြိုင်ပွဲတွေကိုလည်း လက်ရှိအချိန်မှာ ရပ်နားထားရတာဖြစ်ပြီး နောက်တစ်ကြိမ် ကြေညာချက်မထုတ်ပြန်မီအထိ ရပ်ဆိုင်းထားခဲ့ရတာဖြစ်ပါတယ်။

ချန်ပီယံလိဂ်နဲ့ ယူရိုပါလိဂ်ပြိုင်ပွဲတွေ ပြန်လည်စတင်ဖို့အတွက် ဆုံးဖြတ်ချက်မချမီမှာ ကိုရိုနာဗိုင်းရပ်စ် ဖြစ်ပွားမှုလျော့ကျသွားမလားဆိုတာကိုလည်း တာဝန်ရှိသူတွေက စောင့်မျှော်နေတာဖြစ်ပါတယ်။ ဒါပေမယ့် ယူအီးအက်ဖ်အေအကြီးအကဲ စီဖာရင်ကတော့ ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားမှုဟာ နွေရာသီကာလကို ကျော်လွန်ဖြစ်ပွားခဲ့မယ်ဆိုရင် ပြိုင်ပွဲနှစ်ရပ်စလုံးကို ဖျက်သိမ်းရဖို့ရှိနေတယ်လို့ သတိပေးခဲ့တာ ဖြစ်ပါတယ်။ ဒ့ါအပြင် အဲဒီပြိုင်ပွဲနှစ်ရပ်ကို စက်တင်ဘာလ ဒါမှမဟုတ် အောက်တိုဘာလထဲမှာတောင် ကျင်းပဖို့ မဖြစ်နိုင်လောက်ဘူးလို့လည်း စီဖာရင်က ပြောကြားထားပါတယ်။

ချန်ပီယံလိဂ်ပြိုင်ပွဲနဲ့ ယူရိုပါလိဂ်ပြိုင်ပွဲတွေကို ဖျက်သိမ်းလိုက်ဖို့ရှိနေတဲ့သတင်းဟာ မန်စီးတီးအသင်းအပါအဝင် အင်္ဂလန်ကလပ်အသင်းအတော်များများအတွက် သတင်းဆိုးဖြစ်လာမှာဖြစ်ပြီး မန်စီးတီးအသင်းဟာ ချန်ပီယံလိဂ်ချန်ပီယံဖြစ်လာဖို့ ရေပန်းစားနေတဲ့အသင်းလည်း ဖြစ်ပါတယ်။

မန်ယူအသင်းနဲ့ ဝုလ်ဗက်အသင်းတို့ကလည်း ယူရိုပါလိဂ်ကစားရဖို့ရှိနေပြီး ယူရိုပါလိဂ်ချန်ပီယံဖြစ်လာမယ့်အသင်းဟာ လာမယ့်ဘောလုံးရာသီမှာ ချန်ပီယံလိဂ်ဝင်ခွင့်တစ်နေရာ ရရှိမှာလည်းဖြစ်ပါတယ်။ ဒါကြောင့် အဲဒီအသင်းတွေဟာ ဇွန်လထဲမှာ ချန်ပီယံလိဂ်ပြိုင်ပွဲနဲ့ ယူရိုပါလိဂ်ပြိုင်ပွဲတွေ ပြန်လည်ကျင်းပဖို့ မျှော်လင့်ထားကြတာလည်းဖြစ်ပါတယ်။

ချန်ပီယံလိဂ်ပြိုင်ပွဲနဲ့ ယူရိုပါလိဂ်ပြိုင်ပွဲတွေကို တံခါးပိတ်ကျင်းပဖို့အထိ အသင်းတချို့က မျှော်လင့်ထားတာဖြစ်ပေမယ့် ယူအီးအက်ဖ်အေအကြီးအကဲ စီဖာရင်ကတော့ အဲဒီအစီအစဉ်လည်း ဖြစ်မြောက်ဖို့မရှိဘူးလို့ ဆိုပါတယ်။

## လိုက်ဇစ်တိုက်စစ်မှူး တီမိုဝါနာ လီဗာပူးအသင်းကို ဥပေက္ခာပြုပြီး ဘိုင်ယန်မြူးနစ်အသင်းဆီ ပြောင်းရွှေ့ကစားဖို့ရှိနေ

လိုက်ဇစ်တိုက်စစ်မှူး တီမိုဝါနာဟာ ပရီမီယာလိဂ်ကလပ် လီဗာပူးအသင်းဆီ ပြောင်းရွှေ့မှာမဟုတ်ဘဲ ဂျာမန်ဘွန်ဒက်လီဂါကလပ် ဘိုင်ယန်မြူးနစ်အသင်းဆီကိုသာ ပြောင်းရွှေ့ကစားဖို့ရှိနေတယ်လို့ မန်ယူအသင်းနဲ့ စပါးအသင်းတို့ရဲ့ တိုက်စစ်မှူးဟောင်း ဘာဘာတော့ဗ်က ပြောကြားထားပါတယ်။

လီဗာပူးအသင်းဟာ ယခုနှစ်ဘောလုံးရာသီမှာ လိုက်ဇစ်အသင်းနဲ့အတူ ဘွန်ဒက်လီဂါပွဲစဉ် ၂၅ ပွဲပါဝင်ကစားပေးထားရာမှာ သွင်းဂိုး ၂၁ ဂိုးအထိ သွင်းယူပေးနိုင်ခဲ့တာလည်းဖြစ်ပါတယ်။ အသက် ၂၄ နှစ်အရွယ်ရှိ တိုက်စစ်မှူး တီမိုဝါနာကို လိုက်ဇစ်အသင်းက ပြောင်းရွှေ့ကြေးပေါင်သန်း ၆၀ အထိ သတ်မှတ်ထားတာလည်းဖြစ်ပါတယ်။

တိုက်စစ်မှူး တီမိုဝါနာကို လီဗာပူးအသင်းနဲ့ ဘိုင်ယန်မြူးနစ်အသင်းတို့အပြင် ရီးယဲလ်မက်ဒရစ်အသင်း၊ မန်ယူအသင်း၊ ဘာစီလိုနာအသင်း၊ မန်စီးတီးအသင်းနဲ့ ဂျူဗင်တပ်အသင်းတို့ကလည်း ခေါ်ယူဖို့ပစ်မှတ်ထားနေတာဖြစ်ပါတယ်။






## ကိုရိုနာဗိုင်းရပ်စ်ကြောင့် ပြိုင်ပွဲများရပ်နားထားပြီးနောက် ဘိုင်ယန်မြူးနစ်နှင့် ဘွန်ဒက်လီဂါကလပ်အသင်းများ ပထမဆုံးလေ့ကျင့်ရေးပြန်ဆင်း

ကိုရိုနာဗိုင်းရပ်စ် ကပ်ရောဂါဖြစ်ပွားမှုကြောင့် ဂျာမန်ဘွန်ဒက်လီဂါ ဘောလုံးပြိုင်ပွဲကို ရပ်နားထားခဲ့ပြီး နောက်ပိုင်း ဘိုင်ယန်မြူးနစ်အသင်းနဲ့ ဘွန်ဒက်လီဂါကလပ်အသင်း အများစုဟာ ပထမဆုံးအကြိမ်အဖြစ် လေ့ကျင့်ရေးပြန်ဆင်းနေပြီဖြစ်တယ်လို့ သိရပါတယ်။

အမှတ်ပေးဇယား အောက်ခြေက ပါဒါဘွန်းအသင်းဟာ ဘောလုံးသမားများကို အုပ်စုငယ်များခွဲကာ လေ့ကျင့်ခဲ့တာဖြစ်ပြီး ပါဒါဘွန်းနည်းပြက ယခုလိုလေ့ကျင့်တာဟာ ကစားသမားတွေရဲ့ခြေထဲကို ဘောလုံးပြန်လည်ရောက်ရှိဖို့က ကစားသမားတွေအတွက် အရေးပါခြင်းကြောင့်ဖြစ်တယ်လို့ ဆိုပါတယ်။

ဂျာမန်ဘွန်ဒက်လီဂါပြိုင်ပွဲကို မတ် ၁၃ ရက်မှစတင်ကာ အနည်းဆုံး မေ ၃၀ ရက်အထိ ရွှေ့ဆိုင်းခဲ့တာလည်းဖြစ်ပါတယ်။ ဘိုင်ယန်မြူးနစ်အသင်းဟာ ပြိုင်ပွဲတွေ ရပ်နားလိုက်ချိန်မှာ ဘွန်ဒက်လီဂါ အမှတ်ပေးဇယားမှာ ရမှတ် ၅၅ မှတ်နဲ့ ထိပ်ဆုံးက ရပ်တည်နေတာဖြစ်ပြီး အမှတ်ပေးဇယား ဒုတိယနေရာက ဒေါ့မွန်အသင်းကို လေးမှတ်ဖြတ်ထားတာ ဖြစ်ပါတယ်။

**ငွေကြယ် - ရေးသားသည်**

## ပြည်တွင်းအားကစား



## ရှမ်းယူနိုက်တက်နှင့် လမ်းခွဲခဲ့သည့် ရန်နိုင်ဦး အခြားအသင်းသို့ ပြောင်းရွှေ့ရန် ညှိနှိုင်းနေ

**ရန်ကုန် မေ ၆**

ရှမ်းယူနိုက်တက်အသင်းနှင့် လမ်းခွဲခဲ့သည့် မြန်မာ့လက်ရွေးစင် တောင်ပံကစားသမား ရန်နိုင်ဦးသည် အခြား MNL ကလပ်အသင်းသို့ ပြောင်းရွှေ့ရန် ညှိနှိုင်းမှုများ ပြုလုပ်လျက်ရှိသည်။

ရန်နိုင်ဦးသည် ရှမ်းယူနိုက်တက်အသင်းတွင် လေးနှစ်ကြာကစားပြီးနောက် အသင်းပြောင်းရွှေ့ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ပြီး ရာသီဝက်ကာလမှာပင် လမ်းခွဲခဲ့ခြင်းဖြစ်သည်။ ရန်နိုင်ဦးသည် မတ် ၃၁ ရက်က ရှမ်းယူနိုက်တက်အသင်းနှင့် စာချုပ်သက်တမ်းပြည့်ခဲ့ပြီး သက်တမ်းမတိုးဘဲ အသင်းသစ်တစ်သင်းသို့ ပြောင်းရွှေ့ကစားမည်ဖြစ်သည်။ ရန်နိုင်ဦးကို MNL ထိပ်သီးကလပ်အသင်းနှစ်သင်းက ခေါ်ယူရန်ကြိုးပမ်းနေပြီး ဆွေးနွေးမှုများ ပြုလုပ်လျက်ရှိသည်။ ရန်နိုင်ဦးသည် ရှမ်းယူနိုက်တက်အသင်းတွင် အောင်မြင်မှုများရရှိခဲ့ပြီး အမှတ်ပေးချန်ပီယံဆုနှစ်ကြိမ်၊ ရှုံးထွက်ချန်ပီယံဆု တစ်ကြိမ်ရရှိခဲ့သည်။

ရန်နိုင်ဦးသည် မြန်မာ ယူ-၁၉ အသင်းနှင့်အတူ ထွက်ပေါ်လာသည့်ကစားသမားတစ်ဦးဖြစ်ပြီး မြန်မာအသင်း ပထမဆုံးဝင်ရောက်ကစားခွင့်ရသည့် ၂၀၁၅ ယူ-၂၀ ကမ္ဘာ့ဖလားပြိုင်ပွဲ၏ ပထမဆုံးဂိုး သွင်းယူနိုင်ခဲ့သူလည်းဖြစ်သည်။ ရန်နိုင်ဦးသည် ၂၀၁၅ ခုနှစ်မှစတင်ကာ မြန်မာ့လက်ရွေးစင်အသင်းတွင် ရွေးချယ်ခံခဲ့ရသည်။

သတင်း-ရှိုင်းထက်ဇော်
ဓာတ်ပုံ-ဖိုးသော်ဇင်

## လက်စတာ၊ နယူးကာဆယ်၊ အက်စတွန်ဗီလာနဲ့ ခရစ္စတယ်ပဲလေ့တို့က ကိုလံဘီယာတိုက်စစ်မှူး မိုရီလော့စ်ကို ခေါ်ယူဖို့ စိတ်ဝင်စားနေ



လက်စတာစီးတီးအသင်း၊ နယူးကာဆယ်အသင်း၊ အက်စတွန်ဗီလာအသင်းနဲ့ ခရစ္စတယ်ပဲလေ့အသင်းတို့ဟာ ဟာရိန်းဂျား အသင်းမှ ကိုလံဘီယာ တိုက်စစ်မှူး မိုရီလော့စ်ကို ခေါ်ယူဖို့ စိတ်ဝင်စားနေတယ်လို့ သိရပါတယ်။

ကိုလံဘီယာတိုက်စစ်မှူး မိုရီလော့စ်ဟာ ကိုရိုနာဗိုင်းရပ်စ် ဖြစ်ပွားမှုကြောင့် ဘောလုံးပြိုင်ပွဲတွေ မရပ်ဆိုင်းမီကာလအတွင်း ပြိုင်ပွဲအရပ်ရပ်မှာ သွင်းဂိုး ၂၉ ဂိုးအထိ သွင်းယူပေးနိုင်ခဲ့တာ ဖြစ်ပါတယ်။

အဲဒီလိုခြေစွမ်းပိုင်းကောင်းမွန်မှုကြောင့် အသက် ၂၃ နှစ်အရွယ် တိုက်စစ်မှူး မိုရီလော့စ်ကို အီတလီစီးရီးအေကလပ် အင်တာမီလန်အသင်းအပြင် စပိန်လာလီဂါကလပ်အသင်းတွေဖြစ်တဲ့ အက်သလက်တီကိုမက်ဒရစ်အသင်း၊ ဗလင်စီယာအသင်းနဲ့ ဆီဗီလာအသင်းတို့ကလည်း ခေါ်ယူဖို့ စီစဉ်နေတာဖြစ်ပါတယ်။

# ကိုဗစ်-၁၉ ရောဂါ ပြန့်ပွားမှုမရှိစေရေး ပြည်တွင်း ပြည်ပမှပြန်လာသူများအားအသိပညာပေး

**ပုလဲ ဧပြီ ၆**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပုလဲမြို့ အခြေခံပညာအထက်တန်းကျောင်းရှိ ကိုဗစ်-၁၉ ရောဂါပြန့်ပွားမှုမရှိစေရေး ကူညီစောင့်ရှောက်မှုစခန်း၌ ပြည်ပမှ ပြန်လည်ဝင်ရောက်လာသည့် ဒေသခံပြည်သူများအား ၁၄ ရက်ထားရှိ၍ ကျန်းမာရေးစောင့်ကြည့်စစ်ဆေးခြင်းလုပ်ငန်းကို ဧပြီ ၅ ရက်က အသိပညာပေးဆွေးနွေးပွဲ ကျင်းပခဲ့သည်။

ရှေးဦးစွာ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဇော်ထက်က အမှာစကားပြောကြားခဲ့ပြီး ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး မြို့နယ်အဆင့် လုပ်ငန်းကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းနိုင်က မြို့နယ်အတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာများတွင် ကိုဗစ်-၁၉ ရောဂါ ပြန့်ပွားမှုမရှိစေရေး ကူညီစောင့်ရှောက်မှုစခန်းများ ဖွင့်လှစ်ထားရှိပြီး ပြည်ပနှင့်ပြည်တွင်းမှပြန်လည်ဝင်ရောက်လာသည့် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ကြည့်စစ်ဆေးခြင်း ဆောင်ရွက်နေမှုများနှင့် ကိုဗစ်-၁၉ ရောဂါပြန့်ပွားမှုမရှိစေရေး ကျန်းမာရေးစစ်ဆေးရေးအဖွဲ့များဖွဲ့စည်း၍ မြို့နယ်အတွင်း ဖြတ်သန်းမောင်းနှင်လျက်ရှိသော မော်တော်ယာဉ်များနှင့် ကုန်တင်မော်တော်ယာဉ်များတွင် လိုက်ပါလာသည့် ခရီးသွားပြည်သူများအား အပူချိန်တိုင်းကိရိယာဖြင့် ကျန်းမာရေးစစ်ဆေးခြင်းနှင့် အသိပညာပေးဆွေးနွေးခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန လက်ထောက်ဆရာဝန် ဒေါက်တာအောင်ကျော်မြင့်က ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ လိုက်နာဆောင်ရွက်ရမည့် ကိစ္စရပ်များကိုလည်းကောင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးတင်ဌေးက လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များကိုလည်းကောင်း၊ မြို့မိမြို့ဖ ဦးသန်းဇော်က ပုလဲ အထက ကိုဗစ်-၁၉ ရောဂါ ပြန့်ပွားမှုမရှိစေရေး ကူညီစောင့်ရှောက်မှုစခန်းတွင် နေထိုင်ကြသူများအတွက် စားဝတ်နေရေး အဆင်ပြေအောင် ဆောင်ရွက်ထားရှိမှုများကိုလည်းကောင်း ရှင်းလင်းဆွေးနွေးခဲ့ပြီး ပြည်တွင်း ပြည်ပမှ ပြန်လည်ရောက်ရှိသူများက လိုအပ်ချက်များကို တင်ပြဆွေးနွေးရာ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဇော်ထက်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ဖြည့်ဆည်းဆောင်ရွက်ပေးမည့် လုပ်ငန်းအစီအမံများကို ရှင်းလင်းဖြေကြားခဲ့သည်။



ထို့နောက် မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ပုလဲမြို့ရှိ အခြေခံပညာအထက်တန်းကျောင်း ကိုဗစ်-၁၉ ရောဂါပြန့်ပွားမှုမရှိစေရေး ကူညီစောင့်ရှောက်မှုစခန်းရှေ့၌ အသိပညာပေး နံရံကပ်စာစောင်ပြဘုတ်များ ခင်းကျင်းထားရှိမှုအခြေအနေများကို ဦးဇော်ထက်နှင့် တာဝန်ရှိသူများ၊ ပြည်ပပြန်များအား လာရောက်တွေ့ဆုံကြသည့်သူများနှင့် ဒေသခံပြည်သူများက ကြည့်ရှုလေ့လာခဲ့ကြသည်။

ပုလဲမြို့နယ်အနေဖြင့် အဆိုပါစခန်းအပါအဝင် ကျေးရွာများ၌ ပြည်ပနှင့် ပြည်တွင်းမှ ပြန်လည်ဝင်ရောက်လာသည့် ဒေသခံပြည်သူ ၈၁၉ ဦးအနက် ၁၄ ရက် စောင့်ကြည့်ကာလပြည့်၍ စခန်းများမှ ပြန်လည်စေလွှတ်သူ ၅၅၁ ဦးရှိကြောင်း၊ ကျန်းမာရေးစောင့်ကြည့်စစ်ဆေး မှုခံယူနေသည့် ဒေသခံပြည်သူ ၂၆၈ ဦးသာ ကျန်ရှိကြောင်းနှင့် ပုလဲမြို့နယ်တွင် ဧပြီ ၅ ရက်အထိ သံသယလူနာ မရှိကြောင်း မြို့နယ်စီမံခန့်ခွဲမှု ကော်မတီရုံးမှ သိရသည်။

**မြင့်သိန်းစိုး**
**(ပြန်/ဆက်)**

# မြန်မာ-တရုတ် ပူးပေါင်းဆက်ဆံရေးဗဟိုအသင်းက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသို့ နှာခေါင်းစည်းများ လှူဒါန်း

**ရန်ကုန် ဧပြီ ၆**

မြန်မာ-တရုတ် ပူးပေါင်းဆက်ဆံရေးဗဟိုအသင်းသည် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသို့ ကိုဗစ်-၁၉ ကာကွယ်ရေးလုပ်ငန်းများတွင် အသုံးပြုနိုင်ရန် ကျပ်သိန်း ၃၀၀ တန်ဖိုးရှိ နှာခေါင်းစည်း အခုရေပေါင်း ၅၀၀၀၀ လှူဒါန်းခဲ့သည်။

မြန်မာ-တရုတ် ပူးပေါင်းဆက်ဆံရေးဗဟိုအသင်းသည် အဆိုပါနှာခေါင်းစည်းများကို ဧပြီ ၅ ရက် နံနက် ၈ နာရီခွဲက ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် အားကစားနှင့် ကာယပညာသိပ္ပံကျောင်းရှိ ပြည်ထောင်စုခန်းမ၌ ပြုလုပ်ခဲ့သော ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ရန်ပုံငွေ၊ ဆေးနှင့် ဆေးပစ္စည်းများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနား၌ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသို့ ပေးအပ်လှူဒါန်းခဲ့ခြင်းဖြစ်သည်။

အခမ်းအနားတွင် မြန်မာ-တရုတ် ပူးပေါင်းဆက်ဆံရေးဗဟိုအသင်း ဂုဏ်ထူးဆောင်ဥက္ကဋ္ဌ ဦးသစ္စာနှင့် ဥက္ကဋ္ဌ ဒေါ်ခင်ခင်လေးတို့က ပေးအပ်လှူဒါန်းခဲ့သည်။

အဆိုပါ အသင်းသည် ကိုဗစ်-၁၉ ကာကွယ် ရေးအတွက် ယခုလှူဒါန်းသော နှာခေါင်းစည်း အခုရေ ၅၀၀၀၀ အပါအဝင် စုစုပေါင်း ၈၀၀၀၀ လှူဒါန်းခဲ့ပြီးဖြစ်သည်။

မြန်မာ-တရုတ် ချစ်ကြည်ရေးအထိမ်းအမှတ် ဆေးရုံများဖြစ်သည့် ဒေါ်ခင်ကြည်အမျိုးသမီးဆေးရုံသို့ အခုရေ ၁၀၀၀၀၊ မကွေးတိုင်းဒေသကြီး မကွေးခရိုင် နတ်မောက်မြို့ရှိ ပြည်သူ့ဆေးရုံသို့ အခု ၂၀၀၀၀ လှူဒါန်းခဲ့ပြီးဖြစ်ရာ တန်ဖိုးအားဖြင့် ကျပ်သိန်းပေါင်း ၄၉၅ သိန်းတန်ဖိုးရှိကြောင်း သိရသည်။ ဆက်လက်၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် လိုအပ်သော အထောက်အကူပြုပစ္စည်းများကို လှူဒါန်းသွားမည်ဖြစ်ကြောင်း အသင်း ဂုဏ်ထူးဆောင်ဥက္ကဋ္ဌ ဦးသစ္စာက အခမ်းအနားအပြီးတွင် ပြောကြားခဲ့သည်။

**မြင့်မောင်**



# နေပြည်တော်ဖြူမြို့နယ်အတွင်းရှိ ကန့်သတ်စောင့်ကြည့်နေရာများသို့ ထောက်ပံ့ရေးပစ္စည်းများပေးအပ်

**ဓနုဖြူ ဧပြီ ၆**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ဓနုဖြူမြို့နယ်အတွင်းရှိ ကျုံတနီးနှင့် ပြင်ကသာ ကန့်သတ်စောင့်ကြည့်နေရာများသို့ ဧပြီ ၄ ရက် နံနက် ၈ နာရီက ဧရာဝတီတိုင်းဒေသကြီးလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးစန်းထွေး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်ဦး၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာကျော်မြင့်နှင့် လူမှုရေးအသင်းအဖွဲ့များက ထောက်ပံ့ရေးပစ္စည်းများအား သက်ဆိုင်ရာ ကြီးကြပ်အဖွဲ့များထံ လွှဲပြောင်းပေးအပ်ခဲ့သည်။

ဧရာဝတီတိုင်းဒေသကြီး လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးစန်းထွေးက စောင့်ရှောက်မှုခံယူနေကြသူများအား လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်နိုင်ရန် ဆောင်ရွက်ထားရှိမှုများကိုမေးမြန်းရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်ဦး၊ မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာကျော်မြင့်နှင့် တာဝန်ရှိသူများက ဆောင်ရွက်ထားရှိမှုများကို လိုက်လံရှင်းလင်းပြသခဲ့ကြောင်း သိရသည်။

**ထက်ဝေဖြိုး**

# ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေး အသိပညာပေးပိုစတာစိုက်ထူ

**ရေနံချောင်း ဧပြီ ၆**

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတွင် ဧပြီ ၅ ရက် နံနက်ကစ၍ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ကာကွယ်ရေး နှိုးဆော်ချက်များကို အသိပညာပေးပိုစတာများဖြင့် ပြည်သူများအား အသိပညာပေးလျက်ရှိသည်။

"ပြည်သူ့စာကြည့်တိုက်ကို ဝင်ထွက်သည့် စာအုပ်ငှားသူတွေနဲ့ ပြန်လာအပ်တဲ့ပြည်သူတွေအတွက် လက်ဆေးရည်ဘူး၊ လက်ဆေးကန်၊ ဆပ်ပြာ၊ တစ်ရှူးတွေကိုထားပေးထားပါတယ်။ မြေစိုက်နံရံကပ်ပြဘုတ်တွေနဲ့လည်း အသိပညာပေးနေပါတယ်" ဟု မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်နန္ဒာလှိုင်က ပြောကြားသည်။

**ဆန်းညွန့်(ရေနံချောင်း)**





# ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်ရေးအတွက် နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေ

**စစ်ကိုင်း ဧပြီ ၆**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီးခင်မောင်စိန်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးစိုးမိုးနိုင်၊ မြို့မရဲစခန်းမှူး ဒုရဲမှူးကျော်ဇင်ထွေးတို့ဦးဆောင်၍ ရဲတပ်ဖွဲ့အင်အား ၈၀ တို့သည် ဧပြီ ၅ ရက် ည ၇ နာရီခွဲက စစ်ကိုင်းမြို့ ဧရာဝတီတံတားပေါ်တွင် ဖြတ်သန်းသွားလာကြသည့် ကား၊ ဆိုင်ကယ်များအား ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် နှာခေါင်းစည်းများ အခမဲ့ပေးဝေကာ ကျန်းမာရေးအသိပညာပေး လုပ်ငန်းများ လုပ်ဆောင်ခဲ့သည်။

**ခိုင်ဇေယျ**

# ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး အသိပညာပေးနှိုးဆော်ချက်များ ဆောင်ရွက်ထား

**ပန်းတနော် ဧပြီ ၆**

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးရှေ့ မြေစိုက်နံရံကပ်ပြဘုတ်တွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး အသိပညာပေးနှိုးဆော်ချက်များကို ဧပြီ ၅ ရက် နံနက်ပိုင်းက ပြသခဲ့သည်။

အဆိုပါကိုဗစ်-၁၉ ရောဂါကာကွယ်ရေး အသိပညာပေးနှိုးဆော်ချက်များအား ရုပ်ရှင်သရုပ်ဆောင်များဖြင့် "သင့်ကိုယ်သင်ကာကွယ်ဖို့အတွက်၊ သင့်ပတ်ဝန်းကျင်ကို ကာကွယ်ဖို့အတွက်၊ သင့်မြို့ရွာကို ကာကွယ်ဖို့အတွက်၊ သင့်တိုင်းပြည်ကို ကာကွယ်ဖို့အတွက် အိမ်မှာပဲနေပါ၊ အပြင်မထွက်ပါနဲ့" စသည့်အသိပေးနှိုးဆော်ချက်များကို ရုံးရှေ့နှင့် မြေစိုက်နံရံကပ်ပြဘုတ်တို့တွင် ဒေသခံပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်ရေးအတွက် ပြသဆောင်ရွက်ထားကြောင်း သိရသည်။

**ပြည့်ဖြိုးကျော်**
**(ပြန်/ဆက်)**

# ကိုဗစ်-၁၉ ရောဂါ ကာကွယ် ထိန်းချုပ်ရေးအတွက် အသုံးပြုရန် တစ်ကိုယ်ရေသုံးကာကွယ်ရေးဝတ်စုံ ၃၆၄ စုံလှူဒါန်း

**ရန်ကုန် မေ ၆**

ကိုဗစ်-၁၉ ထိန်းချုပ်၊ ကာကွယ်ရေးနှင့်ကုသရေးလုပ်ငန်းများတွင် အသုံးပြုရန်အတွက် Swim Mates Charity Foundation မှတာဝန်ရှိသူများက မေ ၆ ရက် နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနရှိ မြန်မာနိုင်ငံ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့် အမျိုးသားအဆင့်ဗဟိုကော်မတီသို့ သွားရောက်ကာငွေကျပ် သိန်း ၁၂၀ ကျော်တန်ဖိုးရှိ တစ်ကိုယ်ရေသုံးကာကွယ်ရေး ဝတ်စုံ ၃၆၄စုံ ကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

အဆိုပါ တစ်ကိုယ်ရေသုံးကာကွယ်ရေးဝတ်စုံများကို Swim Mates Charity Foundation ဥက္ကဋ္ဌ ဦးဖြိုးနှင့်အဖွဲ့ဝင်များကလှူဒါန်းရာ ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာတင်ထွန်းနှင့် ရန်ကုန်တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနမှ တာဝန်ခံဆရာဝန် ဒေါက်တာဥက္ကာဖြိုးတို့က လက်ခံရယူကြသည်။

"ယနေ့လှူဒါန်းလိုက်တဲ့ တစ်ကိုယ်ရေသုံးကာကွယ်ရေးဝတ်စုံတွေကို ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ကုသရေးလုပ်ငန်းတွေအတွက် ဆက်လက်ပေးပို့သွားမှာဖြစ်ပါတယ်"ဟု ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန အဖွဲ့ခေါင်းဆောင် ဆရာဝန်ဒေါက်တာဥက္ကာဖြိုးက ပြောကြားသည်။

"ဒီကနေ့ ကိုဗစ်-၁၉ ရောဂါ တိုက်ဖျက်ရေးမှာ ရှေ့တန်းက တာဝန်ယူနေကြရတဲ့ ဆရာဝန်တွေ၊သူနာပြုတွေအတွက် မရှိမဖြစ် လိုအပ်နေတဲ့ တစ်ကိုယ်ရေသုံးကာကွယ်ရေးဝတ်စုံတွေကို လာရောက် လှူဒါန်းရခြင်းဖြစ်ပါတယ်၊ ကျွန်တော်တို့အသင်းရဲ့မတည် ငွေမှကျပ်သိန်း၄၀ နဲ့အလှူရှင်၊ အဖွဲ့ဝင်၊ စေတနာရှင် တွေရဲ့ စုပေါင်းငွေတွေပေါင်းပြီး တစ်ကိုယ်ရေသုံး ကာကွယ်ရေးဝတ်စုံ ၃၆၄ စုံကို တစ်စုံလျှင် ၃၃၀၀၀ နှုန်းနဲ့ ဝယ်ယူလှူဒါန်းခဲ့ခြင်းဖြစ်ပါတယ်" ဟု Swim Mates Charity Foundation မှ အတွင်းရေးမှူး ဦးမျိုးဦးက ပြောကြားသည်။

အဆိုပါ ပရဟိတဖောင်ဒေးရှင်းကို ၂၀၁၄ ခုနှစ်ကတည်းက ထူထောင်ထားပြီး ရေဘေးကယ်ဆယ်ရေး၊ဘုန်းတော်ကြီးကျောင်း ပညာရေး၊ ရေရှားပါးဒေသများစက်ရေတွင်းလှူခြင်းများအပါအဝင် ယနေ့အထိပရဟိတ လှူဒါန်းမှုပေါင်း ၂၅ ကြိမ်ခန့်ရှိပြီဖြစ်ကြောင်း တန်ဖိုးအားဖြင့် ကျပ်သိန်းပေါင်း ၂၀၀၀ ခန့်ရှိပြီဖြစ်ကြောင်း ၎င်းကထပ်လောင်းပြောကြားသည်။

**မြင့်မောင်စိုး**





# မြန်မာ့စီးပွားရေးဘဏ်တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်

**ပဲခူး မေ ၆**

ပဲခူးမြို့ မြန်မာ့စီးပွားရေးဘဏ်၊ပဲခူးခရိုင်ဘဏ်(ခွဲ)၌ မေ ၅ ရက် နံနက် ၁၀ နာရီက ကိုဗစ်-၁၉ ရောဂါကူးဆက်ပြန့်ပွားမှု ကာကွယ်ထိန်းချုပ်ရေး သက်ဆိုင်ရာဌာနများနှင့်ပူးပေါင်းဆောင်ရွက်ခဲ့ကြကြောင်းသိရသည်။

ပဲခူးမြို့ မြန်မာ့စီးပွားရေးဘဏ် ပဲခူးခရိုင်ဘဏ်ခွဲသို့ လာရောက် ပင်စင်ထုတ်ယူသော မိဘပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ ဘဏ်နှင့်ဆက်သွယ်ဆောင်ရွက်ရသည့် ပြင်ပအဖွဲ့အစည်းများအတွက် လက်ဆေးဘေစင်များ၊ လက်ဆေးဆပ်ပြာရည်များထားရှိပေးခြင်း၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့်ပူးပေါင်း၍ အသိပညာပေးဟောပြောခြင်းနှင့် လက်ကမ်းစာစောင်များဖြန့်ဝေပေးခြင်း၊ မြို့နယ်မီးသတ်ဦးစီးဌာနမှ အဆိုပါဘဏ်၏ အတွင်းအပြင်ပတ်ဝန်းကျင်တွင် ဆေးဖျန်းခြင်းများ ပြုလုပ်ပေးကာ ဘဏ်၌ အများပြည်သူများငွေကြေးကိစ္စရပ်များဆောင်ရွက်ရာတွင် လူစုလူဝေးများ မဖြစ်ပေါ်စေရေးအတွက် တစ်ဦးလျှင် သုံးပေအကွာ နေထိုင်ကြရန်နှင့် ဘဏ်လုပ်ငန်းများ အဆင်ပြေချောမွေ့စေရေးအတွက် ကြိုးစားဆောင်ရွက်နေကြောင်း အဆိုပါဘဏ်မှ တာဝန်ရှိသူကပြောကြားသည်။

**ဟိန်းထက်(ပဲခူး)**

# ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးအသိပညာပေး

**အုတ်ဖို မေ ၆**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် အုတ်ဖိုမြို့နယ်တွင် ကျန်းမာရေးစစ်ဆေးခြင်းနှင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး အသိပညာပေးလုပ်ငန်းများကို ယနေ့နံနက်ပိုင်းက ကျေးရွာများသို့အရောက် လိုက်လံဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကျေးရွာနေပြည်သူများအား အပူချိန်တိုင်းတာပေးခြင်း၊ လက်ကမ်းစာစောင်များဖြန့်ဝေပေးခြင်း၊ ကျန်းမာရေးအသိပညာဗဟုသုတများ ဝေငှပေးခြင်းတို့ကို မြို့နယ်ကျန်းမာရေးဝန်ထမ်းများနှင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များက လိုက်လံဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး နောက်ရက်များတွင်လည်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်သူ(အုတ်ဖို)**

# ကိုဗစ်-၁၉ သက်ရောက်မှုကြောင့် ထိခိုက်မှုရှိနေသောစီးပွားရေးလုပ်ငန်းများအား COVID-19 Fund မှ ထုတ်ပေးမည့် ချေးငွေလျှောက်ထားခြင်းကို Online မှ အဆင်ပြေစွာ ဆောင်ရွက်နိုင်ရန် Link တစ်ခုထပ်မံ တိုးချဲ့

**ရန်ကုန် မေ ၆**

ကိုဗစ်-၁၉ သက်ရောက်မှုကြောင့် ထိခိုက်မှုရှိနေသော စီးပွားရေးလုပ်ငန်းများအား COVID-19 Fund မှ ထုတ်ပေးမည့် ချေးငွေလျှောက်ထားခြင်းကို မေ ၂ ရက် မွန်းလွဲ ၂ နာရီမှ စတင်၍ Online မှတစ်ဆင့် https://umfccicovid19loan.mitcloud.com သို့ ဝင်ရောက်၍ လွယ်ကူလျင်မြန်စွာဖြင့် လျှောက်ထားနိုင်ပြီဖြစ်ကြောင်း ကုန်သည်စက်မှု အသင်းချုပ်က ထုတ်ပြန်ကြေညာခဲ့ပြီး ယခုအခါ Online မှချေးငွေ လျှောက်ထားသူများ ပိုမိုအဆင်ပြေစေရန်အတွက် Link တစ်ခု ထပ်မံတိုးချဲ့ထားကြောင်း သိရသည်။

ကိုဗစ်-၁၉ သက်ရောက်မှုကြောင့် ထိခိုက်မှုရှိနေသော စီးပွားရေးလုပ်ငန်းများအား COVID-19 Fund မှ ထုတ်ပေးမည့်ချေးငွေ လျှောက်ထားနိုင်ကြောင်း အသိပေးကြေညာချက်ကို မတ် ၂၉ ရက်တွင် ထုတ်ပြန်ကြေညာခဲ့ပြီး ချေးငွေလျှောက်ထားလွှာများအား သတ်မှတ်ပုံစံဖြင့် မတ် ၃၀ ရက်မှ မေ ၉ ရက်အတွင်း မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့် တိုင်းဒေသကြီးနှင့်ပြည်နယ် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းရုံးများတွင် လက်ခံပေးလျက်ရှိသည်။

သို့ရာတွင် ကိုဗစ်-၁၉ ရောဂါပြန့်ပွားမှု ကြိုတင်ကာကွယ်ရေးအတွက် လာရောက် လျှောက်ထားသူများ တစ်နေရာတည်းတွင် အများအပြား စုစည်းနေခြင်းမရှိစေရေး အတွက်လည်းကောင်း၊ လျှောက်ထားသူများအနေဖြင့် မိမိနေအိမ်၊ မိမိရုံးခန်းမှ သက်သာစွာဖြင့် လျှောက်ထားနိုင်စေရေးအတွက်လည်းကောင်း ရည်ရွယ်ကာ ချေးငွေ လျှောက်လွှာများအား မေ ၂ ရက်တွင် Online မှတစ်ဆင့် လျှောက်ထားနိုင်ကြောင်း ကြေညာခဲ့ရာမှ ယခုအခါ မူလ Link – https://umfccicovid19loan.mitcloud.com အပြင် ယခုဖော်ပြပါ Link https://umfccicovid19loan.dedc.gov.mm/ မှလည်း ဝင်ရောက်တင်သွင်းနိုင်ပြီဖြစ်သည်။



COVID-19 Fund မှ ထုတ်ပေးမည့် ချေးငွေလျှောက်ထားခြင်းကို မေ ၉ ရက်အထိ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့် တိုင်းဒေသကြီးနှင့် ပြည်နယ် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းရုံးများသို့ လူကိုယ်တိုင်လာရောက်၍ သတ်မှတ်လျှောက်လွှာပုံစံများ ဖြည့်သွင်းလျှောက်ထားခြင်းကိုသော်လည်းကောင်း၊ Online မှ တစ်ဆင့် လျှောက်ထားခြင်းကိုသော်လည်းကောင်း နည်းစနစ်နှစ်မျိုးစလုံးဖြင့် လက်ခံဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး Viber၊ Hot Lines၊ Email များဖြစ်သည့် 09-677727403၊ 09-677727404၊ 09-6777727405၊ covid-19@umfcci.com.mm တို့ကိုလည်း ဆက်သွယ်စုံစမ်းမေးမြန်း နိုင်ကြောင်း၊ ချေးငွေလျှောက်ထားမှုနှင့် ပတ်သက်၍ သက်ဆိုင်ရာ စာရွက်စာတမ်းများ Link နှင့် လျှောက်လွှာများကို https://bit.ly/3bBJqj4 တွင် ရယူနိုင်ပြီး COVID-19 ချေးငွေလျှောက်လွှာများကို မေ ၉ ရက်အထိ ပိတ်ရက်မရှိ နံနက် ၉ နာရီခွဲမှ ညနေ ၄ နာရီခွဲအထိ လက်ခံသွားမည်ဖြစ်ကြောင်း၊ သတ်မှတ်ထားသည့်အချက်အလက်များနှင့် ပြည့်စုံမှုမရှိသော လျှောက်လွှာများကို လက်ခံမည်မဟုတ်ကြောင်း ကုန်သည်စက်မှုအသင်းချုပ်၏ အသိပေး ကြေညာချက်အရ သိရသည်။

**ကိုထက်**

# ကိုဗစ်-၁၉ ရောဂါစောင့်ကြည့်လူနာများ ထားရှိနိုင်ရေးအတွက် ကြိုတင်ဆောင်ရွက်ထားမှုများကြည့်ရှု

**မြို့သစ် မေ ၆**

မကွေးခရိုင် မြို့သစ်မြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါစောင့်ကြည့် လူနာများ ထားရှိနိုင်ရေးအတွက် ကြိုတင်ဆောင်ရွက်မှု အခြေအနေများအား မေ ၅ ရက် နံနက် ၉ နာရီက ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး မြို့နယ်အဆင့် ကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များက ကျေးရွာများသို့ သွားရောက် ကွင်းဆင်းကြည့်ရှုခဲ့သည်။

အဆိုပါ ကိုဗစ်-၁၉ ရောဂါ တွေ့ရှိသော ပြည်ပနိုင်ငံများမှ မြို့သစ်မြို့နယ်အတွင်းသို့ ပြန်လည်ဝင်ရောက်လာသူများအား ကန့်သတ်စောင့်ကြည့်မှု ပြုလုပ်နိုင်ရန်အတွက် အခြေခံပညာ ကျောင်းများတွင် စီစဉ်ဆောင်ရွက်ထားရှိမှု အခြေအနေများအား ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေး မြို့နယ်အဆင့် ကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်ဦးနှင့်အဖွဲ့ဝင်များက သွားရောက်ကြည့်ရှုခဲ့ပြီး အဆိုပါ ဆောင်ရွက်ထားရှိသော နေရာများတွင် ကြက်ခြေနီတပ်ဖွဲ့ဝင်များက ရောဂါ ကြိုတင်ကာကွယ်နိုင်ရေးအတွက် ဆေးဖျန်းခြင်းနှင့် ဘေးပတ်ဝန်းကျင် သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ဇော်ဇော်(မြို့သစ်)**

# ကျိုတိုမှပေးစာများ – ၂၂

# အိုဆာကာ ကိုရီးယားတန်း အတွေ့အကြုံများ

■ အောင်အောင် IR

အခုစာရေးသူ ဂျပန်နိုင်ငံရဲ့ ဒုတိယ အကြီးမားဆုံး အိုဆာကာမြို့ (Osaka) ကို ရောက်နေပါတယ်။ အိုဆာကာမှာ အိုဆာကာ ကိုရီးယားတန်း (Osaka Korea Town) ဆိုတာရှိပါတယ်။ ဒီ အိုဆာကာ ကိုရီးယားတန်းဟာ ဂျပန်နိုင်ငံမှာ အကြီးမားဆုံး ကိုရီးယားတန်းဖြစ်တယ်လို့လည်း သိရပါတယ်။ ဒါနဲ့ အင်တာနက်ကတစ်ဆင့် ကိုရီးယားတန်းမှာ ဖွင့်ထားတဲ့ ဟီရိုတည်းခိုခန်း (Hiro's Guest House) (https://www.hirosguesthouse.com/) မှာ နှစ်ညတာ တည်းခိုနေထိုင်ဖို့ စာရင်းပေးလိုက်ပါတယ်။

**အိုဆာကာ ကိုရီးယားတန်း**

အိုဆာကာမြို့မှာ ရပ်ကွက် ၂၄ ရပ်ကွက် ရှိပြီး အဲဒီထဲက ရပ်ကွက်တစ်ခုက အိခုနို ရပ်ကွက် (Ikuno-ku) ဖြစ်ပါတယ်။ အိခုနို ရပ်ကွက်မှာ ဆုရုဟာရှိ (Tsuruhashi) ဆိုတဲ့ နေရာရှိပြီး အဲဒီ ဆုရုဟာရှိမှာ ဇာအိနိချိခန်း ခို့ခုဂျင်း (Zainichi Kankokujin) လို့ခေါ်တဲ့ ဂျပန်နိုင်ငံရောက် အထူးသဖြင့် ဒုတိယ ကမ္ဘာစစ်မတိုင်မီနဲ့ ဒုတိယကမ္ဘာစစ်ကာလ အတွင်း ဂျပန်နိုင်ငံကို ရောက်ရှိလာခဲ့တဲ့ ကိုရီးယားလူမျိုးအများအပြား နေထိုင်ကြပါတယ်။ ဇာအိနိချိဆိုရင် ဟိုးအရင်ကတည်းက ဂျပန်နိုင်ငံကို ရောက်နေတဲ့ ကိုရီးယားလူမျိုးတွေ အထူးသဖြင့် ဒုတိယ ကမ္ဘာစစ်ကာလအတွင်း ရောက်ရှိလာတဲ့ ကိုရီးယားလူမျိုးတွေကို ဆိုလိုတယ်။ သူတို့ထဲက အများအပြားဟာ ဂျပန်နိုင်ငံသား အဖြစ် ခံယူထားတယ်၊ ဒါမှမဟုတ်လည်း ဂျပန်နိုင်ငံမှာ အမြဲတမ်းနေထိုင်ခွင့် ရထားကြတယ်။ ဒါကြောင့် သူတို့ကို ကိုရီးယား–ဂျပန်တွေလို့ ပြောလို့ရတယ်။ ဒါပေမယ့် ဒီကနေ့ ဂျပန်နိုင်ငံကို ကျောင်းတက်ဖို့၊ အလုပ်လုပ်ဖို့ လာရောက်နေတဲ့ ကိုရီးယားနိုင်ငံက ကိုရီးယားတွေ (တစ်နည်း လူသစ်ကိုရီးယားတွေ) ဖြစ်ကြတယ်လို့ သိရပါတယ်။ ဒါကြောင့် အိုဆာကာမြို့ ဆုရုဟာရှိရေိယာမှာတည်ရှိတဲ့ ကိုရီးယားဈေးတန်းတွေကို အိုဆာကာ ကိုရီးယားတန်း (Osaka Korea Town)၊ ဆုရုဟာရှိ ကိုရီးယားတန်း (Tsuruhashi Korea Town)၊ အိခုနို ကိုရီးယားတန်း(Ikuno Korea Town) စသဖြင့် ခေါ်ဝေါ်ကြပါတယ်။

မည်သို့ဆိုစေ အိုဆာကာမှာ ကိုရီးယားတန်းက တစ်ခုပဲ ရှိပါတယ်။ အတိအကျ ပြောမယ်ဆိုရင် အိုဆာကာ ကိုရီးယားတန်းမှာ နေရာ နှစ်ခုရှိပြီး ကိုရီးယားတန်း (ဈေးဟောင်း) (Old Korea Town) နဲ့ ကိုရီးယားတန်း (ဈေးသစ်) (New Korea Town) တို့ ဖြစ်ပါတယ်။ တစ်ခုနဲ့တစ်ခုက မလှမ်းမကမ်း ၁၀ မိနစ်လောက် လမ်းလျှောက်အကွာအဝေးမှာ ရှိပါတယ်။ ကိုရီးယားတန်းဟောင်းဟာ JR Tsuruhashi Station အနီးမှာရှိပြီး အဲဒီနေရာကို Miyuki-dori Shopping Street လို့လည်း သိကြပါတယ်။ မူလက ဒီနေရာဟာ ဂျပန်ဈေးလမ်းဖြစ်ခဲ့ပေမယ့် နောက်ပိုင်း ကိုရီးယားဆိုင်ခန်းတွေ များပြားလာတာကြောင့် ကိုရီးယားတန်း (ဟောင်း)အနေနဲ့ လူသိများလာခဲ့ပါတယ်။ အဲဒီ ကိုရီးယားတန်းဟောင်း တစ်နည်း Miyuki-dori Shopping Street ဟာဆိုရင် နှစ်ပေါင်း ၈၀ လောက် သက်တမ်းရှိခဲ့ပြီလို့ သိရပါတယ်။ အဲဒီကနေ ၁၀ မိနစ်လောက် လမ်းဆက်လျှောက်ရင် ကိုရီးယားတန်း (ဈေးသစ်) ဘက်ဆီ ရောက်ပါမယ်။ တစ်နေရာနဲ့ တစ်နေရာက နီးတယ်ဆိုပေမယ့် အဆက်အစပ် မရှိပါဘူး။ လမ်းမှာ ဂျပန်ရပ်ကွက်တွေ၊ လူနေအိမ်တွေ ခံနေပါတယ်။ အကြောင်းမသိရင်တော့ ကိုရီးယားတန်း(ဟောင်း)ကနေ ကိုရီးယားတန်းသစ်ကို အလွယ်မရောက်နိုင်ပါဘူး။ ကိုရီးယားတန်းသစ်ကို Ikuno Korea Town လို့ တရားဝင်ခေါ်ဆိုသုံးနှုန်းပြီး Tsuruhashi Korea Town လို့လည်း ခေါ်ဝေါ်ကြပါတယ်။ ကိုရီးယားတန်းသစ်ဆိုရင်တော့ လမ်းအဝင်တွေမှာ ကိုရီးယားတန်း၊ ကိုရီးယားမြို့ဆိုပြီး မုခ်ဦးတွေနဲ့ အခိုင်အမာ ဖြစ်ပါတယ်။

ဂျပန်နိုင်ငံကို ကိုရီးယားလူမျိုးတွေ ပြောင်းရွှေ့နေထိုင်မှုနဲ့ပတ်သက်ပြီး လေ့လာမယ်ဆိုရင် ဂျပန်နိုင်ငံဟာ ကိုရီးယားနိုင်ငံကို ၁၉၁၀ ပြည့်နှစ်မှ ၁၉၄၅ ခုနှစ်အထိ အုပ်ချုပ်ခဲ့ပါတယ်။ အဲဒီကာလမှာ ကိုရီးယားလူမျိုးတွေ ဂျပန်နိုင်ငံသို့ ရောက်ရှိလာခဲ့ပြီး ဒုတိယကမ္ဘာစစ်ကာလမှာလည်း ဂျပန်နိုင်ငံမှာ စစ်ကာလ လုပ်ငန်းတွေ လုပ်ဆောင်ဖို့ ကိုရီးယားလူမျိုး အများအပြားကို ဂျပန်နိုင်ငံကို ခေါ်ဆောင်ခဲ့တယ်လို့ သိရပါတယ်။ ဒုတိယကမ္ဘာစစ် နောက်ပိုင်းမှာလည်း ကိုရီးယားပြည်တွင်းရေး မတည်ငြိမ်မှုတွေနဲ့ ကိုရီးယားစစ်ပွဲ (၁၉၅၀–၁၉၅၃) ကြောင့် ကိုရီးယားလူမျိုးအများအပြား ဂျပန်နိုင်ငံကို ပြောင်းရွှေ့ရောက်ရှိလာခဲ့ပါတယ်။ ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန စာရင်းများအရ ၂၀၁၃ ခုနှစ် အောက်တိုဘာလအထိ တောင်ကိုရီးယားနိုင်ငံမှာ နေထိုင်တဲ့ ဂျပန်လူမျိုးဦးရေဟာ ၃၆၇၁၉ ဦးရှိပြီး ၂၀၁၄ ခုနှစ် ဇွန်လအထိ ဂျပန်နိုင်ငံမှာ နေထိုင်တဲ့ (တောင်) ကိုရီးယားလူမျိုးဦးရေဟာ ၅၃၇၁၀၅ ဦးရှိပါတယ်။

**ကိုယ်တွေ့ ကိုရီးယားတန်း**

စာရေးသူ အိုဆာကာမှာ တည်းခိုမယ့်နေရာက ကိုရီးယားတန်း (ဈေးသစ်)မှာ ဖြစ်လို့ ကိုရီးယားတန်းနဲ့ အနီးဆုံးဘူတာဖြစ်တဲ့ JR Tsuruhashi Station ကို သွားပါတယ်။ ဘူတာရဲ့ အနောက်ဘက် ထွက်ပေါက်က ထွက်တယ်ဆိုရင် မီးရထားခုံးတံတားအောက် တောက်လျှောက်မှာ အမိုးပါတဲ့ ကိုရီးယားတန်း (ဈေးဟောင်း) ဆီ တန်းရောက်ပါတယ်။ အဲဒီမှာ ကိုရီးယားကုန်စုံဆိုင်တွေ၊ စားသောက်ဆိုင်တွေ၊ အဝတ်အထည်ဆိုင်တွေ အများအပြားရှိပြီး အတွင်းပိုင်းမှာ ဟင်းသီးဟင်းရွက်တွေ၊ သားစိမ်း၊ ငါးစိမ်းတွေပါ မြန်မာနိုင်ငံက ဈေးတွေလို ဝယ်ယူရရှိနိုင်ပါတယ်။ ဆိုင်တွေကလည်း ကိုရီးယားဆိုင်တွေကော ဂျပန်ဆိုင်တွေပါ ရောနှောတည်ရှိပါတယ်။ ကိုရီးယားအမှတ်အသား ဘာမုခ်ဦးမှလည်း မရှိပါဘူး။ ဘူတာက ထွက်ထွက်ချင်း ဈေးဟောင်းကို ရုတ်တရက်ရောက်သွားရင် ကိုရီးယားတန်း ရောက်သွားတယ်လို့ ထင်မှာမဟုတ်ဘဲ ဒီနေရာမှာ ကိုရီးယားဆိုင်တွေ များတယ်လို့ပဲ သာမန်တွေးမိမှာပါပဲ။

အဲဒီကနေ လမ်းမှာ နည်းနည်းမေးပြီး လမ်းမကြီးအတိုင်း ဆက်လျှောက်လာတော့ လမ်းတစ်လမ်းထဲမှာ မုခ်ဦးတစ်ခုနဲ့ ကိုရီးယားတန်းဆိုပြီး တွေ့ပါတယ်။ လမ်းထဲမှာလည်း ကိုရီးယားဆိုင်များစွာရှိပြီး လူများစွာ ဝင်၊ထွက် သွားလာနေပါတယ်။ အဲဒါ အဓိက ကိုရီးယားတန်းပဲ ဖြစ်ပါတယ်။ အဓိက ဈေးလမ်း ဟိုဘက်ထိပ်၊ ဒီဘက်ထိပ်မှာ ကိုရီးယားတန်းလို့ ရေးထိုးထားတဲ့ အဝင်မုခ်ဦးတွေ ရှိပါတယ်။ ယိုကိုဟားမားမြို့က တရုတ်တန်းလောက်၊ အိုဆာကာမြို့အနီး ကိုဘေးမြို့က တရုတ်တန်းလောက် အဝင်မုခ်ဦးတွေက မကြီးမား၊ မခမ်းနားလှပေမယ့် မုခ်ဦးတွေမှာ ကိုရီးယား အငွေ့အသက်၊ ကိုရီးယားအမှတ်တံဆိပ်၊ ကိုရီးယားယဉ်ကျေးမှုတွေ အပြည့်ရှိပါတယ်။ အဝင်မုခ်ဦးတွေ အပြင်လမ်းတစ်လျှောက်မှာ နောက်ထပ်မုခ်ဦး ငါးခု၊ ခြောက်ခုလောက်လည်း ရှိပါတယ်။ အဓိက ဈေးလမ်းဆိုပေမယ့် အကျယ်က ရန်ကုန်မြို့ စာရေးသူနေတဲ့ မြို့ထဲ ဗိုလ်ချုပ်အောင်ဆန်းလမ်းနဲ့ အနော်ရထာလမ်းကြားက ၄၇ လမ်း၊ ၄၈ လမ်း အကျယ်လောက်ပဲ ရှိပါတယ်။ အရှည်ကတော့ နှစ်လမ်း၊ သုံးလမ်း ဆက်ထားတာမို့ မီတာ ၃၀၀ (၉၈၄ ပေ) ရှိတယ်လို့ သိခဲ့ရပါတယ်။ လမ်းဘေးဘယ်၊ ညာမှာတော့ နှစ်ထပ်အိမ်အများစုတည်ရှိပြီး မြေညီထပ်၊ အောက်ထပ်တွေမှာ ဈေးဆိုင်တွေဖွင့် ရောင်းဝယ်ဖောက်ကားကြပါတယ်။ အတွင်းလမ်းများလည်း ရှိပေမယ့် အဓိက စည်တာ ဒီဈေးလမ်းပဲ ဖြစ်ပါတယ်။ လမ်းတစ်လျှောက်မှာလည်း ဘေး၊ ဘယ်၊ ညာမှာ ကိုရီးယားအမှတ်အသား အနီနဲ့ အစိမ်း ဘောင်ကွပ်ခြယ်သထားတဲ့ မီးပုံး အဖြူနဲ့ မီးတိုင်တွေ ခပ်စိတ်စိတ် စိုက်ထူချိတ်ဆွဲထားရှိပြီး ညဘက်ဆို တစ်လမ်းလုံး အဲဒီမီးပုံးတွေကို ထွန်းညှိထားပါတယ်။




အိုဆာကာ ကိုရီးယားတန်း(ဈေးသစ်)ကို တွေ့ရစဉ်။

စာရေးသူတည်းမယ့် ဟီရိုတည်းခိုခန်းက အဓိကလမ်းရဲ့ အတွင်းမုခ်ဦး တစ်ခုအနားမှာ ရှိပါတယ်။ ကိုရီးယားတန်းကို ရောက်တဲ့အချိန်က ညနေ ၅ နာရီနီးပါးမို့ မုခ်ဦးကို ကျော်လိုက်တာနဲ့ ကိုရီးယား အငွေ့အသက် အပြည့်နဲ့လမ်းဟာ လူတွေနဲ့ စည်ကားနေပါတယ်။ နေရာအတော်များများမှာ ကိုရီးယား မင်းသမီး၊ မင်းသားပုံတွေ တွေ့ရပြီး မြင်တွေ့သမျှဟာ တစ်ချိန်က ကိုယ်ရင်းနှီးခဲ့တဲ့ ကိုရီးယားအစားအစာတွေ ဖြစ်တာကြောင့် ချက်ချင်းပဲ ဂျပန်နိုင်ငံကနေ ကိုရီးယားနိုင်ငံလေးထဲ ခေတ္တရောက်ရှိသွားသလို ခံစားရပါတယ်။ သူတို့ အဓိက ဆက်သွယ်ပြောဆိုကြတာကတော့ ဂျပန်ဘာသာစကားဖြစ်တာကို သတိပြုမိပါတယ်။

စာရေးသူ ဒီအိုဆာကာမြို့ဆီ ခရီးထွက်လာချိန်ဟာ ဂျပန်နိုင်ငံမှာ ကိုရိုနာဗိုင်းရပ်စ်အန္တရာယ် ပိုမိုမြင့်တက်လာနေချိန် ဖြစ်ပါတယ်။ ကိုရီးယားတန်းမှာ လာရောက်သူ အတော်များများဟာ နှာခေါင်းစည်းတွေနဲ့ ဖြစ်ကြပြီး စာရေးသူဟာ အဲဒီနေ့ တည်းခိုခန်းရဲ့ တစ်ဦးတည်းသော တည်းခိုသူလည်း ဖြစ်ပါတယ်။ တည်းခိုခန်းက သုံးထပ်အဆောက်အဦဖြစ်ပြီး အတန်အသင့် ကြီးပါတယ်။ အောက်ထပ်မှာ ဘားဆိုင်ဖွင့်ထားပြီး အပေါ်နှစ်ထပ်မှာ တည်းခိုသူတွေ နေပါတယ်။ တည်းခိုခန်းပိုင်ရှင် ဂျပန်ဖွား ကိုရီးယားအမျိုးသား မစ္စတာဟီရိုက စာရေးသူကို တည်းခိုခန်းနဲ့ ပတ်သက်တာတွေ ရှင်းပြပြီး ကိုရီးယားတန်းက ညနေ ၆ နာရီကျော်ရင် လူရှင်းပြီ။ အတွင်းလမ်း စားသောက်ဆိုင်အချို့ကလွဲရင် အဓိကလမ်းဆိုင်အားလုံးနီးပါး ပိတ်ပြီလို့ ဆိုပါတယ်။ နောက်ပြီး စာရေးသူကို တစ်ယောက်တည်းမို့ လွတ်လပ်စွာ နေနိုင်တယ်။ သူက ဒီကနေ ၁၀ မိနစ်လောက်ဝေးတဲ့နေရာမှာ နေတယ်ဆိုပြီး တည်းခိုခန်းအတွင်း ဝင်ရမယ့် တံခါးလျှို့ဝှက်ပင်နံပါတ်ပေးပြီး ညဘက်ကျတော့ ပြန်သွားပါတယ်။ ညနေ ၆ နာရီကျော်လာပြီမို့ ကိုရီးယားတန်းဟာ ချက်ချင်းပဲ သိသာစွာ တိတ်ဆိတ်သွားပါတော့တယ်။ နောက်တစ်နေ့လည်း ဟီရိုက သူသိပ်နေမကောင်းဘူးဆိုပြီး တည်းခိုခန်းကို မလာလို့ အဲဒီနှစ်ရက်လုံးမှာ စာရေးသူဟာ အထူးသဖြင့် ညနေဘက်ဆို ကိုရီးယားတန်းမှာ လည်ပတ်၊ ညဘက်ဆို တည်းခိုခန်းဝရန်တာကနေ တိတ်ဆိတ်ငြိမ်သက်နေတဲ့ ကိုရီးယားတန်းကြီးကို ကြည့်လိုက်၊ အခန်းထဲ ပြန်ဝင်၊ ဧည့်ခန်းက တီဗွီကြည့်လိုက်၊ ကိုရီးယားတန်းက ဝယ်ထားတဲ့ ကိုရီးယားအစားအစာတွေ စားသောက်လိုက်နဲ့ ဂျပန်နိုင်ငံ အိုဆာကာမြို့ ကိုရီးယားတန်းက တည်းခိုခန်းတစ်ခုပိုင်ရှင်သဖွယ် ခေတ္တခဏ ဖြစ်ခဲ့ကြောင်းပါဗျာ။



ကိုရီးယားတန်း(ဈေးသစ်) ဈေးအတွင်းပိုင်းမြင်ကွင်း။

ကိုရီးယားတန်းရဲ့ အဓိကဈေးလမ်းတစ်လျှောက်မှာ ကိုရီးယားအစားအစာတွေကို အဓိကရောင်းချကြပြီး ကိုရီးယားကင်မ်ချီ၊ ကိုရီးယားထမင်းသုပ်၊ ကိုရီးယားကြက်ကြော်၊ ကိုရီးယားအမဲသားကြော်စတဲ့ အစားအစာတွေကိုလည်း လမ်းဘေးဆိုင်၊ အိမ်ဆိုင်တွေက အဖိုးနှုန်းချိုသာစွာနဲ့ ဝယ်ယူရရှိနိုင်ပါတယ်။ စာရေးသူ အဲဒီမှာ ကိုရီးယားထမင်းသုပ်တစ်ပွဲ လမ်းဘေးဆိုင်မှာစားတာ ယန်း ၃၀၀ ပဲ ပေးခဲ့ရပါတယ်။ ကြက်ကြော်က ယန်း ၅၀၀ ဖိုးဝယ်ရင် အများကြီးရပါတယ်။ စာရေးသူ ကိုရီးယားနိုင်ငံ ဆိုးလ်မြို့တော်မှာ ၂၀၀၆ ခုနှစ်တုန်းက တစ်နှစ်ခန့် ကျောင်းတက်ခဲ့ဖူးပါတယ်။ ကျောင်းသားဘဝ ဆိုးလ်မြို့တော် နေရာအနှံ့အပြားလည်ပတ်ခဲ့ပြီး ကိုရီးယားအစားအစာ အတော်များများလည်း စားခဲ့ဖူးပါတယ်။ အခု ဒီအိုဆာကာက ကိုရီးယားတန်း ပြန်ရောက်တော့ တစ်ချိန်က ကိုရီးယားမှာ စားသောက်၊ လည်ပတ်ခဲ့တာတွေ ပြန်အမှတ်ရမိပါတယ်။

**စာမျက်နှာ ၂၇ သို့** ❂

## ပြည်သူလူထု၏ ဝိုင်းဝန်းပူးပေါင်းကူညီစောင့်ရှောက်ပေးမှုဖြင့် သတ်မှတ်နေရာ အဆောက်အဦများတွင်ထားရှိပြီး အသွားအလာကန့်သတ်ခြင်း အစီအစဉ် (Community Based Facility Quarantine)နှင့် အခြား Quarantine အစီအစဉ်များတွင် ပါဝင်နေသူများသို့ အသိပေးကြေညာချက်

၁။ COVID-19 ရောဂါပိုးကူးစက်သူများနှင့် အနီးကပ်ထိတွေ့ခဲ့သူများ၊ ပြည်ပနိုင်ငံများမှ ပြန်လည်ရောက်ရှိလာသူများကို ပြည်သူလူထု၏ ဝိုင်းဝန်းပူးပေါင်းကူညီစောင့်ရှောက်ပေးမှုဖြင့် သတ်မှတ်နေရာ အဆောက်အဦများတွင်ထားရှိပြီး အသွားအလာကန့်သတ်ခြင်းအစီအစဉ် (Community Based Facility Quarantine) တွင် ပါဝင်စေခြင်း ဖြစ်ပါသည်။

၂။ မိမိတို့တွင် ရောဂါလက္ခဏာပြသခြင်းမရှိသော်လည်း ရောဂါပိုးကိုသယ်ဆောင်သူဖြစ်နေနိုင်ခြင်းကြောင့် အခြားသူများသို့ ပြန့်ပွားခြင်းမရှိစေရန်

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ✻

## အသိပေးကြေညာခြင်း

COVID-19 ကူးစက်မြန်ရောဂါနှင့်ပတ်သက်၍ လိုအပ်သည့်ကိစ္စရပ်များအပေါ် အများပြည်သူများ သတင်းပေးဆက်သွယ်နိုင်ရန် Coronavirus Disease 2019 (COVID-19)ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ အတွင်းရေးမှူးရုံးအဖွဲ့၏ တယ်လီဖုန်းနံပါတ် ၀၆၇၃-၄၁၂၇၁၂ နှင့် ၀၆၇၃-၄၁၂၇၁၈ တို့အား Hotline ဖုန်းများအဖြစ် သတ်မှတ်ထားရှိပါသည်။ အဆိုပါ Hotline ဖုန်းများအား ၂၄ နာရီ ဖွင့်လှစ်ထားပါ၍ သတင်းပေးဆက်သွယ်နိုင်ပါကြောင်း အသိပေးအပ်ပါသည်။

**Coronavirus Disease 2019 (COVID-19)ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ**

## အခြေခံလူတန်းစားများအား အစားအသောက်ထောက်ပံ့ပေးရန် ရန်ပုံငွေထူထောင်မည်

ရန်ကုန် ဧပြီ ၆

မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်က ကိုဗစ်-၁၉ ရောဂါရိုက်ခတ်မှုခံနေရသည့် အခြေခံလူတန်းစားများ၏ စားဝတ်နေရေးအတွက် တစ်ဖက်တစ်လမ်းမှ ကူညီဖြေရှင်းပေးနိုင်ရန် ရန်ပုံငွေတစ်ရပ်ကို ကနဦး ငွေကျပ် သိန်း ၁၅၀၀ ဖြင့် မတည်ထူထောင်မည်ဖြစ်ကြောင်း ဧပြီ ၆ ရက်က ထုတ်ပြန်သည်။

### ထိခိုက်ဆုံးရှုံး

ကိုဗစ်-၁၉ ရောဂါအကျိုးဆက်ကြောင့် လုပ်ငန်းများ ထိခိုက်ဆုံးရှုံးမှုများရှိနေပြီး ယင်းရိုက်ခတ်မှုသည် အခြေခံအကျဆုံးအလွှာဖြစ်သည့် လက်လုပ်လက်စားများ၏ အလုပ်အကိုင်နှင့် ဝင်ငွေရရှိနိုင်မှုကို သိသာစွာ ထိခိုက်လျက်ရှိသည်။

လတ်တလောကာလတွင် အခြေခံလူတန်းစားများအား အစားအသောက်များ ပံ့ပိုးကူညီပေးနိုင်ရန်အတွက် ကုန်သည်/စက်မှုအသင်းချုပ်သည် ညီနောင်အသင်းများ၊ လုပ်ငန်းရှင်များ၊ စေတနာရှင်ပြည်သူများနှင့်အတူ နိုင်ငံတော်အစိုးရနှင့် လက်တွဲပူးပေါင်း၍ ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

စာမျက်နှာ ၁၀ ကော်လံ ၂ သို့ ✪



## မင်းလှမြို့၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး ပိုးသတ်ဆေးဖျန်း

မင်းလှ ဧပြီ ၆

ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းကော်မတီနှင့် လူငယ်ပရဟိတကွန်ရက် (မင်းလှမြို့နယ်)က ဦးဆောင်၍ ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်ရေးအတွက် ယနေ့ မွန်းလွဲ ၃ နာရီက လူစည်ကားရာလမ်းမများ၌ ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်း ဆောင်ရွက်ခဲ့သည်။

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ■

ကြေးမုံ နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် စတုတ္ထ (၁) နှစ်တာ

## ပြည်သူ့အတွက် စတုတ္ထ (၁)နှစ်တာအချုပ်ပို ပါရှိ

ယနေ့ထုတ် ကြေးမုံသတင်းစာတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏စတုတ္ထ(၁)နှစ်တာကာလအတွင်း ဆောင်ရွက်ချက်များကို အချုပ်ပိုလေးမျက်နှာဖြင့် ဖော်ပြထားပါသည်။

## ကြေးမုံ ယနေ့ ဖတ်စရာ


■ တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန် စာမျက်နှာ » ၄

■ နယူးယောက်တိရစ္ဆာန်ရုံရှိ ကျားတစ်ကောင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရ စာမျက်နှာ » ၁၁

■ COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း စာမျက်နှာ » ၁၆





ကြေးမုံ
အထူးကဏ္ဍ
မေ ၇၊ ၂၀၂၀ (အင်္ဂါနေ့)
နိုင်ငံတော်အစိုးရ၏
# ပြည်သူ့အတွက် စတုတ္ထ (၁) နှစ်တာ

# ပြည်သူတို့၏ လိုအပ်ချက်ကို အကောင်အထည်ဖော်ပေးနေသည့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

တွေ့ဆုံမေးမြန်း - နိုင်လင်းကြည်၊ ဓာတ်ပုံ - သော်ဖုန်းခန့်



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနကို လူမှုဝန်ထမ်းဦးစီးဌာန၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနနှင့် ပြန်လည်ထူထောင်ရေးဦးစီးဌာနတို့ဖြင့် ဖွဲ့စည်းထားရှိပြီး ပြည်သူလူထုအတွက် လူမှုကာကွယ်စောင့်ရှောက်ရေး၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အဓိကထားဆောင်ရွက်ပေးလျက်ရှိသည်။**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ ဆောင်ရွက်ချက်များသည် ရေရှည်အကောင်အထည်ဖော်ရမည့် လုပ်ငန်းများဖြစ်သည့်အတွက် စတင်တာဝန်ယူချိန်မှစပြီး နိုင်ငံတော်က ချမှတ်ထားသည့် ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသည့် ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းနှင့် ကိုက်ညီအောင် ဆောင်ရွက်ခဲ့သည်။

ဝန်ကြီးဌာနအနေဖြင့် အစိုးရ၏ စစ်မှန်သည့် ဒီမိုကရေစီစနစ် ဖော်ဆောင်မှုကို ပြည်သူ့ဆန္ဒနှင့်အညီ ဖြစ်စေရန်အတွက် ပြည်သူများ၏ လိုအပ်ချက်ကို လေ့လာဖော်ထုတ်ပြီး ပြည်သူများ အခြေခံလူ့အခွင့်အရေးများ ခံစားရရှိနိုင်ရေး ခေတ်နှင့်လျော်ညီသည့် မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများ၊ မဟာဗျူဟာနှင့် လုပ်ငန်းစဉ်များကို ချမှတ်ကာ စနစ်တကျ ဆောင်ရွက်လျက်ရှိသည်။ ယင်းလုပ်ငန်းစဉ်များ ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရန်လည်း စွမ်းဆောင်ရည်ရှိသည့် ဝန်ထမ်းအင်အားနှင့် ဘတ်ဂျက်ရန်ပုံငွေ လိုအပ်ချက်များကို တိုးမြှင့်ရရှိအောင် ဆောင်ရွက်ခဲ့သည်။

**ဝန်ကြီးဌာနအနေဖြင့် အစိုးရ၏ စစ်မှန်သည့် ဒီမိုကရေစီစနစ် ဖော်ဆောင်မှုကို ပြည်သူ့ဆန္ဒနှင့်အညီ ဖြစ်စေရန်အတွက် ပြည်သူများ၏ လိုအပ်ချက်ကို လေ့လာဖော်ထုတ်ပြီး ပြည်သူများ အခြေခံလူ့အခွင့်အရေးများ ခံစားရရှိနိုင်ရေး ခေတ်နှင့်လျော်ညီသည့် မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများ၊ မဟာဗျူဟာနှင့် လုပ်ငန်းစဉ်များကို ချမှတ်ကာ စနစ်တကျ ဆောင်ရွက်လျက်ရှိသည်။ ယင်းလုပ်ငန်းစဉ်များ ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရန်လည်း စွမ်းဆောင်ရည်ရှိသည့် ဝန်ထမ်းအင်အားနှင့် ဘတ်ဂျက်ရန်ပုံငွေ လိုအပ်ချက်များကို တိုးမြှင့်ရရှိအောင် ဆောင်ရွက်ခဲ့**

ထို့ကြောင့် နိုင်ငံတော်အစိုးရ၏ စတုတ္ထ (၁)နှစ်တာကာလအတွင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ ဆောင်ရွက်ခဲ့မှုများနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးနှင့် တွေ့ဆုံမေးမြန်းထားပါသည်-

မေး။ ။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနက နိုင်ငံတော်အစိုးရရဲ့ စတုတ္ထ(၁)နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့တဲ့လုပ်ငန်းတွေကို ပြောပြပေးစေလိုပါတယ်။

ဖြေ။ ။ စတုတ္ထ (၁) နှစ်တာကာလအတွက် ပြောရမယ်ဆိုရင် လေးနှစ်အတွင်း ဆောင်ရွက်ခဲ့တဲ့ လုပ်ငန်းတွေနဲ့ ဆက်စပ်ပြောမှ ပြည့်စုံပါမယ်။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနဟာ ပြည်သူနဲ့ အနီးစပ်ဆုံးဖြစ်အောင် ကြိုးစားခဲ့ပါတယ်။ ပြည်သူ့ဆန္ဒကိုသိမှ ပြည်သူတစ်ဦးချင်းစီရဲ့ အခွင့်အရေးကို ဖော်ဆောင်ပေးနိုင်မှာဖြစ်ပါတယ်။ ဒါဟာဝန်ကြီးဌာနရဲ့ ရည်ရွယ်ချက်လည်း ဖြစ်ပါတယ်။ ဒါကြောင့် လူတစ်ဦးချင်းစီရဲ့ အခွင့်အရေးတွေကို ဖော်ဆောင်ပေးနိုင်ဖို့ မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေ၊ မဟာဗျူဟာ၊ လုပ်ထုံးလုပ်နည်းနဲ့ လုပ်ငန်းစဉ်တွေချမှတ်ပြီး စနစ်တကျ ဆောင်ရွက်ခဲ့ပါတယ်။

အောင်မြင်အောင် ဆောင်ရွက်နိုင်ဖို့ဆိုတာ ဘတ်ဂျက်အင်အားနဲ့ ဝန်ထမ်းအင်အား လိုပါတယ်။ ဘတ်ဂျက်အင်အား တိုးမြှင့်ရရှိဖို့အတွက် လုပ်ငန်းစဉ်တွေချမှတ်ပြီး နိုင်ငံတော်က ချမှတ်ထားတဲ့ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီတဲ့ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းနဲ့ ကိုက်ညီအောင် ဆောင်ရွက်ခဲ့တာ ဖြစ်ပါတယ်။

ဝန်ကြီးဌာနကရရှိတဲ့ ဘတ်ဂျက်ပမာဏဟာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ငွေကျပ် ၁၈ ဒသမ ၅ ဘီလီယံမှ ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာနှစ်တွင် ငွေကျပ် ၁၂၀ ဒသမ ၈ ဘီလီယံအထိ ခုနစ်ဆတိုးမြှင့်ရရှိခဲ့ပါတယ်။ ဒါပေမယ့် ဝန်ကြီးဌာနအားလုံး အသုံးပြုတဲ့ ဘတ်ဂျက် စုစုပေါင်းရဲ့ သုည ဒသမ ၄ ရာခိုင်နှုန်းသာ ရရှိပါသေးတယ်။

လုပ်ငန်းတွေ အကောင်အထည်ဖော်တဲ့အခါ ဝန်ထမ်းအင်အား တိုးမြှင့်ဖို့လိုအပ်ပါတယ်။ ၂၀၁၆ - ၂၀၁၇ ခုနှစ်မှာ တစ်နိုင်ငံလုံး ဝန်ထမ်းအင်အား ၂၉၀၀ ကနေ ၄၆၀၀ ကျော် ရရှိပြီးဖြစ်ပါတယ်။ တကယ်တမ်း ဝန်ထမ်းအင်အား ၁၆၀၀၀ ကျော် လိုအပ်ပါတယ်။ သို့သော် လုပ်ငန်းတွေ အောင်မြင်မှုရနေတာဟာ ပြည်သူတွေရဲ့ ပူးပေါင်းပါဝင်မှုကြောင့် ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ဝန်ကြီးဌာနဟာ ပြည်သူ့အင်အားနဲ့ ဆောင်ရွက်နေတဲ့ ဝန်ကြီးဌာနလို့ ပြောရင်လည်း မမှားပါဘူး။

မေး။ ။ ဝန်ကြီးဌာနမှာရှိတဲ့ ဦးစီးဌာနတစ်ခုချင်းစီရဲ့ လုပ်ငန်းဆောင်ရွက်ချက်တွေကို သိပါရစေ။

ဖြေ။ ။ ဝန်ကြီးဌာနမှာ လူမှုဝန်ထမ်းဦးစီးဌာန၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနနဲ့ ပြန်လည်ထူထောင်ရေးဦးစီးဌာနဆိုပြီး ရှိပါတယ်။ လူမှုဝန်ထမ်းဦးစီးဌာနဟာ ပဋိသန္ဓေတည်စကနေ သက်ကြီးရွယ်အိုအထိ လူမှုရေးရာကိစ္စတွေကို လူမှုဝန်ထမ်းဦးစီးဌာနက တာဝန်ယူ ဆောင်ရွက်ပေးနေပါတယ်။ လူသားတစ်ဦးချင်းစီရဲ့ ရပ်တည်မှုနဲ့ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အခွင့်အရေးတွေကို ဆောင်ရွက်ပေးတာဖြစ်ပါတယ်။

စတုတ္ထ(၁)နှစ်တာ ကာလအတွင်း ကလေးသူငယ်တွေရဲ့ အကောင်းဆုံး အကျိုးစီးပွားကို ဖော်ဆောင်နိုင်ဖို့ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာဥပဒေကို ၂၀၁၉ ခုနှစ် ဇူလိုင်လ ၂၃ ရက်မှာ အသစ်ပြဋ္ဌာန်းနိုင်ခဲ့ပါတယ်။

အထူးကဏ္ဍ [ ခ ] သို့ »»»



၂၁-၁-၂၀၂၀ ရက်နေ့တွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ရခိုင်ပြည်နယ် စစ်တွေမြို့ အိန္ဒိယဆိပ်ကမ်း သိုလှောင်ရုံ၌ ကျင်းပသည့် ရခိုင်ပြည်နယ်အတွင်းရှိ တိုက်ပွဲရှောင်များအတွက် အိန္ဒိယနိုင်ငံအစိုးရက ပေးပို့လှူဒါန်းသည့် ထောက်ပံ့ပစ္စည်းများ လွှဲပြောင်းလက်ခံပွဲသို့ တက်ရောက်စဉ်။

»»» အထူးကဏ္ဍ [ က ] မှ

ကလေးသူငယ်အခွင့်အရေးတွေနဲ့ ပတ်သက်ပြီး အသက်ရှင်သန်ခွင့်၊ ဖွံ့ဖြိုးတိုးတက်ခွင့်၊ စောင့်ရှောက်ခံပိုင်ခွင့်နဲ့ ပါဝင်ခွင့်ကို အထိရောက်ဆုံး ဖော်ဆောင်ပေးရပါတယ်။

ကလေးသူငယ်တစ်ယောက်ဟာ အသက်ရှင်သန်ပြီး ဖွံ့ဖြိုးတိုးတက်ဖို့အတွက် စနစ်တကျပြုစုစောင့်ရှောက်ခံရဖို့ လိုအပ်ပါတယ်။ ဒါဟာ ကိုယ်ဝန်ဆောင်ဘဝကတည်းက စောင့်ရှောက်ရမှာဖြစ်တဲ့အတွက်ကြောင့် MCCT လို့ခေါ်တဲ့ ကိုယ်ဝန်ဆောင်မိခင်နဲ့ ၎င်းမှမွေးဖွားလာတဲ့ ကလေး အသက်(၂)နှစ်အထိ ငွေကြေးထောက်ပံ့ခြင်းကို အာဟာရပညာပေး၊ တစ်ကိုယ်ရေသန့်ရှင်းရေးပညာပေးနဲ့ မိသားစုစီမံကိန်းပညာပေးခြင်းတွေပါတဲ့ စီမံကိန်းတစ်ခုကို ဆောင်ရွက်ပေးနေတာ ဖြစ်ပါတယ်။ ကိုယ်ဝန်ဆောင်စဉ်မှ မွေးဖွားပြီး (၂)နှစ်အထိ ကလေးတစ်ဦးရဲ့ ဘဝအစ ရက်ပေါင်း ၁၀၀၀ ကာလဖြစ်ပါတယ်။ ဒီအချိန်မှာ မှန်ကန်တဲ့ အာဟာရ အပြည့်အဝရရင် တစ်သက်စာ အကောင်းဆုံး ဦးနှောက်ပိုင်ရှင် ဖြစ်မှာပါ။

ဒီစီမံကိန်းကို တစ်နိုင်ငံလုံးမှာ ဆောင်ရွက်သင့်တာဖြစ်ပေမယ့် ဘတ်ဂျက်အနေအထားကြောင့် ပုညက်မှုနှုန်း အညွှန်းကိန်းတွေအရ ရခိုင်ပြည်နယ်၊ ချင်းပြည်နယ်၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ကရင်ပြည်နယ်နဲ့ ကယားပြည်နယ်တို့မှာ ၂၀၁၇–၂၀၁၈ ဘဏ္ဍာနှစ်နဲ့ ၂၀၁၈–၂၀၁၉ ဘဏ္ဍာနှစ်တွေမှာ ဆောင်ရွက်ခဲ့ပါတယ်။

၂၀၁၉ – ၂၀၂၀ ဘဏ္ဍာနှစ်မှာ ကမ္ဘာ့ဘဏ်ရဲ့ အတိုးနှုန်းသက်သာသော ချေးငွေနဲ့ နိုင်ငံတော်ဘတ်ဂျက် ပေါင်းစပ်ဆောင်ရွက်ပြီး ဧရာဝတီတိုင်းဒေသကြီးနဲ့ ရှမ်းပြည်နယ်တို့မှာ တိုးချဲ့ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ နောက်ပိုင်းမှာ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ တိုးချဲ့ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေအသစ်ဟာ ကလေးသူငယ်တွေကို ဘေးအန္တရာယ်တွေကနေ ကာကွယ်စောင့်ရှောက်ဖို့ဖြစ်ပြီး အသစ်ပြန်လည်ရေးဆွဲခဲ့တဲ့ ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနဲ့ ဖွံ့ဖြိုးရေးလုပ်ငန်းဥပဒေ (၂၀၁၈)က ပြုစုနည်းစနစ်အမှန်နဲ့ ပုံမှန်ဖွံ့ဖြိုးတိုးတက်ဖို့အတွက်ဖြစ်လို့ ဒီဥပဒေနှစ်ခုနဲ့ ဆောင်ရွက်ပေးတာ ဖြစ်ပါတယ်။

ပုံမှန်ဖွံ့ဖြိုးတိုးတက်မှုမရှိရင် မသန်စွမ်းကလေးသူငယ်ဘဝကို ရောက်ရှိသွားနိုင်တာမို့ မိဘတွေ သတိထားမိဖို့လိုပါတယ်။ ဒါကြောင့် ရှေးဦးအရွယ်ကလေးသူငယ်ဘဝမှာ ပုံမှန်ဖွံ့ဖြိုးတိုးတက်မှုကို မိဘတွေက သိရှိဖို့လိုပါတယ်။ ဒါနဲ့ပတ်သက်ပြီး ရှေးဦးအရွယ်ကလေးသူငယ်




၁–၂–၂၀၂၀ ရက်နေ့တွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ရန်ကုန်မြို့ သန်လျင်လူငယ်သင်တန်းကျောင်းရှိ ကျောင်းသားများနှင့် တွေ့ဆုံစဉ်။

**တစ်နိုင်ငံလုံးမှာ အသက်(၃)နှစ်မှ (၅)နှစ်ထိ ကလေးဦးရေ ၁ ဒသမ ၄ သန်းကျော်ရှိပြီး ဌာနပိုင်၊ ကိုယ့်အားကိုယ်ကိုးနဲ့ ပုဂ္ဂလိကမူကြိုကျောင်း စုစုပေါင်း ၁၀၀၀၀ ခန့် ရှိပါတယ်။ ဒီကျောင်းအားလုံးက ပြုစုစောင့်ရှောက်ပေးနိုင်တဲ့ ကလေးဦးရေက ၃၂၀၀၀၀ ကျော်ရှိတဲ့အတွက် တကယ်ပြုစုစောင့်ရှောက်ရမယ့် ကလေးဦးရေရဲ့ ၂၂ ရာခိုင်နှုန်းခန့်သာ ပြုစုပျိုးထောင်နိုင်ပါတယ်။ ဒါကြောင့် ဥပဒေနဲ့အညီ ပုဂ္ဂလိကမူကြိုကျောင်းတွေ တိုးချဲ့ဖွင့်လှစ်နိုင်ဖို့ တိုက်တွန်းချင်ပါတယ်။ အစိုးရကလည်း ဌာနပိုင်မူကြိုကျောင်းတွေကို တိုးချဲ့ဖွင့်လှစ်နိုင်ဖို့ ကြိုးပမ်းလျက်ရှိပါတယ်။**

ဖွံ့ဖြိုးရေးအခြေအနေ တိုင်းတာစစ်ဆေးမှုနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်း (Early Childhood Intervention–ECI) ကို ရှေ့ပြေးစီမံချက်အနေနဲ့ ရန်ကုန်၊ ဧရာဝတီ၊ စစ်ကိုင်းတိုင်းဒေသကြီးတွေနဲ့ မွန်ပြည်နယ်တို့မှာ ဆောင်ရွက်ခဲ့ပါတယ်။

ကလေးသူငယ်ရဲ့ အခွင့်အရေးတွေထဲမှာ စောင့်ရှောက်ခံပိုင်ခွင့်ဆိုတာ ရှိပါတယ်။ ကလေးသူငယ်တိုင်းဟာ မိဘမဲ့ဆိုတာ မရှိပါဘူး။ ရင်ခွင်မဲ့ဆိုတာပဲ ရှိပါတယ်။ မိဘစွန့်ပစ်ခံရတဲ့ ရင်ခွင်မဲ့ကလေးတွေအတွက် နိုင်ငံတော်က ကလေးပြုစုရေးဌာန ခုနစ်ခုဖွင့်လှစ်ပြီး စောင့်ရှောက်ပေးနေတာ ရှိပါတယ်။ စတုတ္ထ (၁)နှစ်တာကာလအတွင်း ထူးခြားချက်က ရင်ခွင်မဲ့ကလေးငယ်များ လျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအသင်းရဲ့ လှူဒါန်းမှုနဲ့ ကလေး(၁၀၀)ဆံ့ ပြုစုရေးဌာနတစ်ခုကို ယခုနှစ်တွင် နေပြည်တော်မှာ ဖွင့်လှစ်တော့မှာ ဖြစ်ပါတယ်။ တစ်ကိုယ်ရေ မိခင်တွေကိုပါ တစ်နေရာတည်းမှာ စောင့်ရှောက်ပေးနိုင်မှာ ဖြစ်ပါတယ်။

**မေး။ ။** ကလေးငယ်တွေကို ဥပဒေနဲ့အညီ ပြုစုပျိုးထောင်နိုင်ဖို့ ဆောင်ရွက်ချက်တွေကို သိပါရစေခင်ဗျာ။

**ဖြေ။ ။** ဥပဒေနဲ့အညီ ကလေးတွေကို ပြုစုပျိုးထောင်နိုင်ဖို့ မူလတန်းကြိုကျောင်းတွေလိုအပ်ပါတယ်။ တစ်နိုင်ငံလုံးမှာ အသက်(၃)နှစ်မှ (၅)နှစ်ထိ ကလေးဦးရေ ၁ ဒသမ ၄ သန်းကျော်ရှိပြီး ဌာနပိုင်၊ ကိုယ့်အားကိုယ်ကိုးနဲ့ ပုဂ္ဂလိကမူကြိုကျောင်း စုစုပေါင်း ၁၀၀၀၀ ခန့် ရှိပါတယ်။ ဒီ ကျောင်းအားလုံးက ပြုစုစောင့်ရှောက်ပေးနိုင်တဲ့ ကလေးဦးရေက ၃၂၀၀၀၀ ကျော်ရှိတဲ့အတွက် တကယ်ပြုစုစောင့်ရှောက်ရမယ့် ကလေးဦးရေရဲ့ ၂၂ ရာခိုင်နှုန်းခန့်သာ ပြုစုပျိုးထောင်နိုင်ပါတယ်။ ဒါကြောင့် ဥပဒေနဲ့အညီ ပုဂ္ဂလိကမူကြိုကျောင်းတွေ တိုးချဲ့ဖွင့်လှစ်နိုင်ဖို့ တိုက်တွန်းချင်ပါတယ်။ အစိုးရကလည်း ဌာနပိုင်မူကြိုကျောင်းတွေကို တိုးချဲ့ဖွင့်လှစ်နိုင်ဖို့ ကြိုးပမ်းလျက်ရှိပါတယ်။

ပုဂ္ဂလိက မူလတန်းကြိုကျောင်းတွေ စနစ်တကျဖွင့်လှစ်နိုင်ဖို့ ရှေးဦးအရွယ် ကလေးသူငယ် ပြုစုပျိုးထောင်ရေးဆိုင်ရာ ဆရာဖြစ်သင်တန်းတွေကို နေပြည်တော်ကောင်စီ အပါအဝင် ပြည်နယ်နဲ့ တိုင်းဒေသကြီး ၁၅ ခုမှာ ဆောင်ရွက်ခဲ့ပါတယ်။ သင်တန်းပေါင်း ၄၀၂ ကြိမ် ဖွင့်လှစ်ခဲ့ပြီး မူကြိုဆရာ ဆရာမပေါင်း ၁၅၀၀၀ ကျော်ကို လေ့ကျင့်ပေးခဲ့ပါတယ်။

ဝန်ကြီးဌာနက မူကြိုကျောင်းတွေ မဖွင့်လှစ်နိုင်သေးတဲ့ နေရာတွေမှာ မိခင်ဝိုင်းတွေကို ဖွင့်လှစ်ပေးလျက်ရှိရာ မိခင်ဝိုင်းပေါင်း ၁၂၀၂ ဝိုင်းအထိ ဖွင့်လှစ်ခဲ့ပါတယ်။

လူမှုဝန်ထမ်းဦးစီးဌာနက လူငယ်တွေနဲ့ ပတ်သက်တဲ့ လူငယ်ရေးရာမူဝါဒကို အကောင်အထည်ဖော်နိုင်ဖို့ မဟာဗျူဟာကို စတုတ္ထ(၁)နှစ်တာကာလအတွင်း ချမှတ်နိုင်ခဲ့ပါတယ်။ တိုင်းဒေသကြီးနဲ့ ပြည်နယ်အလိုက် မတူညီတဲ့ လုပ်ငန်းစဉ်တွေရေးဆွဲပြီး အကောင်အထည်ဖော် ဆောင်ရွက်နေပြီဖြစ်ပါတယ်။

သက်ဆိုင်ရာ တိုင်းဒေသကြီးနဲ့ ပြည်နယ်အသီးသီးမှာ လူငယ်စင်တာတွေ ဖွင့်လှစ်နိုင်အောင် ကြိုးစားနေပါတယ်။ ပထမဦးဆုံးအနေနဲ့ စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့မှာ ဖွင့်လှစ်နိုင်ခဲ့ပါတယ်။




၁၇–၂–၂၀၂၀ ရက်နေ့တွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး အမျိုးသမီးများအပေါ် အကြမ်းဖက်မှုတားဆီးကာကွယ်ရေး ဥပဒေ(မူကြမ်း)ရှင်းလင်းဆွေးနွေးပွဲတွင် အမှာစကားပြောကြားစဉ်။

ပြစ်မှုနဲ့ ပြစ်ဒဏ်ကျခံရတဲ့ ကလေးသူငယ်တွေအတွက် အကျင့်စာရိတ္တပြုပြင်ဖို့နဲ့ ပြန်လည်ထူထောင်ဖို့ ရည်ရွယ်ပြီး လူငယ်သင်တန်းကျောင်းတွေ ဖွင့်လှစ်ထားပါတယ်။ သန်လျင်၊ ၄က်အော်စမ်း၊ မန္တလေးနဲ့ မော်လမြိုင် လူငယ်သင်တန်းကျောင်းဆိုပြီး လေးကျောင်းရှိပါတယ်။

ဥပဒေအရ ကလေးသူငယ်ရဲ့ အသက်ကို (၁၈)နှစ်အောက်လို့ သတ်မှတ်ခဲ့တဲ့အတွက် စောင့်ရှောက်ရမယ့် ကလေးသူငယ်ဦးရေ

အထူးကဏ္ဍ [ ဂ ] သို့ »»»




၉-၄-၂၀၁၉ ရက်နေ့တွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး နေပြည်တော် Horizon Lake View Resort Hotel ၌ ကျင်းပသည့် IDP စခန်းများပိတ်သိမ်းနိုင်ရေး အမျိုးသားအဆင့် မဟာဗျူဟာ(မူကြမ်း)နှင့် ပတ်သက်၍ တတိယအကြိမ် အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်လာသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

»»» အထူးကဏ္ဍ [ ခ ] မှ

(၃)ဆကျော် တိုးမြင့်လာတာကြောင့် သင်တန်းကျောင်းဆောင်တွေ တိုးချဲ့ခြင်း၊ သင်တန်းကျောင်းသစ်တွေ တိုးချဲ့ဖွင့်လှစ်ခြင်းနဲ့ ဝန်ထမ်းတွေ တိုးချဲ့ခန့်ထားခြင်းတွေကို ဆောင်ရွက်လျက်ရှိပါတယ်။

**မေး။ ။ အမျိုးသမီးတွေရဲ့ အခန်းကဏ္ဍနဲ့ ပတ်သက်ပြီး ဝန်ကြီးဌာနရဲ့ ဆောင်ရွက်မှုတွေကို သိပါရစေခင်ဗျာ။**

ဖြေ။ ။ နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ဖို့ အမျိုးသမီးတွေရဲ့ ကဏ္ဍဟာ အရေးကြီးပါတယ်။ အစိုးရတစ်ရပ်ထဲကနေ ဆောင်ရွက်လို့မရဘဲ အစိုးရ မဟုတ်တဲ့ အရပ်ဘက်အဖွဲ့အစည်းတွေနဲ့ ပူးပေါင်းဆောင်ရွက်တာဖြစ်တဲ့အတွက် အခုအရပ်ဘက်အဖွဲ့အစည်း ၁၁ ဖွဲ့ ပါဝင်တဲ့ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီကို ဖွဲ့စည်းဆောင်ရွက်နေပါတယ်။

အမျိုးသမီးတွေ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သလို ကာကွယ်ဖို့လည်း လိုအပ်ပါတယ်။ ဒါကြောင့် အမျိုးသမီးတွေအပေါ် အကြမ်းဖက်မှု တားဆီးကာကွယ်ရေးဥပဒေ (မူကြမ်း)ကို အတည်ပြုပြဋ္ဌာန်းနိုင်ရေး လွှတ်တော်အသီးသီးမှာ ဆွေးနွေးနိုင်ဖို့ စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။ ပြည့်တန်ဆာဆိုင်ရာဥပဒေ(မူကြမ်း)ကို ရေးဆွဲလျက်ရှိပါတယ်။

**ကလေးသူငယ်ရဲ့ အခွင့်အရေးတွေထဲမှာ စောင့်ရှောက်ခံပိုင်ခွင့်ဆိုတာ ရှိပါတယ်။ ကလေးသူငယ်တိုင်းဟာ မိဘမဲ့ဆိုတာ မရှိပါဘူး။ ရင်ခွင်မဲ့ဆိုတာပဲ ရှိပါတယ်။ မိဘစွန့်ပစ်ခံရတဲ့ ရင်ခွင်မဲ့ကလေးတွေအတွက် နိုင်ငံတော်က ကလေးပြုစုရေးဌာန ခုနစ်ခုဖွင့်လှစ်ပြီး စောင့်ရှောက်ပေးနေ**

တစ်ကမ္ဘာလုံး အတိုင်းအတာအနေနဲ့ သက်ကြီးရွယ်အိုဦးရေ တိုးတက်မြင့်မားလာပါတယ်။ သက်ကြီးရွယ်အိုတွေအား လစဉ်ငွေကြေးထောက်ပံ့တဲ့ လူမှုရေးပင်စင်ကို ၂၀၁၇ ခုနှစ်မှာ စတင်ခဲ့ပြီး ၂၀၂၀ ပြည့်နှစ်မှာ စုစုပေါင်း ၄၇၀၈၂၁ ဦးအတွက် ငွေကျပ် ၃၄ ဒသမ ၉ ဘီလီယံ ပေးအပ်နိုင်ခဲ့ပါတယ်။

သက်ကြီးရွယ်အိုတွေထဲမှာ အိုသော်လည်း စွမ်းနိုင်တဲ့ သက်ကြီးရွယ်အိုတွေ ရှိပါတယ်။ ဒါကြောင့် စွမ်းဆောင်နိုင်တဲ့ သက်ကြီးရွယ်အိုတွေ စုပေါင်းပြီး လူမှုအားမာန်အဖွဲ့ကို ဖွဲ့စည်းပေးထားပါတယ်။ ဒီအဖွဲ့တွေကို စီးပွားရေးလုပ်ငန်းတွေမှာ ဆောင်ရွက်နိုင်ဖို့ တစ်ဖွဲ့ကို တစ်နှစ်လျှင် ငွေကျပ် ၁၀ သိန်း ထောက်ပံ့ပေးလျက်ရှိပါတယ်။ လူမှုအားမာန်အဖွဲ့တွေကို တစ်နိုင်ငံလုံး တိုးချဲ့ဆောင်ရွက်သွားဖို့ အစိုးရမဟုတ်တဲ့ နိုင်ငံတကာအဖွဲ့တွေနဲ့ ပူးပေါင်းဆောင်ရွက်လျက် ရှိပါတယ်။ ဒါကြောင့် နိုင်ငံတော်ရဲ့ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးမှာ သက်ကြီးရွယ်အိုတွေ ပါဝင်ဆောင်ရွက်နေပြီဖြစ်ပါတယ်။

လူမှုဝန်ထမ်းဦးစီးဌာနက လူမှုစီမံခန့်ခွဲမှုဆိုင်ရာ သတင်းအချက်အလက်စနစ်(Social Management Information System)ကို ထူထောင်လျက်ရှိရာ လူမှုကာကွယ်စောင့်ရှောက်မှုတွေအတွက် ထောက်ပံ့မှုတွေ ပေးအပ်တဲ့အခါ လူမှ လူသို့ပေးအပ်သည့်စနစ်မှ နည်းပညာသုံး ထောက်ပံ့ပေးအပ်ခြင်းစနစ် (Electronic Cash Transfer)သို့ ပြောင်းလဲနိုင်ဖို့ ကြိုးပမ်းဆောင်ရွက်လျက် ရှိပါတယ်။ ၂၀၂၀ ပြည့်နှစ် ဖွန်လမှာ စတင်စမ်းသပ်အသုံးပြုနိုင်တော့မှာ ဖြစ်ပါတယ်။ ဒါ စတုတ္ထ (၁)နှစ်တာကာလရဲ့ ထူးခြားချက်တစ်ခု ဖြစ်ပါတယ်။

**မေး။ ။ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနအနေနဲ့ စတုတ္ထ(၁)နှစ်တာကာလအတွင်း ပြည်သူတွေရဲ့ လိုအပ်ချက် ဖြည့်ဆည်းဆောင်ရွက်ပေးမှုကို သိပါရစေခင်ဗျာ။**

ဖြေ။ ။ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနအနေနဲ့ ပြည်သူတွေ သဘာဝဘေးဒဏ်ကို ကြံ့ကြံ့ခံ ရင်ဆိုင်တုံ့ပြန်နိုင်စွမ်းရှိတဲ့ လူ့အသိုက်အဝန်းဖြစ်ပေါ်ဖို့ဆိုတဲ့ ရည်ရွယ်ချက်နဲ့ လုပ်ငန်းတွေကို အကောင်အထည်ဖော်ဆောင်ရွက်နေတာ ဖြစ်ပါတယ်။

စတုတ္ထ(၁)နှစ်တာကာလအတွင်း ပြည်သူတွေရဲ့ လိုအပ်ချက်ကို ဖြည့်ဆည်းဆောင်ရွက်ပေးရာမှာ ဘေးအန္တရာယ်တွေနဲ့ ပတ်သက်လို့ အလျင်အမြန် တုံ့ပြန်ဆောင်ရွက်နိုင်တယ်ဆိုတာကို အသိအမှတ်ပြုခြင်းခံခဲ့ရပါတယ်။ ဒီလို အလျင်အမြန် ပံ့ပိုးကူညီဖို့ Hot Line ဖုန်းနံပါတ်တွေထားရှိပြီး သတင်းစကားတွေ ရယူခဲ့ပါတယ်။ ဦးစီးဌာနရဲ့ ဖေ့စ်ဘွတ်အကောင့်ကနေ ပြည်သူတွေရဲ့လိုအပ်ချက်ကို သိရှိခဲ့ပါတယ်။ Mobile Application တွေနဲ့ သဘာဝဘေးနဲ့ပတ်သက်ရင် သတင်းပေး၊ သတင်းယူ ဆောင်ရွက်နိုင်ခဲ့ပါတယ်။

**မေး။ ။ သဘာဝဘေးဆိုင်ရာ ကြိုတင်ပြင်ဆင်ရေးနဲ့ တုံ့ပြန်ရေး ဆောင်ရွက်ချက်တွေ ပြောပြပေးပါဦး။**

ဖြေ။ ။ ပြည်သူတွေ ဒုက္ခရောက်နိုင်တဲ့ ငလျင်ဘေး၊ ရေကြီးရေလျှံဘေး၊ လေပြင်းဘေး၊ မုန်တိုင်းဘေးတွေနဲ့ ပတ်သက်ပြီး ကြိုတင်ပြင်ဆင်မှုတွေ လုပ်ထားပါတယ်။ မမျှော်မှန်းနိုင်တဲ့ ငလျင်ဘေးနဲ့ပတ်သက်ပြီး ထိခိုက်ပျက်စီး ဆုံးရှုံးမှုလျော့နည်းသက်သာစေဖို့ တိုင်းဒေသကြီး၊ ပြည်နယ်အဆင့်မှ ရပ်ကွက်/ကျေးရွာအဆင့်အထိ ငလျင်ဘေးအန္တရာယ် ကြိုတင်ပြင်ဆင်ရေးနဲ့ တုံ့ပြန်ရေး စီမံချက်တွေကို ရေးဆွဲဆောင်ရွက်ခဲ့ပြီး ဇာတ်တိုက်လေ့ကျင့်မှုတွေကို ဆောင်ရွက်ခဲ့ပါတယ်။

ရေကြီးရေလျှံမှုကို အလျင်အမြန် တုံ့ပြန်နိုင်ဖို့ (၄)နှစ်တာကာလအတွင်းမှာ စက်လှေနဲ့ အသက်ကယ်အင်္ကျီအတွက် ငွေကျပ် ၅၅၃ ဒသမ ၅၈၃ သန်းအပြင် ကမ္ဘာ့ဘဏ်ရဲ့ အကူအညီနဲ့ အမေရိကန်ဒေါ်လာ ၈ သိန်းကျော် ထောက်ပံ့ပေးနိုင်ခဲ့ပါတယ်။

နိုင်ငံမှာ လေပြင်းတိုက်ခတ်ခြင်းဟာ နှစ်စဉ် ဖေဖော်ဝါရီလလယ်ကနေ မေလလယ်အထိ ဖြစ်ပွားတတ်ပြီး မန္တလေး၊ မကွေး၊ စစ်ကိုင်း၊ ဧရာဝတီ၊ ပဲခူးတိုင်းဒေသကြီးတို့နဲ့ ရှမ်းပြည်နယ်တို့မှာ အိုးအိမ်အဆောက်အအုံတွေ ပျက်စီးဆုံးရှုံးခဲ့ပါတယ်။ ပြီးခဲ့တဲ့နှစ်တွေရဲ့ စာရင်းဇယားတွေအရ နှစ်စဉ် ပျမ်းမျှ အိမ်ပေါင်း ၄၃၀၀၀ ကျော် ပျက်စီးခဲ့ပါတယ်။ ဒါကြောင့် အိုးအိမ်တွေကြံ့ခိုင်မှုအတွက် ကြိုတင်ပြင်ဆင်ပေးခြင်းလုပ်ငန်းကို မန္တလေး၊ မကွေး၊ စစ်ကိုင်း၊ ဧရာဝတီ၊ ပဲခူးနဲ့ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းနဲ့ ကချင်ပြည်နယ်တို့မှာ စီစဉ်ဆောင်ရွက်ပေးခဲ့သလို ပျက်စီးဆုံးရှုံးမှု လျော့နည်းလာခဲ့ပါတယ်။

နှစ်စဉ် နွေရာသီကာလ သောက်သုံးရေရှားပါးပြတ်လပ်မှုတွေအတွက် သောက်သုံးရေ ထောက်ပံ့ခြင်း၊ ရေတွင်း၊ ရေစက်ရုံ၊ ရေသန့်စက်၊ ယာယီရေသိုလှောင်ကန်များ တည်ဆောက်ပေးခြင်းနဲ့ ရေပိုက်သွယ်ခြင်း လုပ်ငန်းတွေအတွက် စုစုပေါင်း ငွေကျပ် ၁၂၈၀ ဒသမ ၅၃ သန်း သုံးစွဲဆောင်ရွက်ခဲ့ပါတယ်။



၁၀-၃-၂၀၁၉ ရက်နေ့တွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ရန်ကုန်မြို့ရှိ ရှေးဦးအရွယ် ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ပင်မအထောက်အကူပြု ဗဟိုဌာန၌ ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ အခြေခံသင်တန်း (၃ လ) ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်ချက်များ ညှိနှိုင်းဆွေးနွေးပွဲသို့ တက်ရောက်စဉ်။

အထူးကဏ္ဍ [ ဃ ] သို့ »»»

»»» အထူးကဏ္ဍ [ ၈ ] မှ

**မေး॥ ॥ စတုတ္ထ(၁)နှစ်တာ ကာလအတွင်း ထူးထူးခြားခြား ဆောင်ရွက်ခဲ့မှုတွေကို ပြောပြပေးပါဦး။**

ဖြေ॥ ॥ စတုတ္ထ(၁)နှစ်တာ ကာလအတွင်း ထူးခြားချက်အနေနဲ့ နွေရာသီကာလ အပူဒဏ်ရှောင်နိုင်ဖို့ စစ်ကိုင်းတိုင်းဒေသကြီးနဲ့ မကွေးတိုင်းဒေသကြီးတို့မှာ အပူရှောင်စခန်း ၄၄ ခုကို ဖွင့်လှစ်ပေးခဲ့ပါတယ်။

(၄)နှစ်တာကာလအတွင်း အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီရဲ့ ဦးဆောင်မှုနဲ့ တစ်နိုင်ငံလုံးမှာ ဘက်စုံသုံး ဘေးဒဏ်ခံအဆောက်အအုံတွေကို တိုးချဲ့တည်ဆောက်ပေးခဲ့ပါတယ်။ ၂၀၁၆ ခုနှစ်ကနေ ၂၀၂၀ ပြည့်နှစ်အထိ ဘေးဒဏ်ခံ အဆောက်အအုံ ၁၃၈ လုံး အသစ်ဆောက်လုပ်ပေးခဲ့ပါတယ်။ ဒါကြောင့် မူလ ၉၅ လုံးနဲ့ ပေါင်းရင် ၂၃၃ လုံး ရှိပြီဖြစ်ပါတယ်။ ဘက်စုံသုံး ဘေးဒဏ်ခံအဆောက်အအုံတွေကို သဘာဝဘေးကျရောက်တဲ့အချိန်မှာ ခိုလှုံရာနေရာအဖြစ် အသုံးပြုနိုင်သလို ကျန်တဲ့အချိန်တွေမှာ ရပ်ရွာအကျိုးပြုလုပ်ငန်းတွေ အသုံးပြုနိုင်မှာ ဖြစ်ပါတယ်။

ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနက (၄)နှစ်တာကာလအတွင်းမှာ “ဘေးသင့်ဒေသများ အမြန်ပြန်လည်ထူထောင်ရေး ပေါင်းစပ်ညှိနှိုင်းမှုအဖွဲ့”ကို သက်ဆိုင်ရာဝန်ကြီးဌာနတွေနဲ့ ပူးပေါင်းပြီး ဆောင်ရွက်ခဲ့ပါတယ်။ သဘာဝဘေးကြောင့် ပျက်စီးသွားတဲ့ စိုက်ပျိုးသီးနှံတွေအတွက် လိုအပ်တဲ့ မျိုးစေ့တွေ ထောက်ပံ့ခြင်း၊ ရေလွှမ်းမိုးခံရတဲ့ မြေယာတွေ ပြန်လည်ဖော်ထုတ်ပေးခြင်း၊ ကျေးရွာချင်းဆက် ကုန်ထုတ်လမ်းနဲ့ တံတားတွေကို ပြန်လည် ပြုပြင်ခြင်းနဲ့ အသစ်တည်ဆောက်နိုင်အောင် ပံ့ပိုးထောက်ပံ့တာတွေကို ထိရောက်စွာ ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။

**မေး॥ ॥ ပြန်လည်ထူထောင်ရေးဦးစီးဌာနရဲ့ ဆောင်ရွက်မှုတွေကို သိပါရစေခင်ဗျာ။**

ဖြေ॥ ॥ ဝန်ကြီးဌာနအနေနဲ့ ပြန်လည်ထူထောင်ရေး ဦးစီးဌာနကို တည်ထောင်ခဲ့တာ (၂)နှစ်သာရှိသော်လည်း နှစ်စဉ် ဘတ်ဂျက်တိုးမြှင့်ရရှိပါတယ်။ ၂၀၁၈–၂၀၁၉ ဘဏ္ဍာနှစ်မှာ ငွေကျပ် ၃၇၄၂ ဒသမ ၁ သန်းကနေ ၂၀၁၉–၂၀၂၀ ဘဏ္ဍာနှစ်မှာ ငွေကျပ် ၆၁၈၂ ဒသမ ၂ သန်း အထိ နှစ်ဆ တိုးမြှင့်ရရှိခဲ့ပါတယ်။

တစ်နိုင်ငံလုံး အတိုင်းအတာအရ မသန်စွမ်းသူတွေကို တစ်ကြိမ် ကနဦးထောက်ပံ့ပေးပြီး ဖြစ်ပါတယ်။ မသန်စွမ်းသူတွေအတွက် မသန်စွမ်းသူများ အခွင့်အရေးဆိုင်ရာ အမျိုးသားကော်မတီ၊ လုပ်ငန်းကော်မတီ၊ မဟာဗျူဟာနဲ့ လုပ်ငန်းစဉ်တွေချမှတ်ပြီး ဆောင်ရွက်လျက်ရှိပါတယ်။ မသန်စွမ်းသူတွေအတွက် ပုံမှန်ထောက်ပံ့မှု၊ ရပ်တည်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုတွေကို ဆောင်ရွက်ပေးနိုင်ဖို့ မသန်စွမ်းသူများ မှတ်ပုံတင်ခြင်းနှင့် မသန်စွမ်းမှု အဆင့်ခွဲခြားသတ်မှတ်ခြင်း လုပ်ငန်းတွေကို ဆောင်ရွက်လျက်ရှိပါတယ်။ မသန်စွမ်းသူတွေအတွက် အတားအဆီးကင်းမဲ့တဲ့ ပတ်ဝန်းကျင် စံနမူနာပြအဖြစ် နေပြည်တော်ရှိ ရေပန်းဥယျာဉ်နဲ့ မြို့မဈေးတို့မှာ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပြီး ဖြစ်ပါတယ်။



၂၁–၉–၂၀၁၉ ရက်နေ့တွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ပြင်ဦးလွင်မြို့ အင်းပုတ်ကျေးရွာအတွင်းရှိ သက်ကြီးရွယ်အိုများ ပါဝင်သော လူမှုအားမာန်အဖွဲ့များနှင့် တွေ့ဆုံစဉ်။

လူကုန်ကူးခံရသူတွေအတွက် ပြန်လည်လက်ခံရေး၊ ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးနဲ့ ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေအတွက် အမျိုးသားအဆင့် စံလုပ်ငန်းစဉ်(National Standard Operation Procedure)ကို ရေးဆွဲဆောင်ရွက်လျက်ရှိပါတယ်။ ယာယီခိုလှုံရာ စခန်းတွေရှိ နေရပ်စွန့်ခွာသူ(IDP)တွေအတွက် လူကုန်ကူးခံရမှုတားဆီးနိုင်ဖို့ စံလုပ်ငန်းစဉ်ကို သီးခြားရေးဆွဲ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။

လူကုန်ကူးခံရသူတွေ ပြန်လည်လက်ခံရေးကို တစ်နှစ်ထက်တစ်နှစ် တိုးမြှင့်ဆောင်ရွက်ခဲ့တာ စတုတ္ထ(၁)နှစ်တာကာလအတွင်း ၅၄၆ ဦးကို လက်ခံဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ ရွှေ့ပြောင်းသွားလာခြင်းရဲ့ အကျိုးဆက်ကို ခံစားရတဲ့ကလေးသူငယ်တွေအတွက် ကာကွယ်စောင့်ရှောက်မှု ပေးရေးဆိုင်ရာ နားလည်မှုစာချွန်လွှာကို ထိုင်းနိုင်ငံနဲ့ ယခုနှစ်အတွင်း ချုပ်ဆိုနိုင်ဖို့ စီစဉ်နေပါတယ်။

**မေး॥ ॥ မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေး လုပ်ငန်းတွေ ဆောင်ရွက်မှုတွေကို ရှင်းပြပေးပါဦးခင်ဗျာ။**

ဖြေ॥ ॥ မူးယစ်ဆေးဟာ နိုင်ငံရဲ့ စိန်ခေါ်မှုတစ်ရပ်ဖြစ်တဲ့အတွက် မူးယစ်ဆေးဖြတ်ပြီးသူတွေ ပြန်လည်ထူထောင်ရေးလုပ်ငန်းဟာ မူးယစ်သံသရာ ပြန်မလည်အောင် ဆောင်ရွက်တဲ့ လုပ်ငန်းဖြစ်တာကြောင့် အလွန်အရေးကြီးပါတယ်။

မူးယစ်ဆေးဖြတ်ပြီးသူတွေ ပြန်လည်ထူထောင်ရေးကို တစ်နှစ်ထက်တစ်နှစ် တိုးမြှင့်ဆောင်ရွက်ခဲ့ရာ စတုတ္ထ(၁)နှစ်တာကာလအတွင်း ၆၁၄ ဦးကို ဆောင်ရွက်ပေးခဲ့ပါတယ်။ မူးယစ်သံသရာ ပြန်လည်မရောက်ရှိစေဖို့ ရပ်ရွာအခြေပြု မူးယစ်ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေ ဆောင်ရွက်ပေးဖို့ စေတနာ့ဝန်ထမ်း မူးယစ်ကြီးကြပ်ရေးမှူး ၁၂၁၆ ဦးကို လေ့ကျင့်ပေးနိုင်ခဲ့ပါတယ်။

ဝန်ကြီးဌာနက မိုင်းအန္တရာယ်နဲ့ ပတ်သက်လို့ ကျွန်တော်တို့ နိုင်ငံမှာ အမျိုးသား မိုင်းကင်းစင်ရေးဆိုင်ရာ ဗဟိုဌာနနဲ့ အမျိုးသား မိုင်းကင်းစင်ရေးဆိုင်ရာ အာဏာပိုင်အဖွဲ့ ဖွဲ့စည်းတည်ထောင်ဖို့ ဆောင်ရွက်လျက်ရှိပါတယ်။ ပြန်လည်ထူထောင်ရေး ဦးစီးဌာနက မိုင်းအန္တရာယ်ကြောင့် ထိခိုက်ခံစားရသူတွေနဲ့ စစ်မှုထမ်းခြင်းမှ ပြန်လည်နုတ်ထွက်ခွင့်ရတဲ့ ကလေးသူငယ်တွေကို ထောက်ပံ့ပေးလျက်ရှိပါတယ်။

ဝန်ကြီးဌာနက အဓိကဆောင်ရွက်ရတဲ့ လုပ်ငန်းတွေထဲမှာ ရခိုင်ပြည်နယ်အရေးကိစ္စလည်း ပါဝင်ပါတယ်။ **ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးမှုတိုးတက်ရေး အကောင်အထည်ဖော်ရေး ဗဟိုကော်မတီ**ရဲ့ ဒေသတွင်း ပြန်လည်နေရာချထားရေးနှင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီ၊ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေး ကော်မတီ၊ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးနှင့် ပြန်လည်နေရာချထားရေးကော်မတီနဲ့ ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှု အကူအညီ အထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်း(UEHRD) ကော်မတီတို့မှာ ပါဝင်ဆောင်ရွက်လျက်ရှိပါတယ်။

**မေး॥ ॥ ရခိုင်ပြည်နယ်အရေးက နိုင်ငံ့အရေး ဖြစ်တဲ့အတွက် ရခိုင်ပြည်နယ်အရေး ကိစ္စနဲ့ပတ်သက်ပြီး ဘာတွေဆောင်ရွက်ပေးခဲ့တယ်ဆိုတာကို သိရှိလိုပါတယ်။**

ဖြေ॥ ॥ ရခိုင်ပြည်နယ်အရေးမှာ နိုင်ငံတကာက စွပ်စွဲချက်တွေနဲ့ ပြစ်တင်မှုတွေ ရှိပါတယ်။ ဒါတွေကို ဖြေရှင်းနိုင်ဖို့ “လွတ်လပ်သော စုံစမ်းစစ်ဆေးရေးကော်မရှင် (Independent Commission of Enquiry – ICOE)” ကို ဖွဲ့စည်းဆောင်ရွက်ခဲ့ပါတယ်။ ICOE ၏ အကြံပြုချက်တွေ အရှိန်အဟုန်နဲ့ မြန်ဆန်စွာ အကောင်အထည်ဖော်ရေးကို ပါဝင်ဆောင်ရွက်ပေးလျက်ရှိပါတယ်။

ပဋိပက္ခတွေကြောင့် ပြည်တွင်း နေရပ်စွန့်ခွာသူတွေနဲ့ ပြည်ပ နေရပ်စွန့်ခွာသူတွေ ရှိခဲ့ပါတယ်။ ပြည်တွင်းနေရပ်စွန့်ခွာသူတွေရဲ့ IDP စခန်းတွေ ပိတ်သိမ်းပြီး ပြန်လည်နေရာချထားရေးကို စနစ်တကျ ဆောင်ရွက်နိုင်ဖို့ **ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာကို** ရေးဆွဲဆောင်ရွက်ခဲ့ပါတယ်။

နိုင်ငံအတွင်းမှာ IDP စခန်းပေါင်း ၁၂၈ ခု ရှိပါတယ်။ ရခိုင်ပြည်နယ်မှာ ၁၉ ခု၊ ကချင်ပြည်နယ်မှာ ၈၄ ခု၊ ရှမ်းပြည်နယ်မှာ ၂၃ ခုနဲ့ ကရင်ပြည်နယ်မှာ ၂ ခုရှိပြီး စခန်းတွေမှာရှိတဲ့ ပြည်တွင်းနေရပ်စွန့်ခွာသူတွေ စနစ်တကျ နေရာချထားရေးအတွက် ဒီမဟာဗျူဟာကို စတင်အကောင်အထည်ဖော်နေပြီ ဖြစ်ပါတယ်။ ဘေးကင်းလုံခြုံပြီး ဂုဏ်သိက္ခာရှိတဲ့ မှီခိုမှုကင်းတဲ့ ဘဝတွေ ပြန်လည်တည်ဆောက်ရေးအတွက် ရည်ရွယ်ပြီး ဆောင်ရွက်ပေးလျက်ရှိပါတယ်။

ရခိုင်ပြည်နယ် အရေးကိစ္စဟာ ရေရှည်ဆောင်ရွက်ရမယ့် လုပ်ငန်းဖြစ်ပါတယ်။ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးနဲ့ ရေရှည်ပဋိပက္ခကင်းဝေးရေးတို့ ဖြစ်ပါတယ်။ ဒါကြောင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်အောင် စီမံကိန်းတွေ ချမှတ်ဆောင်ရွက်လျက်ရှိသလို Social Cohesion လို့ ခေါ်တဲ့ လူမှုသဟဇာတဖြစ်ရေးအတွက်ကို အတတ်နိုင်ဆုံး ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။

ရခိုင်ပြည်နယ် ပဋိပက္ခဖြစ်စဉ်နဲ့ ပတ်သက်တဲ့ အခြေခံအကြောင်းရင်းတွေကို ဖော်ထုတ်ဖို့ မစ္စတာကိုဖီအာနန် ဦးဆောင်တဲ့ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်ကို ဖွဲ့စည်းခဲ့ပြီး ကော်မရှင်ရဲ့ အကြံပြုချက်တွေကို အကောင်အထည်ဖော် ဆောင်ရွက်မှုတွေကို ပြည်သူသို့ အစီရင်ခံစာ (၅)ကြိမ်ထုတ်ပြန်ခဲ့ပြီး (၆)ကြိမ်မြောက် အစီရင်ခံစာကို မကြာခင်ထုတ်ပြန်နိုင်မှာ ဖြစ်ပါတယ်။

ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းမှုနဲ့ ဖွံ့ဖြိုးတိုးတက်မှုကို ဆောင်ရွက်တဲ့အခါ ပြည်သူတွေ၊ အရပ်ဘက် လူမှုအဖွဲ့အစည်းတွေ၊ နိုင်ငံတကာအဖွဲ့အစည်းတွေ၊ မိတ်ဆွေနိုင်ငံတွေ၊ ကုလသမဂ္ဂအဖွဲ့အစည်းတွေရဲ့ ပူးပေါင်းဆောင်ရွက်မှုက အရေးကြီးသလို အပြုသဘောဆောင်တဲ့ ပါဝင်မှုက ပိုပြီးအရေးကြီးပါတယ်။

ဝန်ကြီးဌာနက ပြည်သူ့အတွက် ဆောင်ရွက်မှုတွေကို သိရှိနားလည် သဘောပေါက်ပြီး ပြည်သူတွေထိရောက်စွာ ခံစားရရှိနိုင်ဖို့ ပြည်သူတွေကိုယ်တိုင် အစိုးရနဲ့ ပူးပေါင်းဆောင်ရွက်ဖို့ အရေးကြီးပါတယ်။ ဒါကြောင့် ပြည်သူတွေအားလုံး ပူးပေါင်းဆောင်ရွက်ပေးကြပါလို့ ထပ်မံနှိုးဆော်ပါတယ်။ ဝန်ကြီးဌာနရဲ့ ပြည်သူ့အတွက် အကောင်အထည်ဖော်ဆောင်ရွက်မှုတွေမှာ ပြည်သူတွေသိရှိ ပူးပေါင်းပါဝင်နိုင်ဖို့ ၂၄ နာရီ သတင်းပေးပို့၊ ရယူနိုင်တဲ့ Help line ဖုန်းတွေ ဖြစ်တဲ့ ၀၆၇ – ၃၄၀၄၆၆၆၊ ၀၆၇–၃၄၀၄၇၇၇၊ ၀၆၇–၃၄၀၄၂၂၂ နဲ့ ၀၆၇–၃၄၀၄၉၉၉ တို့ကို ဆက်သွယ်နိုင်တယ်ဆိုတာ ပြောကြားလိုပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။



၂၃–၄–၂၀၁၉ ရက်နေ့တွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး နေပြည်တော် ဇေယျာသီရိမြို့နယ် စက်ကုန်းကျေးရွာရှိ လူဦးရေ ၄၀၂ ဦးအတွက် သောက်သုံးရေ ဂါလန် ၃၀၀၀၊ ရေသန့် တစ်လီတာဘူး ၈၁၀၊ ရေသန့်ဆေးပြား ၃၀၀၀ ပေးအပ်လှူဒါန်းစဉ်။



၂၃–၂–၂၀၂၀ ရက်နေ့တွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး မော်လမြိုင်မြို့ရှိ လူငယ်သင်တန်းကျောင်းသို့ သွားရောက်ကြည့်ရှုစဉ်။